# ကျောင်းသား
# တောင်
# တော်လှန်ရေးသမား



ရဲဘော် ဖိုးသံချောင်း

| | |
|---|---|
| **မျက်နှာဖုံး** | **ပုံနှိပ်ခြင်း** |
| နေဇော်နိုင် | ၂၀၀၄ မေ |
| **အုပ်ရေ** | **တန်ဖိုး** |
| ၅၀၀ | Rs. 30/- |

**ထုတ်ဝေဖြန့်ချိရေး**

**STUDY DESK PUBLICATION**

**52 - D, JG-III, Vikas Puri,**

**New Delhi. 110018 India**

**maungpauk@yahoo.com**

ကိုကိုးကျွန်းဖျက်သိမ်းရေးတိုက်ပွဲမှာ
အသက်ပေးစွန့်သွားတဲ့

**ရဲဘော်သိန်းကြည်**

**ရဲဘော်အုန်းမော်**

**ရဲဘော်ချစ်ဆွေ**

**ရဲဘော်ထွန်းမြင့်**

**ရဲဘော်စိန်ချင်း**

**ရဲဘော်မောင်မောင်စိုး**

**ရဲဘော်လေးမောင်နဲ့**

**ရဲဘော်ထွန်းဝင်း**

တို့ကို
ဒီစာအုပ်နဲ့ဂုဏ်ပြုအပ်ပါတယ်။

# မာတိကာ


| | |
|---|---|
| ကျေးဇူးတင်စကား | ၅ |
| ☆ကျောင်းသား | |
| မုန့်တိုင်းတွေနဲ့ချည်း | ၈ |
| တပ်ဦးညီလာခံ | ၁၆ |
| ထောင်ထောင်ထောင်ထောင်တွေ ထောင်ထဲထည့် | ၂၃ |
| ☆ထောင် | |
| မန္တလေးထောင် | ၂၉ |
| ရဲဘော်ဌေးလှ၊ မြစ်ဖျားတိုင်းက မမြဦး | ၃၃ |
| ရွှေဂုံမေ – ပြည်တော်ညွန့် | ၃၈ |
| အာဇာနည်သူရဲကောင်းတွေ | ၄၅ |
| ဒါ... ကိုကိုးကျွန်းဖြစ်တယ် | ၄၉ |
| ☆တော်လှန်ရေးသမား | |
| ကိုယ်ထူကိုယ်ထ | ၅၄ |
| ငါးပိတိုက်ပွဲ | ၆၃ |
| ရက် ၄၀ တိုက်ပွဲ | ၆၈ |
| အကြီးအကျယ်စေ့စပ်ချင်နေတဲ့အခါကျတော့ | ၇၈ |
| ဧည့်သည်တွေ ရောက်လာ | ၈၂ |
| ☆သန္နိဋ္ဌာန် | |
| ၅၃ ရက် တိုက်ပွဲ | ၉၁ |
| ပြည်သူ့သူရဲကောင်းများရဲ့ရှာပန | ၁၀၇ |
| အမေ့ခေါ်သံ | ၁၁၉ |

## နောက်ဆက်တွဲများ


| | |
|---|---|
| နိုင်ငံတကာသီချင်း (The Internationale) | ၁၃၁ |
| ဆရာမြသန်းတင့် အမှတ်တရ | ၁၃၃ |
| ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂါရဝပြုခြင်း | ၁၄၀ |
| သခင်ဇင်၊ သခင်ချစ် | ၁၄၆ |
| ကိုကိုးကျွန်းမှာ ကျဆုံး–ထွက်ပြေးလွတ်မြောက်သူများစာရင်း | ၁၄၉ |

## ကျေးဇူးတင်စကား

ကျနော့်ကို ဒီဗွီဘီက ကိုကိုးကျွန်းအကြောင်းနဲ့ ထောင်ဖြတ်သန်းမှုတွေ
အကြောင်းကို "ထောင်မှတ်တမ်း၊ ကျွန်းအတိတ်၊ တိုက်ပွဲရုပ်ပုံလွှာ"ဆိုပြီး
အစီအစဉ်လေးတခုလို ပြောခိုင်းတော့ ကျနော်က လိုလိုလားလားပဲ
သဘောတူခဲ့ပါတယ်။ ကြိုးစားပြီးလည်း လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက
ကျနော့်ခေါင်းထဲမှာ စာအုပ်တအုပ်အဖြစ်ထုတ်ဖို့ မစဉ်းစားမိခဲ့ပါဘူး။
ဒီလိုနဲ့ အသံလွှင့်နေတာ အတော်ကြာလို့ အပိုင်း ၂၀ ကျော်ရောက်တော့မှ
စာအုပ်ထုတ်ရအောင်လား၊ စာအုပ်ထုတ်ခွင့်ပြုပါလို့ ပြောလာသူတွေ ကြုံရပါတယ်။
ကိုကိုးကျွန်းကိစ္စကို ဖော်ထုတ်ရတာမို့
ကျနော် အတိုင်းထက်အလွန် ဝမ်းသာမိပါတယ်။

ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်တုန်းကကိစ္စတွေကို
ပြန်ပြောရတာဖြစ်လေတော့ ကျနော့်အနေနဲ့ မေ့ကုန်တာ၊ အမှတ်လွဲနေတာတွေ
ရှိနိုင်ပါတယ်။ ညှိနှိုင်းစရာ အတူဖြတ်သန်းခဲ့သူရယ်လို့လည်း မရှိသလောက်ပါ။
နောင်မှာ ပြန်တွေ့ကြရင်တော့ ပြင်နိုင်ပါလိမ့်မယ်။
မှားတာမှန်သမျှ ကျနော်ပဲ တာဝန်ယူရမှာပါ။

ဒီစာအုပ်ဖြစ်ပေါ်လာတဲ့အတွက် ပထမဦးဆုံးကျေးဇူးတင်ရမှုက
ဒီဗွီဘီဝိုင်းတော်သားများနဲ့ 'ကြေးမုံမှန်ကွဲစများ' အခန်းကို တာဝန်ယူသူ
ကိုစိုးဝင်းညီတို့ပဲ ဖြစ်ပါတယ်။ အဲဒီနောက် သူတို့ထက်မလျော့ပဲ
ကျေးဇူးတင်ရမှာက လေလှိုင်းပေါ်ကနေ စာမျက်နှာပေါ်၊ အသံကနေ စာလုံးအဖြစ်
ဖန်တီးပေးတဲ့ ကိုနန္ဒတင့်ဆွေနဲ့ သတ်ပုံသတ်ညွှန်းစိစစ် ပရုဖတ်ပေးကြတဲ့
ကိုနန်းဦးနဲ့ ကိုထွန်းထွန်းတို့ကိုပါ။ နောက်ပြီး ဘယ်လိုမှ ချန်ထားလို့မဖြစ်တာက
ကျနော့်ဆီကို စာမူတွေရောက်အောင် မှန်မှန်ဂရုတစိုက်ပို့ပေးတဲ့
အမေရိကန်နိုင်ငံနေ ကိုမိုးနဲ့ မျက်နှာပုံပန်းချီရေးဆွဲပေးတဲ့ ကိုနေဇော်နိုင်တို့
ဖြစ်ပါတယ်။

တဆက်ထဲမှာ
**ကိုကိုးကျွန်းသမိုင်းနဲ့** အာဇာနည်များကို လေးစားမှုအပြည့်နဲ့ အင်တာနက်
**စာမျက်နှာမှာ** **သတ်ပုံသတ်ညွှန်း**ပါ ပြင်ဆင်ပြီး တခမ်းတနား
**အခန်းဆက်**ဖော်ပြပေးနေတဲ့ ကိုမြင့်လှိုင်နဲ့ Burma Today
**ဝိုင်းတော်သား**များကိုလည်း ကျေးဇူးအထူးတင်ပါကြောင်း
**မှတ်တမ်း**တင်အပ်ပါတယ်။

**ကိုကိုးကျွန်း**တိုက်ပွဲများဟာ ဗမာပြည်နိုင်ငံရေးသမိုင်းထဲက
**တခုသောအနေအထား**၊ တခုသောအချိန်ကာလမှာ သူ့ထူးခြားချက်**နဲ့သူ**
**ပေါ်**ပေါက်ခဲ့တာဖြစ်ပါတယ်။ ဒါကို နေရာတကာမှာ ထပ်တူလိုက်လုပ်လို့မဖြစ်ပါ။
**ဒါပေမယ့် အဲဒီတုန်းက အတွေးအခေါ်နဲ့ စိတ်ဓာတ်**၊ **အဓိကအားဖြင့် ရန်သူကို**
**မစေ့စပ်တမ်း**၊ **အသေခံတိုက်တဲ့ စိတ်ဓာတ်**ဟာ **တော်လှန်သမားတိုင်း မှချရှိရမယ့်**
**အတွေးအခေါ်နဲ့ စိတ်ဓာတ်**လို့ ယူဆပါတယ်။ ၇၀ **စုနှစ်များ နောက်ပိုင်းမှာ**
**ဒီတိုက်ပွဲတွေအကြောင်း** တိုက်ရိုက်၊ ဒါမှမဟုတ် **တဆင့်စကား တဆင့်ကြားပြီး**
**တအားတက်ကြ၊ ကိုယ့်အတွေးအခေါ်ကိုယ် တည်ဆောက်ကြ**၊
တော်လှန်ရေးသမားဖြစ်လာသူတွေ မနည်းကြောင်း
**သိမိသူတိုင်း** မှတ်မိကြပါလိမ့်မယ်။

အခုလည်း ကျနော်တို့ ဗမာပြည်ပြည်သူများနဲ့ စစ်အစိုးရတို့ဟာ
**အဆုံးအဖြတ်တိုက်ပွဲကြီး**တရပ်ဆီကို ဦးတည်နေကြပါတယ်။
**ဒီတိုက်ပွဲကို** ကျနော်တို့ ကိုယ့်အခြေအနေကိုယ် မှန်မှန်**ကန်ကန်ဆုပ်ကိုင်ပြီး**
ကျင်ကျင်လည်လည် ပါးပါးနပ်နပ် တိုက်ကြရမှာပါ။ ကိုယ်**ရှုံးနိမ့်ရင် ကာလတခု**
နောက်ဆုတ်သွားနိုင်ပါတယ်။ ဦးကျိုးသွားနိုင်ပါတယ်။
ဒါကြောင့် အဲဒီတိုက်ပွဲအတွက် စာဖတ်သူတွေကို အားဆေးဖြစ်စေဖို့ရည်ရွယ်ပြီး
ဒီကိုကိုးကျွန်းအကြောင်း ကျနော်ပြောခဲ့တာတွေကို
စာအုပ်လေးအသွင်ပြောင်းလိုက်တာဖြစ်ပါတယ်။ နောက်ပြီး ဒါဟာ
ကိုကိုးကျွန်းအာဇာနည်တွေအပေါ်
ကျနော်တတ်နိုင်သမျှ ကျေးဇူးဆပ်တာလို့လည်း ပြောနိုင်ပါတယ်။

ဗမာပြည် ပြည်သူများ မုချအောင်ပွဲခံရမည်။

၊ ရဲဘော်ဖိုးသံချောင်း၊

☆

# ကျောင်းသား

## မုန်တိုင်းတွေနဲ့ချည်း

ကျနော်ကတော့ ကျောင်းသားသမဂ္ဂတွေရဲ့တရားဝင်ရပ်တည်ခွင့်ရတဲ့ နောက်ဆုံးအပိုင်းမှာ ပါဝင်လှုပ်ရှားခဲ့ရတဲ့ ကျောင်းသားတယောက်ပါ။ ဗမာပြည်မှာ ကျောင်းသားသမဂ္ဂတွေရဲ့သမိုင်းကို ရေးကြမယ်ဆိုရင် 'တရားဝင်ရပ်တည်လို့ရတဲ့အပိုင်း'၊ 'တရားဝင်ရပ်တည်လို့ မရတဲ့အပိုင်း'ဆိုပြီး နှစ်ပိုင်းခွဲပြီးရေးရတော့မလို ဖြစ်သွားပြီ။ ဒါဟာ ဒီစစ်အစိုးရကြောင့် ကျောင်းသားသမဂ္ဂတွေရဲ့သမိုင်း လမ်းကြောင်းပြောင်းသွားရတယ်။

ကျောင်းသားသမဂ္ဂတွေ ပေါ်ထွက်လာတာဟာ နည်းနည်းနောနော သမိုင်းကြောင်း မဟုတ်ဘူး။ ကျနော်တို့ ဗမာပြည်တပြည်လုံးရဲ့၊ ဗမာပြည်သူတရပ်လုံးရဲ့ အင်္ဂလိပ်ကိုလိုနီတွေကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ဖြစ်စဉ်ထဲက ပေါ်လာတဲ့ သမိုင်းဖြစ်တယ်။ သမိုင်းရဲ့လိုအပ်ချက်အရ၊ ပြည်သူတွေရဲ့တောင်းဆိုချက်အရ၊ အခြေအနေရဲ့တောင်းဆိုချက်အရ ပေါ်လာတာဖြစ်တယ်။

အဲဒီလိုပေါ်လာတဲ့ ကျောင်းသားသမဂ္ဂမျိုးကို အင်္ဂလိပ်အစိုးရကတောင်မှ ဘာမှမလုပ်ခဲ့ဘူး။ ဘာမှမလုပ်ရဲခဲ့ဘူး။ တရားဝင်အသိအမှတ်ပြုထားခဲ့ရတာ။ သူတို့အနောက်နိုင်ငံတွေမှာရှိတဲ့ ကျောင်းသားသမဂ္ဂဆိုတဲ့ဟာက ဗမာပြည်က ကျနော်တို့ ကျောင်းသားသမဂ္ဂတွေလို နိုင်ငံရေးလုပ်ငန်းတွေမှာ စိတ်ဝင်စားလှတာ၊ ပါဝင်လှတာမဟုတ်ဘူး။ သူတို့က သာရေးနာရေးလောက်ပဲ၊ ပညာရေးဟောပြောပွဲလောက်၊ စကားရည်လုပွဲလောက်... အဲဒါလောက် လုပ်ကြတာ။

ဒါပေမယ့် ဗမာပြည်ရဲ့ကျောင်းသားသမဂ္ဂကတော့ တိုက်ပွဲတွေကြားထဲက ပေါ်လာတဲ့ဟာမို့လို့ စကတည်းက နိုင်ငံရေးအသွင်ဆောင်ခဲ့တယ်။ ဒါကြောင့် ကျောင်းသားသမဂ္ဂတွေကို ဆန့်ကျင်တဲ့၊ ဖိနှိပ်တဲ့အစိုးရမှန်သမျှကလည်း ဘယ်တော့မဆို 'ကျောင်းသား နဲ့နိုင်ငံရေး မပါတ်သက်ရဘူး'ဆိုတဲ့ဟာကို သူတို့နှုတ်မိန့်နဲ့ ဥပဒေကြီးတခုလို လုပ်ထားခဲ့တယ်။ ဒါ အစိုးရအဆက်ဆက်ပဲ။ အင်္ဂလိပ်အစိုးရကနေ ဒီနေ့နောက်ဆုံး နအဖ အထိ ဒီလိုပဲ။

ကျနော်ကတော့ အဲဒီကျောင်းသားသမဂ္ဂသမိုင်းရဲ့ တရားဝင်အပိုင်းလို့ ပြောရမယ့် ပထမအနှစ် ၃၀ လောက်မှာ နောက်ဆုံးအပိုင်းလေးမှ ပါဝင်ခဲ့ရတဲ့လူပါ။ ကျနော့်အသက်အရွယ်နဲ့ အဲဒီအချိန်မှပဲ မီပါတယ်။ အဲဒီဟာနဲ့ ပါတ်သက်ပြီး ကျနော် စပြောပြပါ့မယ်။

ကျနော့်အခြေအနေ၊ ကျနော့်ပတ်ဝန်းကျင်၊ ကျနော့်ထူးခြားချက်ပဲ ဆိုကြပါစို့။ အဲဒါ ငယ်ငယ်လေးကတည်းက ကျနော်က ကျောင်းသားသမဂ္ဂကလူတွေ၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေနဲ့ ရင်းနှီးခဲ့ရတယ်။ သူတို့က ကျနော့်အိမ်ကို အဝင်အထွက်များတဲ့အခါကျတော့ သူတို့ကို တွေ့ဖူးနေ၊ သူတို့ပြောတာကို ကြားဖူးနေ၊ သူတို့ရဲ့ ခင်မင်ယုယမှုတွေကို ခံစားဖူးနေတဲ့ ကလေးတယောက်ပေါ့လေ။ အဲဒီလို ကလေးဘဝကတည်းက ကျနော်ဟာ "ကျောင်းသားသမဂ္ဂမှာရှိတဲ့ လူတွေက လူကောင်းတွေ" ဆိုတဲ့အထင်တော့ တလျှောက်လုံး ရှိခဲ့တယ်။ ဒါ့အပြင် ကျနော့်အိမ်ရဲ့ ထူးခြားချက်အရ ဗမာပြည်မှာ အဲဒီအခါက အင်မတန် အရှိန်အဟုန်ကြီးမားစွာနဲ့ ဖြစ်ပွားနေတဲ့ 'ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှု'၊ 'ကမ္ဘာ့ငြိမ်း ချမ်းရေးလှုပ်ရှားမှု'အဲဒါတွေကိုလည်း ကျနော်သိနေတယ်။ အဲဒီအတွက် ဆန္ဒပြပွဲတွေကိုလည်း ကျနော် ဝင်ပြီးပါနေတယ်၊ တက်မိနေတယ်ပေါ့လေ။

တခါတလေလည်း မိဘနဲ့လိုက်သွား၊ တခါတလေလည်း သတင်းထောက်တွေနဲ့လိုက်သွား၊ တခါတလေလည်း အသိအကျွမ်းတွေနဲ့လိုက်သွား၊ တခါတလေလည်း အဲဒီသမဂ္ဂတွေက အစ်ကိုကြီးတွေ အစ်မကြီးတွေနဲ့လိုက်သွား ...... ပါဝင်မှုတွေ အမြဲရှိတယ်။

ဒါပေမယ့် ကိုယ်ကိုယ်တိုင် နိုင်ငံရေးအသိရှိရှိနဲ့၊ ကိုယ့်အကျိုးစီးပွားနဲ့ ဆက်စပ်ပြီးတော့ပါဝင်ခဲ့တဲ့ ဆန္ဒပြပွဲကတော့ ၁၉၆၀ ခုနှစ်တုန်းက 'တန်းခွဲတန်းချစနစ်' ဖျက်သိမ်းရေး ဆန္ဒပြပွဲဘဲ။ ဦးနုအစိုးရက နဂို ၉ တန်းကနေပြီး မက်ထရစ်ဖြေတဲ့စနစ်ကနေ၊ ၁၀ တန်း မက်ထရစ်စနစ်ကို ပြောင်းတဲ့အခါမှာ အဲဒါကို ဆန့်ကျင်ဆန္ဒပြကြတဲ့ ဆန္ဒပြပွဲကြီး၊ ကျနော်တို့ မန္တလေး အိမ်တော်ရာဇရပ်ကြီးမှာ ကျင်းပတယ်။

အဲဒါကို ကျနော်တို့ကျောင်းကနေပြီး တကျောင်းလုံးမှ ကျနော်တို့ ၃ ယောက်တည်း သွားပြီးတော့(ကျနော်တို့ကျောင်းက သာသနာ့ပြုကျောင်းဆိုတော့ နိုင်ငံရေး ဘယ်သူကမှ အားမပေးဘူး။ အားမပေးတဲ့အပြင် အထင်သေးတယ်။ ဆရာတွေကလည်း နှိမ်ပြောတယ်။ အဲဒီအထဲက ကျနော်တို့ ၃ ယောက်) စိတ်တူ သဘောတူ သူငယ်ချင်း ၃ ယောက်က တိတ်တိတ်ကလေးသွားပြီးတော့၊ အဲဒီ နောက်နားလေးကို ကုပ်ကုပ်ကလေးသွားထိုင်ပြီး ပါဝင်ခဲ့ကြတာ။ ကျနော် ခုထက်ထိ မှတ်မိနေတယ်။ အဲဒီတုန်းက အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးထဲမှာ။ ဦးစီးကျင်းပတာက မန္တလေးခရိုင် ဗကသ က ဦးစီးကျင်းပတာ။ အဲဒါ ကျနော့်ရဲ့ ပထမဆုံး စိတ်ရောကိုယ်ပါ ပါဝင်ခဲ့တဲ့ ဆန္ဒပြပွဲပေါ့။

အဲဒီကနေပြီးတဲ့အခါကျတော့ ကျနော် ၆၁ ခုနှစ်မှာ မန္တလေးတက္ကသိုလ်ကို ရောက်ပါတယ်။ အဲဒီမန္တလေးတက္ကသိုလ်ကို ကျနော်ရောက်တဲ့ ၆၁ ခုနှစ်မှာပဲ တက္ကသိုလ်

သမဂ္ဂရွေးကောက်ပွဲနဲ့ကြုံရတယ်။ ကျနော့်ကို ကံကောင်းတယ်လို့ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ၆၁ ခုနှစ် သမဂ္ဂရွေးကောက်ပွဲဟာ ဗမာ ပြည်သမိုင်းမှာ(အခုထိသမိုင်း ပေါ့လေ၊ နောင်မဟုတ်ပါဘူး) နောက်ဆုံး တက္ကသိုလ်ကျောင်းသားသမဂ္ဂ ရွေးကောက်ပွဲ ဖြစ်လို့ပါပဲ။ အဲဒီတုန်းက ကျနော် မဲပေးခွင့်ရခဲ့တယ်။ မဲပေးတာတွေကို မဲပုံးတွေ ရေတဲ့ အခမ်းအနားကို ညကြီးမှာ မန္တလေးတက္ကသိုလ်၊ ရာဇာတ်ဟောကြီးရှေ့မှာ သွားပြီးတော့ ကြည့်ခဲ့တယ်။ ပါဝင်ခဲ့တယ်။ အတူပျော်ရွှင်ခဲ့၊ မြူးတူးခဲ့တယ်။ ကျနော် ဘယ်တော့မှ မမေ့ နိုင်ဘူး။

အဲဒီ နောက်ဆုံး သမဂ္ဂ ရွေးတင်လိုက်တဲ့ တကသအမှုဆောင်အဖွဲ့မှာ ဥက္ကဋ္ဌက ကိုရိုးဝင်းမောင်(ကျောက်ဆည်က)(အခု ABSDF က ကိုသံဂဲတို့၊ အလုပ်သမားသမဂ္ဂက ကိုသံဇုတ်တို့ရဲ့အဖေ)၊ နောက်ပြီး အတွင်းရေးမှူးက အခုထက်ထိ မြင်းခြံထောင်ထဲမှာ နေ ရတဲ့ ကိုအောင်သူ။ ကျနော် သူတို့ကို ဘယ်တော့မှ မမေ့ပါဘူး။

အဲဒီကနေပြီးတော့ ၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ကျတော့ အာဏာသိမ်းပွဲနဲ့ ကြုံရတာ။ ကျနော့်ဘဝမှာ ကံဆိုးတယ်လို့ ပြောရမလား၊ ကံကောင်းတယ်လို့ ပြောရမ လား မသိဘူး။ တက္ကသိုလ်ရောက်တယ်ဆိုတာနဲ့တခါတည်း မုန်တိုင်းတွေနဲ့ချည်း ကြုံရ တော့တာပဲ။ ကံဆိုးတယ်ဆိုတာက အေးအေးဆေးဆေး စာမသင်ရတာ။ ကံကောင်းတယ် ဆိုတာက အသက်ငယ်ငယ်လေးနဲ့ ရင့်ကျက်မှု ရခဲ့ရတာ။

အာဏာသိမ်းပွဲဖြစ်တယ်ဆိုတာနဲ့ ကျနော်တို့ တက္ကသိုလ်သမဂ္ဂတွေက ပထမ ဦးဆုံး ဒီအာဏာသိမ်းပွဲကို ဆန့်ကျင်တယ်၊ ကန့်ကွက်တယ်ဆိုတာ ထုတ်ပြန်လိုက်တာ။ တခြား ဘယ်နိုင်ငံရေးအဖွဲ့အစည်းကမှ အဲဒီလောက် မြန်မြန်ဆန်ဆန် မထုတ်ပြန်နိုင်ဘူး။ သမဂ္ဂတွေက ဒီနေ့အာဏာသိမ်း၊ နောက်တနေ့ ထုတ်ပြန်ချက်ထွက် ဆိုတဲ့ဟာမျိုး။ စစ် အုပ်စု၊ စစ်အစိုးရကနေပြီးတော့ ကျောင်းသားတွေအပေါ်၊ သမဂ္ဂတွေအပေါ်မှာ နာကျည်း တဲ့အချက်တွေမှာ ဒါတွေလည်း ပါပါတယ်။

အဲဒီတော့ ကျနော် ခုနက ပြောခဲ့သလို တက္ကသိုလ်ပရဝုဏ်မှာဖြင့် စစ်တပ် အာ ဏာသိမ်းမယ်ဆိုတာနဲ့ စပြီးတော့ အဲဒီမုန်တိုင်းအတွက် လေနီကြမ်း စတော့တယ်လို့ ပြောရတော့မယ်။ ဘာကြောင့်လဲဆိုတော့ မတ်လမှာ အာဏာသိမ်းတယ်၊ ဇွန်လလောက် ကတည်းက စပြီးတော့ တက္ကသိုလ်တွေမှာ ရှုတ်ရှုတ်ရှုတ်ရှုတ်၊ လှုပ်လှုပ်လှုပ်လှုပ်က စပြီး ဖြစ်နေပြီ။

နောက် ဇူလိုင် ၇ ရက် ဆက်ဖြစ်တာပေါ့ဗျာ။ ဇူလိုင် ၇ ရက်ဆိုတော့ ကျနော် ဒီမှာ အကျယ်မပြောတော့ပါဘူး။ ကျနော်တို့ မန္တလေးကလူတွေအနေနဲ့ ဇူလိုင် ၇ ရက်မှာ ရန်ကုန်လို ပြင်းပြင်းထန်ထန် မခံခဲ့ရဘူး။ ကျနော်တို့တတွေ ရေဒီယိုနားထောင်၊ သတင်း ပလင်းတွေနားထောင်၊ တယ်လီဖုန်းတွေ နားထောင်ပြီး တထိတ်ထိတ်နဲ့မျှော်ခဲ့ရတာ ကျ နော်ဘယ်တော့မှ မမေ့ပါဘူး။ ကျနော့်မိဘတွေရော၊ ကျနော်တို့သမဂ္ဂ အတူလုပ်တဲ့လူ

တွေရော အဲဒီသတင်းကို မျှော်ပြီးတော့ စိုးရိမ်တာပဲတတ်နိုင်တယ်။ ဘယ်လိုမှလည်း အဆက်အသွယ်က မရ။ အဲဒီကြားထဲမှာ ပြတ်တောင်းပြတ်တောင်းဝင်လာတဲ့ 'တော်လှန်ရေးကောင်စီ' ဆိုတဲ့ စစ်အစိုးရရဲ့ကြေညာချက်တွေကလည်း ဇော်ကားမော်ကား။ အဲဒီနေ့ရက်များဟာ ကျနော့်ဘဝမှာ မမေ့နိုင်တဲ့နေ့ရက်များ ဖြစ်ပါတယ်။

ကျနော် ထပ်ပြောပါမယ်။ ၆၂ ခုနှစ် အာဏာသိမ်းပွဲမှာ ပထမဆုံး အစတေးခံရတာလည်း ကျောင်းသားတယောက်ပါ။ အဲဒါကတော့ အရင်သမတကြီးဟောင်း စဝ်ရွှေသိုက်ရဲ့သား၊ အသက် ၁၇ နှစ်သာရှိသေးတဲ့ စဝ်မိမိသိုက်။ စဝ်မိမိသိုက်ဟာ လေသေနတ်လို သေနတ်လေးကိုင်ပြီး ထွက်လာတာကို အောက်က လက်နက်မျိုးစုံတပ်ထားတဲ့စစ်တပ်ကနေပြီးတော့ တခါတည်း ပစ်ချလိုက်တာ ပွဲချင်းပြီး သေရှာတာပါ။

ဒါကြောင့်မို့လို့ ကျနော်တို့စိတ်ထဲမှာ ဘယ်တော့မှ မမေ့နိုင်အောင် ဒီစစ်အစိုးရဟာ စတက်ကတည်းက ကျောင်းသားကို သတ်တယ်၊ နောက် တလနှစ်လပဲ ရှိသေးတယ် သမဂ္ဂကြီးကိုဖြိုတယ်၊ ကျောင်းသားတွေ အများကြီးကို သတ်တယ်...... စကတည်းက ကျောင်းသားသွေးနဲ့ ခြေဆေးပြီးတက်လာတဲ့ စစ်အစိုးရလို့ ကျနော့်ခေါင်းထဲမှာ အမြဲမှတ်မိနေပါတယ်။

၇ ရက် ဇူလိုင်အပြီး၊ သမဂ္ဂကြီးကို ဖြိုဖျက်တဲ့ကိစ္စမှာ အခုအခါကျမှ စစ်အစိုးရက(ဦးနေဝင်းတို့၊ ဦးအောင်ကြီးတို့ အပါအဝင်) ထမင်းရည်ပူ လျှာလွှဲ၊ ကြောက်ကြောက်လန့်လန့်နဲ့ သူ့ပုံချင့်ပုံချ လုပ်နေကြတာ။ စဖြိုကာစတုန်းက သူတို့ပြောတဲ့ မိန့်ခွန်းတွေ ပြန်စဉ်းစားကြည့်ပါ။ နည်းနည်းလေးမှ နောင်တရတဲ့အသံ မပါဘူး။ 'သူပစ်တာ သူပစ်တာ' လို့ ပြောဆိုနေပေမယ့် 'ငါပစ်တာ' လို့ တိုက်ရိုက်မပြောရုံတမယ်၊ ဗိုလ်နေဝင်း အဲဒီတုန်းကပြောတဲ့ မိန့်ခွန်းက...။

အဲဒီတုန်းက စစ်အစိုးရဟာ ဘာကြောင့်မို့ ဒီလောက် သဲကြီးမဲကြီးနဲ့ ကျောင်းသားတွေကို နှိမ်နင်းနေရသလဲဆိုတဲ့ဟာ သေချာပြန်စဉ်းစားကြည့်ဖို့ လိုပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ဟာ ကျောင်းသားလှုပ်ရှားမှုတွေမှာ တက်ကြွသူ၊ ခေါင်းဆောင်လုပ်ခဲ့သူတွေ အားလုံး(အားလုံးနော်) တယောက်မကျန် ကျောင်းပရဝုဏ်ထဲက မောင်းထုတ်ဖို့၊ ဖယ်ပစ်ဖို့၊ ဒါ့အပြင် မြေပေါ်နိုင်ငံရေးဇာတ်ခုံပေါ်က န ဖယ်ရှားပစ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်... အဲဒါနဲ့လုပ်တာပါ။ တနည်းပြောရရင် ကျောင်းသားသမဂ္ဂ၊ ကျောင်းသားလှုပ်ရှားမှု အားလုံးကို အငုတ်အမြစ် မကျန်အောင် တူးဖော်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပစ်တာ။ ကျောင်းသားသမဂ္ဂအဆောက်အဦကြီး ရှိနေသ၍ ဒီတသုတ်ဖမ်းလည်း နောက်တသုတ်က တက်ပြီး အဲဒီပေါ်မှာ သမဂ္ဂလုပ်နေဦးမှာပဲ။ သူတို့ အဲဒီလိုစဉ်းစားပြီးတော့ ဒီသမဂ္ဂ အဆောက်အဦမရှိမှ အေးမယ်ဆိုပြီးတော့ တမင်သေချာ ရည်ရွယ်ချက်ရှိရှိ သမဂ္ဂကြီးကို ဖျက်ဆီးပစ်တာပါ။ ဒါပေမယ့် အားလုံးသိကြတဲ့အတိုင်းပဲ ကျောင်းသားတွေဟာ အဲဒီလို

ရာနဲ့ရှိ သတ်လိုက်လို့၊ ကျောင်းသားသမဂ္ဂကြီးကို မိုက်မိုက်ရိုင်းရိုင်း ရက်ရက်စက်စက် ဖြိုခွဲပြလိုက်လို့ ငြိမ်မသွားပါဘူး။

ကျနော်တို့မန္တလေးမှာလည်း သမဂ္ဂဖြိုတာမျိုး၊ ကျောင်းသားတွေ သတ်တာမျိုး မဖြစ်ပေမယ့်လည်း ကျောင်းသားခေါင်းဆောင်တွေကို အကုန်လုံး ဖမ်းပါတယ်။ (ကျနော်တို့က အဲဒီတုန်းက ခေါင်းဆောင်ပိုင်းမှာ မပါသေးတဲ့၊ ခေါင်းဆောင်အဆင့် မရောက်သေးတဲ့အတွက် ကျနော်တို့ အဖမ်းခံရတဲ့အထဲ မပါပါဘူး။) မန္တလေးမှာရှိတဲ့ သမဂ္ဂအဆောက်အဦက ဝါးကပ်တဲကြီးပါ။ အဲဒီ ဝါးကပ်တဲကြီးကိုလည်း ညကြီးမင်းကြီး လာဖျက်ပြီးတော့ လော်ရီကားကြီးနဲ့ တိုက်ယူသွားတာပဲ။

ဒါပေမယ့် တလလည်းနေရော ဇူလိုင် ၇ ရက် အထိမ်းအမှတ် လှုပ်ရှားမှုတွေ ပေါ်လာတယ်။ ကြိုကြားကြိုကြား ကျောင်းနံရံတွေမှာ ပိုစတာတွေကပ်တယ်။ အနည်းဆုံး မြေဖြူခဲနဲ့(ရောင်စုံမြေဖြူခဲနဲ့) ကျောင်းနံရံတွေမှာ ရေးတယ်။ ကျောင်းသားကျောင်းသူတွေရဲ့ ရင်ဘတ်မှာ အလံအနက်လေးတွေ တပ်ကြတယ်။ အဲဒီက တဆင့်တက်လာပြီးတော့ ကြိုးကြားကြိုးကြား ကဗျာစာအုပ်လေးတွေ ထုတ်တယ်။ ကဗျာစာအုပ်လေးတွေက အစကတော့ ပုန်းလျှိုးကွယ်လျှိုး၊ နောက်ကျတော့ ပြောင်ပဲ ဆိုင်ပေါ်တင်ရောင်းတယ်။ ဝယ်တဲ့လူလည်း အလုအယက် ဝယ်တယ်။ အမှတ်တရ ခုံခုံမင်မင် သိမ်းဆည်းထားကြတယ်။ တပါတည်းမှာ ကြေညာချက်တွေကလည်း မပြတ်ထွက်နေတာ။

အဲဒီတုန်းက ထွက်ပြေးတဲ့ ကိုအောင်သူတို့ ဘယ်မှာပုန်းနေတာ ကျနော် သိနေတာပဲ။ ကျနော်တို့ ခိုးခိုးပြီး သွားတွေ့တယ်။ အဲဒီ ကိုအောင်သူတို့ကနေပြီး ပုန်းအောင်းနေတဲ့ နေရာကနေပြီး ဒီလှုပ်ရှားမှုကို ဆက်ပြီး လုပ်ဆောင်နေကြတာပါ။ သူတို့က ခေါင်းဆောင်တာပေါ့လေ။ အဲ... ကျနော်တို့ကတော့ သူတို့ခေါင်းဆောင်တဲ့အတိုင်း၊ ညွှန်ကြားတဲ့အတိုင်း လုပ်သင့်လုပ်ထိုက်တဲ့ဟာတွေ ဆက်လုပ်ကြတာပါ။

ဒါပေမယ့် ကျနော်တို့ သတိပြုရမှာက အဲဒါက ၆၂။ အဲဒီအရင် ဘာမှမကြာသေးတဲ့ ကာလလေးအတွင်းကပဲ ဗမာပြည်မှာက ဒီမိုကရေစီအခြေခံ ရှိနေခဲ့တယ်။ အဲဒီလို ဒီမိုကရေစီအခြေခံရှိနေတဲ့အတွက် စစ်အစိုးရဟာ အခုလုပ်သလို အပြတ် သူတို့လုပ်ချင်လို့ မရသေးဘူး။ ဒါ ပြည်တွင်းရဲ့အာဘော်အပိုင်းမှာရော၊ ပြည်ပအာဘော်ပိုင်းမှာရော အဲဒီလောက်ထိ သူတို့ကို ခွင့်မပြုသေးဘူး။ သူတို့ လုပ်နိုင်တဲ့ အခြေအနေမရှိသေးဘူး။ ဒါကြောင့်မို့လို့ သူတို့က အခုနောက်ပိုင်း လုပ်သလောက်အထိ ရက်ရက်စက်စက် မလုပ်သေးတာလို့ ပြောရင် ရမယ်ထင်တယ်။

ဒါ့အပြင် ဗိုလ်ချုပ်နေဝင်းရဲ့ ခေါင်းထဲမှာ ပြည်တွင်းစစ် စေ့စပ်ဆွေးနွေးရေး မျက်လှည့်ပြပွဲကြီးတခု လုပ်ဖို့၊ 'မဆလ' ဆိုတဲ့ ဆိုရှယ်လစ်အလိမ်အညာကြီးတခု ဖော်ထုတ်ဖို့ အစီအစဉ်တွေကလည်း ရှိနေသေးတဲ့အခါကျတော့ အားလုံးကို အပြတ်လုပ်ပစ်ဖို့လည်း သူတို့ဆုံးဖြတ်လို့ မရသေးဘူး ဖြစ်နေသေးတယ်။

အဲဒီတော့ ပထမဆုံး သူတို့လုပ်တာကတော့ ကျောင်းသားခေါင်းဆောင် တွေ၊ လက်ဝဲသမားတွေ၊ 'ထောင်ထောင်ထောင်ထောင်ဆိုတဲ့အကောင်တွေ ထောင်ထဲထည့်' ဆိုတဲ့ဟာ။ ကျနော်က လက်ဝဲဆိုတော့(လက်ျာခေါင်းဆောင်တွေလည်း အဲဒီထက် စော တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်မယ်၊ နီးပြီဆိုတာနဲ့ တခါတည်း အကုန်လုံး၊ ဖဆပလ ခေါင်းဆောင်တွေအကုန်လုံး ထောင်ထဲရောက်သွားတာပဲ။ အာဏာသိမ်းတုန်းကတော့ လူမျိုးစုခေါင်းဆောင်တွေ အားလုံးကို ထောင်ထဲထည့်တယ်။ အဲဒီနောက် ဆက်လာပြီး သူတို့ မဆလ ကြေညာပြီး 'ဆိုရှယ်လစ်လမ်းစဉ်' ကြေညာတော့မယ်၊ အဲဒီ ငြိမ်းချမ်း ရေးဆွေးနွေးပွဲ အတုအယောင် လုပ်တော့မယ်ဆိုတဲ့အခါကျတော့ ဖဆပလ ခေါင်းဆောင် တွေ၊ လက်ျာခေါင်းဆောင်တွေအကုန်လုံး ထောင်ထဲပို့တယ်။) အဲ... အခုနက ၇ ဇူလိုင် အကြောင်းပြပြီးတော့ ကျောင်းသားတွေနဲ့လက်ဝဲသမားတွေ ထောင်ထဲပို့တယ်။ အဲဒီလို တောက်လျှောက်လုပ်တာ။

အဲဒီလိုနဲ့ ၆၃ ခုနှစ် 'စေ့စပ်ရေး'မျက်လှည့်ပြပွဲကြီး ရောက်လာရော။ အဲဒီကျ တော့ သူတို့လည်း နည်းနည်းပါးပါး ကိုယ်ရှိန်သတ်ထားရတယ်။ ဒါကို အခွင့်ကောင်းယူပြီး ကျနော်တို့ကျောင်းသားသမဂ္ဂတွေက အတင်း ပြောင်လှုပ်ရှားလို့ရအောင်၊ တရားဝင်ပြန် ဖြစ်အောင် ကြိုးစားကြတယ်။ ပုန်းလျှိုးနေတဲ့ ခေါင်းဆောင်တွေ အခြေအနေကိုကြည့်ပြီး ပြန်ထွက်လာကြတယ်။ အဖမ်းခံရသူတွေလည်း ပြန်လွတ်လာတာ ရှိတယ်။ အဲဒီနောက် ကျနော်တို့ရဲ့ အဓိကဦးတည်ချက်၊ အဓိကရည်မှန်းချက်ဟာ နံပါတ်တစ်... သမဂ္ဂတရားဝင် ရပ်တည်ခွင့်ရရေး၊ အဲဒီရည်မှန်းချက်နဲ့လုပ်တာ။

ကျနော် ဒီနေရာမှာ ရှင်းရှင်းပြောမယ်။ ဘယ်ခေတ်ကျောင်းသားပဲဖြစ်ဖြစ် တိုင်း ပြည်မှာ ဖိနှိပ်သူ၊ အုပ်စိုးသူ ရှိနေသမျှကာလပါတ်လုံး သူတို့ရဲ့ အဓိက နံပါတ်တစ်၊ ပထမ ခြေလှမ်း၊ အခြေခံအကျဆုံး လုပ်ရမယ့်ဟာက 'သမဂ္ဂ ဖော်ထုတ်ရေး'ဖြစ်တယ်။

ကျနော်တို့ကျောင်းသားသမဂ္ဂမရှိရင် ဘယ်လုပ်ငန်းမှ စုစုစည်းစည်း ညီညီ ညွတ်ညွတ် ထိထိရောက်ရောက် မလုပ်နိုင်ဘူး။ (တကွဲတပြား ကျနော်တို့လှုပ်ရှားမှုတွေ၊ ခုလည်း ပေါ်နေတာပဲ၊ ထိရောက်သင့်သလောက် မထိရောက်ဘူး။) ကျောင်းသားသမဂ္ဂ ဟာမျိုးရှိမှ တပြည်လုံးကို ကိုယ်စားပြုတဲ့၊ တပြည်လုံးက ကျောင်းသားတွေ(တပြည်လုံး ဆိုတာ ဟိုး... အထက်ဖက် ကချင်ပြည်နယ်ကနေ အောက်ဆုံး တနင်္သာရီအထိ) တ ပြည်လုံးကို ကိုယ်စားပြုတဲ့ ကျောင်းသားသမဂ္ဂတွေရှိမှ ကျနော်တို့လုပ်ငန်းတွေဟာ တ ကယ်ထိရောက်မှာပါ။ ဒါ ခေတ်အဆက်ဆက် ကျောင်းသားတွေရဲ့တာဝန်၊ အရင်က ထမ်း ခဲ့တဲ့တာဝန်၊ နောင်ထမ်းရမယ့် တာဝန်လို့ ကျနော်ပြောချင်တယ်။

အဲဒီတော့ အခုနကပြောသလိုပဲ အစိုးရရဲ့ စေ့စပ်ဆွေးနွေးပွဲဆိုတဲ့ဟာကြီးကို အခွင့်ကောင်းယူပြီး ကျနော်တို့သမဂ္ဂတွေ ပြန်ဖွင့်ဖို့လုပ်ကြတဲ့အထဲမှာ ရန်ကုန်မှာဆိုရင် 'ယာယီသမဂ္ဂအဆောက်အဦ' ဆိုပြီး ဝါးကပ်တဲကြီးတခု ဆောက်ခဲ့တယ်။ အဲဒီဝါးကပ်တဲ

ကြီးကိုပဲ ဗဟိုပြု၊ အဲဒီထဲမှာပဲ စာလိုမ့်စက်တွေဘာတွေ ထားပြီးတော့ လှုပ်ရှားခဲ့ကြတယ်။ ကျနော်တို့ မန္တလေးမှာတော့ ငွေရေးကြေးရေးက အဲဒီလောက် အဆင်မပြေတော့ အဆောက်အဦတွေဘာတွေ မဆောက်နိုင်ဘူး။ ဒါပေမယ့် ကျနော်တို့ဆီက စီစဉ်ထားတာကလည်း ရန်ကုန်နဲ့ ချိန်သားကိုက်ပြီး လှုပ်ရှားတယ်လို့ဆိုရလောက်အောင်ပဲ ရည်မှန်းချက်လည်း အတူတူ၊ တင်ပြချက်လည်း အတူတူ။ ခံစားမှုလည်း တူတာကိုးဗျ။ အကုန်လုံး အတူတူပဲ လှုပ်ရှားကြတာပါ။

ကျနော်တို့ အဲဒီတုန်းက သမဂ္ဂပေါ်ပေါက်ရေး လုံးပမ်းတယ်။ နောက်တခါ အဲဒီတုန်းက ပေါ်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ရေး လှုပ်ရှားမှုမှာ ကျောင်းသားတွေ တက်တက်ကြွကြွပါဝင်ပြီး ကျနော်တို့ လှုပ်ရှားကြပါတယ်။

ကျနော် မှတ်မိသေးတယ်။ ကျနော်တို့ သမဂ္ဂဖော်ထုတ်ရေးအတွက် အစီအစဉ်မှာ ရွေးကောက်ပွဲအတွက် ကျနော်တို့ ပြင်ပြီးလုပ်ကြတာ။ ကျနော်တို့ခေါင်းထဲမှာ သမဂ္ဂဖော်ထုတ်ရေးဆိုတာ ပါးစပ်နဲ့ပြောနေတာမဟုတ်ဘူး။ တကယ်ကို အစီအစဉ်ရှိရှိ လုပ်တာ။ ရွေးကောက်ပွဲအထိ စဉ်းစားထားပြီးသား။ ပထမဆုံးအနေနဲ့ ကျနော်တို့ ဘာလုပ်သလဲဆိုရင် အဲဒီတုန်းက မြို့နယ်ဗကသတွေ ဖော်တယ်။ နောက်ပြီးကျတော့ ခရိုင်ဗကသတွေ ဖော်တယ်။ ကျနော်ဆိုရင် မန္တလေး အရှေ့မြောက်မြို့နယ်ဗကသမှာ အတွင်းရေးမှူးဖြစ်တယ်။ အဲဒါက ကျနော်တို့ မန္တလေး လက်ဆည်ကန်၊ အောင်နန်းရိပ်သာ အရှေ့ ၅၆၊ အကွက် ၁၀ မှော်ရုံမှာ လုပ်တာ။ အဲဒီနားက တိုင်းချစ်တို့၊ နေရှင်နယ်တို့... အဲဒီကျောင်းက ကျောင်းသားတွေ တက်ကြတယ်။ အဲဒီကနေ တဆင့်တက်ပြီးတော့ ခရိုင်ဗကသကို ဖွဲ့တယ်၊ ရွေးတယ်။ အဲဒါက ဘယ်မှာလုပ်သလဲဆိုလို့ရှိရင် ရွှေကျီးမြင်ဘုရားထဲမှာ လုပ်တယ်။

အဲဒီမှာ ကျနော်က တွဲဖက်အတွင်းရေးမှူးဖြစ်တယ်။ ကျနော်မှတ်မိနေတာ ဥက္ကဋ္ဌက ကဗျာဆရာကြည်အောင်(လူနာမည်တော့ ကိုကြည်လင်)ပေါ့ဗျာ။ ကျနော့် အစ်ကိုကြီးတယောက်ပါ။ နောက်ပြီးကျတော့ ကဗျာဆရာမ မစိမ်းပင်တို့ (သူ့နာမည်အရင်းက မအေးစန်း)၊ သူလည်း သမဂ္ဂလုပ်ငန်းနဲ့ပါတ်သက်ရင် ကျနော့်ရဲ့ အစ်မတော်တယောက်လို့ပြောရမယ့်ဟာ တယောက်ပါ။ ကျနော့်ကို အများကြီး သင်ပေး၊ သတ္တိမွေးပေးခဲ့တဲ့ အမျိုးသမီးတယောက်ပါ။ သူတို့နဲ့အတူ ကျနော်ဟာ ဒီလုပ်ငန်းထဲကို ပါဝင်လာရတာပါ။

ဆိုလိုတာက ကျနော်တို့ အစီအစဉ်ရှိရှိ၊ ခြေလှမ်းရှိရှိ လုပ်နေကြတာ။ အဲဒါတွေပြီးတော့ ဘာမှမကြာဘူး။ ကျနော်တို့ မန္တလေးတက္ကသိုလ် ကျောင်းသားညီညွတ်ရေးတပ်ဦး အမှုဆောင်အဖွဲ့ကို ပြန်ဖွဲ့တယ်။ ကျောင်းသားညီညွတ်ရေးတပ်ဦး အမှုဆောင်အဖွဲ့ဆိုတာက အလွယ်တကူဖွဲ့လို့ မရဘူး။ တပ်ဦးကောင်စီဆိုတာ တပ်ဦးအဖွဲ့ဝင်ဟောင်းတွေ ညီလာခံခေါ်ရတယ်။ အဲဒီလိုခေါ်ပြီး ညီလာခံက ဖွဲ့မှ၊ ညီလာခံမှာ မဲပေး၊ ဆန္ဒပေးပြီးတော့

ရွေးမှ အတည်ဖြစ်တယ်။ ဒီအတိုင်း ကိုယ့်ဟာကိုယ် လူတစု ကြိတ်ပြီးလုပ်လို့ရတာ မဟုတ်ဘူး။ ဒါကြောင့်မို့ ကျနော်တို့ မန္တလေးတက္ကသိုလ်အဝင်မှာရှိတဲ့ ပန်းခြံထဲမှာ တပ်ဦး ညီလာခံကို ကျင်းပတယ်။ အလံတွေ တလူလူနဲ့ပေါ့။

## တပ်ဦးညီလာခံ

အဲဒီတပ်ဦးညီလာခံမှာ ဥက္ကဋ္ဌက ပဲခူးရိုးမမှာ သေဆုံးသွားတဲ့ ကိုကျော်ခင်၊ အတွင်းရေးမှူးက ပေါင်းလောင်းဖက်မှာ အစိုးရနဲ့တိုက်ပွဲဖြစ်ရင်း ကျသွားတဲ့ ကိုသောင်းရွှေ၊ ကျနော်က တွဲဖက်အတွင်းရေးမှူး။ အဲလိုဖြစ်လာတယ်။ ဒီအမှုဆောင်အဖွဲ့က နောင် သမဂ္ဂ ရွေးကောက်ပွဲမှာဝင်ဖို့ အားပြင်တဲ့အဓိပ္ပါယ်ပဲ။

အဲဒီလို ကျနော်တို့ တဖက်က ကိုယ့်တွင်းစည်းရုံးရေးကို ပြန်လုပ်ပြီးတော့ အပြင်ဘက်မှာလည်း ပြည်တွင်းငြိမ်းချမ်းရေး ဆန္ဒပြပွဲတွေမှာ တက်တက်ကြွကြွ ဝင်ပါကြတယ်။ ကျနော်တို့ ကျောင်းသားသမဂ္ဂခေါင်းဆောင်တွေဟာ အဲဒီ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ အလုပ်လုပ်တဲ့နေရာတွေမှာ အောက်ခြေသိမ်းကအစ ကျနော်တို့ ဝင်လုပ်ကြတယ်။ မှတ်မှတ်ရရ ကျနော်ဆိုလို့ရှိရင် ဟို... သုခဝတီပုံနှိပ်တိုက် အနောက်ဖက်က ဦးသန်းဖေ အိမ်မှာ အဲ...' ညတိုင်း ပိုစတာရေးတာ။ ကျနော် ခုနပြောတဲ့ ကိုသောင်းရွှေတို့နဲ့ အတူသွားပြီး ညတိုင်း ပိုစတာရေး၊ ကိုယ့်ဟာကိုယ် ကော်တွေကျို၊ အောက်လင်းခါတ်မီးထွန်း၊ ပြီးတော့ အမရပူရပို့၊ မတ္တရာပို့၊ မန္တလေးမှာ ၆ ခရိုင် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးလုပ်ဖို့ အစီအစဉ်ရှိတာကိုး။ အဲဒီ ဆန္ဒပြပွဲကြီးမှာပါမယ့် ပိုစတာတွေ ပို့ရတယ်။

ကျနော် မှတ်မှတ်ရရ ဒီမှာပြန်ပြောချင်တာက ခုနပြောတဲ့ တပ်ဦးညီလာခံ လုပ်တဲ့အခါကျတော့ အရင်တပ်ဦးကောင်စီဝင်(တပ်ဦးအဖွဲ့ဝင်ပေါ့ဗျာ) အားလုံး တက်ခွင့်ရှိတာဆိုတော့ တက်လာကြတယ်။ တက်တာ မကန့်သတ်ပါဘူး။ မဲပေးတာတော့ တပ်ဦးကောင်စီဝင်တွေမှ မဲပေးခွင့်ရှိတယ်။ တက်လာကြတဲ့အထဲမှာ မဆလကို ထောက်ခံပြီးတော့ စစ်အစိုးရလုပ်တာ မှန်ပါတယ်လို့ပြောကြတဲ့ အရင်တပ်ဦးဟောင်းတွေလည်း ပါလာတယ်။ သူတို့လည်း လာတက်တယ်။ တက်ခွင့်ရှိတယ်။ လုံးဝမကန့်ကွက်ဘူး၊ တက်ပါ။ သူတို့လည်း အဲဒီမှာ ဝင်ပြော။ အမှုဆောင်အတွက် သူတို့လူကို တင်တဲ့အခါကျတော့ တခါတည်း ခွက်ခွက်လန် နှာခေါင်းကျည်ပွေ့ တွေ့တာပဲ။ ဟိုမှာကတော့ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဖြစ်ကြတဲ့အတွက် သူတို့ကို ဟားတိုက်တာတို့၊ အော်တာတို့၊ မောင်းထုတ်တာတို့ အဲလိုတော့မရှိဘူး။ ဒါပေမယ့် အဆုံးအဖြတ်က အညာအတာကင်း

တယ်။ သူတို့ကို ထောက်ခံတဲ့လူက သူတို့လူလေး ၃-၄ ယောက်။ အဲဒါအပြင် နောက်ထပ် ဘယ်သူမှမရှိဘူး။ ကျန်တဲ့ ခန်းမတခုလုံးက သူတို့ကို မသိကျိုးကျွန် ပြုထားလိုက်တာ။ အဲလိုနဲ့ ခွက်ခွက်လန်ပဲ။ သူတို့ကို နောက်ရက်တွေမှာ တွေ့ကိုမတွေ့ရတော့ဘူး။

ဆိုလိုတာ အဲဒီကတည်းက ကျောင်းသားတွေရဲ့ စိတ်ထဲမှာကတော့ ပြတ်နေပြီ။ စစ်အစိုးရနဲ့ပတ်သက်ရင် ကျောင်းသားတွေဘက်က ပြတ်တယ်။ မြင်တယ်၊ ဘယ်သူမှ မမြင်တာမဟုတ်ဘူး။ အရင်ခေတ် ကျောင်းသားလှုပ်ရှားမှု လုပ်ရတာနဲ့ကို မတူဘူး။ လူစုဖို့က သိပ်လွယ်တယ်။ အမျိုးသမီးတွေလည်း သိပ်တက်ကြွတယ်။ နောက် ခုနက အဲဒီမဆလကိုထောက်ခံတဲ့လူတွေကလည်း တခါတည်း ခွေးတိုးဝက်ဝင်နေရာလေးလောက်တောင်မရပဲနဲ့ အဲဒီညီလာခံထဲကနေပြီးတော့ ခေါင်းငုံ့ပြီး ထွက်သွားကြရတာ။ ကျနော် ဒီနေ့အထိ မှတ်မိနေသေးတယ်။ သူတို့ နာမည်တွေ မပြောတော့ပါဘူး။ အခုထက်ထိ ရှိပါသေးတယ် တချို့က။

ဒီနေရာမှာ ကျနော်ပြောချင်တာက ကျောင်းသားသမဂ္ဂထဲကို ကျနော်တို့ ပါလာကြတာဟာ တခုက အခြေအနေအချိန်အခါက တောင်းဆိုလို့၊ တွန်းပို့လို့ ဖြစ်လာတာ။ နောက် ဒုတိယအချက်က ကျနော့်ကို အကူအညီပေးတဲ့(အကူ အညီပေးတယ် ဆိုတာက ဟို... တည့်တည့်ပြောရင် သွန်သင်ဆုံးမသလိုဘဲဗျာ) အဲလိုလုပ်ပေးတဲ့ နောင်တော်၊ အစ်မတော် ကျောင်းသားခေါင်းဆောင်တွေ ရှိတယ်။ ကျနော်တို့တတွေ ဒီလိုတာဝန်တွေ ယူလာရတာ။

သူတို့ဆီက ကျနော်တို့ရတာ ဘာတွေလဲဆိုတော့ တခုက အသိ၊ ကျောင်းသားအရေးဟာ မှန်တယ်ဆိုတာတင် မလုံလောက်ဘူး။ ဘယ်လိုလုပ်ရမလဲ၊ ဘယ်ဟာကမှ မှန်တယ်၊ တရားအရ သိအောင်၊ ဒီဟာတွေ အတွေးအခေါ်ဖြစ်လာအောင် သူတို့ဆီက လက်ခံရရှိတာ။ နောက်တခုက အဲဒီအတွေးအခေါ်နဲ့ ဆက်နေတဲ့၊ အတွေးအခေါ်ကနေ ထပ်ပြီးပေးလာတဲ့ သတ္တိ။

ကျနော် ရှင်းအောင်ပြောပါ့မယ်။ လူတွေမှာ သတ္တိဆိုတာရှိတယ်။ ဒါပေမယ့် သတ္တိဆိုတာ ဘယ်နေရာမှာ သတ္တိရှိတာလဲ။ ဘာအတွက် သတ္တိရှိတာလဲ။ ဒါကျတော့ တယောက်နဲ့တယောက် မတူတော့ဘူး။ အဲ... "လူရိုက်ရဲတယ်ကွာ" အဲဒီသတ္တိဟာ ဆန္ဒပြပွဲမှာရှေ့က အလံကိုင်ပြီး တက်ရဲတဲ့သတ္တိနဲ့ တူပါ့မလား။ မတူပါဘူး။ တခြားစီပါ။ ခုနက အလံကိုင်ပြီး တိုက်ရဲတဲ့သတ္တိမျိုးဆိုတာ သာမန်မိုက်စိတ်လောက်နဲ့ ရတာမဟုတ်ဘူး။ သူ့ခေါင်းထဲမှာ၊ သူ့ရင်ထဲမှာ ဒီအရေးတော်ပုံ၊ ဒီဆန္ဒပြပွဲ၊ ဒီတိုက်ပွဲက မှန်ကန်တယ်။ အဲဒီအတွက် အနစ်နာခံရတာ၊ စွန့်လွှတ်ရတာ၊ နောက်ဆုံး အသေခံရတာဟာ မှန်တယ်၊ မြင့်မြတ်တယ်ဆိုတဲ့ အတွေးအခေါ် ခေါင်းထဲကိုမြဲမြဲရှိမှ အဲလိုလုပ်နိုင်တာ။ အဲဒါမှ တကယ့်သတ္တိ။ အဲဒီလိုသတ္တိမျိုး ကျနော်ပြောသလို အဆက်အဆက်က နောင်တော်၊ အစ်မတော်

တွေရဲ့ သွန်သင်မှု၊ အဆက်အဆက်က အာဇာနည်တွေရဲ့ ရပ်တည်မှု၊ လှုပ်ရှားမှုတွေကို ကျနော်တို့ ကြည့်ပြီးမှ ကိုယ့်ဟာကိုယ် မွေးယူတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။

အဲဒီတော့ ကျနော် ပြန်ဆက်ပြီးပြောမယ်။ ၆၃ ခုနှစ်မှာ အဲ... ဒုတိယ နှစ်ဝက်လောက်က စပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုဟာ အရှိန်မြင့်လာတယ်။ အသေအချာလည်း အကောင်အထည်ပေါ်လာတယ်။ အစိုးရနဲ့ တောတွင်း လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးတာတွေလည်း များများစားစား လုပ်လာတယ်။ အဲဒီတော့ အဲဒီဟာတွေ များလာတာနဲ့အမျှ ကျနော်တို့ ပြည်သူလူထုဘက်ကလည်း လှုပ်ရှားမှုတွေများလာတယ်။ ပိုပြီးကျယ်ပြန့်လာတယ်။ ပိုပြီးတော့ နက်ရှိုင်းလာတယ်။ အဲဒီအတွက် ကျနော်တို့ကျောင်းသားတွေ အစွမ်းကုန် ပါဝင်ခဲ့ကြတယ်။ ကျောင်းသားတွေ၊ ကျောင်းသူတွေ ဆန္ဒပြပွဲကြီးတွေမှာပါတယ်။ အလှူငွေကောက်ခံတဲ့ အဖွဲ့တွေမှာ ကျောင်းသားတွေပဲ။ အဲ...နောက်ပြီး ဒီဟာကို ဝါဒဖြန့်တဲ့နေရာမှာလည်း၊ စာရွက်စာတမ်းတွေ လိုက်ဝေတဲ့နေရာမှာလည်း ကျနော်တို့ကျောင်းသားတွေ ပါတာပဲ။ တခြားလူ့အလွှာ၊ လူတန်းစားတွေပါပါတယ်နော်။ မပါတာ မဟုတ်ဘူး။ ကျနော်တို့ ကျောင်းသားတွေ တတပ်တအား ပါဝင်တယ်ဆိုတာ ပြောတာပါ။

ဒါပေမယ့် အားလုံးသိတဲ့အတိုင်းပဲ၊ ဒီ... တော်လှန်ရေးကောင်စီဆိုတဲ့ အစိုးရဟာ ဒီ... ငြိမ်းချမ်းရေးဆိုတာကို တကယ်လုပ်လာလုပ်လာရင်းနဲ့ နောက်ဆုံးကျတော့ သူ့ဇာတ်သူ မနိုင်တော့ဘူးဆိုတာ သူသိလာတယ်။ အဲဒီ သူ့ဇာတ်သူ မနိုင်တော့ဘူးဆိုတာ သိလာတဲ့အခါကျတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာကို တုံးတိကြီး ဖျက်ချတော့တာပဲ။ အဲဒီ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာလည်း ဖျက်လိုက်ရော၊ တခါတည်း တပြည်လုံးမှာ လူဖမ်းပွဲတွေ လုပ်တယ်။ ဖမ်းတာမှ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ တက်တက်ကြွကြွ ပါဝင်တဲ့ လူဆိုလို့ရှိရင် (ဆရာကြီးသခင်ကိုယ်တော်မှိုင်းလို လူလောက်ကို ချန်ပြီးတော့) ကျန်တာတွေ အကုန်ဖမ်းတာပဲ။ အဲဒီနောက် ကျောင်းသားတွေကိုလည်း ဖမ်းတယ်။ သမဂ္ဂနဲ့ ပတ်သက်တဲ့လှုပ်ရှားမှုမှန်သမျှကိုတော့ အကုန်လုံးလိုက်ဖျက်တယ်။ ဟို... ရန်ကုန် တက္ကသိုလ်က သမဂ္ဂဝါးကပ်တဲကြီးလည်း အဖျက်ခံရတယ်။

ဒီအချိန်မှာတော့ စစ်အစိုးရဟာ သူတို့အာဏာသိမ်းခါစက ထားခဲ့တဲ့ ရည်မှန်းချက်ကို အပြတ်အကောင်အထည်ဖော်ခဲ့တယ်။ စောစောကတော့ ကျနော် ခုနက ပြောခဲ့သလိုပဲ အကြောင်းကြောင်းကြောင့် သူတို့က အပြတ်မလုပ်ရဲသေးဘူး။ မလုပ်ဝံ့သေးဘူး။ လုပ်လို့မရသေးဘူး ဖြစ်နေတယ်။ အခုကျတော့ သူတို့ဆုံးဖြတ်လိုက်တယ်။ အဲဒီ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြီးတဲ့အချိန်ကစပြီး သူတို့က ဗမာပြည်မှာ စစ်တပ်ကလွဲပြီး ဘယ်သူမှ နိုင်ငံရေးလုပ်ခွင့်မရှိစေရဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချလိုက်တာပဲ။

အဲဒီတုန်းက မဆလနဲ့စစ်တပ်က အတူတူပဲကိုး။ စစ်တပ်ပါတီကလွဲပြီး တခြား ဘယ်သူမှ နိုင်ငံရေးလုပ်ခွင့် မရဘူး။ ဗမာပြည်မှာ စစ်တပ်နိုင်ငံရေးပဲရှိတယ်။ တခြား ဘယ်

အသွေးအရောင် နိုင်ငံရေးမှ မရှိစေရဘူးဆုံးဖြတ်ချက် အဲဒီမှာ အပြတ်ချလိုက်တာ။ အဲဒီတော့ အဲဒီဟာကို ဘယ်လိုအကောင်အထည်ဖော်လဲ။ သူတို့ အကုန်လုံး လိုက်ဖမ်းတယ်။ ထောင်ထဲထည့်တယ်။ ထောင်ထဲထည့်မရလို့ ထွက်ပြေးတဲ့လူကို တောထဲရောက်အောင် မောင်းပို့တယ်။ တောထဲရောက်သွားလို့ရှိရင် လိုက်တိုက်ပြီး သတ်တယ်။ စစ်တပ်နဲ့ လိုက်သတ်တယ်။ သူလျှိုထည့်လွှတ်ပြီး သတ်တယ်။ နည်းမျိုးစုံနဲ့ သတ်တယ်။ အဲဒါဟာ ၆၃ က စခဲ့တာ ဒီနေ့အထိပဲ။

၈၈ တုန်းကလည်း ဒီအတိုင်းပဲ လုပ်ကြတာ။ ကျောင်းသားတွေကို တောထဲမောင်းပို့တာပဲ။ "မြေပေါ်မှာတော့ မင်းတို့ အူကြောင်ကြောင်မလုပ်ကြနဲ့ တောထဲပဲသွား၊ မြေပေါ်မှာဆိုရင် ထောင်ထဲမှာ နေလို့ရမယ်၊ ထောင်အပြင်မှာ နေလို့မရဘူး။" အဲ... တောထဲမှာသွား တောထဲရောက်ရင် လိုက်သတ်မှာပဲ။ စစ်တပ်လွှတ်သတ်မှာ။ ဒါ... ဒီနေ့အထိ စစ်အစိုးရမှာထားရှိတဲ့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အခြေခံသဘောထားဟာ အဲဒါပဲ။

ဒီနေရာမှာ မန္တလေးတက္ကသိုလ် အပိတ်ခံရပုံကို ပြောပြချင်သေးတယ်။ ရန်ကုန်တက္ကသိုလ်မှာ တကသ က ရွှေးကောက်ပွဲကျင်းပဖို့ တကယ်တမ်းလုပ်တာ အရှိန်အဟုန်က မြင့်သည်ထက် မြင့်လာတော့ စစ်အစိုးရက စောင့်ကြည့်မနေနိုင်တော့ပဲ တက္ကသိုလ်ကို ပိတ်လိုက်ကြောင်း ကြေညာပြီး ခေါင်းဆောင်တွေကို အတင်းလိုက်ဖမ်းတာပဲ။ သိုးကို စားချင်တဲ့ ဝံပုလွေပေးတဲ့ 'နင်မဟုတ် နင့်အဖေပဲ'ဆိုတဲ့ ဆင်ခြေလိုပဲ။ သူတို့က မခိုင်လုံတဲ့ အကြောင်းပြချက်တခု ပြတယ်။ ဒါပေမယ့် သိပ်ရှင်းနေတယ်။ ဒါဟာ ဗမာပြည်သမိုင်းမှာ ဒုတိယအကြိမ် တက္ကသိုလ်တွေကို ပိတ်တာ။ (ပထမတခါက ၇ ဇူလိုင်ပေါ့။)

ရန်ကုန်တက္ကသိုလ်ကို ဒီလိုအကြောင်းမဲ့ပိတ်လိုက်တယ်ဆိုတော့ ကျနော်တို့က လက်ပိုက်ကြည့်မနေနိုင်ဘူး။ ဒီလိုလုပ်နည်းမျိုး ကိုယ့်ဆီကို လုပ်လာနိုင်တယ်ဆိုတာလည်း သတိထားမိတယ်။ ဒါ့ကြောင့် မန္တလေး တကသ က ရန်ကုန်တက္ကသိုလ် ပိတ်ပစ်တာကို ဆန့်ကျင်တဲ့အကြောင်း ဖော်ပြတဲ့အနေနဲ့ ဆန္ဒပြကြတယ်။ တက္ကသိုလ်ပရဝုဏ်ထဲမှာပဲ **Main Hall** ကို ပတ်ဆန္ဒပြကြတာပါ။ ဒီအခါမှာ ကျောင်းသားတွေဟာ သိပ်ဒေါပွနေကြတယ်။ အစိုးရဟာ သူတို့အပေါ် ဆက်တိုက် အကြောင်းမဲ့ ဖိနှိပ်နေတယ်ဆိုတာကို သဘောပေါက်နေကြတယ်။ ကျောင်းထဲမှာ အခြေအနေဟာ သိပ်မတည်ငြိမ်ဘူး။ မန္တလေးတက္ကသိုလ်ကိုလည်း စစ်တပ်နဲ့ဝိုင်းမယ်၊ လူတွေဖမ်းလိမ့်မယ်ဆိုတဲ့သတင်းတွေပျံ့နေတယ်။ ဒါ့ကြောင့် ကျနော်လည်း အိမ်ပြန်မအိပ်ဘူး။ ကျောင်းဝင်းထဲမှာနေရင် ပိုစိတ်ချရတယ်လို့ တွေးခဲ့တာ မှန်သွားတယ်။

ဒီလိုနဲ့ အဲဒီညၢ မှတ်မှတ်ရရ ၁၉၆၃ ခုနှစ်၊ ဒီဇဘ်ာ ၁ ရက်နေ့ ညမှာ ကျနော်နဲ့ တပ်ဦးက ခေါင်းဆောင်တချို့ရယ် ကျောင်းဝင်းထဲမှာ ပတ်လျှောက်နေကြတယ်။ အိပ်မရကြဘူး။ နောက်တနေ့မှာ တခုခုဖြစ်တော့မယ်ဆိုတာ သိနေသလိုလိုပဲ။ အဲဒီလိုနဲ့ ကျောင်း

အသွေးအရောင် နိုင်ငံရေးမှ မရှိစေရဘူးဆုံးဖြတ်ချက် အဲဒီမှာ အပြတ်ချလိုက်တာ။ အဲဒီတော့ အဲဒီဟာကို ဘယ်လိုအကောင်အထည်ဖော်လဲ။ သူတို့ အကုန်လုံး လိုက်ဖမ်းတယ်။ ထောင်ထဲထည့်တယ်။ ထောင်ထဲထည့်မရလို့ ထွက်ပြေးတဲ့လူကို တောထဲရောက်အောင် မောင်းပို့တယ်။ တောထဲရောက်သွားလို့ရှိရင် လိုက်တိုက်ပြီး သတ်တယ်။ စစ်တပ်နဲ့ လိုက်သတ်တယ်။ သူလျှိုထည့်လွှတ်ပြီး သတ်တယ်။ နည်းမျိုးစုံနဲ့ သတ်တယ်။ အဲဒါဟာ ၆၃ က စခဲ့တာ ဒီနေ့အထိပဲ။

၈၈ တုန်းကလည်း ဒီအတိုင်းပဲ လုပ်ကြတာ။ ကျောင်းသားတွေကို တောထဲမောင်းပို့တာပဲ။ "မြေပေါ်မှာတော့ မင်းတို့ အူကြောင်ကြောင်မလုပ်ကြနဲ့ တောထဲပဲသွား၊ မြေပေါ်မှာဆိုရင် ထောင်ထဲမှာ နေလို့ရမယ်၊ ထောင်အပြင်မှာ နေလို့မရဘူး။" အဲ... တောထဲမှာသွား တောထဲရောက်ရင် လိုက်သတ်မှာပဲ။ စစ်တပ်လွှတ်သတ်မှာ။ ဒါ... ဒီနေ့အထိ စစ်အစိုးရမှာထားရှိတဲ့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အခြေခံသဘောထားဟာ အဲဒါပဲ။

ဒီနေရာမှာ မန္တလေးတက္ကသိုလ် အပိတ်ခံရပုံကို ပြောပြချင်သေးတယ်။ ရန်ကုန်တက္ကသိုလ်မှာ တကာသ က ရွေးကောက်ပွဲကျင်းပဖို့ တကယ်တမ်းလုပ်တာ အရှိန်အဟုန်က မြင့်သည်ထက် မြင့်လာတော့ စစ်အစိုးရက စောင့်ကြည့်မနေနိုင်တော့ပဲ တက္ကသိုလ်ကို ပိတ်လိုက်ကြောင်း ကြေညာပြီး ခေါင်းဆောင်တွေကို အတင်းလိုက်ဖမ်းတာပဲ။ သိုးကို စားချင်တဲ့ ဝံပုလွေပေးတဲ့ 'နင်မဟုတ် နင့်အဖေပဲ'ဆိုတဲ့ ဆင်ခြေလိုပဲ။ သူတို့က မခိုင်လုံတဲ့ အကြောင်းပြချက်တခု ပြတယ်။ ဒါပေမယ့် သိပ်ရှင်းနေတယ်။ ဒါဟာ ဗမာပြည်သမိုင်းမှာ ဒုတိယအကြိမ် တက္ကသိုလ်တွေကို ပိတ်တာ။ (ပထမတခါက ၇ ဇူလိုင်ပေါ့။)

ရန်ကုန်တက္ကသိုလ်ကို ဒီလိုအကြောင်းမဲ့ပိတ်လိုက်တယ်ဆိုတော့ ကျနော်တို့က လက်ပိုက်ကြည့်မနေနိုင်ဘူး။ ဒီလိုလုပ်နည်းမျိုး ကိုယ့်ဆီကို လုပ်လာနိုင်တယ်ဆိုတာလည်း သတိထားမိတယ်။ ဒါကြောင့် မန္တလေး တကာသ က ရန်ကုန်တက္ကသိုလ် ပိတ်ပစ်တာကို ဆန့်ကျင်တဲ့အကြောင်း ဖော်ပြတဲ့အနေနဲ့ ဆန္ဒပြကြတယ်။ တက္ကသိုလ်ပရဝုဏ်ထဲမှာပဲ Main Hall ကို ပတ်ဆန္ဒပြကြတာပါ။ ဒီအခါမှာ ကျောင်းသားတွေဟာ သိပ်ဒေါပွနေကြတယ်။ အစိုးရဟာ သူတို့အပေါ် ဆက်တိုက် အကြောင်းမဲ့ ဖိနှိပ်နေတယ်ဆိုတာကို သဘောပေါက်နေကြတယ်။ ကျောင်းထဲမှာ အခြေအနေဟာ သိပ်မတည်ငြိမ်ဘူး။ မန္တလေးတက္ကသိုလ်ကိုလည်း စစ်တပ်နဲ့ဝိုင်းမယ်၊ လူတွေဖမ်းလိမ့်မယ်ဆိုတဲ့သတင်းတွေပျံ့နေတယ်။ ဒါကြောင့် ကျနော်လည်း အိမ်ပြန်မအိပ်ဘူး။ ကျောင်းဝင်းထဲမှာနေရင် ပိုစိတ်ချရတယ်လို့ တွေးခဲ့တာ မှန်သွားတယ်။

ဒီလိုနဲ့ အဲဒီည၊ မှတ်မှတ်ရရ ၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့ ညမှာ ကျနော်နဲ့ တပ်ဦးက ခေါင်းဆောင်တချို့ရယ် ကျောင်းဝင်းထဲမှာ ပတ်လျှောက်နေကြတယ်။ အိပ်မရကြဘူး။ နောက်တနေ့မှာ တခုခုဖြစ်တော့မယ်ဆိုတာ သိနေသလိုလိုပဲ။ အဲဒီလိုနဲ့ ကျောင်း

သားတချို့ အမှိုက်ပုံးကြီးတွေကို လိမ့်သွားတာ တွေ့မိတယ်။ လိုက်ကြည့်တော့ ကျနော်နဲ့ **St.Peter** တုန်းက ကျောင်းနေဖက် စိုးစိုးနဲ့ သူတို့ရှေ့ဘိုက ကိုသန်းထွန်းတို့ ဖြစ်နေတယ်။ သူတို့က **"မနက်ဖြန်မှာ စစ်တပ်တွေ ကျောင်းဝင်းထဲ အဝင်မခံနိုင်ဘူး။ လမ်းပိတ်မလို့"**လို့ ပြောပြတယ်။ တချို့ကျောင်းသားတွေကလည်း သစ်ကိုင်းသစ်ခက်တွေ သယ်သွားတာ တွေ့ရတယ်။ ကျနော်တို့က သူတို့ကို မတားပါဘူး။ သူတို့စိတ်ခါတ်ကို နားလည်နေတာပဲ။ သူတို့ လမ်းပိတ်ဖို့လုပ်နေတဲ့ မန္တလေးတက္ကသိုလ်အဝင်(မင်္ဂလာလမ်းက အဝင်) တံတားနားကို သွားကြည့်မိတယ်။ ကျောင်းသားတွေ အတော့်ကို တက်တက်ကြွကြွနဲ့ အတားအဆီး ဆောက်နေကြတာ တွေ့ရတယ်။

အဲဒီညမှာ ရဲတွေ လာဖမ်းနေပြီဆိုလို့ ကျနော်တို့ ရှောင်ရတာ၊ တိမ်းရတာ ဖြစ်လိုက်သေးတယ်။ အခြေအနေက အဲဒီလို တလှုပ်လှုပ်နဲ့ ကျနော်တို့လည်း တညလုံးနီးပါး မအိပ်လိုက်ဘူး။ လင်းခါနီးကျမှ အဆောင်နေ သူငယ်ချင်းတယောက်အခန်းမှာ တိုးခွေ့အိပ်လိုက်တယ်။ ခဏပဲ။ မနက်စောစောပဲ ထပြီး မနေ့ညက ကျောင်းအဝင်နေရာကို သွားကြည့်တယ်။ ကျောင်းသားထုက သူတို့ဖာသာ တိုက်ပွဲကြေညာနေပြီ။ သမဂ္ဂက လှုံ့ဆော်ဖို့တောင် မလိုဘူး။ အဲဒီနေ့က ကျောင်းမပိတ်ဘူး။ ဒါကြောင့် နေ့ကျောင်းသားတွေ ကျောင်းလာတက်တော့ သူတို့လည်း စာအုပ်ဘေးချိတ်ပြီး တိုက်ပွဲထဲ ဝင်ပါကြတယ်။ သစ်တိုသစ်စတွေ၊ အမှိုက်ပုံးတွေနဲ့ တည်ဆောက်ထားတဲ့ ယာယီအတားအဆီး အမြင့်ကြီးပေါ်မှာ ခွပ်ဒေါင်းအလံတွေ ဝဲလို့။

အဲဒီအချိန်မှာ ဆရာဆရာမတွေ ရောက်လာကြတယ်။ တော်တော်များတယ်။ သူတို့အားလုံးရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ပူပန်မှုတွေ အတိုင်းသား မြင်နေရတယ်။ ကျနော်မှတ်မိသလောက်ဆိုရင် သင်္ချာက ဆရာကြီးဦးနက်၊ ဒေါက်တာဇကြည်၊ ဓါတုဗေဒက ဆရာကြီးအဝ္ဗာဆင်း၊ စိုက်ပျိုးရေးက ဆရာကြီးဦးသန်းထွန်း(အဲဒီတုန်းက စိုက်ပျိုးရေးတက္ကသိုလ်ရယ်လို့ သီးခြားမရှိသေးဘူး။)နောက်ပြီး ရူပဗေဒက ဒေါက်တာသန်းထွန်း၊ မြန်မာစာဌာနက ဒေါ်စီစီဝင်း၊ ဒေါ်မိမိလေးတို့ သူတို့က ကျောင်းသားတွေကို လာဖျောင်းဖျတာ။ သူတို့ပြောတာက ကျောင်းသားတို့ဆန္ဒပြတာကို တားမြစ်တာမဟုတ်ဘူး။ ဒါပေမယ့် ခုလို အတားအဆီးတွေ လုပ်ထားခြင်းအားဖြင့် သက်ဆိုင်ရာတွေက ဒါကို အကြောင်းပြပြီး အင်အားသုံးလာရင် မလိုလားအပ်တာတွေ ဖြစ်ပေါ်လာမယ်။ ဒါကြောင့် ဒီအတားအဆီးတွေကိုတော့ ဖျက်ပေးပါလို့ပြောတာ။ ဆရာကြီးတွေပြောတာ မှန်တယ်။ ဒါ့ကြောင့် သမဂ္ဂခေါင်းဆောင်တွေက ဆရာကြီးဘက်ကရပ်ပြီး အတားအဆီးတွေကို ဖျက်ပေးဖို့ နားချတယ်။ ကျနော်လည်း သစ်ကိုင်းတွေပေါ်တက်ရပ်ပြီး ဖျက်ပေးဖို့ မိန့်ခွန်းလိုလို ပြောခဲ့တာမှတ်မိနေတယ်။ ကျောင်းသားတွေက လက်မခံဘူး။ အထူးသဖြင့် တညလုံး ပင်ပင်ပန်းပန်းလုပ်ထားရတဲ့ လူတွေပေါ့။ ဆရာကြီးတချို့က (ကျနော်မှတ်မိတာ စိုက်ပျိုးရေးက ဦးသန်းထွန်းတို့ဆိုရင်) မျက်ရည်တောင် ကျကြရှာတယ်။ ဒီလိုနဲ့ နောက်တော့ ကျောင်းသားတွေက **"အဲဒီ ရဲတွေ၊ စစ်သားတွေ ကျုပ်တို့ကျောင်းဝင်းထဲ ဝင်လာရင် ဘယ်လိုလုပ်**

မလဲ''လို့မေးကြတယ်။ ကျနော်တို့ ကျောင်းသားခေါင်းဆောင်တွေက ''မဝင်အောင် ကျနော်တို့ အစွမ်းကုန် လုံးပမ်းပါ့မယ်''လို့ အာမခံကြတယ်။ ဒီအခါမှာ ကျောင်းသား တချို့က မကျေနပ်နိုင်ကြပဲ ''လမ်းပေါ်မှာ ခင်ဗျားတို့ကိုယ်တိုင် လှဲအိပ်ပြီး လမ်းပိတ်ပေးရ မယ်''လို့ တောင်းဆိုကြတာနဲ့ ကျနော်တို့ကလည်း အာမခံလိုက်တယ်။ အဲဒီတော့မှ အတားအဆီးတွေကို ဝိုင်းဖယ်ရှားလို့ရတယ်။ ဆရာကြီးတွေနဲ့ ဆရာမတွေလည်း ဝင်ကူ ကြလို့ ကျနော်တို့က ''မလုပ်ကြပါနဲ့''လို့ တောင်းပန်ရသေးတယ်။ အားလုံး ဖယ်ပြီးပြီ ဆိုတော့မှ ဆရာတွေအားလုံး ပြန်သွားကြတယ်။ ရှေ့ဆက်ဖြစ်တဲ့ တိုက်ပွဲမှာ သူတို့ ဝင် မရှုပ်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့။

ဒီနေရာမှာ ကျနော် အလေးထားပြောချင်တာတခုက ကျနော်တို့ ကျောင်း သားတွေနဲ့ ဆရာတွေကြားက ဆက်ဆံရေးပါ။ မှတ်မိကြပါလိမ့်မယ်။ ၇ ဇူလိုင် ဖြစ်တော့ အစိုးရက ကျောင်းသားတွေနဲ့ ဆရာကြီးဦးကာကို ရန်တိုက်ပေးတယ်။ သတင်းစာတွေက နေ့ အမျိုးမျိုးရေးတယ်။ တကယ်က ကျောင်းသားတွေဟာ အထက်မှာပြောခဲ့သလိုပဲ ဆရာဆရာမတွေရဲ့စကားကို လေးစားကြတယ်။ ဆရာများကလည်း သမဂ္ဂခေါင်းဆောင် တွေအပါအဝင် ကျောင်းသားတွေကို ကိုယ့်သား ကိုယ့်သမီးလို ချစ်ခင်တယ်။ ကျနော်တို့ မန္တလေးတက္ကသိုလ် ကျောင်းသားသမဂ္ဂဆိုတာ အင်မတန်ဆင်းရဲတာ။ အခမ်းအနားတခုခု လုပ်မယ်ဆိုရင် 'သမဂ္ဂရုံးနဲ့နီးတဲ့ ဆရာများအိမ်က အကုန်ငှါးရတယ်။ Tape recorder က အစ၊ စားပွဲ၊ စားပွဲခင်းအဆုံး ဆရာတွေအိမ်ကပဲ ငှားရတယ်။ ဆရာတွေက ကြည်ကြည်ဖြူ ဖြူငှားပေးရုံမကဘူး ပျောက်လို့ရှလို့ရှိရင်လည်း ပြုံးပြုံးပဲ။ ကျောင်းသားသမဂ္ဂရွေးကောက် ပွဲတွေဆိုရင်လည်း ဆရာတွေပဲ ကြီးမှူးပြီး၊ ကျောင်းသားများကလည်း ဆရာများ အဆုံးအ ဖြတ်ကို ခံတာပဲ။ ဒါကြောင့် ကဗျာဆရာ ကိုတင်မိုးက သူ့ရဲ့ နွယ်သာကီ သံဖြတ် တပုဒ် ထဲမှာ ''ဆရာတပည့် လက်ညီစွာငယ်၊ ကမ္ဘာသိတဲ့ တက္ကသိုလ်ရယ်''လို့ ရေးခဲ့တာ။

တိုက်ပွဲအကြောင်း ဆက်ပြောရရင် အတားအဆီးတွေကို ဖယ်ရှားပြီးတယ်ဆို တာနဲ့ ကျနော်တို့လည်း တခြားကျောင်းသားတွေနဲ့အတူ ကတ္တရာလမ်းပေါ်မှာ လှဲအိပ်ပြီး လမ်းကို ပိတ်ကြတယ်။ အရင်ညက ကောင်းကောင်းမအိပ်ရ၊ နေကလည်း ပက်လက်လှန် အိပ်နေတဲ့ ကိုယ့်မျက်နှာပေါ် တည့်တည့်ထိုး၊ အတော်ပင်ပန်းတယ်။ အဲဒီလို အခင်းမပါပဲ လမ်းပေါ်ပိတ်အိပ်နေလို့ ၂ နာရီလောက်ကြာတော့ အဓိကရုဏ်းနှိမ်နင်းရေး ရဲတွေနဲ့ စစ် တပ်တွေ လာနေပြီဆိုတာ ကြားရတော့တာပဲ။ ကျောင်းသားတွေက စက်ဘီးနဲ့ ပြေးကြည့် ပြီး ဘယ်နေရာကိုရောက်နေပြီဆိုတာ လာသတင်းပို့တယ်။ ဒီလိုနဲ့ ရေနီမြောင်းကို ရောက် လာပြီဆိုတော့ ကျောင်းသားတွေက ''ခေါင်းဆောင်တွေ အဖမ်းခံလို့ မဖြစ်ဘူး။ ဒီမှာ လှဲမနေပါနဲ့ ရှောင်ကြပါ''လို့ လာပြောကြတယ်။ ဒီအထဲမှာ ကျနော်တို့ကို လမ်းပေါ်မှာ အိပ်ပေးရမယ်လို့ အတင်းတောင်းဆိုတဲ့လူတွေလည်းပါတာ သတိထားမိတယ်။ ဒါကြောင့် ကျနော်တို့လည်း လစ်ကြတယ်။ ကျနော်ရယ်၊ ကိုအောင်သူရယ်၊ ကိုကျော်ခင်ရယ်၊ ကိုသောင်းရွှေရယ် အတူပြေးကြတယ်။ ကျနော်တို့တတွေ ကျောင်းအရှေ့ဘက်က လယ်

ကွင်းတွေကို(အခု မြို့သစ်တည်ထားတဲ့ နေရာတွေပေါ့) ဖြတ်နေချိန်မှာ ကျောင်းဘက်က မျက်ရည်ယိုဖုံးပစ်သံ တဖောင်းဖောင်းကြားရတယ်။

အဲဒီနောက် မန္တလေးတက္ကသိုလ်ကိုလည်း ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ကြေညာပြီး ကျောင်းသားတွေကိုဖမ်း၊ ကျောင်းထုတ်တာတွေ လုပ်တော့တာပဲ။

အဲဒီတော့ ကျနော်တို့လည်း ရှောင်လိုက် ရှားလိုက်၊ အမျိုးမျိုး ပုန်းလိုက် လျှိုးလိုက်။ အဲဒီလို ဖြစ်နေရင်းကနေ တဖြည်းဖြည်း ဗကသလုပ်ငန်းကို ပြန်ဖော်တာပဲ။ ရန်ကုန်မှာလည်း အလားတူဖြစ်လိမ့်မယ်လို့ ကျနော်ထင်တယ်။ ဟုတ်ပါတယ်။ ဒါကြောင့် ကျနော်တို့ ထောင်ထဲရောက်၊ ကိုကိုးကျွန်းရောက်တဲ့ အခါကျတော့ ရန်ကုန်က ကျောင်းသားရဲဘော်တွေကိုတွေ့တော့ မေးမိတယ်။ သူတို့လည်း ပြန်ဖော်တာပဲ။ ၆၄ က စဖော်တာ။ ၆၃ ဒီဇင်ဘာမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲက ပျက်တယ်။ ၆၄ မတ်လ–ဧပြီလလောက်က စပြီး ကျနော်တို့ ပြန်ပြီး လုပ်ငန်းတွေ ဖော်ကြတာ။ အဲ… မြေအောက်ပေါ့လေ။ အဲဒီတော့ သမဂ္ဂလုပ်ငန်းဟာ စစ်အစိုးရ တက်ကတည်းက ၆၂ ကတည်းက စပြီးတော့ မြေအောက်ရောက်သွားတာ။ ၆၃ ကုန်တော့ ပိုပြီးနက်ရှိုင်းတဲ့မြေအောက်ကို ရောက်သွားတာ ဒီနေ့အထိပဲ။

အဲဒီတော့ ကျနော်တို့ အထက်ဗမာပြည်မှာ ဗကသလုပ်ငန်း ပြန်ဖော်တယ်။ မန္တလေးကို ဗဟိုပြုပြီးတော့ ပတ်ဝန်းကျင်က မြို့တွေမှာ ဖော်တယ်။ ဖော်ပြီးလုပ်၊ မြေအောက်လုပ်ငန်းလုပ်၊ အဲလိုလုပ်ရင်းနဲ့ နောက် ၂ နှစ်လောက်ကြာတော့ ကျနော်တို့အားလုံး အတော်များများပဲ တချိတည်း အဖမ်းခံလိုက်ရတယ်။

ကျနော် မှတ်မိပါတယ်။ အဲဒီနေ့က ၁၉၆၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်။ ည ၁၂ နာရီ ကျော်ကျော်၊ သန်းခေါင်သန်းလွဲမှာ ကျနော်အိပ်နေတုန်း အဲဒီထောက်လှမ်းရေးက လာပြီး တံခါးဖွင့်ခိုင်းပြီးတော့ ဖမ်းတာပဲ။ ကျနော့်ကို ဖမ်းတော့ ကျနော့်အိမ်သားတွေ အားလုံးက မအိပ်ကြသေးဘူး။ ကျနော့်အမေ(လူထုဒေါ်အမာ)ကဆို ကျနော့်အခန်းတံခါးကို လာခေါက်၊ ထပြီးတော့ သူတို့ပဲ အိပ်ယာလိပ် ထည့်ပေးလိုက်တာ။ ထောက်လှမ်းရေးက ကျနော့်ကို ကားပေါ်တင်၊ မျက်စိပိတ်ပြီး၊ အဲဒီ မန္တလေးကျုံးထောင့်က ထောက်လှမ်းရေးရုံးထဲ ခေါ်သွားတာပဲ။

## ထောင်ထောင်ထောင်ထောင်တွေ ထောင်ထဲထည့်

ကျနော့်ကို ခေါ်သွားတာက အဲဒီတုန်းက စစ်တပ်တွေမှာ သုံးလေ့ရှိတဲ့ ဒေါ့ဂ်ျကား ခေါင်းပြားလေး၊ နောက်က အမိုးဖွင့်နဲ့ ပစ်ကပ်။ အဲဒီပေါ်မှာ ကျနော့်ကို တင်ခေါ်သွားတာ။ မျက်စိပိတ်တယ်။ လက်ထိတ်ခတ်တယ်။ အိမ်ရှေ့မှာတုန်းကတော့ ဘာမှမလုပ်ဘူး။ အိမ်ကလူတွေက ကျနော့်ကို ကားဘေးထိ လိုက်ပို့ကြတော့ သူတို့မလုပ်ဘူး။ ကျနော်တို့အိမ်က လမ်းထောင့်မှာဆိုတော့ အဲဒီ ၃၃ လမ်းထဲ ချိုးဝင်လိုက်တာနဲ့ တပြိုင်နက်တည်း မျက်စိပိတ်ပြီးတော့ လက်ထိတ်ခတ်တော့တာပဲ။

ကားမောင်းသွားတာကို ကျနော်မှန်းကြည့်တော့ ကျုံးရေတွေကို ဖြတ်လာတဲ့ လေပြည်လေညင်းကို ကျနော် ခံစားလို့ရတယ်။ အဲဒါကြောင့်မို့ ကျနော်သိတယ်။ ကျနော့်ကိုတော့ ကျုံးထောင့်က ထောက်လှမ်းရေးရုံးကို ခေါ်သွားပြီ။ ကျနော် မှန်းလို့ရတယ်။ နောက်... ထောက်လှမ်းရေးရုံးထဲလည်းဝင်ရော အဲဒီထဲ ကနေပြီးတော့ "ဟေ့... ရခဲ့လားဟေ့။ ပါခဲ့လားဟေ့"လို့ လှမ်းမေးသံတွေ ကြားရတယ်။ တခါတည်း ဟင်းရွက်ကန်ဇွန်းသွားဝယ်ပြီး ပြန်လာတဲ့လူကို မေးသလိုပဲ။ ကျနော် အတော်လေးတော့ ခံပြင်းသွားတယ်။

ရောက်ရောက်ချင်း ကျနော့်ကို ဘာမှမမေးဘူး။ စစ်လည်း မစစ်ဘူး။ ကျနော်မြင်ရတာ မဟုတ်ဘူးလေ။ အဲဒီ အခန်းကျဉ်းလေးတခုထဲမှာ ပစ်ထားလိုက်တယ်။ လက်ထိတ်ခတ်တာလည်း မဖြုတ်ဘူး။ အဲဒီမှာ ကြမ်းပြင်ပေါ်မှာ ထိုင်ခိုင်းထားတယ်။ ဘာမှမမြင်ရတော့၊ မှောင်ကလည်းမှောင်နေတော့ ဘာမှမသိရဘူး။ ကျနော် မှန်းလို့ရတာက ကျနော့်နားမှာ လူတယောက် အမြဲထိုင်စောင့်နေတယ်။ နောက်... အဲဒီအခန်းထဲမှာ အင်မတန်ခြင်ကိုက်တယ်။ အဲဒီလိုနဲ့ တညလုံး ကျနော် အိပ်မပျော်ပဲ ထိုင်နေရတာ။

အဲ... မနက်မိုးလင်းခါနီးကျတော့ သေနတ်သံတွေ ကြားတယ်။ တချက်ချင်း ပစ်တဲ့ သေနတ်မျိုးမဟုတ်ဘူး။ စတင်းဂန်းလောက်ဖြစ်မယ်။ အဲဒီနောက် ရတ်ရတ်ရတ်ရတ် အော်သံဟစ်သံလည်း ကြားရတယ်။ အဲဒီအော်တဲ့အထဲမှာ "ဟေ့... ပြန်မိလားဟေ့။ ရလားဟေ့"အဲလို မေးသံတွေ ကြားရတယ်။ အဲဒီတော့ သူတို့ပြောတာတွေကို နားထောင်ခြင်းအားဖြင့် လူတယောက်ယောက် ထွက်ပြေးတယ်၊ ပြန်မိတယ်။ ပြန်မိတဲ့လူကို

သေနတ်မှန်လို့လား၊ သူတို့ ဝိုင်းရိုက်လို့လား မသိဘူး၊ သွေးတွေထွက်နေတယ်။ အဲဒါ လောက်ပဲ ကျနော်မှန်းလို့ရတယ်။ ဒါ... နောက်ကျမှ အဲဒီ ထွက်ပြေးတယ်၊ ပြန်မိတယ်ဆို တဲ့လူဟာ ကျနော်တို့နဲ့ အမှုတွဲတတွဲတည်းဖြစ်တဲ့ မန္တလေးကပဲ၊ ကျောင်းသားခေါင်း ဆောင် ကိုဌေးလှ ဆိုတာ ဖြစ်တယ်။ နောက်မှ ကျနော်ပြောဦးမယ်။ ကိုဌေးလှက နောင် ကျတော့ အဲဒီ မန္တလေးထောင်ထဲမှာပဲ ကွယ်လွန်သွားတယ်။

အဲ... ကျနော့်ကိုဖမ်းပြီး နောက်တနေ့မှာလည်း ဘာမှမစစ်ဘူး။ သူတို့ အကုန် လုံးဖမ်းလို့ မကုန်သေးလို့ လိုက်ရှာလိုက်ဖမ်းတုန်းရှိသေးတယ်။ ဒီအတိုင်းပဲ တနေကုန်လုံး ပစ်ထားတယ်။ ပစ်ထားပြီး ညနေစောင်းမှ ကျနော့်ကို ထောင်ထဲပို့တယ်။ ထောင်ထဲကို ပို့တာကျတော့ ညမဟုတ်ဘူး၊ ညနေပို့တာ။ ညနေပို့တာဆိုတော့ မျက်စိပိတ်လို့ မဖြစ် ဘူး။ သူတို့ ဂျစ်ကားတစင်းနဲ့ ကျနော့်ကို နောက်မှာ ထိုင်ခိုင်းတယ်။ လက်ထိတ် ခတ်ထား တယ်။ မျက်စိမပိတ်တာတော့ ဘေးလူတွေ မြင်မှာစိုးလို့။ အဲဒီတော့ အို... ဘာပြော ကောင်းမလဲ ကျုံးအရှေ့လမ်းပေါ်မှာ လေလေး တဟူးဟူးနဲ့၊ ဟိုဘက်မှာ မန္တလေးတောင် ကြီးနဲ့၊ ဒီဘက်က ကျုံးမြို့ရိုးနဲ့၊ ရှုခင်းကတော့ သာယာသလားမပြောနဲ့။ ဒါပေမယ့် ကျနော့် စိတ်ထဲမှာတော့ ရှုပ်ထွေးနေတယ်။

အဲ... ထူးထူးဆန်းဆန်း ကျနော်ခံစားမိတာတခုက အဲဒီ MI အခန်းထဲမှာ နေရတာနဲ့စာရင် ထောင်ပို့လိမ့်မယ်ဆိုတော့ ဝမ်းသာသလိုမျိုး၊ တမျိုးခံစားမိတယ်။ အခု ပြန်တွေးကြည့်ရင်တော့ ရယ်စရာလိုလို၊ ဝမ်းသာစရာလိုလိုပဲ။ ထောင်ထဲပို့တာနဲ့ ဝမ်းသာ ရသလားလို့။ ဒါပေမယ့် ဒီမှာ ကျနော်ပြောစရာတွေ အများကြီးရှိတယ်၊ ထောင်နဲ့ပတ် သက်လို့က။ MI ရုံးထက်စာရင်တော့ ထောင်ဟာ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းတာအမှန်ပဲ။ ဒါက တခု။'

နောက်တခုက ကျနော်က ထောင်ကို အခုမှ ရောက်ဖူးတာမဟုတ်ဘူး။ ထောင် ကို ကျနော် ငယ်ငယ်လေးကတည်းက မန္တလေးထောင်၊ ရန်ကုန်ထောင် ထောင်နှစ်ခုစလုံး ထဲကို အခေါက်ခေါက် ရောက်ဖူးနေတာ။ နောက်ပြီး ကျနော်သိထားပြီးသားက လက်ရှိ လည်း ကျနော့်ကို ဖမ်းတဲ့အချိန်က အဲဒီထောင်ထဲမှာ ကျနော့် ဦးလေးအရင်းတယောက် ရှိတယ်။ ကျနော့် အိမ်နီးနားချင်းက နဂါးနီကိုတင်ဝင်းတို့ ရှိတယ်။ တခြားလည်း ကျနော် သိတဲ့လူတွေ အများကြီးရှိတယ်။ နောက်... ကျနော့်မိဘများနဲ့သိကျွမ်းတဲ့ မန္တလေးက မြို့မိမြို့ဖတွေလည်း ရှိတယ်။ ကျနော်တို့ အိမ်က ကိုးကွယ်တဲ့ ဆရာတော်၊ သံဃာတော် တွေလည်းရှိတယ်။ အဲဒီတော့ ထောင်ထဲရောက်သွားလို့ကတော့ ဘာမှပျင်းစရာလည်း မကောင်းတော့ဘူး။ နောက်... အသိအကျွမ်းတွေ အများကြီးနဲ့။

နောက်ပြီး ထောင်ဆိုတာက ကျနော်သိထားတဲ့ ထောင်က အားကစားကွင်း တွေနဲ့။ ဘော်လီဘောရှိမယ်၊ ခြင်းလုံးရှိမယ် အနည်းဆုံး။ နောက်ပြီး တူရိယာပစ္စည်းတွေ။ ကျနော့်အဖေ(လူထုဦးလှ) ထောင်က ထွက်လာတုန်းက တယောလေးကိုင်ပြီး ထွက်လာ

တာ မျက်စိထဲက မထွက်ဘူး။ တူရိယာပစ္စည်းတွေ လေ့ကျင့်ကြ၊ တီးကြ၊ မှုတ်ကြ၊ ဇာတ်တွေ အငြိမ့်တွေ ကကြ၊ စာရေးလို့ရမယ်၊ စာဖတ်လို့ရမယ်။ ကျနော့်အဖေဆို ထောင်ထဲမှာ စာတွေအများကြီးရေးလာတာ။ တခြားလူတွေလည်း အများကြီး ထောင်ထဲက စာအုပ်တွေပါလာတာ။ အဲ... ဥပုသ်သီလ ဆောက်တည်ဦးမလား၊ ဟိုမှာ ပုံမှန်ရှိတယ်။

ထောင်က ထောက်လှမ်းရေးရုံးထက်စာရင် ဘာမှမဆိုင်ဘူး။ ကျနော့် ခေါင်းထဲမှာ အဲဒီလို။ အဲဒီဟာအပြင် ကျနော့်မှာရှိတဲ့ ထောင်နဲ့ပတ်သက်တဲ့ အတွေ့အကြုံကဒီလို... ကျနော့်အဖေကိုယ်တိုင်က ၁၉၅၃ ခုနှစ်ကနေပြီးတော့ ၅၆ ခုနှစ်အထိ ထောင်ကျဖူးတယ်။ အဲဒီတော့ အဖေကလည်း လူတွေရဲ့ သာမှုနာရေးကို အင်မတန် ကူညီချင်တဲ့လူ။ အဲဒီဟာမျိုး အဖွဲ့အစည်းတွေအားလုံးမှာ အမျိုးမျိုးပါပြီး လုပ်ဆောင်တဲ့လူဆိုတော့ သူထောင်က ထွက်လာတယ်ဆိုတာနဲ့ရော၊ ထောင်ထဲမှာနေတုန်းကရော အဲဒီ သာရေးနာရေးတွေက တယ်လုပ်ဆိုကိုးဗျ။ အဲဒီတော့ အဖေ့ကို ထောင်အာဏာပိုင်အားလုံးကနေခင်မင်လေးစားနေကြတာ။ အဲ... ထောင်ထဲမှာဘာလုပ်လုပ် နောင်မှာ အဖေ ထောင်ကထွက်လာတယ်ဆိုလည်း ထောင်ထဲကိုဖိတ်။ အဖေ ထောင်ထဲကို သွားပြီဆိုရင် ကျနော်ကလည်း အဖော်လိုက်သွား၊ အားကစားပွဲလည်း ရောက်ဖူးတယ်။ အဲ... ထောင်ထဲက ဆွမ်းကျွေးတွေလည်း ရောက်ဖူးတယ်။

အဲဒီထက်ပိုပြီးတော့ မှတ်မှတ်ရရရှိတာက အဖေ ထောင်ထဲမှာရှိတုန်း ၅၅–၅၆လောက် ဖြစ်မယ်ထင်တယ်။ ရန်ကုန်ထောင်ထဲမှာ(အဲဒီတုန်းက ရန်ကုန်ထောင်ကြီး ရှိသေးတယ်၊ မဖျက်သေးဘူး။) ပုဒ်မ ၅ နဲ့ ဖမ်းထားသူတွေအတွက် အဆောင်တဆောင်သပ်သပ်ရှိတယ်။ အဲဒီမှာ အဖေက လူကြီး။ ထောင်ထဲမှာ အကျဉ်းသားတွေထဲက လူကြီးတယောက်ဖြစ်နေတဲ့အခါကျတော့ အားလုံးကလည်း ယုံယုံကြည်ကြည်၊ ခင်ခင်မင်မင်၊ လေးလေးစားစားနဲ့ဆိုတော့ အဖေတောင်းဆိုတဲ့ဟာတွေလည်း ရတယ်။

သိတဲ့အတိုင်းပဲလေ... အဲဒီတုန်းက B ကလပ်တွေ ဆိုတဲ့အခါကျတော့ ထောင်ထဲမှာ အစားအသောက်၊ အဝတ်အစားကအစ အခုဟာတွေနဲ့စာရင် မနှိုင်းယှဉ်နိုင်လောက်အောင် ကောင်းတယ်။ အဲဒီတော့ အဖေက ဘာလုပ်သလဲဆိုတော့ ကျနော်ကျောင်းပိတ်ရက်မှာ အဖေ့ကို သွားတွေ့တယ်။ (နွေရာသီ ကျောင်းပိတ်ရက်မှာ။) သွားတွေ့တော့ အဖေက ထောင်အာဏာပိုင်ဆီကို ခွင့်တောင်းတယ်။ ကျနော်က ငယ်သေးတာကိုး၊ ၉ နှစ်လောက် ရှိလိမ့်မယ်ထင်တယ်။ ၉ နှစ် ၁၀ နှစ်ပေါ့။ အဲဒီတော့ ကျနော့်ကိုထောင်ထဲမှာ သွားနေလို့ရတယ်။ မနက်မှာ သွားနေတယ်။ နေ့လယ်လည်း ထောင်ထဲမှာစား။ ညနေစောင်းမှ၊ ထောင်ပိတ်ခါနီးကြမှ ကျနော် အပြင်ပြန်လာတာ။ ကျနော့်အစ်ကိုဝမ်းကွဲ(ဝင်းမော်ဦး) ဦးတင်မောင်က လိုက်ပို့လိုက်ကြို့ လုပ်တယ်။ ကျနော်က ကျနော့်အဖေကိုထားတဲ့ အဆောင်ထဲမှာ တဇနေကုန်နေရတာ။

အဲဒီမှာ ကျနော် စပြီးတွေ့ဖူးတာ… လေထီးဗိုလ်အုန်းမောင်။ နောင်… ကျနော်နဲ့ ကိုကိုးကျွန်းမှာ ထောင်ကျဖက်ဖြစ်လာတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက၊ တလောကမှ ကွယ်လွန်သွားတယ်။ အားလုံးက တသသနဲ့နှမြောရတဲ့၊ အင်မတန် သိက္ခာရှိတဲ့၊ အင်မတန် သတ္တိရှိတဲ့၊ ကျနော်တို့အပေါ်မှာ လမ်းညွှန်မှုတွေ အများကြီးပေးခဲ့တဲ့၊ သတ္တိတွေ အများကြီး မွေးပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတယောက်။ ကျနော် ဘယ်တော့မှ မမေ့နိုင်တဲ့ပုဂ္ဂိုလ်ကြီး။ ကျနော်က သူ့ကို 'ဦးလေး'ပဲ ခေါ်ပါတယ်။ အင်မတန်မှ ရင်းတာပါ။

ဒီတော့ လေထီးဗိုလ်အုန်းမောင်က အဲဒီတုန်းက တုတ်ကောက်ကလေး တချောင်းနဲ့ ထော့နဲ့ထော့နဲ့နဲ့။ သူ့နာမည်ကလည်း အဲဒီကတည်းက ဟိန်းလွှန်းလို့ ကျနော်တို့က ငယ်ငယ်လေးပေမယ့် သိနေတာ။ နောက်တယောက် အဲဒီထောင်ထဲမှာ ထူးထူးခြားခြားတွေ့မိတာက သခင်ဖေငွေး(အလံနီပါတီက)အဲလိုပဲ ခါးကြီးစောင်းပြီးတော့ ဒုက္ခိတကြီးလိုကို ဖြစ်နေတာ။ အဲဒါနဲ့ သူ ထောင်လှေကားကြီးပေါ်မှာ အတက်အဆင်း (သူက အပေါ်ထပ် နေရတာ)၊ သွားလာနေတာ မျက်စိထဲက မထွက်ဘူး။ အဲဒီတော့ ဘေးကလူတွေ ပြောပြောနေတာ "အဲဒါ ဘယ်သူပဲ၊ ဘယ်ဝါပဲ" ကျနော့်ကို အကုန်လုံး ထောင်ထဲကရှိတဲ့ လူကြီးတွေက အားလုံး ချစ်ကြတာကိုး။ သူတို့အထဲကို ကလေးလာတယ်ဆိုတော့ ဒါဟာ ကြိုတောင့်ကြိုခဲ၊ လာတောင့်လာခဲမိတ်ဆွေလည်း ဖြစ်နေတဲ့အခါကျတော့ အားလုံးက ချစ်ခင်ပြီးတော့ အကုန်လုံး ရှင်းပြနေကြတာ။

ကျနော်က အဲဒီအချိန်မှာ ပင်ပေါင်ကစားတယ်။ ပင်ပေါင်ကစားတဲ့အခါကျတော့ သူတို့က သည်းညည်းခံပြီးတော့ ကစားပေးတယ်။ စိတ်ရှည်လက်ရှည်နဲ့။ လူကြီးတွေက ကလေးကို ဖေးပြီးကစားလို့ရတယ်။ ကျနော် ဘာစားချင်တယ်ဆိုရင် လုပ်ပေးတယ်။ စာကြည့်တိုက် သွားချင်တယ်ဆို လိုက်ပြတယ်။ အစုံပဲ။ အဲဒီပုဂ္ဂိုလ် ၂ ဦးအပြင် ကျနော်တွေ့ဖူးတာက အခု မကြာခဏ RFA တို့၊ ဘာတို့က အင်တာဗျူးလုပ်နေတဲ့ ပြည်သူ့ရဲဘော်က ဗိုလ်ထိန်လင်း၊ အဲဒီထောင်ထဲမှာ တွေ့ဖူးတာ။ စာရေးဆရာထဲကဆိုရင် ဗန်းမော်တင်အောင်၊ မောင်နေဝင်း… အစရှိတဲ့လူတွေ။ နောက်… တခြားလည်း အဖွဲ့အစည်းပေါင်းစုံက နိုင်ငံရေးသမားတွေ အဲဒီမှာ ကျနော်တွေ့ဖူးတယ်။

နောက်တခါ စစ်ထောင်ဆိုတာ ရှိသေးတယ်။ ရန်ကုန်ထောင်ထဲမှာပဲ။ စစ်ထောင်ဆိုတာက စစ်တပ်ကနေ ဖမ်းထားတဲ့လူတွေကို ထားတဲ့နေရာ။ အဲဒီဘက်ကို ကျနော် ကူးသွားပြီးတွေ့တယ်။ ဘာလို့လဲဆိုတော့ အဲဒီမှာ ကျနော့်အဒေါ်ရဲ့ခင်ပွန်း (ကျနော့်ဦးလေး) ဗိုလ်လှဖေဆိုတာ ရှိတယ်။ ဗိုလ်လှဖေဆိုတာက မန်းဝင်းမောင်တို့၊ လေထီးဗိုလ်အုန်းမောင်တို့နဲ့ အိန္ဒိယကိုလိုက်ပို့တာ၊ ဖျားနာပြီးတော့ လမ်းမှာ ထားခဲ့ရတဲ့ပုဂ္ဂိုလ်။ နဂိုက ဗမာ့တပ်မတော်က လက်နက်ကိုင်တော်လှန်ရေးဖြစ်တော့ သူကလည်း လက်နက်ကိုင်တော်လှန်ရေးထဲ ပါလာ၊ ကွန်မြူနစ်ပါတီထဲ လိုက်လာပြီး မိလာတာ။ ဒါကြောင့် သူ့ကိုလည်း အဲဒီ စစ်ထောင်ထဲမှာ ထားတယ်။

နောက်... ဗိုလ်လှဖေရယ်၊ အဲဒီတုန်းက ကရင်အရာရှိကြီးတွေ၊ စစ်အရာရှိကြီးတွေ အများကြီးပဲ။ သူတို့ကတော့ ကရင့်တော်လှန်ရေး စတယ်ဆိုတာနဲ့ သူတို့အားလုံးကို ရာထူးကဖြုတ်၊ အန္တရာယ်ရှိမယ်ထင်တဲ့လူတွေ အကုန်လုံးကို အသားလွတ် ထောင်ထဲ ထည့်ထားခံရတဲ့ ပုဂ္ဂိုလ်တွေပဲ။

အဲဒီတော့ အဲလိုအတွေ့အကြုံတွေ ရှိနေတော့ ကျနော့်အမြင်တော့ ထောင်ဆိုတာက နေပျော်တဲ့ဟာလေ။ ကိုယ်ကလည်း အသက် ၂၀ လောက် ရှိသေးတဲ့အခါကျတော့ ထောင်ဆိုတာ ပျော်စရာကြီး။ အထူးအဆန်းတခု။ အဲဒီလောက်ပဲ ကျနော်သဘောထားတာ။

☆

# ထောင်

## မန္တလေးထောင်

အဲလို ထောက်လှမ်းရေးကနေ မန္တလေးထောင်ထဲကို ခေါ်သွားရော။ မန္တလေးထောင်ဆိုတာ အခုထောင် မဟုတ်ဘူး။ နန်းတွင်းထဲကထောင်။ အခုက ထောင်က ပြောင်းသွားပြီ။

ထောင်ထဲ ဗူးဝ စဝင်ကတည်းက ကျနော့်အတွက်တော့ ဘာမှ မျက်စိစိမ်းမနေဘူး။ အကုန်လုံး ကျနော်မျက်စိယဉ်နေတဲ့၊ ရောက်ဖူးနေတဲ့နေရာတွေချည်းပဲ။ စခေါင်းငုံ့ဝင်ရတဲ့ ဗူးကလေးက စပြီးတော့ အဲဒီ အထဲကြက်တူရွေးခန်း၊ နောက်... ကြက်တူရွေးခန်း ဟိုဘက်က ထမင်းဖိုကြီး၊ အကုန်လုံး ကျနော်မှတ်မိတယ်၊ သိနေသေးတယ်။ အဲဒီထမင်းဖိုကြီးကို ကျော်ပြီးတော့ ထောင်ကျဝိုင်းထဲဝင်ဝင်ချင်း ယာဘက်မှာ တိုက်ပိတ်တဲ့တိုက်ခန်းအရှည်တခုရှိတယ်။ အဲဒီတိုက်အကြောင်း အရင်ကတည်းက သူများပြောပြထားလို့ သိတာ။ ကျနော့် အဖေတို့ဘာတို့နဲ့ ထောင်ထဲသွားတော့ အဲဒီတိုက်ခန်းအရှည်လေးက ထူးဆန်းလို့ မေးကြည့်တယ်။ "အဲဒါဘာလဲ။" "ဟ... အဲဒီဟာ Leper တိုက်လို့ ခေါ်တယ်ကွ"တဲ့။ "အဲဒီထောင်ထဲမှာ ကိုယ်ရေပြားရောဂါရှိတဲ့လူတွေကို တခြားထောင်သားတွေနဲ့ ခွဲပြီးထားတာ။ ဥပမာ Leprosy သမားတွေပေါ့လေ။ အဲဒါကြောင့်မို့ Leper တိုက်လို့ခေါ်တယ်"တဲ့။ ကျနော် အဲဒါ ခေါင်းထဲကနေပြီးတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ အဆောက်အဦလေးကလည်း အုတ်ကို အနီတွေသုတ်ထားတော့ နီကျင်ကျင်နဲ့။

အဲဒီ ဟိုဘက်မှာတော့ အဆောင်ကြီး။ ကျနော်လေ အဆောင်ကြီးကိုပဲ လည်တဆန့်ဆန့်နဲ့ ဘယ်သူ့ကို တွေ့ရမလဲ။ ဦးလေးနဲ့ ဘယ်မှာတွေ့ရမလဲ။ တခြား အသိမိတ်ဆွေတွေနဲ့ ဘယ်လိုတွေ့ရမလဲ။ လည်တဆန့်ဆန့်နဲ့သွားတယ်။ အဲဒီတော့ အဲလိုတွေးနေတုန်းရှိသေး Leper တိုက်ရှေ့တင်ပဲ ရပ်လိုက်ရောဗျာ။ ကျနော့်ကို ခေါ်သွားတဲ့ ဝါဒါနဲ့ နောက်တယောက်က။ ထောင်မှူးတယောက်ပါတယ်။ ရပ်ပြီးတော့ အဲဒီ ညာဘက်ချိုးပြီး Leper တိုက် ပထမဆုံးအခန်းထဲ ထည့်လိုက်တာ။ "ဟာ"ဆိုပြီး ဖြစ်သွားတာ။ "ဟ... ဒါ အနူတွေထားတဲ့ နေရာပဲ။ ငါ့ကို ဘာလို့ ဒီထဲထည့်တာလဲ"သူတို့ ဘာမှမပြောဘူး။

ကျနော့်ကို အတင်းထည့်ပြီးတော့ အပြင်ကနေ တံခါးပိတ်ပြီး ဝုန်းဒိုင်းဆိုပြီး ပိတ်ပြီး ထွက်သွားတာ။

ကျနော်က ဦးလေးတွေဘာတွေနဲ့ တွေ့ရမယ်၊ ဘော်လီဘော ကစားရမယ်၊ စာအုပ်တွေ ဖတ်ရမယ်၊ တူရိယာ သင်လိုက်မယ်။ အဲလိုထင်ခဲ့တာ။ အခုတော့ Leper တိုက်ထဲမှာ ဘယ်သူမှမရှိဘူး။ အင်မတန်ကို ကြောက်စရာကောင်းတဲ့ သံတံခါးကြီးနဲ့ ပြတင်းပေါက်ကလေး သေးသေးလေးကလည်း ဟိုး... အမြင့်ကြီးမှာ။ အင်မတန် ခြောက်ခြားစရာကောင်းတဲ့ နေရာတခု ကျနော် ရောက်သွားတယ်။ အဲဒီတုန်းက အဲဒီ Leper တိုက်ကို ၂ တိုက်လို့ ခေါ်တယ်။ ဒါ နောက်မှ ကျနော်သိရတာ။

မန္တလေးထောင်ထဲမှာ အဲဒီတုန်းက တိုက် ၄ တိုက် ရှိတယ်။ ၁ တိုက်၊ ၂ တိုက်၊ ၃ တိုက်၊ ၄ တိုက်။ အဲဒီထဲမှ ၁ တိုက်၊ ၂ တိုက်၊ ၄ တိုက်ကတော့ ကျနော်တို့ **"နိုင်ငံရေးထိန်းသိမ်းတယ်"**လို့ခေါ်တယ်။ အဲဒီတုန်းက အကျဉ်းသားလို့ မခေါ်ဘူး။ **'ထိန်းသိမ်း'** တွေလို့ ခေါ်တာ။ အဲဒါတွေကို ထားတယ်။ နောက် ၃ တိုက်လို့ခေါ်တဲ့ဟာကတော့ ဆေးရုံထဲမှာ ရှိတယ်။ အဲဒီဟာကတော့ ထောင်သားတွေကို ပိတ်တာ။ ထောင်သားတွေအတွက် ထားတာတခုတည်း။ ကျန်တဲ့ဟာတွေ အားလုံးကတော့ ဒီနိုင်ငံရေးသမားတွေကိုပဲ ထားတာလေ။ ၄ တိုက်ဆိုတာက ကြိုးတိုက်။ ကြိုးကျတဲ့လူတွေ ထားတာ။ ကြိုးသမားတွေကို ထားတာ။ အဲဒီအချိန်ကျတော့ ကြိုးသမားဆိုတာလည်း မရှိသလောက်ဖြစ်နေပြီ။ ကြိုးတိုက်ထဲမှာလည်း အကျဉ်းသားထားတာ လုံးလုံးမရှိတော့ဘူး။ နိုင်ငံရေးသမားတွေပဲ ထားတာ။

အဲဒီတော့ ကျနော်က ဒီ ၂ တိုက်(Leper တိုက်)ထဲ ရောက်သွားတော့ ကျနော့်အခန်းဘေးမှာက ဦးဇင်းလေးနစ်ပါး။ မန္တလေးမှာ သံဃာ့လှုပ်ရှားမှုဖြစ်တော့ သံဃာတွေအများကြီးဖမ်းတဲ့ထဲမှာ ပါလာတဲ့ ဦးဇင်းလေးနစ်ပါး။ သူတို့က ကျနော့်ကို အများကြီး အကူ အညီပေးတယ်။ အကူအညီပေးတယ်ဆိုတဲ့နေရာမှာ ရုပ်ဝတ္ထုပစ္စည်းအရ ခွက်လိုသလား၊ ဘာလိုသလား အဲဒါမျိုးကလည်း ပေးတယ်။ ထောင်အသိပညာလည်း ပေးတယ်။ နောက်ပြီးကျတော့ အဆက်အသွယ်တွေလည်း လုပ်ပေးတယ်။ ကျနော်နေတဲ့ တိုက်ထဲမှာ ဘယ်သူရှိတယ်၊ ကျနော့်ဦးလေးက ဘယ်မှာရှိတယ်... စတာတွေ သူတို့က အကုန်လုံး ပြောပြတယ်။ အဆက်အသွယ် လုပ်ပေးတယ်။

အဲဒီတော့ အဲဒီ ဦးဇင်းလေးဆီက တဆင့်သိရတာက ကျနော်နေတဲ့ တိုက်ထဲမှာ သံဃာတွေရှိတယ်။ လူငယ်တပ်ဦးက ရဲနီတွေရှိတယ်။ နောက်ပြီးကျမှ ကျနော်တို့ဆီက လူတွေ တဖြည်းဖြည်းရောက်လာတယ်။ အဲဒါတွေ အကုန်လုံးသိ နေရတယ်။

အရင်ပြောခဲ့သလိုပဲ ၆၃ ခုနှစ်အကုန် ငြိမ်းချမ်းရေးပျက်တဲ့အခါကျတော့ ကျောင်းသားတွေကို တောထဲကို မောင်းထုတ်လိုက်တာ။ အဓိကအားဖြင့် တောထဲကို မောင်းထုတ်တယ်လို့ပြောရမယ်။ ဘာလို့ဆိုတော့ ထွက်ပြေးကြတာ အားလုံးလိုလို လွတ်

သွားကြတယ်။ အဲဒီမတိုင်ခင်က ၆၂ အာဏာသိမ်းတော့ ဖမ်းထားတဲ့ ကျောင်းသားတွေ က ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတဲ့ သူတို့ရပ်ပြတာတခု လုပ်တော့မယ်ဆိုတော့ လွှတ်ပေးရ တယ်။ အဲဒီကျောင်းသားတွေ ထောင်က လွှတ်လာပြီ။ ထောင်ထဲမှာ ကျောင်းသား(ကျ နော်တို့ရောက်တဲ့အထိ) လုံးဝမရှိဘူးလို့ ဆိုရမလောက်။ လူငယ်တပ်ဦးကလူတွေ ရှိတယ်။ အဲဒီထဲမှာ ကျောင်းသားတွေလည်း ပါတယ်။ ဆိုတော့... ကျနော်တို့ ရောက်သွားတဲ့အခါ ကျတော့ ဒါ... ပထမဆုံး ဗကသအလံကိုင်ပြီး ဝင်လာတဲ့လူလို့ ပြောလို့ရတယ်။ အဲဒီ နောက်မှာ တဖွဲဖွဲ ဝင်လာလိုက်ကြတာ နောက်ဆုံး ကျနော်တို့ ကိုကိုးကျွန်းပို့ခံရတဲ့ အချိန် ကျတော့ တိုက်တွေထဲမှာ ကျောင်းသားတွေက အများစုဖြစ်နေတယ်။

အဲဒီနေရာမှာ ကျနော် ထပ်ပြောချင်တာက စစ်အစိုးရဟာ(ဗိုလ်နေဝင်းတို့ဟာ) ဘာဖြစ်လို့ ကျောင်းသားတွေရဲ့ ကျောင်းသားသမဂ္ဂအပေါ် ဒီလောက်စိတ်နာရသလဲဆို တာ ပြန်ပြီးတော့ (အခုအချိန်ပေါ့)သုံးသပ်လို့ရပြီလို့ ထင်တယ်လေ။ ဘာကြောင့်ဆိုတော့ ဗိုလ်နေဝင်းရုပ်လုံးလည်း အကုန်ပေါ်သလောက် ဖြစ်နေပြီ။ နောက်... သူနဲ့အတူတူ စစ် အုပ်စုကို တည်ထောင်ခဲ့တဲ့၊ သူ့နောက်ကနေပြီးတော့ စစ်အုပ်စုကို ရုပ်လုံးဖော်ခဲ့ကြတဲ့ လူ တွေလည်း အတော်လေး ပုံပေါ်လာပြီဆိုတော့ ပြောလို့ရပြီလို့ ကျနော်ထင်တယ်။ အဲဒီ တော့ ဗမာပြည်စစ်အုပ်စုကို ပထမဆုံး ပန္နက်ရိုက် တည်ထောင်ခဲ့ကြတဲ့ ဗိုလ်နေဝင်း၊ ဦး အောင်ကြီး၊ ဗိုလ်တင်ပေ၊ ဗိုလ်မောင်မောင်၊ နောက်ပြီးတော့ ဆိုရှယ်လစ်ပါတီနဲ့ မကင်းတဲ့ တခြားစစ်ဗိုလ်တွေ အများကြီးပဲ။ ကျနော် နာမည်တွေအပြည့်အစုံပြောဖို့ ဒီမှာ ရှည်နေ မှာစိုးလို့ မပြောတော့ဘူး။

အဲဒီတော့ ဒီလူတွေရဲ့သမိုင်းကို ပြန်ကြည့်လိုက်တဲ့အခါကျတော့... သူတို့ဟာ ကျောင်းသားသမဂ္ဂနဲ့ ဘာမှမပတ်သက်ဖူးဘူး။ သူတို့ထဲမှာ တက္ကသိုလ် ရောက်တာလည်း ရှိတယ်၊ မရောက်တာလည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းကဆိုရင် ကျောင်းသားသမဂ္ဂ ဟာ တက္ကသိုလ်မှာမှ ရှိတာမဟုတ်ဘူး။ အထက်တန်းကျောင်းတွေမှာလည်း ရှိတယ်။ အဲ ဒီလူတွေဟာ အထက်တန်းကျောင်းတွေမှာလည်း သမဂ္ဂနဲ့ ကင်းဝေးတယ်။ တက္ကသိုလ်မှာ လည်း ကင်းကင်းပဲ။ ဒါ... လက်ရှိ စစ်အုပ်စုထိပ်သီးတွေအထိ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့် ... အစရှိသဖြင့် ဗိုလ်မောင်အေး... သူတို့မျိုးဆက်အထိ အားလုံးဟာ ကျောင်းသားသမဂ္ဂ နဲ့ အင်မတန်ကင်းတဲ့လူတွေ။

သူတို့ခေတ်တုန်းက(သူတို့ကျောင်းတက်နေကြတဲ့ခေတ်တုန်းက) ကျောင်းသား သမဂ္ဂတွေက အင်မတန်လှုပ်ရှားနေကြတဲ့အခါ။ အင်မတန် ပြင်းပြင်းထန်ထန် လှုပ်ရှားပြီး၊ အင်မတန် အသက်ဝင်နေတဲ့အခါ။ သူတို့ ဘာကောင်လဲ။ ဘယ်သူ့မှာမှ အဲဒီသမိုင်း မရှိ ဘူး။ ရှိလှရင် တယောက်နှစ်ယောက်ပဲ။ ဒါဟာ ခြွင်းချက်ပဲ။ အဲဒီ လူ ၁၀၀ ထဲမှာ တ ယောက်နှစ်ယောက်ပဲ ရှိတယ်။ အဲဒီတော့ သူတို့တတွေက ကျောင်းသားသမဂ္ဂနဲ့ ဘယ်သူ မှ မပတ်သက်ဘူး။

သွားကြတယ်။ အဲဒီမတိုင်ခင်က ၆၂ အာဏာသိမ်းတော့ ဖမ်းထားတဲ့ ကျောင်းသားတွေက ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတဲ့ သူတို့ရုပ်ပြတာတခု လုပ်တော့မယ်ဆိုတော့ လွှတ်ပေးရတယ်။ အဲဒီကျောင်းသားတွေ ထောင်က လွှတ်လာပြီ။ ထောင်ထဲမှာ ကျောင်းသား(ကျနော်တို့ရောက်တဲ့အထိ) လုံးဝမရှိဘူးလို့ ဆိုရမလောက်။ လူငယ်တပ်ဦးကလူတွေ ရှိတယ်။ အဲဒီထဲမှာ ကျောင်းသားတွေလည်း ပါတယ်။ ဆိုတော့... ကျနော်တို့ ရောက်သွားတဲ့အခါကျတော့ ဒါ... ပထမဆုံး တက္ကသိုလ်ကိုင်ပြီး ဝင်လာတဲ့လူလို့ ပြောလို့ရတယ်။ အဲဒီနောက်မှာ တဖွဲဖွဲ ဝင်လာလိုက်ကြတာ နောက်ဆုံး ကျနော်တို့ ကိုကိုးကျွန်းပို့ခံရတဲ့ အချိန်ကျတော့ တိုက်တွေထဲမှာ ကျောင်းသားတွေက အများစုဖြစ်နေတယ်။

အဲဒီနေရာမှာ ကျနော် ထပ်ပြောချင်တာက စစ်အစိုးရဟာ(ဗိုလ်နေဝင်းတို့ဟာ) ဘာဖြစ်လို့ ကျောင်းသားတွေရဲ့ ကျောင်းသားသမဂ္ဂအပေါ် ဒီလောက်စိတ်နာရသလဲဆိုတာ ပြန်ပြီးတော့ (အခုအချိန်ပေါ့)သုံးသပ်လို့ရပြီလို့ ထင်တယ်လေ။ ဘာကြောင့်ဆိုတော့ ဗိုလ်နေဝင်းရုပ်လုံးလည်း အကုန်ပေါ်သလောက် ဖြစ်နေပြီ။ နောက်... သူနဲ့အတူတူ စစ်အုပ်စုကို တည်ထောင်ခဲ့တဲ့၊ သူ့နောက်ကနေပြီးတော့ စစ်အုပ်စုကို ရုပ်လုံးဖော်ခဲ့ကြတဲ့ လူတွေလည်း အတော်လေး ပုံပေါ်လာပြီဆိုတော့ ပြောလို့ရပြီလို့ ကျနော်ထင်တယ်။ အဲဒီတော့ ဗမာပြည်စစ်အုပ်စုကို ပထမဆုံး ပန္နက်ရိုက် တည်ထောင်ခဲ့ကြတဲ့ ဗိုလ်နေဝင်း၊ ဦးအောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်မောင်မောင်၊ နောက်ပြီးတော့ ဆိုရှယ်လစ်ပါတီနဲ့ မကင်းတဲ့ တခြားစစ်ဗိုလ်တွေ အများကြီးပဲ။ ကျနော် နာမည်တွေအပြည့်အစုံပြောဖို့ ဒီမှာ ရှည်နေမှာစိုးလို့ မပြောတော့ဘူး။

အဲဒီတော့ ဒီလူတွေရဲ့သမိုင်းကို ပြန်ကြည့်လိုက်တဲ့အခါကျတော့... သူတို့ဟာ ကျောင်းသားသမဂ္ဂနဲ့ ဘာမှမပတ်သက်ဖူးဘူး။ သူတို့ထဲမှာ တက္ကသိုလ် ရောက်တာလည်း ရှိတယ်၊ မရောက်တာလည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းကဆိုရင် ကျောင်းသားသမဂ္ဂဟာ တက္ကသိုလ်မှာမှ ရှိတာမဟုတ်ဘူး။ အထက်တန်းကျောင်းတွေမှာလည်း ရှိတယ်။ အဲဒီလူတွေဟာ အထက်တန်းကျောင်းတွေမှာလည်း သမဂ္ဂနဲ့ ကင်းဝေးတယ်။ တက္ကသိုလ်မှာလည်း ကင်းကင်းပဲ။ ဒါ... လက်ရှိ စစ်အုပ်စုထိပ်သီးတွေအထိ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်... အစရှိသဖြင့် ဗိုလ်မောင်အေး... သူတို့မျိုးဆက်အထိ အားလုံးဟာ ကျောင်းသားသမဂ္ဂနဲ့ အင်မတန်ကင်းတဲ့လူတွေ။

သူတို့ခေတ်တုန်းက(သူတို့ကျောင်းတက်နေကြတဲ့ခေတ်တုန်းက) ကျောင်းသားသမဂ္ဂတွေက အင်မတန်လှုပ်ရှားနေကြတဲ့အခါ။ အင်မတန် ပြင်းပြင်းထန်ထန် လှုပ်ရှားပြီး၊ အင်မတန် အသက်ဝင်နေတဲ့အခါ။ သူတို့ ဘာကောင်လဲ။ ဘယ်သူ့မှာမှ အဲဒီသမိုင်း မရှိဘူး။ ရှိလှရင် တယောက်နှစ်ယောက်ပဲ။ ဒါဟာ ခြွင်းချက်ပဲ။ အဲဒီ လူ ၁၀၀ ထဲမှာ တယောက်နှစ်ယောက်ပဲ ရှိတယ်။ အဲဒီတော့ သူတို့တတွေက ကျောင်းသားသမဂ္ဂနဲ့ ဘယ်သူမှ မပတ်သက်ဘူး။

နောက်တခုက သူတို့ထဲက တခြားလူတွေ၊ တချို့လူတွေကျတော့ သူတို့ မိဘများ အဆက်အဆက်တွေက(ကျနော် နာမည်မပြောတော့ဘူး) အင်္ဂလိပ်ဗျူရိုကရက် အဆက်တွေ၊ အင်္ဂလိပ်အရာရှိအဆက်တွေ။ အဲဒါကြောင့်မို့ သူတို့က ကျောင်းသားသမဂ္ဂတွေကို ငယ်ငယ်ကလေးတည်းက အရိုးထဲက မုန်းတာ။ ကျောင်းသားသမဂ္ဂထဲ သူတို့ပါရင် သူတို့အဖေအလုပ်တွေ ထိခိုက်မယ်။ နောင် သူတို့ကြီးလာရင်လည်း သူတို့လည်း ဗျူရိုကရက်ယန္တရားထဲမှာ ဝင်ပါကြမယ်လို့ စဉ်းစားထားတဲ့လူတွေ။ အဲဒီတော့ သူတို့နောင်ရေးကိုလည်း ထည့်တွက်ရမှာဖြစ်တယ်။ ဒါမို့ သူတို့ ကျောင်းသားသမဂ္ဂကို ငယ်ငယ်လေးကတည်းက မုန်းတာ။ အသွေးထဲ အသားထဲထိ မုန်းတာ။

အဲဒီတော့ သမဂ္ဂကြီးကို ဖြိုပစ်ဖို့လည်း နည်းနည်းမှ ဝန်မလေးဘူး။ သူတို့ ဘာသံယောဇဉ်မှ မရှိဘူး။ သမဂ္ဂဟာ သူတို့မျက်စိထဲမှာ အပိုအဆောက်အဦကြီးတခု၊ သက်သက်ကို အနှောင့်အယှက်ပေးနေတဲ့ အဆောက်အဦကြီးတခု ဒီလိုပဲ မြင်တာ။ အဲလိုအမြင်နဲ့ တလျှောက်လုံးမွေးခဲ့တဲ့အငြိုးဟာ ဒီနေ့အထိပဲ။ စစ်အုပ်စုမှာ မျိုးဆက်အဆက်ဆက်ပြောင်းခဲ့တယ်။ တတိယမျိုးဆက်ကို ရောက်ပြီလို့ ပြောလို့ရတယ်။ အဲဒီမျိုးဆက်တွေဘယ်လိုပြောင်းပေမယ့်၊ သူတို့ချင်းက ပဋိပက္ခတွေ ဘယ်လိုရှိပေမယ့် သူတို့အထဲမှာ ထိန်းသိမ်းထားတဲ့ အငြိုးတွေကျတော့ မျိုးဆက်တခုနဲ့တခု လွှဲပေးပစ်ခဲ့ကြတယ်။ အဲဒါကို နောက်မျိုးဆက်ကလည်း လက်ခံခဲ့တယ်။ ခုံခုံမင်မင်လက်ခံပြီး အဲဒီအငြိုးတွေနဲ့ပဲ တိုင်းပြည်ကိုအုပ်ချုပ် ရန်လုပ်နေတာပဲ။

အဲ... အငြိုးတွေဆိုတဲ့အထဲမှာ နံပါတ် ၁ ဗိုလ်နေဝင်းရဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အငြိုး၊ အဲဒီအငြိုးက အခု ဒေါ်အောင်ဆန်းစုကြည်ထိ ဆက်တာပဲ။ ကွန်မြူနစ်ပါတီပေါ် အငြိုး၊ ဒါ... တလျှောက်လုံးပဲ။ အဲ... ကျောင်းသားသမဂ္ဂအပေါ် အငြိုး၊ ဒါလည်း ဒီနေ့အထိပဲ။ ဗိုလ်နေဝင်းအငြိုးတွေကို အခုနောက်ဆုံးစစ်အုပ်စုက၊ နအဖအုပ်စုက ဘာပဲပြောနေနေ ဘယ်လိုမှ မစွန့်ပစ်ပါဘူး။

## ရဲဘော်ဌေးလှ၊ မြစ်ဖျားတိုင်းက မပြဦး

အဲဒီခေတ်အခါကထောင်နဲ့ ဒီနေ့ခေတ်အခါကထောင် မတူတာ ကျနော်ပြောပြဦးမယ်။ ကျနော်တို့ အဖမ်းခံရတဲ့ခေတ်တုန်းက သူတို့ အာဏာသိမ်းပြီးတော့ ဘာမှမကြာသေးဘူး။ ၄ နှစ်ပဲ ရှိသေးတာ။ အဲဒီတော့ အရင်အရှိန်တွေ မကုန်သေးဘူး။ အရင်အရှိန်ဆိုတာ B ကလပ် ထားတဲ့အရှိန်တွေ မကုန်သေးဘူး။ အဲဒီတော့ အရမ်းကြီး၊ တုံးတိကြီး ဖြတ်ပစ်လို့ မရသေးဘူး။ အဲဒီတော့ B ကလပ် အခွင့်အရေးလည်း သူတို့ မပေးချင်တော့ဘူး။ မပေးနိုင်တော့ဘူး။

နောက်တခုက ဖြတ်မရသေးတဲ့အကြောင်းတခုက ဒီတခါအာဏာသိမ်းလို့ ဖမ်းထားတဲ့အထဲမှာ သူတို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ မကင်းရာမကင်းကြောင်းတွေ ပါနေတာ။ ဟိုအရင် ဝန်ကြီးချုပ်တွေပါတယ်။ အရင်သမ္မတတွေ ပါတယ်။ အဲ... အဲဒါတွေကျတော့လည်း ထောင်သားလို ကျွေးလို့မဖြစ်ဘူး။ အဲဒီတော့ နည်းနည်း အကျွေးအမွေးကအစ အခုနဲ့စာရင် အများကြီးကောင်းတယ်လို့ ပြောလို့ရတယ်။

ကျနော်တို့ အဲဒီတုန်းက နေ့တိုင်း အသားတနပ် စားရတယ်။ မနက်ထမင်းမှာတော့ ထောင်သားလိုပဲ ပဲနဲ့ငပိနဲ့စားရတယ်။ နေ့ခင်းမှာ ကော်ဖီတခွက် တိုက်သေးတယ်။ နို့ဆီခွက်နဲ့ တခွက်။ အဲဒီတော့ အခုခေတ်နဲ့ဘာမှ မနှိုင်းသာဘူးလို့ပြောလို့ရတယ်ပေ့ါ။ ဒါပေမယ့် အဲဒီတုန်းက အမှုစစ်တယ်ဆိုတာ မရှိဘူး။ ထိန်းသိမ်းလိုက်တယ်ဆိုလို့ရှိရင် ရက်အကန့်အသတ်မရှိဆိုတဲ့ဟာ နောက်ပြီးကျတော့ ထောင်ဝင်စာဆိုတာမရှိဘူး။ အပြင်က ပစ္စည်းပို့ခွင့်ဆိုတာ နောက်ပိုင်းကျမှ တလတခါလောက် ပို့လာတာရှိတယ်။

အဲဒီတုန်းက(ကျနော်တို့မန္တလေးထောင်ပေ့ါလေ... တခြားနေရာတော့ ကျနော် မပြောလိုဘူး။) မန္တလေးထောင်မှာ အဲဒီထမင်းချက်တဲ့ ထိန်းသိမ်းဖိုဆိုတာ သပ်သပ်ရှိတယ်။ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေကို 'ထိန်းသိမ်း'တွေလို့ ခေါ်တာပေ့ါ။ ထိန်းသိမ်းဖိုဆိုတာ သပ်သပ်ရှိတယ်။ အဲဒီထိန်းသိမ်းဖိုမှာ ထမင်းချက်တာကတော့ ထောင်သားတွေက လာချက်ပေးတယ်။ ထောင်ကျတွေက ချက်ပေးတယ်။ ကွပ်ကဲတာ၊ ကြီးကြပ်တာ

ကျတော့ အဆောင်တွေကကိုယ်စားလှယ်တွေ ကြီးကြပ်တယ်။ အဆောင်တဆောင် ကိုယ်စားလှယ် ၂ ယောက် ၃ ယောက် အဲဒီလို။ အဆောင်က ၄ ဆောင်ရှိတယ်။ တိုက်က ၃ တိုက်။ တိုက်ကတော့ ကိုယ်စားလှယ်လုပ်လို့ မရဘူး။ တိုက်ကလူကတော့ အပြင်မထုတ်ဘူး။ အဲဒီတော့ ကိုယ့်ကိုယ်စားလှယ်တွေက ချက်တဲ့ပြုတ်တဲ့နေရာမှာ အမြဲတမ်း သွားကြည့်တယ်၊ ဈေးဝယ်တာ သူတို့စစ်တယ်။ ထောင်ကဝယ်လာတဲ့ဟာကို သူတို့ စစ်ပြီးလက်ခံတယ်။

အဲဒီလိုနဲ့ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ညကြီးမှာ စောစောက ကျနော် ပြောခဲ့တဲ့ MI က ထွက်ပြေးဖို့ကြိုးစားတဲ့ ရဲဘော်ဌေးလှဟာ ငှက်ဖျားနဲ့ ဆုံးသွားတယ်။ သူ ငှက်ဖျားရောဂါ တော်တော်လေး ဆိုးဆိုးရွားရွားဖြစ်ပြီးတော့ ကျနော်တို့ အဲဒီအရင် ၂ ရက် ၃ ရက်ကတည်းက ကြိုပြီး သတင်းက ကြားနေတယ်။ တကယ်ကျတော့ ငှက်ဖျားဆိုတာ မန္တလေးလိုနေရာမျိုးမှာ ကုလို့မရတဲ့ဟာ မဟုတ်ပါဘူး။ သူတို့ သေသေချာချာကုပေးရင် ရတာပဲ။ ထောင်မှာလည်း ဆရာဝန်တွေရှိတာပဲ။ သူတို့က ကရော်ကမည် ကုတယ်။ ရောဂါဆိုးလာတဲ့အခါကျတော့၊ တကယ်ပြင်းထန်လာတဲ့အခါကျတော့ အပြင်ဆေးရုံကို ပို့မပေးဘူး။ အဲဒီလိုနဲ့ ထောင်ထဲမှာ သူတို့ပိတ်ပြီးတော့ သူတို့ထင်သလို လျှောက်လုပ်ကြရင်းကနေ ရဲဘော်ဌေးလှဟာ ဆုံးသွားရော။

ဒီတော့ ရဲဘော်ဌေးလှ ဆုံးသွားတယ်။ သူ့ကိုထားတာက ၂ တိုက်ထဲမှာ ထားတယ်။ ၂ တိုက်ဆိုတာ ကျနော့်ကိုထားတဲ့ ၁ တိုက်နဲ့ဆိုလို့ရှိရင် မီတာ ၂၀၀ လောက် ဝေးမယ်ထင်တယ်။ အဲ... ၂ တိုက်ကစပြီးတော့ တိုက်ပွဲဖော်တာပဲ။ တိုက်ပွဲဖော်တယ်ဆိုတာ ကြွေးကြော်သံတွေ အော်တာပေါ့ဗျာ။ ဖျားရင်နာရင် ဆေးရုံပို့ရမယ်။ ထောင်ထဲမှာ အသေမခံနိုင်ဘူးဆိုတဲ့အကြောင်း။ ဒီတော့ သူတို့ရဲ့ကြွေးကြော်သံတွေနဲ့တိုက်ပွဲကို အဆောင်ပေါ်က ထိန်းသိမ်းထားတဲ့လူတွေ အားလုံးက လက်ခံပါဝင်ကြတယ်။ သူတို့လည်း လိုက်အော်တယ်။ ကျန်တဲ့တိုက် ၃ တိုက်ကလည်း(ကျနော်တို့ရော) လိုက်အော်ကြတယ်။

အဲဒါအပြင် ကျနော်တို့မန္တလေးထောင်နဲ့မျက်နှာချင်းဆိုင်မှာ အမျိုးသမီးထောင်ရှိတယ်၊ အပြင်ဘက်မှာ။ ညမှာ ကြွေးကြော်သံတွေတိုင်တာဆိုတော့ အမျိုးသမီးထောင်ကလည်း ကြားရတယ်။ အမျိုးသမီးထောင်ဆိုတာ ညမို့လို့ ကြားရတာ။ အတော့်ကို လှမ်းတဲ့နေရာ။ ဒီအဆောင်ကြီးနဲ့ဆိုလို့ရှိရင် မီတာ သုံးလေးရာလောက် ဝေးမယ်ထင်တယ်။ သူတို့ကလည်း စပြီး ဝင်ပါတယ်။

ကျနော်တို့ ၂ ညလောက် ဆက်ပြီးအော်လိုက်ကြတာ ကြွေးကြော်သံ တိုင်ပြီး တိုက်လိုက်ကြတော့ ထောင်အာဏာပိုင်တွေ သူတို့အပြစ်လည်း ဖြစ်နေတဲ့အခါကျတော့ ခေါ်ပြီးဆွေးနွေးတယ်။ ခေါ်ဆွေးနွေးတော့ ခုန အဆောင်ကိုယ်စားလှယ်တွေကိုပဲ ခေါ်ဆွေးနွေးတယ်။ ကျနော်တို့တိုက်က လူတွေကတော့ မပါဘူး။ ခေါ်ဆွေးနွေးပြီး သူတို့က နောင်မဖြစ်စေရပါဘူး။ လိုအပ်ရင် ဆေးရုံတင်ပေးပါ့မယ် ဆိုပြီးတော့ အာမခံတယ်။ သူတို့ အ

လျှော့ပေးသွားတယ်ပေါ့လေ။ တကယ်လည်း နောက် ပို့ပေးတာတွေ ဘာလေးတွေ ရှိတော့ ဆရာဝန်တွေလည်း နည်းနည်း ဂရုတစိုက်ကုလာတာ ရှိပါတယ်။ အမှန်ကတော့ ဆရာဝန်က မကုတာ မဟုတ်ပါဘူး။ သူတို့နောက်က ထောင်အာဏာပိုင်တွေက ချုပ်ထားလို့ ဆရာဝန်တွေရဲ့ စေတနာနဲ့ မဆိုင်ဘူး။ ဆရာဝန်လာရင် ဘေးမှာ ထောင်အာဏာပိုင်အကြိုက် စာရင်းလိုက်လုပ်နေတဲ့ သတင်းပေးလိုကောင်တကောင်က အမြဲပါနေတဲ့ဟာပဲ။ ဝါဒါတကောင် အမြဲတမ်းပါနေတာ။ အဲဒီတော့ ဆရာဝန်တွေက အဲဒီလို ကုသပေးတော့ အတော်လေးတော့ အခြေအနေပြောင်းလာသလိုမျိုး ရှိတယ်။

ဒါပေမယ့် ထောင်ကျတွေအပေါ်တော့ သဘောထားမပြောင်းဘူး။ နဂိုကတည်းက ထောင်ကျဆိုတာက မသေရုံတမယ် ထားတဲ့ဟာမျိုး။ အဲဒီတော့ ထောင်ထဲမှာ ရိုးရိုးအကျဉ်းသားထဲက သေတာတွေ ထပ်ဖြစ်တယ်။ အဲဒါအပြင် ၆၇ ခုနှစ် မေလထဲမှာပဲ အမျိုးသမီးထောင်ထဲမှာ အမျိုးသမီးတယောက် ဆုံးသွားတယ်။ အထိန်းသိမ်းခံ အမျိုးသမီး။ ဘယ်သူလဲဆိုတော့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ မြစ်ဖျားတိုင်းက မိလာတဲ့ အမျိုးသမီးတယောက်။ မမြဦးဆိုတာ ဆုံးသွားရှာရော။ အဲဒါလည်း ရိုးရိုးဖျားတာနာတာနဲ့ ဆုံးတာ။

အဲဒီတော့ ကျနော် မှတ်မှတ်ရရ ညကြီးပဲ။ ၆၇ ခု၊ မေလ၊ ၆ ရက်နေ့ ညကြီး။ ထောင်မှာက ည ၉ နာရီဆို ထောင်ဝါဒါတွေက 'အိပ်ချိန် အိပ်ချိန်'လို့ အော်လိုက်ရင် အကုန်လုံး တိတ်ရတာ။ ဘယ်သူမှ စကားမပြောတော့ဘူး။ နဂိုကတော့ စကားတွေပြောကြ၊ တချို့ကတော့ ဘုရားရှိခိုးကြ၊ ပရိတ်ရွတ်ကြနဲ့ အင်မတန် ဆူညံနေတာ။ သီချင်းဆိုတဲ့လူ ဆို။ အဲဒီ ၉ နာရီကျော်လို့ရှိရင် "အိပ်ချိန် အိပ်ချိန် အိပ်ချိန်"ဆိုပြီး အကုန်လုံး ဝါဒါတွေက လိုက်အော်လိုက်၊ အကုန် တိတ်ဆိတ်ငြိမ်သွားတာ။

အဲ... အဲလို အိပ်ချိန်နောက်ပိုင်းကျမှ အမျိုးသမီးထောင်ဘက်ကနေပြီးတော့ ကြွေးကြော်သံတွေ ကြားရတာ။ အင်မတန်စိတ်လှုပ်ရှားစရာ ကောင်းတယ်။ အမျိုးသမီးတွေကနေ ဒီဘက်ကို လှမ်းအော်ပြီး ပြောတာ... "**ထိန်းသိမ်းဆောင်မှ ရဲဘော်များရှင့်... ထိန်းသိမ်းဆောင်မှ ရဲဘော်များရှင့်...**"သူတို့က အဲဒီလို ပြောတာ။ နောက်ပြီးကျတော့ သူတို့ အဲဒီမှာ တိုက်ပွဲစဝင်နေပါပြီဆိုတဲ့အကြောင်းကို ပြောတာ။

ဖြစ်ချင်တော့ ထိန်းသိမ်းဆောင်ဆိုတာက အဆောင်က အရှည်ကြီး။ အောက်ထပ်မှာက အကျဉ်းသားတွေ။ အပေါ်ထပ်မှာက နိုင်ငံရေးအကျဉ်းသား ထိန်းသိမ်းတွေ။ အဆောင်အရှည်ကြီးရဲ့ထိပ်နဲ့ ခုနက အမျိုးသမီးဆောင်နဲ့ အနီးဆုံးဖြစ်တဲ့ ထိပ်မှာက (အပေါ်ခန်းက) သံဃာတွေဖြစ်နေတယ်။ သံဃာတွေကို ထားတာ။ သံဃာအပါး သုံးလေးဆယ် ရှိမယ်ထင်တယ်။ ကျနော် မရောက်ဖူးလို့ အတိအကျတော့မသိဘူး။ အဲဒီတော့ ပထမဦးဆုံးကြားတာက သံဃာတွေ။ နောက်... ဟိုဘက်ကို ပြန်စကားပြောဖို့၊ ပြန်ဆက်

သွယ်ဖို့ ဒီလိုပဲ အော်ပြီးပြောရမှာကိုး။ အဲဒါလည်း ဒီသံဃာတွေဘက်ကပဲ အဆင်ပြေတာ။ အဲဒီတော့ သူတို့ကပဲ ပြောတာ။

အဲဒီတော့ အမျိုးသမီးဆောင်ဘက်ကလည်း ဒီဘက်က ပြောနေတာ သံဃာတွေမှန်း မသိဘူး။ သူတို့ကလည်း"တပည့်တော်မတို့"တို့၊ "အရှင်ဘုရားတို့"လို့ မပြောတတ်ဘူး။ သူတို့ သိမှမသိဘဲ။ "ကျမတို့"ပဲ။ အဲ... ဒီဘက်က သံဃာတော်များကလည်း "ကျုပ်တို့က ကိုယ်တော်တွေပါ။ သံဃာတော်တွေပါ"ဆိုပြီး ထုတ်ပြောလို့လည်း မဖြစ်ဘူးလေ။ ထောင်အာဏာပိုင် ကြားတဲ့အကြားက ပြောင်ဆက်သွယ်နေရတာ။ နောက်ပြီး သူတို့က ဟိုဘက်ကလူတွေ ရက်သွားမှာ၊ အရှိန်တုန့်သွားမှာ ငဲ့ရတယ်ထင်ပါတယ်။ သူတို့ကလည်း "ခင်ဗျား ... ကျနော်"နဲ့ပဲ ပြန်ပြောရတယ်။ ကျနော်တို့၊ ဘေးကကြားနေတဲ့ လူတွေက အားလုံး သိနေကြတော့ ထူးတော့ ထူးဆန်းနေတာပေါ့ဗျာ။

ဒါပေမယ့် အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုက်စိတ်ခိုက်စိတ်တွေ၊ အားမာန်တွေ ပြည့်ဖြိုးနေတဲ့အချိန်ဖြစ်တော့ ချက်ချင်းပဲ ကျနော်တို့ ဒီဘက်က တုန့်ပြန်လိုက်တယ်။ ကျနော်တို့ပါ လိုက်ပြီး သူတို့ကြွေးကြော်သံတွေ လိုက်အော်တယ်။ အင်မတန် သမိုင်းမှာထူးခြားတယ်။ အမျိုးသမီးထောင်က စလိုက်တယ်။ ဒါ... ထောင်အပြင်က ထောင်တခုက စလိုက်တာဖြစ်တယ်။ ကျနော်တို့ ဒီဘက်က အကုန်လုံး လိုက်ပါကြတယ်။ လိုက်ပါပြီးတော့ နောက်တနေ့ကျတော့ ကျနော်တို့အားလုံး ဘယ်သူမှ အပြင်မထွက်ရတော့ဘူး။ ရေချိုးတောင် မထုတ်တော့ဘူး။ အဆောင်ပေါ်ကလူတွေက ရေချိုးတယ်ဆိုရင် အောက်ရေကန်မှာ သွားပြီး ချိုးရတယ်။ အဲဒီ ရေချိုးမထုတ်တော့ဘူး။ အကုန်လုံး ပိတ်ထားလိုက်တယ်။

အဲလိုပိတ်ထားတဲ့အခါ ကျနော်တို့ တိုက်ထဲကလူတွေကတော့ မလုပ်နိုင်ဘူးပေါ့လေ။ အဆောင်ပေါ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက သူတို့အဆောင်အောက်မှာ အိပ်နေတဲ့ အကျဉ်းသားတွေကို စည်းရုံးတယ်။ ဒီတိုက်ပွဲထဲမှာ ပါလာအောင် စည်းရုံးတယ်။ အကျဉ်းသားတွေကလည်း ပါလာရော၊ အဲဒီမယ် ဒုတိယညက စပြီး အကျဉ်းသားတွေရော အော်တာ။ အော်တော့ ကြွေးကြော်သံတွေက ဟိန်းနေတာပဲ။ တအုံးအုံးနဲ့ အော်နေတာ။ အလှည့်နဲ့၊ အခန်းလိုက် အခန်းလိုက် အလှည့်နဲ့ အော်နေသလိုပဲ။ ထောင်အပြင်ကနေကောင်းကောင်းကြားရတယ်။ မန္တလေး နန်းမြို့ဦး အပြင်ကတောင် ကြားရလောက်တယ်လို့ထင်တယ်။ ၁၂ နာရီ ၁ ချက် ည။

အဲဒီလို ကျနော်တို့ တိုက်ပွဲတွေဝင်နေကြရင်း မေလ ၇ ရက်နေ့အထိ ကျနော်တို့ တိုက်နေကြတာ။ အဲဒီမှာကျတော့ စစ်တပ် တပ်ခွဲတခွဲလောက် ရှိမယ်ထင်တယ်။ G-3 တွေနဲ့ ဝင်ချလာရော။

ဒီနေရာမှာ မှတ်လောက်သားလောက်တခု ပြောရဦးမယ်။ ကျနော့်တို့ ထောင်ထဲကို သွင်းလာတဲ့အခါကျတော့ လိုက်ပို့တဲ့ MI တွေမှာ အမြဲတမ်း ခြောက်လုံးပြူးလေးတွေ၊

ပစ္စတိုလေးတွေ ပါတယ်။ အဲ... ထောင်မှာက ထောင်ပူးမှာ ရေးထားတယ်... 'မည်သည့်လက်နက်မှ ယူဆောင်မလာရ'ဆိုတာ ရှိတယ်။ အဲဒီ MI တို့ ဘာတို့ဆိုတာ ကျနေ့ရှေ့တင်ပဲ ထောင်ထဲလည်းရောက်ရော အဲဒီပူးမှာတင် သူတို့ခါးမှာပါတဲ့ သေနတ်တွေကို ဖြုတ်ပြီးပေးရတယ်။ အဲ... အခုကျတော့ တပ်တတပ်လုံးဝင်လာတာ G-3 တွေနဲ့။ 'မည်သည့်လက်နက်မှ ယူမလာရ'ဆိုတဲ့ ဆိုင်းဘုတ်ကြီးအောက်ကမှ ဝင်ချလာကြတာ။ အဲဒီတော့ ကျနေ့ခေါင်းထဲမှာ ပေါ်လာတာ "ဪ... ဗြိတိသျှအစိုးရလက်ထက်က စပြီး သတ်မှတ်ခဲ့တဲ့၊ အစိုးရအဆက်ဆက် သတ်မှတ်အတည်ပြုထားခဲ့တဲ့ ဥပဒေတွေဟာ ဒီစစ်အစိုးရလက်ထက်ကျတော့ ချိုးဖျက်တာ ခံရပါလား"လို့ သွားတွေးမိတယ်။

☆

# တော်

## မန္တလေးထောင်

အဲလို ထောက်လှမ်းရေးကနေ မန္တလေးထောင်ထဲကို ခေါ်သွားရော။ မန္တလေးထောင်ဆိုတာ အခုထောင် မဟုတ်ဘူး။ နန်းတွင်းထဲကထောင်။ အခုက ထောင်က ပြောင်းသွားပြီ။

ထောင်ထဲ ဝူးဝ စဝင်ကတည်းက ကျနော့်အတွက်တော့ ဘာမှ မျက်စိစိမ်းမနေဘူး။ အကုန်လုံး ကျနော်မျက်စိယဉ်နေတဲ့၊ ရောက်ဖူးနေတဲ့နေရာတွေချည်းပဲ။ စခေါင်ငုံ့ဝင်ရတဲ့ ဝူးကလေးက စပြီးတော့ အဲဒီ အထဲကြက်တူရွေးခန်း၊ နောက်... ကြက်တူရွေးခန်း ဟိုဘက်က ထမင်းဖိုကြီး၊ အကုန်လုံး ကျနော်မှတ်မိတယ်၊ သိနေသေးတယ်။ အဲဒီထမင်းဖိုကြီးကို ကျော်ပြီးတော့ ထောင်ကျဝိုင်းထဲဝင်ဝင်ချင်း ယာဘက်မှာ တိုက်ပိတ်တဲ့တိုက်ခန်း အရှည်တခုရှိတယ်။ အဲဒီတိုက်အကြောင်း အရင်ကတည်းက သူများပြောပြထားလို့ သိတာ။ ကျနော့် အဖေတို့ဘာတို့နဲ့ ထောင်ထဲသွားတော့ အဲဒီတိုက်ခန်းအရှည်လေးက ထူးဆန်းလို့ မေးကြည့်တယ်။ "အဲဒါဘာလဲ။" "ဟ... အဲဒီဟာ Leper တိုက်လို့ ခေါ်တယ်ကွ"တဲ့။ "အဲဒီထောင်ထဲမှာ ကိုယ်ရေပြားရောဂါရှိတဲ့လူတွေကို တခြားထောင်သားတွေနဲ့ ခွဲပြီးထားတာ။ ဥပမာ Leprosy သမားတွေပေါ့လေ။ အဲဒါကြောင့်မို့ Leper တိုက်လို့ခေါ်တယ်"တဲ့။ ကျနော် အဲဒါ ခေါင်းထဲကနေပြီးတော့ ဘယ်တော့မှ မမေ့နိုင်ဘူး။ အဆောက်အဦလေးကလည်း အုတ်ကို အနီတွေသုတ်ထားတော့ နီကျင်ကျင်နဲ့၊

အဲဒီ ဟိုဘက်မှာတော့ အဆောင်ကြီး။ ကျနော်လေ အဆောင်ကြီးကိုပဲ လည်တဆန့်ဆန့်နဲ့ ဘယ်သူ့ကို တွေ့ရမလဲ။ ဦးလေးနဲ့ ဘယ်မှာတွေ့ရမလဲ။ တခြား အသိမိတ်ဆွေတွေနဲ့ ဘယ်လိုတွေ့ရမလဲ။ လည်တဆန့်ဆန့်နဲ့သွားတယ်။ အဲဒီတော့ အဲလိုတွေးနေတုန်းရှိသေး Leper တိုက်ရှေ့တင်ပဲ ရပ်လိုက်ရောဗျာ။ ကျနော့်ကို ခေါ်သွားတဲ့ ဝါဒါနဲ့ နောက်တယောက်က။ ထောင်မှူးတယောက်ပါတယ်။ ရပ်ပြီးတော့ အဲဒီ ညာဘက်ချိုးပြီး Leper တိုက် ပထမဆုံးအခန်းထဲ ထည့်လိုက်တာ။ "ဟာ"ဆိုပြီး ဖြစ်သွားတာ။ "ဟ... ဒါ အနူတွေထားတဲ့ နေရာပဲ။ ငါ့ကို ဘာလို့ ဒီထဲထည့်တာလဲ"သူတို့ ဘာမှမပြောဘူး။

ကျနော့်ကို အတင်းထည့်ပြီးတော့ အပြင်ကနေ တံခါးပိတ်ပြီး ဂုန်းဒိုင်းဆိုပြီး ပိတ်ပြီး ထွက်သွားတာ။

ကျနော်က ဦးလေးတွေဘာတွေနဲ့ တွေ့ရမယ်၊ ဘော်လီဘော ကစားရမယ်၊ စာအုပ်တွေ ဖတ်ရမယ်၊ တူရိယာ သင်လိုက်မယ်။ အဲလိုထင်ခဲ့တာ။ အခုတော့ Leper တိုက်ထဲမှာ ဘယ်သူမှမရှိဘူး။ အင်မတန်ကို ကြောက်စရာကောင်းတဲ့ သံတံခါးကြီးနဲ့ ပြတင်းပေါက်ကလေး သေးသေးလေးကလည်း ဟိုး... အမြင့်ကြီးမှာ။ အင်မတန် ခြောက်ခြားစရာကောင်းတဲ့ နေရာတခု ကျနော် ရောက်သွားတယ်။ အဲဒီတုန်းက အဲဒီ Leper တိုက်ကို ၂ တိုက်လို့ ခေါ်တယ်။ ဒါ နောက်မှ ကျနော်သိရတာ။

မန္တလေးထောင်ထဲမှာ အဲဒီတုန်းက တိုက် ၄ တိုက် ရှိတယ်။ ၁ တိုက်၊ ၂ တိုက်၊ ၃ တိုက်၊ ၄ တိုက်။ အဲဒီထဲမှ ၁ တိုက်၊ ၂ တိုက်၊ ၄ တိုက်ကတော့ ကျနော်တို့ **"နိုင်ငံရေးထိန်းသိမ်းတယ်"**လို့ခေါ်တယ်။ အဲဒီတုန်းက အကျဉ်းသားလို့ မခေါ်ဘူး။ **'ထိန်းသိမ်း'** တွေလို့ ခေါ်တာ။ အဲဒါတွေကို ထားတယ်။ နောက် ၃ တိုက်လို့ခေါ်တဲ့ဟာကတော့ ဆေးရုံထဲမှာ ရှိတယ်။ အဲဒီဟာကတော့ ထောင်သားတွေကို ပိတ်တာ။ ထောင်သားတွေအတွက် ထားတာတခုတည်း။ ကျန်တဲ့ဟာတွေ အားလုံးကတော့ ဒီနိုင်ငံရေးသမားတွေကိုပဲ ထားတာလေ။ ၄ တိုက်ဆိုတာက ကြိုးတိုက်။ ကြိုးကျတဲ့လူတွေ ထားတာ။ ကြိုးသမားတွေကို ထားတာ။ အဲဒီအချိန်ကျတော့ ကြိုးသမားဆိုတာလည်း မရှိသလောက်ဖြစ်နေပြီ။ ကြိုးတိုက်ထဲမှာလည်း အကျဉ်းသားထားတာ လုံးလုံးမရှိတော့ဘူး။ နိုင်ငံရေးသမားတွေပဲ ထားတာ။

အဲဒီတော့ ကျနော်က ဒီ ၂ တိုက်(Leper တိုက်)ထဲ ရောက်သွားတော့ ကျနော့်အခန်းဘေးမှာက ဦးဇင်းလေးနှစ်ပါး။ မန္တလေးမှာ သံဃာ့လှုပ်ရှားမှုဖြစ်တော့ သံဃာတွေအများကြီးဖမ်းတဲ့ထဲမှာ ပါလာတဲ့ ဦးဇင်းလေးနှစ်ပါး။ သူတို့က ကျနော့်ကို အများကြီးအကူ အညီပေးတယ်။ အကူအညီပေးတယ်ဆိုတဲ့နေရာမှာ ရုပ်ဝတ္ထုပစ္စည်းအရ ခွက်လိုသလား၊ ဘာလိုသလား အဲဒါမျိုးကလည်း ပေးတယ်။ ထောင်အသိပညာလည်း ပေးတယ်။ နောက်ပြီးကျတော့ အဆက်အသွယ်တွေလည်း လုပ်ပေးတယ်။ ကျနော်နေတဲ့ တိုက်ထဲမှာ ဘယ်သူရှိတယ်၊ ကျနော့်ဦးလေးက ဘယ်မှာရှိတယ်... စတာတွေ သူတို့က အကုန်လုံးပြောပြတယ်။ အဆက်အသွယ် လုပ်ပေးတယ်။

အဲဒီတော့ အဲဒီ ဦးဇင်းလေးဆီက တဆင့်သိရတာက ကျနော်နေတဲ့ တိုက်ထဲမှာ သံဃာတွေရှိတယ်။ လူငယ်တပ်ဦးက ရဲနီတွေရှိတယ်။ နောက်ပြီးကျမှ ကျနော်တို့ဆီက လူတွေ တဖြည်းဖြည်းရောက်လာတယ်။ အဲဒါတွေ အကုန်လုံးသိ နေရတယ်။

အရင်ပြောခဲ့သလိုပဲ ၆၃ ခုနှစ်အကုန် ငြိမ်းချမ်းရေးပျက်တဲ့အခါကျတော့ ကျောင်းသားတွေကို တောထဲကို မောင်းထုတ်လိုက်တာ။ အဓိကအားဖြင့် တောထဲကို မောင်းထုတ်တယ်လို့ပြောရမယ်။ ဘာလို့ဆိုတော့ ထွက်ပြေးကြတာ အားလုံးလိုလို လွတ်

သွားကြတယ်။ အဲဒီမတိုင်ခင်က ၆၂ အာဏာသိမ်းတော့ ဖမ်းထားတဲ့ ကျောင်းသားတွေက ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတဲ့ သူတို့ရုပ်ပြတာတခု လုပ်တော့မယ်ဆိုတော့ လွှတ်ပေးရတယ်။ အဲဒီကျောင်းသားတွေ ထောင်က လွှတ်လာပြီ။ ထောင်ထဲမှာ ကျောင်းသား(ကျနော်တို့ရောက်တဲ့အထိ) လုံးဝမရှိဘူးလို့ ဆိုရမလောက်။ လူငယ့်တပ်ဦးကလူတွေ ရှိတယ်။ အဲဒီထဲမှာ ကျောင်းသားတွေလည်း ပါတယ်။ ဆိုတော့... ကျနော်တို့ ရောက်သွားတဲ့အခါကျတော့ ဒါ... ပထမဆုံး ဗကသအလံကိုင်ပြီး ဝင်လာတဲ့လူလို့ ပြောလို့ရတယ်။ အဲဒီနောက်မှာ တဖွဲဖွဲ ဝင်လာလိုက်ကြတာ နောက်ဆုံး ကျနော်တို့ ကိုကိုးကျွန်းပို့ခံရတဲ့ အချိန်ကျတော့ တိုက်တွေထဲမှာ ကျောင်းသားတွေက အများစုဖြစ်နေတယ်။

အဲဒီနေရာမှာ ကျနော် ထပ်ပြောချင်တာက စစ်အစိုးရဟာ(ဗိုလ်နေဝင်းတို့ဟာ) ဘာဖြစ်လို့ ကျောင်းသားတွေရဲ့ ကျောင်းသားသမဂ္ဂအပေါ် ဒီလောက်စိတ်နာရသလဲဆိုတာ ပြန်ပြီးတော့ (အခုအချိန်ပေါ့)သုံးသပ်လို့ရပြီလို့ ထင်တယ်လေ။ ဘာကြောင့်ဆိုတော့ ဗိုလ်နေဝင်းရုပ်လုံးလည်း အကုန်ပေါ်သလောက် ဖြစ်နေပြီ။ နောက်... သူနဲ့အတူတူ စစ်အုပ်စုကို တည်ထောင်ခဲ့တဲ့၊ သူ့နောက်ကနေပြီးတော့ စစ်အုပ်စုကို ရုပ်လုံးဖော်ခဲ့ကြတဲ့ လူတွေလည်း အတော်လေး ပုံပေါ်လာပြီဆိုတော့ ပြောလို့ရပြီလို့ ကျနော်ထင်တယ်။ အဲဒီတော့ ဗမာပြည်စစ်အုပ်စုကို ပထမဆုံး ပန္နက်ရိုက် တည်ထောင်ခဲ့ကြတဲ့ ဗိုလ်နေဝင်း၊ ဦးအောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်မောင်မောင်၊ နောက်ပြီးတော့ ဆိုရှယ်လစ်ပါတီနဲ့ မကင်းတဲ့ တခြားစစ်ဗိုလ်တွေ အများကြီးပဲ။ ကျနော် နာမည်တွေအပြည့်အစုံပြောဖို့ ဒီမှာ ရှည်နေမှာစိုးလို့ မပြောတော့ဘူး။

အဲဒီတော့ ဒီလူတွေရဲ့သမိုင်းကို ပြန်ကြည့်လိုက်တဲ့အခါကျတော့... သူတို့ဟာ ကျောင်းသားသမဂ္ဂနဲ့ ဘာမှမပတ်သက်ဖူးဘူး။ သူတို့ထဲမှာ တက္ကသိုလ် ရောက်တာလည်း ရှိတယ်၊ မရောက်တာလည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းကဆိုရင် ကျောင်းသားသမဂ္ဂဟာ တက္ကသိုလ်မှာမှ ရှိတာမဟုတ်ဘူး။ အထက်တန်းကျောင်းတွေမှာလည်း ရှိတယ်။ အဲဒီလူတွေဟာ အထက်တန်းကျောင်းတွေမှာလည်း သမဂ္ဂနဲ့ ကင်းဝေးတယ်။ တက္ကသိုလ်မှာလည်း ကင်းကင်းပဲ။ ဒါ... လက်ရှိ စစ်အုပ်စုထိပ်သီးတွေအထိ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်... အစရှိသဖြင့် ဗိုလ်မောင်အေး... သူတို့မျိုးဆက်အထိ အားလုံးဟာ ကျောင်းသားသမဂ္ဂနဲ့ အင်မတန်ကင်းတဲ့လူတွေ။

သူတို့ခေတ်တုန်းက(သူတို့ကျောင်းတက်နေကြတဲ့ခေတ်တုန်းက) ကျောင်းသားသမဂ္ဂတွေက အင်မတန်လှုပ်ရှားနေကြတဲ့အခါ။ အင်မတန် ပြင်းပြင်းထန်ထန် လှုပ်ရှားပြီး၊ အင်မတန် အသက်ဝင်နေတဲ့အခါ။ သူတို့ ဘာကောင်လဲ။ ဘယ်သူ့မှာမှ အဲဒီသမိုင်း မရှိဘူး။ ရှိလှရင် တယောက်နှစ်ယောက်ပဲ။ ဒါဟာ ခြွင်းချက်ပဲ။ အဲဒီ လူ ၁၀၀ ထဲမှာ တယောက်နှစ်ယောက်ပဲ ရှိတယ်။ အဲဒီတော့ သူတို့တွေက ကျောင်းသားသမဂ္ဂနဲ့ ဘယ်သူမှ မပတ်သက်ဘူး။

နောက်တခုက သူတို့ထဲက တခြားလူတွေ၊ တချို့လူတွေကျတော့ သူတို့ မိဘများ အဆက်အဆက်တွေက(ကျနော် နာမည်မပြောတော့ဘူး) အင်္ဂလိပ်ဖျူရှိကရက် အဆက်တွေ၊ အင်္ဂလိပ်အရာရှိအဆက်တွေ။ အဲဒါကြောင့်မို့ သူတို့က ကျောင်းသားသမဂ္ဂတွေကို ငယ်ငယ်ကလေးတည်းက အရိုးထဲက မုန်းတာ။ ကျောင်းသားသမဂ္ဂထဲ သူတို့ပါရင် သူတို့အဖေအလုပ်တွေ ထိခိုက်မယ်။ နောင် သူတို့ကြီးလာရင်လည်း သူတို့လည်း ဖျူရှိကရက်ယန္တရားထဲမှာ ဝင်ပါကြမယ်လို့ စဉ်းစားထားတဲ့လူတွေ။ အဲဒီတော့ သူတို့နောင်ရေးကိုလည်း ထည့်တွက်ရမှာဖြစ်တယ်။ ဒါမို့ သူတို့ ကျောင်းသားသမဂ္ဂကို ငယ်ငယ်လေးကတည်းက မုန်းတာ။ အသွေးထဲ အသားထဲထိ မုန်းတာ။

အဲဒီတော့ သမဂ္ဂကြီးကို ဖြိုပစ်ဖို့လည်း နည်းနည်းမှ ဝန်မလေးဘူး။ သူတို့ ဘာသံယောဇဉ်မှ မရှိဘူး။ သမဂ္ဂဟာ သူတို့မျက်စိထဲမှာ အပိုအဆောက်အဦကြီးတခု၊ သက်သက်ကို အနှောင့်အယှက်ပေးနေတဲ့ အဆောက်အဦကြီးတခု ဒီလိုပဲ မြင်တာ။ အဲလိုအမြင်နဲ့ တလျှောက်လုံးမွေးခဲ့တဲ့အငြိုးဟာ ဒီနေ့အထိပဲ။ စစ်အုပ်စုမှာ မျိုးဆက်အဆက်ဆက်ပြောင်းခဲ့တယ်။ တတိယမျိုးဆက်ကို ရောက်ပြီလို့ ပြောလို့ရတယ်။ အဲဒီမျိုးဆက်တွေ ဘယ်လိုပြောင်းပေမယ့်၊ သူတို့ချင်းက ပဋိပက္ခတွေ ဘယ်လိုရှိပေမယ့် သူတို့အထဲမှာ ထိန်းသိမ်းထားတဲ့ အငြိုးတွေကျတော့ မျိုးဆက်တခုနဲ့တခု လွှဲပေးပစ်ခဲ့ကြတယ်။ အဲဒါကို နောက်မျိုးဆက်ကလည်း လက်ခံခဲ့တယ်။ ခိုင်ခိုင်မင်မင်လက်ခံပြီး အဲဒီအငြိုးတွေနဲ့ပဲ တိုင်းပြည်ကိုအုပ်ချုပ် ရန်လုပ်နေတာပဲ။

အဲ... အငြိုးတွေဆိုတဲ့အထဲမှာ နံပါတ် ၁ ဗိုလ်နေဝင်းရဲ့ ဗိုလ်ချုပ်အောင်ဆန်းအပေါ် အငြိုး၊ အဲဒီအငြိုးက အခု ဒေါ်အောင်ဆန်းစုကြည်ထိ ဆက်တာပဲ။ ကွန်မြူနစ်ပါတီပေါ် အငြိုး၊ ဒါ... တလျှောက်လုံးပဲ။ အဲ... ကျောင်းသားသမဂ္ဂအပေါ် အငြိုး၊ ဒါလည်း ဒီနေ့အထိပဲ။ ဗိုလ်နေဝင်းအငြိုးတွေကို အခုနောက်ဆုံးစစ်အုပ်စုက၊ နအဖအုပ်စုက ဘာပဲပြောနေနေ ဘယ်လိုမှ မစွန့်ပစ်ပါဘူး။

## ရဲဘော်ဒွေးလှ၊ မြစ်ဖျားတိုင်းက မပြည်း

အဲဒီခေတ်အခါကထောင်နဲ့ ဒီနေ့ခေတ်အခါကထောင် မတူတာ ကျနော်ပြောပြဦးမယ်။ ကျနော်တို့ အဖမ်းခံရတဲ့ခေတ်တုန်းက သူတို့ အာဏာသိမ်းပြီးတော့ ဘာမှမကြာသေးဘူး။ ၄ နှစ်ပဲ ရှိသေးတာ။ အဲဒီတော့ အရင်အရှိန်တွေ မကုန်သေးဘူး။ အရင်အရှိန်ဆိုတာ B ကလပ် ထားတဲ့အရှိန်တွေ မကုန်သေးဘူး။ အဲဒီတော့ အရမ်းကြီး၊ တုံးတိကြီး ဖြတ်ပစ်လို့ မရသေးဘူး။ အဲဒီတော့ B ကလပ် အခွင့်အရေးလည်း သူတို့ မပေးချင်တော့ဘူး။ မပေးနိုင်တော့ဘူး။

နောက်တခုက ဖြတ်မရသေးတဲ့အကြောင်းတခုက ဒီတခါအာဏာသိမ်းလို့ ဖမ်းထားတဲ့အထဲမှာ သူတို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေ၊ မကင်းရာမကင်းကြောင်းတွေ ပါနေတာ။ ဟိုအရင် ဝန်ကြီးချုပ်တွေပါတယ်။ အရင်သမ္မတတွေ ပါတယ်။ အဲ... အဲဒါတွေကျတော့လည်း ထောင်သားလို ကျွေးလို့မဖြစ်ဘူး။ အဲဒီတော့ နည်းနည်း အကျွေးအမွေးကအခုအခုနဲ့စာရင် အများကြီးကောင်းတယ်လို့ ပြောလို့ရတယ်။

ကျနော်တို့ အဲဒီတုန်းက နေ့တိုင်း အသားတနပ် စားရတယ်။ မနက်ထမင်းမှာတော့ ထောင်သားလိုပဲ ပဲနဲ့ငပိနဲ့စားရတယ်။ နေ့ခင်းမှာ ကော်ဖီတခွက် တိုက်သေးတယ်။ နို့ဆီခွက်နဲ့ တခွက်။ အဲဒီတော့ အခုခေတ်နဲ့ဘာမှ မနိူင်းသာဘူးလို့ပြောလို့ရတယ်ပေါ့။ ဒါပေမယ့် အဲဒီတုန်းက အမှုစစ်တယ်ဆိုတာ မရှိဘူး။ ထိန်းသိမ်းလိုက်တယ်ဆိုလို့ရှိရင် ရက်အကန့်အသတ်မရှိဆိုတဲ့ဟာ နောက်ပြီးကျတော့ ထောင်ဝင်စာဆိုတာမရှိဘူး။ အပြင်က ပစ္စည်းပို့ခွင့်ဆိုတာ နောက်ပိုင်းကျမှ တလတခါလောက် ပို့လာတာရှိတယ်။

အဲဒီတုန်းက(ကျနော်တို့မန္တလေးထောင်ပေါ့လေ... တခြားနေရာတော့ ကျနော်မပြောလိုဘူး။) မန္တလေးထောင်မှာ အဲဒီထမင်းချက်တဲ့ ထိန်းသိမ်းဖိုဆိုတာ သပ်သပ်ရှိတယ်။ ကျနော်တို့ နိုင်ငံရေးအကျဉ်းသားတွေကို 'ထိန်းသိမ်း'တွေလို့ ခေါ်တာပေါ့။ ထိန်းသိမ်းဖိုဆိုတာ သပ်သပ်ရှိတယ်။ အဲဒီထိန်းသိမ်းဖိုမှာ ထမင်းချက်တာကတော့ ထောင်သားတွေက လာချက်ပေးတယ်။ ထောင်ကျတွေက ချက်ပေးတယ်။ ကွပ်ကဲတာ၊ ကြီးကြပ်တာ

ကျတော့ အဆောင်တွေကကိုယ်စားလှယ်တွေ ကြီးကြပ်တယ်။ အဆောင်တဆောင် ကိုယ်စားလှယ် ၂ ယောက် ၃ ယောက် အဲဒီလို။ အဆောင်က ၄ ဆောင်ရှိတယ်။ တိုက်က ၃ တိုက်။ တိုက်ကတော့ ကိုယ်စားလှယ်လုပ်လို့ မရဘူး။ တိုက်ကလူကတော့ အပြင်မထုတ်ဘူး။ အဲဒီတော့ ကိုယ့်ကိုယ်စားလှယ်တွေက ချက်တဲ့ပြုတ်တဲ့နေရာမှာ အမြဲတမ်း သွားကြည့်တယ်။ ဈေးဝယ်တာ သူတို့စစ်တယ်။ ထောင်ကဝယ်လာတဲ့ဟာကို သူတို့ စစ်ပြီး လက်ခံတယ်။

အဲဒီလိုနဲ့ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ညကြီးမှာ စောစောက ကျနော် ပြောခဲ့တဲ့ MI က ထွက်ပြေးဖို့ကြိုးစားတဲ့ ရဲဘော်ဌေးလှဟာ ငှက်ဖျားနဲ့ ဆုံးသွားတယ်။ သူ ငှက်ဖျားရောဂါ တော်တော်လေး ဆိုးဆိုးရွားရွားဖြစ်ပြီးတော့ ကျနော်တို့ အဲဒီအရင် ၂ ရက် ၃ ရက်ကတည်းက ကြိုပြီး သတင်းက ကြားနေတယ်။ တကယ်ကျတော့ ငှက်ဖျားဆိုတာ မန္တလေးလိုနေရာမျိုးမှာ ကုလို့မရတဲ့ဟာ မဟုတ်ပါဘူး။ သူတို့ သေသေချာချာကုပေးရင် ရတာပဲ။ ထောင်မှာလည်း ဆရာဝန်တွေရှိတာပဲ။ သူတို့က ကရော်ကမည် ကုတယ်။ ရောဂါဆိုးလာတဲ့အခါကျတော့၊ တကယ်ပြင်းထန်လာတဲ့အခါကျတော့ အပြင်ဆေးရုံကို ပို့မပေးဘူး။ အဲဒီလိုနဲ့ ထောင်ထဲမှာ သူတို့ပိတ်ပြီးတော့ သူတို့ထင်သလို လျှောက်လုပ်ကြရင်းကနေ ရဲဘော်ဌေးလှဟာ ဆုံးသွားရော။

ဒီတော့ ရဲဘော်ဌေးလှ ဆုံးသွားတယ်။ သူ့ကိုထားတာက ၂ တိုက်ထဲမှာ ထားတယ်။ ၂ တိုက်ဆိုတာ ကျနော့်ကိုထားတဲ့ ၁ တိုက်နဲ့ဆိုလို့ရှိရင် မီတာ ၂၀၀ လောက် ဝေးမယ်ထင်တယ်။ အဲ... ၂ တိုက်ကစပြီးတော့ တိုက်ပွဲဖော်တာပဲ။ တိုက်ပွဲဖော်တယ်ဆိုတာ ကြွေးကြော်သံတွေ အော်တာပေါ့ဗျာ။ ဖျားရင်နာရင် ဆေးရုံပို့ရမယ်။ ထောင်ထဲမှာ အသေမခံနိုင်ဘူးဆိုတဲ့အကြောင်း။ ဒီတော့ သူတို့ရဲ့ကြွေးကြော်သံတွေနဲ့တိုက်ပွဲကို အဆောင်ပေါ်က ထိန်းသိမ်းထားတဲ့လူတွေ အားလုံးက လက်ခံပါဝင်ကြတယ်။ သူတို့လည်း လိုက်အော်တယ်။ ကျန်တဲ့တိုက် ၃ တိုက်ကလည်း(ကျနော်တို့ရော) လိုက်အော်ကြတယ်။

အဲဒါအပြင် ကျနော်တို့မန္တလေးထောင်နဲ့မျက်နှာချင်းဆိုင်မှာ အမျိုးသမီးထောင်ရှိတယ်။ အပြင်ဘက်မှာ။ ညမှာ ကြွေးကြော်သံတွေတိုင်တာဆိုတော့ အမျိုးသမီးထောင်ကလည်း ကြားရတယ်။ အမျိုးသမီးထောင်ဆိုတာ ညမှို့လို့ ကြားရတာ။ အတော့်ကို လှမ်းတဲ့နေရာ။ ဒီအဆောင်ကြီးနဲ့ဆိုလို့ရှိရင် မီတာ သုံးလေးရာလောက် ဝေးမယ်ထင်တယ်။ သူတို့ကလည်း စပြီး ဝင်ပါတယ်။

ကျနော်တို့ ၂ ညလောက် ဆက်ပြီးအော်လိုက်ကြတာ ကြွေးကြော်သံ တိုင်ပြီး တိုက်လိုက်ကြတော့ ထောင်အာဏာပိုင်တွေ သူတို့အပြစ်လည်း ဖြစ်နေတဲ့အခါကျတော့ ခေါ်ပြီးဆွေးနွေးတယ်။ ခေါ်ဆွေးနွေးတော့ ခုန အဆောင်ကိုယ်စားလှယ်တွေကိုပဲ ခေါ်ဆွေးနွေးတယ်။ ကျနော်တို့တိုက်က လူတွေကတော့ မပါဘူး။ ခေါ်ဆွေးနွေးပြီး သူတို့က နောင်မဖြစ်စေရပါဘူး။ လိုအပ်ရင် ဆေးရုံတင်ပေးပါ့မယ် ဆိုပြီးတော့ အာမခံတယ်။ သူတို့ အ

လျှော့ပေးသွားတယ်ပေါ့လေ။  တကယ်လည်း နောက် ပို့ပေးတာတွေ ဘာလေးတွေ ရှိတော့ ဆရာဝန်တွေလည်း နည်းနည်း ဂရုတစိုက်ကုလာတာ ရှိပါတယ်။ အမှန်ကတော့ ဆရာဝန်က မကုတာ မဟုတ်ပါဘူး။ သူတို့နောက်က ထောင်အာဏာပိုင်တွေက ချုပ်ထားလို့ ဆရာဝန်တွေရဲ့ စေတနာနဲ့ မဆိုင်ဘူး။ ဆရာဝန်လာရင် ဘေးမှာ ထောင်အာဏာပိုင် အကြိုက် စာရင်းလိုက်လုပ်နေတဲ့ သတင်းပေးလို့ကောင်တကောင်က အမြဲပါနေတဲ့ဟာပဲ။ ဝါဒါတကောင် အမြဲတမ်းပါနေတာ၊ အဲဒီတော့ ဆရာဝန်တွေက အဲဒီလို ကုသပေးတော့ အတော်လေးတော့ အခြေအနေပြောင်းလာသလိုမျိုး ရှိတယ်။

ဒါပေမယ့် ထောင်ကျတွေအပေါ်တော့ သဘောထားမပြောင်းဘူး။ နဂိုကတည်းက ထောင်ကျဆိုတာက မသေရုံတမယ် ထားတဲ့ဟာမျိုး။ အဲဒီတော့ ထောင်ထဲမှာ ရိုးရိုး အကျဉ်းသားထဲက သေတာတွေ ထပ်ဖြစ်တယ်။ အဲဒါအပြင် ၆၇ ခုနှစ် မေလထဲမှာပဲ အမျိုးသမီးထောင်ထဲမှာ အမျိုးသမီးတယောက် ဆုံးသွားတယ်။ အထိန်းသိမ်းခံ အမျိုးသမီး။ ဘယ်သူလဲဆိုတော့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ မြစ်ဖျားတိုင်းက မီလာတဲ့ အမျိုးသမီးတယောက်။ မမြဦးဆိုတာ ဆုံးသွားရှာရော။ အဲဒါလည်း ရိုးရိုးဖျားတာနာတာနဲ့ ဆုံးတာ။

အဲဒီတော့ ကျနော် မှတ်မှတ်ရရ ညကြီးပဲ။ ၆၇ ခု၊ မေလ၊ ၆ ရက်နေ့ ညကြီး။ ထောင်မှာက ည ၉ နာရီဆို ထောင်ဝါဒါတွေက 'အိပ်ချိန် အိပ်ချိန်'လို့ အော်လိုက်ရင် အကုန်လုံး တိတ်ရတာ။ ဘယ်သူမှ စကားမပြောတော့ဘူး။ နဂိုကတော့ စကားတွေပြောကြ၊ တချို့ကတော့ ဘုရားရှိခိုးကြ၊ ပရိတ်ရွတ်ကြနဲ့ အင်မတန် ဆူညံနေတာ။ သီချင်းဆိုတဲ့လူ ဆို။ အဲဒီ ၉ နာရီကျော်လို့ရှိရင် "အိပ်ချိန် အိပ်ချိန် အိပ်ချိန်"ဆိုပြီး အကုန်လုံး ဝါဒါတွေက လိုက်အော်လိုက်၊ အကုန် တိတ်ဆိတ်ငြိမ်သွားတာ။

အဲ… အဲလို အိပ်ချိန်နောက်ပိုင်းကျမှ အမျိုးသမီးထောင်ဘက်ကနေပြီးတော့ ကြွေးကြော်သံတွေ ကြားရတာ။ အင်မတန်စိတ်လှုပ်ရှားစရာ ကောင်းတယ်။ အမျိုးသမီးတွေကနေ ဒီဘက်ကို လှမ်းအော်ပြီး ပြောတာ… "ထိန်းသိမ်းဆောင်မှ ရဲဘော်များရှင်… ထိန်းသိမ်းဆောင်မှ ရဲဘော်များရှင်…"သူတို့က အဲဒီလို ပြောတာ။ နောက်ပြီးကျတော့ သူတို့ အဲဒီမှာ တိုက်ပွဲစဝင်နေပါပြီဆိုတဲ့အကြောင်းကို ပြောတာ။

ဖြစ်ချင်တော့ ထိန်းသိမ်းဆောင်ဆိုတာက အဆောင်က အရှည်ကြီး။ အောက်ထပ်မှာက အကျဉ်းသားတွေ။ အပေါ်ထပ်မှာက နိုင်ငံရေးအကျဉ်းသား ထိန်းသိမ်းတွေ။ အဆောင်အရှည်ကြီးရဲ့ထိပ်နဲ့ ခုနက အမျိုးသမီးဆောင်နဲ့ အနီးဆုံးဖြစ်တဲ့ ထိပ်မှာက (အပေါ်ခန်းက) သံဃာတွေဖြစ်နေတယ်။ သံဃာတွေကို ထားတာ။ သံဃာအပါး သုံးလေးဆယ် ရှိမယ်ထင်တယ်။ ကျနော် မရောက်ဖူးလို့ အတိအကျတော့မသိဘူး။ အဲဒီတော့ ပထမဦးဆုံးကြားတာက သံဃာတွေ။ နောက်… ဟိုဘက်ကို ပြန်စကားပြောဖို့၊ ပြန်ဆက်

သွယ်ဖို့ ဒီလိုပဲ အော်ပြီးပြောရမှာကိုး။ အဲဒါလည်း ဒီသံဃာတွေဘက်ကပဲ အဆင်ပြေတာ။ အဲဒီတော့ သူတို့ကပဲ ပြောတာ။

အဲဒီတော့ အမျိုးသမီးဆောင်ဘက်ကလည်း ဒီဘက်က ပြောနေတာ သံဃာတွေမှန်း မသိဘူး။ သူတို့ကလည်း "တပည့်တော်မတို့"တို့၊ "အရှင်ဘုရားတို့"လို့ မပြောတတ်ဘူး။ သူတို့ သိမှမသိဘဲ။ "ကျမတို့"ပဲ။ အဲ... ဒီဘက်က သံဃာတော်များကလည်း "ကျုပ်တို့က ကိုယ်တော်တွေပါ။ သံဃာတော်တွေပါ"ဆိုပြီး ထုတ်ပြောလို့လည်း မဖြစ်ဘူးလေ။ ထောင်အာဏာပိုင် ကြားတဲ့အကြားက ပြောင်ဆက်သွယ်နေရတာ။ နောက်ပြီး သူတို့က ဟိုဘက်ကလူတွေ ရှက်သွားမှာ၊ အရှိန်တုန့်သွားမှာ ငဲ့ရတယ်ထင်ပါတယ်။ သူတို့ကလည်း "ခင်ဗျား ... ကျနော်"နဲ့ပဲ ပြန်ပြောရတယ်။ ကျနော်တို့၊ သေးကကြားနေတဲ့လူတွေက အားလုံး သိနေကြတော့ ထူးတော့ ထူးဆန်းနေတာပေါ့ဗျာ။

ဒါပေမယ့် အင်မတန် စိတ်လှုပ်ရှားစရာကောင်းတဲ့ တိုက်စိတ်ခိုက်စိတ်တွေ၊ အားမာန်တွေ ပြည့်ဖြိုးနေတဲ့အချိန်ဖြစ်တော့ ချက်ချင်းပဲ ကျနော်တို့ ဒီဘက်က တုန့်ပြန်လိုက်တယ်။ ကျနော်တို့ပါ လိုက်ပြီး သူတို့ကြွေးကြော်သံတွေ လိုက်အော်တယ်။ အင်မတန် သမိုင်းမှာထူးခြားတယ်။ အမျိုးသမီးထောင်က စလိုက်တယ်။ ဒါ... ထောင်အပြင်က ထောင်တခုက စလိုက်တာဖြစ်တယ်။ ကျနော်တို့ ဒီဘက်က အကုန်လုံး လိုက်ပါကြတယ်။ လိုက်ပါပြီးတော့ နောက်တနေ့ကျတော့ ကျနော်တို့အားလုံး ဘယ်သူမှ အပြင်မထွက်ရတော့ဘူး။ ရေချိုးတောင် မထုတ်တော့ဘူး။ အဆောင်ပေါ်ကလူတွေက ရေချိုးတယ်ဆိုရင် အောက်ရေကန်မှာ သွားပြီး ချိုးရတယ်။ အဲဒီ ရေချိုးမထုတ်တော့ဘူး။ အကုန်လုံး ပိတ်ထားလိုက်တယ်။

အဲလိုပိတ်ထားတဲ့အခါ ကျနော်တို့ တိုက်ထဲကလူတွေကတော့ မလုပ်နိုင်ဘူးပေါ့လေ။ အဆောင်ပေါ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက သူတို့အဆောင်အောက်မှာ အိပ်နေတဲ့ အကျဉ်းသားတွေကို စည်းရုံးတယ်။ ဒီတိုက်ပွဲထဲမှာ ပါလာအောင် စည်းရုံးတယ်။ အကျဉ်းသားတွေကလည်း ပါလာရော၊ အဲဒီမယ် ဒုတိယညက စပြီး အကျဉ်းသားတွေရော အော်တာ။ အော်တော့ ကြွေးကြော်သံတွေက ဟိန်းနေတာပဲ။ တအုံးအုံးနဲ့ အော်နေတာ။ အလှည့်နဲ့၊ အခန်းလိုက် အခန်းလိုက် အလှည့်နဲ့ အော်နေသလိုပဲ။ ထောင်အပြင်ကနေ ကောင်းကောင်းကြားရတယ်။ မန္တလေး နန်းမြို့ဦး အပြင်ကတောင် ကြားရလောက်တယ်လို့ထင်တယ်။ ၁၂ နာရီ ၁ ချက် ည။

အဲဒီလို ကျနော်တို့ တိုက်ပွဲတွေဝင်နေကြရင်း မေလ ၇ ရက်နေ့အထိ ကျနော်တို့ တိုက်နေကြတာ။ အဲဒီမှာကျတော့ စစ်တပ် တပ်ခွဲတခွဲလောက် ရှိမယ်ထင်တယ်။ G-3 တွေနဲ့ ဝင်ချလာရော။

ဒီနေရာမှာ မှတ်လောက်သားလောက်တခု ပြောရဦးမယ်။ ကျနော်တို့ ထောင်ထဲကို သွင်းလာတဲ့အခါကျတော့ လိုက်ပို့တဲ့ MI တွေမှာ အမြဲတမ်း ခြောက်လုံးပြူးလေးတွေ၊

ပစ္စတိုလေးတွေ ပါတယ်။ အဲ... ထောင်မှာက ထောင်ဗူးမှာ ရေးထားတယ်... 'မည်သည့် လက်နက်မှ ယူဆောင်မလာရ' ဆိုတာ ရှိတယ်။ အဲဒီ MI တို့ ဘာတို့ဆိုတာ ကျနော့်ရှေ့ တင်ပဲ ထောင်ထဲလည်းရောက်ရော အဲဒီဗူးမှာတင် သူတို့ခါးမှာပါတဲ့ သေနတ်တွေကို ဖြုတ် ပြီးပေးရတယ်။ အဲ... အခုကျတော့ တပ်တတပ်လုံးဝင်လာတာ G-3 တွေနဲ့။ 'မည်သည့် လက်နက်မှ ယူမလာရ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးအောက်ကမှ ဝင်ချလာကြတာ။ အဲဒီတော့ ကျနော့်ခေါင်းထဲမှာ ပေါ်လာတာ "ခြေသြော်... ဗြိတိသျှအစိုးရလက်ထက်က စပြီး သတ် မှတ်ခဲ့တဲ့၊ အစိုးရအဆက်ဆက် သတ်မှတ်အတည်ပြုထားခဲ့တဲ့ ဥပဒေတွေဟာ ဒီစစ် အစိုးရလက်ထက်ကျတော့ ချိုးဖျက်တာ ခံရပါလား" လို့ သွားတွေးမိတယ်။

## ရွှေဂုံမေ–ပြည်တော်ညွန့်

ဒီမှာ တိုက်ဆိုင်တုန်း ရယ်စရာတခု ပြောရဦးမယ်။ အဲဒီတုန်း ကျနော်တို့ ထောင်ထဲမှာ ထိန်းသိမ်းတွေကိစ္စကို ကိုင်ဖို့ဆိုပြီးတော့ ထောက်လှမ်းရေးကလူ ၃ ယောက် ပို့ထားတယ်။ ကျနော်တို့ အဲဒီကျမှ သတိထားမိတာက ဒီထောင်ကို ထောက်လှမ်းရေးက လူပို့တယ်ဆိုလို့ရှိရင် အဲဒီလူဟာ ပြဿနာရှိတဲ့ လူတွေချည်းပဲ။ ရိုးရိုးလူကောင်း ပို့ခဲ့တယ်။ သူတို့ဆီမှာ ပြဿနာတခုဖြစ်တဲ့လူကို အပြစ်ပေးတဲ့သဘောမျိုးဆန်ဆန် ပို့တဲ့ဟာတွေလိုပဲ။

အဲ… ကျနော်တို့ရှိတုန်းက ပို့ထားတာက ၃ ယောက်။ အဲဒီမှာ အကြီးဆုံးအကောင်က ဗိုလ်သိန်းနီဆိုတာ ဝရမ်းအော်ဖစ်ဆာပါ။ ဒုတိယကောင်ကလည်း စကားတောင် သိပ်ပြောတာမဟုတ်ဘူး။ အဲဒီလူကတော့ နည်းနည်းဦးနှောက်ပျက်နေတယ် ထင်တယ်။ ဆေးတံကြီးခဲပြီးတော့ မျက်မှန်အနက်ကြီးတပ်ပြီးတော့ ယူနီဖောင်းအပြည့်နဲ့။ သူက ၃ ရစ်လား မသိဘူး။ အဲဒါကိုပဲ သူက ဂိုက်ကြီးထုတ်နေတာ။ သူက ဘဝင်ရူး ရူးနေတာနဲ့ တူပါတယ်။ အဲဒီတယောက်။ နောက်တယောက်ကတော့ လူလည်။ သိပ်လည်တယ်။ လည်လွန်းလို့ နောက်ကျတော့ အဲဒီလူကို ဖြုတ်ပြီး၊ တပ်ကပါ ထုတ်ပြီးတော့ ဟံသာဝတီ သတင်းစာတိုက် ပို့လိုက်တယ်လို့ကြားတယ်။

အဲဒီတော့ ကျနော်ပြောချင်တာက ခုန ဗိုလ်သိန်းနီ။ တနေ့ကျတော့ ကျနော့်ကို ၂ တိုက်မှာထားတုန်း ကျနော့်ဘေးမှာ ဒီလိုပဲ ကျောင်းသားလှုပ်ရှားမှုနဲ့ အဖမ်းခံရတဲ့ ကိုသိန်းဦးဆိုတာရှိတယ်။ ကိုသိန်းဦးက အဆောင်ပေါ်မှာနေတာ နဂိုက။ အဲဒီပေါ်မှာ၊ အဆောင်ပေါ်မှာ ပြဿနာဖြစ်လို့ သူ့ကို တိုက်ထဲ ပိတ်ထည့်လိုက်တာ။ ပိတ်ထည့်ပြီးနောက် တရက်နှစ်ရက်နေတော့ အဲဒီဗိုလ်သိန်းနီတို့ကတော့ လိုက်ကြည့်တာ။ လိုက်ပြီးတော့ အဲဒီကိုသိန်းဦးအခန်းကို ရောက်တဲ့အခါကျတော့ သူက အပြင်ကနေပဲ "ဟေ့ကောင် သိန်းဦး… ဘယ့်နဲ့လဲ။ မင်း… ထောင်ထဲမှာ ကောင်းကောင်းမနေတော့ တိုက်ထဲရောက်လာပြီမို့လား။ ဘယ်သူမပြု မိမိမှုပေါ့ကွ။ အေး… ငါပြောမယ်… ဥပဒေဆိုတာ လူလုပ်တာကွာ။ ငါတို့လုပ်တာ မဟုတ်ဘူး။ ဟား… ဟား… ဟား…"ဆိုပြီး အဲလို

ပြောတော့ ကျနော် ဘေးကနေ နားထောင်ပြီးတော့ ရယ်ချင်လိုက်တာလေ။ "ဥပဒေဆိုတာ လူလုပ်တာ။ ငါတို့လုပ်တာ မဟုတ်ဘူး။" သူတို့က လူမဟုတ်ဘူးလေဗျာ။

အဲဒါ တကယ်ပဲ။ လူလုပ်တဲ့ဥပဒေမှန်သမျှကို စစ်အစိုးရ ဖျက်ပစ်တာပဲ။ ထောင်ထဲမှာလည်း ဒီအတိုင်းပဲ။ ခုနက ဗိုလ်သိန်းနိုက ရှူးရှူးပေါ်ပေါ် ပြောတာဆိုပေမယ့် လက်တွေ့လည်း အဲဒီအတိုင်းပဲ။ နောက်မှာ တောက်လျှောက် တွေ့လာတာ။

အဲဒီလိုနဲ့ ဒီတိုက်ပွဲပြီးတဲ့အခါ ၆၇ ခုနှစ် ပြီးတဲ့အခါမှာ စဉ်းစားကြည့် တရုတ်–ဗမာ အရေးအခင်း ဆက်ပေါ်တယ်။ မကြာခင်မှာ စစ်တွေ ဆန်အရေးအခင်းမှာ အများကြီး ပစ်သတ်တာဖြစ်လာတယ်။ တရုတ်–ဗမာအရေးအခင်းမှာလည်း သတ်တာတွေ လုပ်တယ်။ အဲဒါအပြင် လက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း ဧရာမထိုးစစ်ကြီးတွေနဲ့ အကြီးအကျယ်တိုက်တယ်။ ဆိုလိုတာက စစ်အစိုးရဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြီးတဲ့နောက် သူတို့စခဲ့တဲ့ ဖိနှိပ်မှု၊ အရှိန်စမြှင့်တဲ့ ဖိနှိပ်မှုက အဲဒီမှာ အထွဋ်အထိပ်နီးပါး ရောက်လာတယ်လို့ ပြောရမယ်လို့ထင်တယ်။

အဲ... ကျနော်တို့ထောင်ထဲမှာလည်း(မန္တလေးထောင်ထဲမှာလည်း) အခွင့်အရေးတွေက တဖြည်းဖြည်းပြန်ပြီးပိတ်ကုန်တယ်။ ခုနက မီးဖိုမှာ နိုင်ငံရေး အကျဉ်းသားတွေက သွားပြီးတော့ ကွပ်ကဲတယ်ဆိုတာလည်း မရှိတော့ဘူး။ ဆေးတွေဘာတွေလည်း အကန့်အသတ်နဲ့ပေးတာ ဖြစ်လာတယ်။

အဲဒီလိုနဲ့ ၆၈ ခုနှစ်ထဲမှာ ကျနော်တို့ကို မေးခွန်းတွေ လာပေးတယ်။ ရေးဖြေရတယ်။ မေးခွန်းတွေ တထပ်ကြီးပဲ။ ကျနော်ထင်တယ်။ လေးငါးမျက်နှာ ရှိမယ်ထင်တယ်။ ဖူးစကတ်ဆိုက် စာရွက်အချောတွေနဲ့၊ နောက်ပြီးတော့ ထူးထူးခြားခြား ပုံနှိပ်ထားတာ၊ ဂက်စတာနာနဲ့ လိုမ့်ထားတာမဟုတ်ဘူး။ ပုံနှိပ်ထားတာ။ ပုံနှိပ်တယ်ဆိုတဲ့ အဓိပ္ပါယ်က (ကျနော်က ပုံနှိပ်တိုက်ကလာတဲ့လူပဲနော်) အများကြီးလုပ်လို့ ပုံနှိပ်တာ။ နည်းနည်းဆိုဂက်စတာနာနဲ့ပြီးတယ်။ ဘယ်သူမှ ပုံနှိပ်မနေဘူး။ ဈေးမကိုက်ဘူး။ အများကြီးမို့လို့၊ ကျနော်တို့ မန္တလေးထောင်မှာ အဲဒီတုန်းက ထိန်းသိမ်းက ရှိလှရင် ၂၀၀ ကျော် ၃၀၀ ပေါ့။ လူ ၂၀၀ ကျော် ၃၀၀ လောက်ဆိုလို့ရှိရင် ပုံမှန်ဟာ ဂက်စတာနာနဲ့ပဲ လုပ်တယ်။ ဘယ်သူမှ ပုံနှိပ်မနေဘူး၊ မကိုက်ဘူး။ အဲဒီတော့ မန္တလေးထောင် တခုတည်းတင် မကဘူးလို့ ကျနော်စဉ်းစားလို့ရတယ်။

အဲ... မေးခွန်းတွေ ဖြေခိုင်းတာပဲ၊ ရေးခိုင်းတယ်။ မေးခွန်းမှာ ဘာတွေပါလဲ ဆိုရင် နာမည်မေးမယ်။ နောက်ကြောင်းမေးမယ်။ ဘာ့ကြောင့် အဖမ်းခံရသလဲ? အဖမ်းခံသင့်တယ် ထင်သလား? ဖမ်းတာမှန်သလား မှားသလား? သင့်ကို လွှတ်ပေးသင့်သလား? ဘာကြောင့် လွှတ်ပေးသင့်သလဲ? သင်နဲ့အတူ အခြား မည်သူတွေရှိသလဲ? သူတို့ကိုရော လွှတ်ပေးသင့်သလား? လွှတ်ပေးသင့်ရင် ဘာ့ကြောင့် လွှတ်ပေးသင့်တယ်? လွှတ်မပေးသင့်ရင် ဘာ့ကြောင့် လွှတ်မပေးသင့်ဘူး ရေးပါ။ တခြား ဘာပြောစရာရှိသေး

သလဲ? ဆိုလိုတာ လက်နက်ချချင်တဲ့လူတွေ တရားဝင်လက်နက်ချဖို့ အခွင့်အရေးပေးနေတာ။

အဲဒီတော့ ဒါဟာ ထောင်ထဲမှာ ဆန်ကာတိုက်တယ်လို့ ပြောရမလားမသိဘူး။ အဲဒီမတိုင်ခင်လေးလောက်မှာ ထောင်ထဲမှာ စပြီးကြားလာရတာက 'ကိုကိုးကျွန်း ပြင်နေပြီ'ဆိုတဲ့သတင်းက လွှင့်လာတယ်။ အဲဒီတော့ ထောင်လို နေရာမျိုးမှာ ဒီလိုသတင်းမျိုး ရောက်လာတယ်ဆိုတော့ အမှတ်တမဲ့ကတော့ "ဒါမျိုးက အုတ်ရိုးသတင်းပါကွာ။ ယုံမနေပါနဲ့။"အဲလိုပဲ ပြောတတ်ကြတယ်။ ကျနော်တို့လည်း ကြားခါစကတော့ အဲဒီလိုပဲ ခပ်ပေါ့ပေါ့ပဲ ထားတယ်။ ကိုယ်ကိုယ်တိုင် ကိုကိုးကျွန်းရောက်ပြီးတဲ့နောက် ပြန်စဉ်းစားမိတဲ့အခါကျတော့ သြော်... မန္တလေးထောင်ထဲမှာ ကျနော်တို့တောင် ပြန်ကြားရလောက်အောင် ရှိပြီဆိုလို့ရှိရင် ဒီကိစ္စဟာ အတော်ကြာနေပြီ။ ဘာလို့ဆိုတော့ ကျနော်တို့ပါးစပ်ကို ရောက်တယ်ဆိုတာက ထောင်ဝါဒါလောက်ဆီကပဲ ရတာ။ အဲဒီတော့ ထောင်ဝါဒါဆိုတာ အောက်ဆုံးအဆင့်၊ ဘာမှမဟုတ်ဘူး။ သူတို့ကိုတောင်မှ အသိပေးတယ်၊ သူတို့တောင် သိရတဲ့အဆင့် ရောက်ပြီဆိုတော့ သိပ်အစောကြီးကတည်းက ပြင်ဆင်ထားပြီးပြီ။ သိပ်ကို သေချာနေတော့မှ၊ သိပ်ကိုလက်တွေ့ကျနေတော့မှ ဒီထောင်ဝါဒါလောက်ဟာ သိရတာဖြစ်တယ်။ အဲဒါက ၆၈ ခုနှစ်။

အဲဒီလိုနဲ့ပဲ ၆၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ လဆန်းစလောက်ပဲထင်တယ်။ အဲဒီမနက်မှာ ထမင်းစားပြီးခါစ ၁၀ နာရီလောက် ရှိမယ်ထင်တယ်။ "အိပ်ယာလိပ်၊ အိပ်ယာလိပ်"ဆိုပြီးတော့ လာအမိန့်ပေးတယ်။ အဲဒီတော့ ထောင်ထဲမှာ အိပ်ယာလိပ်ခိုင်းတယ်ဆိုတာ လူတယောက်ကို လွှတ်ရင်လည်း လွှတ်တယ်လို့ မပြောဘူး၊ အဆောင်ပြောင်းရင်လည်း ပြောင်းတယ် မပြောဘူး။ ထောင်ပြောင်းရင်လည်း ပြောင်းတယ်မပြောဘူး။ "အိပ်ယာလိပ်" ဒါတခုပဲ ပြောတယ်။ အဲ... ကျနော်တို့လည်း အိပ်ယာလိပ်၊ ကိုယ့်ပစ္စည်းတွေကိုယ်ထုပ်။ သူတို့နောက်က လိုက်သွားတာပေါ့။

ကျနော်တို့ကတော့ တိုက်က ထွက်သွားတာ။ အဲဒီတော့ ထောင်ထဲမှာ ဖြတ်သွားတော့ ထောင်ကျတွေက ငေးနေတာပေါ့။ ငေးနေရင်း ကျနော်တို့ကို လွှတ်ပြီ လွှတ်ပြီမှတ်လို့ သူတို့က ဝမ်းသာလို့၊ ပြုံးလို့ နှုတ်ဆက်နေကြတာ။ "ကျွတ်ပြီ...လွှတ်ပြီ"လို့ တချို့လည်း တိုးတိုးလေးလှမ်းပြောတယ်။ ကျနော်တို့ကတော့ ကိုယ့်အကြောင်းကိုယ် သိနေတော့ လွှတ်တာတော့ မဖြစ်နိုင်ဘူး။ ဘာဖြစ်မလဲ၊ စောင့်ကြည့်ရဦးမယ်ဆိုတာတော့ အောက်မေ့တယ်။

အဲလိုနဲ့ ထောင်ထဲက ဒီလိုထွက်လိုက်တော့ ကျနော်တို့ ဘယ်ပို့လိုက်လဲဆိုတော့ မန္တလေးနန်းတွင်းထဲမှာရှိတဲ့ စစ်ထောင်ထဲကို ပို့လိုက်တယ်။ နဂိုကတည်းကလည်း စစ်ထောင်မှာ ရှိနေပြီးသား။ ဘယ်သူတွေရှိလဲဆိုတော့ စောစောကပြောတဲ့ ၆၇ ခုနှစ် ဒုတိယသပိတ်ဆန္ဒပြပွဲ ဖြစ်ပြီးတဲ့အခါကျတော့ အဲဒီမှာ တက်ကြွတဲ့လူတွေကို စစ်ထောင်

ပို့ပစ်လိုက်တယ်။ အဆောင်ပေါ်က လူတွေကို။ တိုက်ထဲကလူတွေကတော့ ပို့ဖို့မလိုဘူး။ နဂိုကတည်းက တိုက်ထဲကမို့လို့။ စစ်ထောင်ခွဲပို့လိုက်တယ်။ အဲဒီမှာလည်း အများစုက ကျောင်းသားတွေပဲ။ အဲဒီတော့ စစ်ထောင်မှာ ကျနော်တို့အားလုံး သွားပြီးဆုံနေကြတယ်။ အားလုံးပေါင်း လူ ၃၀ ကျော်လောက် ရှိမယ်ထင်တယ်။

အဲဒီလိုနဲ့ စစ်ထောင်မှာ ကျနော်တို့ တညအိပ်တယ်။ ဒါပေမယ့် အိပ်လို့မှ ဘာမှမကြာသေးဘူး "ထ ထ ထ ထ" ဆိုပြီး ခေါ်တာကို မနက်အစောကြီး ၄ နာရီလောက်ဖြစ်မယ်ထင်တယ်။ အဲဒီတော့ ကျနော်တို့ ထလိုက်သွားတော့ လက်ထိတ်တွေခတ်။ ကိုယ့်ပစ္စည်းကိုယ်ဆွဲ၊ ကားပေါ်တင်ခေါ်သွားတော့ ခဏလေးပဲ ရောက်သွားတယ်။ မန္တလေးသားပဲ မန္တလေးနန်းတွင်းအကြောင်းတော့ သိနေတာပေါ့။ အဲဒီမန္တလေးနန်းတွင်းထဲက မတ္တရာမီးရထားလမ်းဘေးမှာ ကားတွေကို ရပ်လိုက်တယ်။ အဲဒီမှာက မီးရထားတွဲလေးတတွဲငုတ်တုတ်ကလေး၊ အမှောင်လေးထဲမှာ ရှိနေတယ်။ "ရထားပေါ်တက်၊ ရထားပေါ်တက်"ဆိုတော့ ကျနော်တို့အားလုံး ရထားပေါ် တက်လိုက်ကြတာ။

အဲဒီတော့ အဲဒီအမှောင်ထဲမှာပဲ တွဲလေးငုတ်တုတ်နဲ့ ကျနော်တို့တတွေ ငုတ်တုတ်ကလေးထိုင်ပြီး စောင့်နေကြတာ။ ခဏနေတော့မှ ခေါင်းတွဲတတွဲလာပြီး 'ဂျိမ်း' ဆိုပြီး ကျနော်တို့တွဲကို ဆက်တယ်။ ဆက်ပြီးတော့ ခုတ်ပြီးခေါ်သွားတာ။ ခေါ်သွားပြီးတော့ ကျနော်တို့ကို မန္တလေးဘူတာကြီးထဲဖြုတ်။ ဖြုတ်ပြီးတော့ ဟိုဘက်ဘူတာကြီး နံပါတ် ၁ ပလက်ဖောင်း ကျော်ပြီးတော့ ဟိုဘက်တနေရာမှာ သွားပြီး ရပ်ထားတာ။ ပြတင်းပေါက်တွေရော၊ တံခါးတွေရော အကုန်လုံး ပိတ်ထားတာ။ ကျနော်တို့အတွဲထဲမှာတော့ တံခါးပေါက် ၂ ပေါက်နေရာမှာရော၊ အထဲမှာရော (SB က လူတွေလို့ထင်ရတယ်) အကုန်လုံးစောင့်နေတာ ပါလာတယ်။ သူတို့ကလည်း ခြောက်လုံးပြူးအတိုလေးတွေ ပါကြတယ်။

အဲ... သူတို့က ဒီမှာ စောင့်နေတယ်။ ခဏနေတော့ ကျနော်တို့တွဲကို နောက်က ကျန်တဲ့ခရီးသည်တွဲတွေနဲ့ ဆက်လိုက်တယ်။ ဆက်လိုက်ပြီးတော့ မနက်အစောကြီးမှာ မန္တလေးက ထွက်လာတာ။ မန္တလေး–ရန်ကုန် 'ရွှေဂုံမေ' နေ့ချင်းပေါက် ရထားကြီးနဲ့ ကျနော်တို့ကို ခေါ်သွားတာ။ အဲဒါ လမ်းမှာကျတော့ သူတို့မီးရထားရပ်မယ့်ဘူတာရောက်လို့ရှိရင် ပြတင်းပေါက်တွေ ပိတ်တယ်။ တံခါးတွေ ပိတ်တယ်။ နို့မဟုတ်လို့ရှိရင်တော့ ဖွင့်ထားတာ။ လက်ထိတ်ကတော့ ဖြုတ်မပေးဘူး။ ထမင်းစားရင်တောင် ဖြုတ်မပေးဘူး။

အဲဒါနဲ့ ရန်ကုန်ဘူတာကြီးကျတော့ ဝင်သွားတဲ့ညမှာ မှောင်နေပြီ။ ဝင်သွားတော့ ကျနော်တို့လာတုန်းက အမြန်ပဲ။ ဘူတာကြီး ဝင်တုန်းရှိသေး၊ ရပ်ခါစ ရှိသေး၊ အမြန် နောက်တွဲတွေနဲ့ကျနော်တို့ကိုဖြုတ်ပြီး ခေါင်းတွဲက ကျနော်တို့ကို မောင်းခေါ်သွားတာ။ ဟို... ချောင်ထဲမှာ သွားရပ်ထားတာ။ သမ္မတရုံတောင် လှမ်းမြင်နေရတယ်။ သမ္မတရုံနဲ့ မဝေးတော့ဘူး။ အဲဒီမှာ ဘယ်သူမှလည်းမရှိဘူး။ ကျနော်တို့နဲ့အတူပါလာတဲ့ SB က

လူတွေ၊ သူတို့လောက်ပဲရှိတယ်။ သူတို့ စောင့်နေကြတယ်။ အဲဒီမှာ တနာရီကျော် လောက် ကြာမယ်ထင်တယ်။

ခဏနေတော့မှ ကျနော်တို့အားလုံးကို ဆင်းခိုင်းတယ်။ ထောင်ကားတစီးပေါ် တက်ခိုင်းတယ်။ ထောင်ကားက တစီးတည်းရယ်။ လူက ၃၀ ကျော်။ အို… မွန်းသိပ်နေ တာ။ ဗိုက်ကလည်း ဆာပြီ။ အဲဒီကနေ ခေါ်သွားတဲ့အခါမှာ ဖြစ်ချင်တော့ ခုနက လူငယ် တပ်ဦးက ရဲနီဝင်းမြင့်(မန္တလေးက ဒုတိယနှစ်၊ စန္ဒယားသင်တန်း၊ ပန်တျာကျောင်းသား)၊ ကိုဝင်းမြင့်က 'တက်'ပါလေရောဗျာ။ ဟာ… တက်တဲ့အခါကျတော့ ကျနော်တို့လည်း ဘာလုပ်ရမှန်းမသိဘူး။ 'ဂစ်ဂစ်…ဂစ်ဂစ်'နဲ့ တက်တာ။ သူက ခရီးပင်ပန်းတာလည်းပါ၊ သူ့နဂိုကလည်း ကျန်းမာရေးက မကောင်းရှာဘူး။ အဲဒီမှာ မွန်းကျပ်နေတဲ့အချိန်၊ တက် တဲ့အခါကျတော့ အားလုံး အော်ကြတာပေါ့။

**'ကားရပ်ပေးစမ်း'**ဆိုတော့ ဒီကောင်တွေ ရပ်မပေးဘူး။ တခါတည်း အတင်း မောင်းခေါ်သွားတာ။ ကျနော်တို့နဲ့အတူတူ ပါလာတဲ့အထဲမှာက ဟို… ဒေါက်တာကူးမား ဆိုတာ ရှိတယ်။ မန္တလေးက ဆရာဝန်။ သူက ဟိန္ဒူထင်ပါတယ်။ ဆရာကူးမားကတော့ သူက ဆရာဝန်ဆိုတော့ ကုပေးချင်တယ်။ ဒါပေမယ့် ဆရာဝန်ဟာ ဆေးမရှိရင် အလကား ပဲလေ။ သူက **"ခင်ဗျားတို့ ဇွန်းမရှိကြဘူးလား။ ခင်ဗျားတို့ ဇွန်းမပါကြဘူးလား။ အဲဒီ ဇွန်းတချောင်းနဲ့ အဲဒီပါးစပ်ကို ကန့်လန့်ထား။ ဟို… သူ့ရဲ့သလိပ်က ပြန်ပြီးတော့ သူ့ရဲ့ အသက်ရှူတဲ့လမ်းကြောင်းမှာ မပိတ်မိအောင် ကန့်လန့်ထား။ ခေါင်းကို စောင်းထား။"** အဲဒီလောက်ပဲ သူပြောနိုင်တယ်။ ဟာ… အဲဒါနဲ့ ကျနော်တို့ တထိတ်ထိတ်နဲ့ ကိုဝင်းမြင့် အဲဒီ တက်လျက်တန်းလန်းကြီးနဲ့ ခေါ်လာတာ အင်းစိန် တွဲဖက်ထောင်အထိပဲ။

အဲဒါနဲ့ အင်းစိန် တွဲဖက်ထောင်ကို ကျနော်တို့ ရောက်လာရော။ အဲဒီ တွဲ ဖက်ထောင်ထဲကို သူတို့ ထည့်လိုက်တယ်၊ ၂ ဆောင်။ ညကြီးရောက်တာ။ ဗူးဝမှာတင် နာမည်တွေ ဘာတွေမေး၊ နည်းနည်းပါးပါး ဆူဆဲဟိန်းဟောက်၊ တချို့ကျလည်း နည်းနည်း ပါးပါး ရိုက်လိုက်၊ ကန်လိုက်ဆိုတာလေးပြု ထင်ပါရဲ့။ တွဲဖက်ထောင်ထဲ ရောက်သွားတော့ ကျနော်တို့အရင် ရောက်နေကြတဲ့လူတွေ ရှိတယ်။ အားလုံးဟာ အထက်ဖက်ကလာတဲ့၊ ထောင်အသီးသီးက လာတဲ့လူတွေချည်းပဲ။ မှတ်မိသလောက်ဆို… ကသာထောင်က ပါ တယ်ဗျာ၊ သရက်ထောင်က ပါတယ်ဗျာ၊ မြင်းခြံထောင်က ပါတယ်။ တခြားလည်း ပါသေး တယ်ထင်တယ်။ အားလုံးပေါင်း တရာနီးပါးလောက် ရှိမယ်ထင်တယ်။

အဲဒီတော့ အဲဒီထောင်ထဲမှာ နေရတဲ့အခါကျတော့ သူတို့ဖက်က အပြတ် ဆုံး ဖြတ်ချက်ချပြီးသားဖြစ်နေပြီ။ အဲဒီကျတော့ နည်းနည်းလေးမှကို လူလို မဆက်ဆံတော့ ဘူး။ အမြဲတမ်း ဟိန်းဟောက် ငေါက်ငမ်း၊ နာမည်ခေါ်တာကအစ စော်ကားမော်ကားခေါ်၊ နောက် ကျနော်တို့ကို အမျိုးမျိုးသရော်၊ နှိမ်။ အဲလိုပဲ ပြောဆိုဆက်ဆံပြီးတော့ အဲဒီထဲမှာ ကျနော်တို့ တပတ်ကျော်လောက် နေရတယ်ထင်တယ်။

အဲ... အင်းစိန်ထောင်ထဲမှာပဲ ကျနော်တို့ကို နောက်တခါ ထပ်ပြီးတော့ စာမေးပွဲ စစ်ပါလေရော။ စာမေးပွဲစစ်တယ်ဆိုတာ စောစောကပြောသလိုပဲ သူတို့ မေးခွန်းပုံစံတွေ ပေးပြီး ဖြေခိုင်းတာ။ ဖြေရတဲ့မေးခွန်းတွေက အရင်ဟာနဲ့ တထပ်တည်းပဲ။ အဲဒါတွေ ကျနော်တို့ ရေးပေးရတယ်။ ရေးပေးပြီးတော့ ဘာမှမကြာပါဘူး။ နောက်ထပ် နှစ်ရက်လောက်ကြာတယ်ထင်တယ်၊ အဲဒီညကြီးမှာ သူက ည ၁၁ နာရီလောက်ထင်တယ်၊ ဖေဖော်ဝါရီ ၁၀ ရက်လား ၁၁ ရက်လား မသိဘူး၊ ညကြီးမှာ လာခေါ်တာပဲ။ အဲ... ထောင်ရဲ့ ဥပဒေဆိုတာက ညနေ ၆ နာရီ လူစစ်၊ ထောင်ပိတ်ပြီးရင် လူအထုတ်အသွင်း လုံးလုံး မလုပ်ရတော့ဘူး။ ဘာမှ မလုပ်ရဘူး။ အမြင်အချုပ်တွေမှာ ထားပဲ။ ဒါ တလျှောက်လုံး လိုက်နာတဲ့ ဥပဒေ။

ဒါပေမယ့်ဗျို့... အဲဒီညကတော့ ပြောမနေနဲ့။ ည ၁၁ နာရီ ၁၂ နာရီ လောက် ကျနော်တို့အားလုံးကို ခေါ်ထုတ်တာ။ အဲဒီတော့ ကျနော်တို့က ၂ ဆောင်၊ ၁ ဆောင်က လူတွေလည်း ပါတယ်ဗျို့။ နောင်မှ ပြန်လာပြီးတော့ ကျနော်တို့သိရတာ။ အဲဒီတော့ ကျနော်တို့အဆောင်က ထွက်လာတယ်ဆိုတာ ည၊ ကြယ်တွေက တဖွေးဖွေးနဲ့၊ အဲ... ညရဲ့လေလေးက အင်မတန်မှကို သာယာတာကိုးဗျ။ ကျနော်တို့က တလျှောက်လုံး တိုက်ခန်းချည်းပဲ နေလာတဲ့အခါကျတော့ ဒီလို လေပြည်လေညင်းရတော့၊ အံမယ်... လန်းဆန်းလိုက်တာ အောက်မေ့တယ်။

ဒါပေမယ့် ကျနော်တို့ ဗူးအထိ လျှောက်သွားရမယ့် လမ်းတဖက်တချက်မှာ အကုန်လုံး ဝါဒါတွေ၊ ဝါးရင်းတုတ်တွေနဲ့ တန်းစီပြီး စောင့်နေတာ အပြည့်ပဲ။ ထောင် ၂ ထောင်စလုံးက ဝါဒါတွေကို၊ ဟို... တွဲဖက်ထောင်ကရော၊ ထောင်မကြီးကရော၊ ဝါဒါတွေ၊ ကြက်တူရွေးခန်း၊ ရှစ်ယောက်ဗူးမှာ မရပ်ရဘူး။ ဒါတွေ လုံးလုံးမရှိဘူး။ တံခါးတွေ အားလုံးက တိုးလျှိုပေါက် ဖွင့်ထားပြီးသား။ ကျနော်တို့ တောက်လျှောက် လျှောက်ပြီး ထွက်သွားတာ။

အဲ... ထောင်အပြင်ရောက်တယ်ဆိုတာနဲ့တပြိုင်နက်တည်း အပြင်မှာ ဟီးနိုးကားကြီးတွေ ရပ်နေတာ တွေ့ရတယ်။ ကျနော်တို့ကို ဟီးနိုးကားကြီးတွေပေါ် တက်ခိုင်းတယ်။ ဟီးနိုးဘတ်စ်ကားကြီးတွေ။ တက်လိုက်တဲ့အခါကျတော့ ပြတင်းပေါက်တွေ အားလုံးက စက္ကူတွေကပ်ပြီး ပိတ်ထားတယ်။ ဒရိုင်ဘာရှေ့က မှန်တခုပဲ မြင်ရတာ။ ကျနော် ထင်တယ် ကား ၃ စင်းထက်တော့ မနည်းဘူး။ ဘယ်နှစ်စီးလဲတော့ ကျနော်လည်း မရေနိုင်ဘူး။ အဲဒီ ခပ်လှမ်းလှမ်းမှာ စစ်သားတွေ စောင့်နေတယ်လို့ ကျနော် လှမ်းတော့မြင်ရတယ်။ ဒါပေမယ့် နည်းနည်းလှမ်းတယ်။ သိပ်လည်း အချိန်မရတော့၊ "တက် တက်"ဆိုတော့ တက်လိုက်ရတယ်ဆိုတော့ ဟိုဒီလည်း ကြည့်မနေနိုင်ဘူး။ အသေးစိပ်တော့ မမြင်ရဘူး။ ဘယ်နှစ်ယောက်ပဲ၊ ဘာညာဆိုတာ မှန်းလို့မရဘူး။

**နောက်...** ကားတွေမောင်းလာတော့ သတိထားမိတာ လမ်းမှာ ရှင်းပေးတဲ့ဟာတွေ ရှိတယ်။ ဘယ်နေရာမှာမှ ရပ်ဖို့မလိုဘူး။ ဘေးက ကားတွေဘာတွေ အကုန်လုံးလည်း သူတို့ရပ်ခိုင်းထားတာရှိတယ်။ ဟို... ဘေးကပ်ခိုင်းထားတာတွေ ရှိတယ်။ ကြည့်ရတာ ကျနော်တို့ရှေ့မှာ မော်တော်ပီကယ်လိုဟာမျိုး လမ်းရှင်းတဲ့ဟာ ပါတယ်ထင်တယ်။ ဒါမှမဟုတ် ကြိုပြီးတော့ကိုပဲ မော်တော်ပီကယ်တွေ လမ်းဘေးမှာ ချထားလားမသိဘူး။ အကုန်လုံးကို ချောချောရှူရှူပဲ ခေါ်သွားလိုက်တာ။

ဗိုလ်တထောင် ကျန်းမာရေးဆိပ်ကမ်းကိုရောက်သွားတာ ညကြီး။ ဗိုလ်တထောင် ကျန်းမာရေးဆိပ်ကမ်းဆိုတာ ကျနော်က တခါမှမရောက်ဖူးဘူး။ အညာသားများ တော်တော်များများလည်း ဘယ်သူမှမရောက်ဖူးကြဘူး။ ပင်လယ် မမြင်ဖူးတဲ့သူတွေ၊ ပင်လယ်ကူးသင်္ဘောမမြင်ဖူးတဲ့သူတွေက အများကြီး။

လှမ်းကြည့်လိုက်တဲ့အခါကျတော့ဗျာ... အဲဒီမှာ ဆလိုက်မီးကြီးတွေက ထိန်နေတာပဲ ထွန်းထားတာ။ အဲဒီထဲမှာ 'ပြည်တော်ညွှန့်'သင်္ဘောကြီးကလည်း ဖြူဖြူဝင်းလို့။ အဲဒီအောက်မှာမှ သံခမောက်တွေကလည်း တဝင်းဝင်းနဲ့။ အို... လုံ့စွပ်တွေကလည်း တပြေးပြေးနဲ့။ ဟာ... မြင်ကွင်းက ဟစ်တလာခေတ်က မြင်ကွင်းတခုကို ကြည့်နေရသလိုပဲ။ ခြောက်ခြားစရာ အင်မတန်ကောင်းတာ။ ဒီ ဝင်းထိန်နေပုံကိုက သဘာဝမကျတဲ့ ဝင်းထိန်နေပုံကြီးဆိုတော့ စိတ်ကို သိပ်ခြောက်ခြားစရာကောင်းတာ။

အဲဒီမှာတော့ ကျနော်တို့အားလုံးလည်း "ဪ... ကိုကိုးကျွန်းပို့ပြီ" ဆိုတာ စိတ်ဒုန်းဒုန်းချပစ်လိုက်ရတာ။ နဂိုကတော့ တချို့လူတွေက "ပြည်ထောင်စုနေ့နား နီးနေပြီ။ လွှတ်တာတွေ ဖြစ်မှာ"ဆိုပြီး ကြံကြံဖန်ဖန်တွေးတဲ့လူ ရှိသေးတယ်။ ကျနော်တို့ကတော့ အဲဒီလိုတွေးစရာမလိုဘူးလေ။ ကိုယ့်လွှတ်ချင်ရင် မန္တလေးထောင်ကနေပြီးတော့ အင်းစိန်ထောင်ထိတော့ ဘယ်သူမှ ခေါ်မလာဘူး။ မန္တလေးကတည်းက လွှတ်မှာပဲ။ အဲ... တချို့ အဲလိုစိတ်ကူးယဉ်တဲ့သူတွေ ရှိတော့ရှိတာပေါ့ဗျာ။ ဒါတော့ သူတို့လည်း အပြစ်မပြောပါဘူး။ အဲလိုအချိန်မှာတော့ ဒီလိုပဲစဉ်းစားတတ်ကြတာပေါ့။ ခု မျက်စိထဲမှာ သင်္ဘောကြီးတစင်း မားမားကြီးတွေ့နေရတာ။ အဲဒီကို ကျနော်တို့ခေါ်သွား၊ မရပ်နဲ့။ ဘာမှ စောင့်နေရတာ၊ ရပ်နေရတာ မရှိဘူး။ အကုန်လုံးက စီစဉ်ထားပြီးသား။ အတိအကျတွေ။

အပေါ်မှာ"တက်တက် တက်တက်"လှေကားပေါ် တက်သွား။ သင်္ဘောဝမ်းပေါ်ကျတော့"ဆင်းဆင်းဆင်းဆင်း"ဆိုပြီးတော့ တခါတည်း ဝမ်းဗိုက်အောက်ထဲကို ဆင်းသွားရတာ။ ဝမ်းဗိုက်နှစ်ခန်းထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ထည့်သားတာ။ ကျနော်တို့က ရှေ့ကအခန်းထဲက။ ကျနော်တို့အရင် ရောက်နေတဲ့လူတွေလည်း ရောက်နေကြပြီ။ ကျနော်တို့ အခန်းထဲမှာ အားလုံးပေါင်း လူတရာကျော်လို့ ထင်တယ်။

## အာဏာနည်သူရဲကောင်းတွေ

ကျနော်တို့တတွေ ကိုကိုးကျွန်းကို သွားရမယ်ဆိုတာလည်း ရှင်းသွားပြီ။ ဘဝမှာ အကွေ့အပြောင်းကြီးတခုကို ရောက်တော့မယ်ဆိုတာလည်း သေချာသွားပြီ။ ဒီနေရာမှာ ကျနော် ဖြတ်ပြောချင်တာတခုက ထောင်ထဲရောက်တဲ့လူတွေ (ရာဇဝတ်မှုနဲ့ပဲ ရောက်ရောက်၊ နိုင်ငံရေးအမှုနဲ့ပဲ ရောက်ရောက်)ဟာ သူတို့အတွက်မှာ ထောင်ဆိုတာဟာ ဘဝရဲ့အဆစ်အချိုးလေးတခု ဖြစ်လေ့ရှိတယ်ဗျ။ အကောင်းဘက် ပြောင်းသွားတာလည်း ဖြစ်ရင်ဖြစ်လိမ့်မယ်၊ အဆိုးဘက် ပြောင်းသွားတာလည်း ဖြစ်ရင်ဖြစ်လိမ့်မယ်။ ဒါပေမယ့် အဆစ်အချိုးကြီး၊ အကွေ့အပြောင်းကြီးတခု ဖြစ်သွားလေ့ရှိတာက အမှန်။ ကျနော့်တဦးချင်းအဖို့ဆိုရင် အဲဒီအတိုင်းပဲ။

ကျနော်ဟာ ထောင်ထဲမရောက်ခင်တုန်းက ကျောင်းသားနိုင်ငံရေးလောက်ပဲ သိတယ်။ ဟို... ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတဲ့၊ ကျောင်းသားတွေအတွက် ဒီမိုကရေစီအခွင့်အရေးကို လိုချင်တဲ့ သာမန်လူငယ်တယောက်ရဲ့အသိတခုနဲ့ပဲ ကျနော် ထောင်ထဲဝင်လာခဲ့တာ။ စာဖတ်တာတွေတော့ ရှိတာပေါ့။ ဒါပေမယ့် စာအုပ်အသိလောက်ပဲ ရှိတယ်။ အဲ... ထောင်ထဲရောက်ပြီးတဲ့အခါကျတော့ ကျနော်ဟာ ဒီစစ်အစိုးရအပေါ်မှာ နာကျည်းမှုက အသဲထဲ စွဲသွားခဲ့တယ်။ အစိုးရနဲ့ပတ်သက်ပြီးတော့၊ နောက်ပြီး ကိုယ့်ဘဝနဲ့ ပတ်သက်ပြီးတော့၊ ကိုယ်ဘာလုပ်မယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ စိတ်ဒုန်းဒုန်းချ သွားစေတာ ထောင်ပဲဗျ။

အဲ... ထောင်ထဲမှာမှတခါ ကိုကိုးကျွန်းဆိုတဲ့အဆင့်ကျတော့ ပိုပြီးတော့တောင်မှ ကျနော့်ရဲ့ ဒီဆုံးဖြတ်ချက်ကို၊ ပိုင်းဖြတ်ချက်ကို မြဲမြဲသွားစေခဲ့တယ်လို့ ပြောနိုင်တယ်။ ကိုကိုးကျွန်းက ပေးလိုက်တဲ့အသိ၊ ကိုကိုးကျွန်းက ပေးလိုက်တဲ့ ခံစားချက်၊ ကိုကိုးကျွန်းက ပေးလိုက်တဲ့ အတွေ့အခေါ်ဟာ ကျနော့်အဖို့ လက်စားချေစိတ်နီးပါးကို ဖြစ်လာတယ်။ နိုင်ငံရေးသမား၊ တော်လှန်ရေးသမားတယောက်အနေနဲ့ 'လက်စားချေ'ဆိုတဲ့စကားမျိုးက ပြောလို့မကောင်းပါဘူး။ ပြောလို့လည်း မသင့်ဘူး။ ဒါပေမယ့် တကယ်ပဲ ကျနော်ဟာ ဘာလုပ်လုပ်၊ ဘာပဲစဥ်းစားစဥ်းစား ကျွန်းမှာ ကိုယ့်မျက်စိအောက်တင် ကျဆုံးသွားတဲ့

ရဲဘော်တွေကို မစဉ်းစားပဲကို မနေနိုင်အောင် "သူတို့အတွက်၊ သူတို့အတွက်" ဆိုတာ မျိုးတွေ အမြဲတမ်းလိုလို ပေါ်တယ်။ ဒါကြောင့်မို့လို့ ကျနော်က လက်စားချေစိတ်နီးပါး ဖြစ်ရတယ်လို့ပြောတာ။

အဲဒီကျွန်းက ပြန်လာတဲ့နောက်မှာ ကျနော်ဟာ တယောက်ယောက်က တာဝန်ပေးလိုက်သလိုပဲ၊ အဲဒီမှာ ကျသွားတဲ့လူတွေက တာဝန်ပေးလိုက်သလိုပဲ။ နောက်... ကျနော်ကလည်း သူတို့ကိုအာမခံပြီး အဲဒီတာဝန်ကို ယူလာသလိုလိုပဲ။ အဲ... တလျှောက်လုံး၊ တဘဝလုံး၊ အဲဒါ ပါတော့တာပဲ။

ဒီနေရာမှာ တခါတည်း ဆက်ပြောချင်တာက အာဇာနည်သူရဲကောင်းတွေရဲ့ အခန်း။ တော်လှန်ရေးသမားတယောက် ဒါမှမဟုတ်ရင် ပြည်သူ့ဘက်တော်သား တယောက် မိမိယုံကြည်ချက်အပေါ်မှာ ရေရှည်သန္နိဋ္ဌာန် မြဲစေတဲ့အကြောင်းတွေထဲမှာ ကျနော်ထင်တာ အဓိကကျတဲ့အချက်က ၂ ချက်ရှိတယ်လို့ထင်တယ်။

ပထမအချက်က သူယုံကြည်တဲ့ အမှန်တရား။ နံပါတ် ၂ အချက်က အာဇာနည်သူရဲကောင်းတွေ။ သူတို့ဟာ တော်လှန်ရေးကို ခုနကပြောတဲ့ သူယုံကြည်တဲ့ အမှန်တရားနဲ့ သူပိုင်းဖြတ်လုပ်ခဲ့တယ်။ အဲဒီ ပိုင်းဖြတ်လုပ်တဲ့ဟာကို အာဇာနည်သူရဲကောင်းတွေက(အထူးသဖြင့် ကိုယ်နဲ့အတူ တိုက်ဖော်တိုက်ဖက် သူရဲကောင်းတွေက) ဒီဆုံးဖြတ်ချက်ကို ပိုမြဲမြံစေတယ်။ သန္နိဋ္ဌာန်ပိုပြီးတော့ ခိုင်မာစေတယ်လို့ ကျနော် အဲလိုမြင်တယ်။

ဒါကြောင့်မို့လို့ ဘယ်နိုင်ငံရေးအဖွဲ့အစည်းမဆို၊ ဘယ်လူ့အဖွဲ့အစည်းမဆို တော်လှန်ရေးအာဇာနည်တွေကို ဖော်ထုတ်ကြရစမြဲ၊ သူတို့ရဲ့အတ္ထုပ္ပတ္တိတွေကို သင်ပြီးတော့ အတုယူစရာအဖြစ် လူငယ်တွေကို အမြဲပညာပေးရစမြဲ ဖြစ်တယ်ဗျ။ အဲဒီတော့ နိုင်ငံပဲဖြစ်ဖြစ်၊ တိုင်းပြည်တခုပဲဖြစ်ဖြစ်၊ နိုင်ငံရေးလုပ်တဲ့ ပါတီအဖွဲ့အစည်းတခုပဲဖြစ်ဖြစ်၊ နောက်ဆုံး ဘာသာရေးပဲဖြစ်ဖြစ် အာဇာနည်ပုဂ္ဂိုလ်တွေကို စံတင်ကြရတာပဲ။ အဲဒီလို စံမရှိဘဲနဲ့၊ လူတွေဟာ သဘောတရားတခုတည်းနဲ့ လမ်းကြောင်းတခု လျှောက်လို့ မရသေးဘူးလို့ ကျနော်ထင်တယ်။

အဲဒီတော့ တခြားမကြည့်နဲ့ဗျာ။ ကျနော်တို့ ဗမာပြည်က လက်ရှိ ရှိနေတဲ့ စစ်အစိုးရပဲကြည့်(နအဖ)၊ သူတို့လည်း သိတယ်။ အာဇာနည်သူရဲကောင်းတွေကို စံတင်ဖို့လိုတယ်ဆိုတဲ့အချက်။ သူတို့လည်းသိတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ သူတို့မှာ တိုင်းပြည်က အသိအမှတ်ပြုတဲ့၊ တိုင်းပြည်က လေးစားလောက်တဲ့ သူရဲကောင်းမရှိဘူး။ သူတို့က ဗိုလ်ချုပ်အောင်ဆန်းကိုလည်း သူရဲကောင်းမတင်နိုင်ဘူး၊ မတင်ချင်ဘူး။ ဟိုအရင် ဖဆပလ အစိုးရလက်ထက်တုန်းကတော့ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံကို မဲပုံးကပ်ပြီး မဲတောင်းတဲ့ အထိတောင် လုပ်ခဲ့တာဗျ၊ အသုံးချတာတော့။

အခု စစ်အစိုးရကျတော့ အဲဒီလိုလည်း သူတို့က မလုပ်နိုင်ဘူး။ သူတို့ထဲမှာလည်း တကောင်တမြီးမှ လူလေးစားလောက်တာ မရှိဘူး။ နံပါတ်တစ် ဗိုလ်နေဝင်းကအစ

အဆက်ဆက် အကုန်လုံး။ အဲဒီတော့ သူတို့ခေမျာမှာ ရှားရှားပါးပါး သမိုင်းစာရွက်တွေ လျှောက်လှန်ပြီးတော့ ဟိုး... အဝေးကြီးကဟာတွေကို လှမ်းပြီးတော့ သူ့ရဲ့ကောင်းလုပ်နေရတာ။ ပဒေသရာဇ်ဘုရင်တွေရဲ့ လုပ်ကိုင်မှုတွေကိုပဲ (နယ်ချဲ့မှုတွေဘာတွေ အပါအဝင်ပေါ့ဗျာ) အဲဒါတွေကိုပဲ စီတခုလုပ်ပြီးတော့ သူ့ရဲ့ကောင်း တင်နေရတာ။

တကယ်ကျတော့ ကျနော်တို့တိုင်းပြည်၊ ကျနော်တို့နိုင်ငံဟာ ဒီ အနီးခေတ် သမိုင်းမှာ ဂုဏ်ယူစရာသူ့ရဲ့ကောင်း မရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ ကျနော်တို့နိုင်ငံဟာ ကမ္ဘာမှာရှိတဲ့ ဘယ်နိုင်ငံနဲ့ပဲယှဉ်ယှဉ် နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ ဒီဘက်သမိုင်း၊ နောက်ပြီး ဒီမိုကရေစီတိုက်ပွဲသမိုင်း... သမိုင်းအဆက်ဆက်မှာ အင်မတန်ဂုဏ်ပြောင်တဲ့ သူ့ရဲ့ကောင်းတွေအပြည့်နဲ့တိုင်းပြည်ပါ။ ကျနော်တို့ဗမာနိုင်ငံသားတွေဟာ ကိုယ့်တိုင်းပြည်က ဆင်းဆင်းရဲရဲ၊ အစိုးရက ဗလချာရမ်းနေတဲ့ အစိုးရ၊ အဲဒီလိုအခြေအနေထဲမှာ နိုင်ငံခြားရောက်လို့ရှိရင် အင်မတန် မျက်နှာငယ်တယ်။ အဲ... ဒါပေမယ့် ကိုယ့်တိုင်းပြည်ရဲ့ သမိုင်းနဲ့ပတ်သက်လို့ရှိရင် အင်မတန် ဂုဏ်ယူနိုင်တယ်။ “ငါဟာ ဗမာပြည်သားကွ”လို့ လက်မထောင် ပြောလို့ရတယ်။ ဒီ အာဇာနည်တွေကြောင့်၊ ဒီသူ့ရဲ့ကောင်းတွေကြောင့် ... ။

အဲဒီတော့ ကျနော် ပြန်ပြောပါ့မယ်။ ကျနော် အထက်ကပြောခဲ့သလိုပဲ ကျနော် သဘော်ဝမ်းထဲကိုရောက်ရော။ သဘော်က အောက်ဝမ်းဗိုက်ထဲမှာ ရှေ့ခန်းနောက်ခန်း ရှိတယ်။ ကျနော်တို့က ရှေ့ခန်းကိုရောက်တယ်။ ရောက်တဲ့အထဲမှာ ကျနော်တို့ နောက်ဆုံးရောက်တာနဲ့တူတယ်။ ကျနော်တို့ကားပေါ့ဗျာ။ ကျနော်တို့ကားဆိုတာက အင်းစိန်ထောင်က မဟုတ်တဲ့လူတွေ ချုပ်ထားတဲ့၊ အဆောင်ကနေ ထွက်လာတဲ့ တွဲဘက်အမှတ် ၂ အဆောင်ကနေ ထွက်လာတဲ့သူတွေ၊ အညာကလူတွေ အများကြီးပါတဲ့ဟာပေါ့။

အဲ... ကျနော်တို့အဖွဲ့ ဝင်လာတဲ့အခါကျတော့ ကျနော်တို့က ပစ္စည်းတွေ တိုးလို့တွဲလွဲနဲ့ သဘော်ဝမ်းထဲကို ဆင်းလာကြတော့ အရင်ရောက်နှင့်နေတဲ့သူတွေက ငေးကြည့်နေကြတာ။ အင်းစိန်ထောင်က ထွက်လာတဲ့သူတွေက ကိုယ်ပိုင်ပစ္စည်းဆိုလို့ နည်းနည်းပဲ ပါကြတာ။ ဘာကြောင့်လဲဆိုတော့ သူတို့ဆီမှာက ၁၉၆၇ ခုနှစ် ဗမာတပြည်လုံးမှာ အစိုးရက ဖိနှိပ်မှုတွေ ဆုံးဖြတ်ပြီး စလုပ်တဲ့ အချိန်ကစပြီးတော့ အင်းစိန်ထောင်ထဲကိုလည်း အတင်းဝင်ပြီးတော့ နှိပ်စက်တာ။ အကုန်လုံး ခေါ်ပြီးတော့ရိုက်တာ။ ရေသွင်းထားတဲ့ အခန်းတွေထဲ ထားတယ်။ အမျိုးမျိုးနှိပ်စက်တယ်။ အဲဒီလို လုပ်လာခဲ့တာ။ အဲဒီတော့ သူတို့ထဲမှာ အင်းစိန်ထောင်ကလာတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ရောဂါလည်းမျိုးစုံ။ နှိပ်စက်တဲ့ဒဏ်ကလည်း အမျိုးမျိုးခံလာခဲ့ရတာ။ ဥပမာ... လေထီးဗိုလ်အုန်းမောင်ဆိုရင် အဲဒီမှာ နံရိုးကျိုးအောင်အထိ အရိုက်ခံခဲ့ရတာ။ နောက်... ပြည်သူ့တိုးတက်ရေးပါတီက ကိုတင်မောင်ညွှန့်ဆိုရင်လည်း ရိုက်တာ သရက်ရွက်တဖက်ကို ကြွေထွက်သွားတာ။ အဲဒီလိုပဲ။ တခြားလည်း အများကြီးပဲ။ အမျိုးမျိုးအနှိပ်စက်ခံပြီးမှ ရောက်လာတဲ့ ရဲဘော်တွေ။

သူတို့က ကျနော်တို့ကို ငေးကြည့်နေကြတယ်။ တယောက်နဲ့တယောက် ချက်ခြင်း နှုတ်ဆက်လို့ရအောင် ကြည့်တဲ့သူကလည်း မမြင်သေးလို့၊ ဒီအတိုင်းပဲ ကြည့်နေကြတာ။ နောက်... ကျနော်တို့ အထဲရောက်ပြီး ပစ္စည်းတွေ ဘာတွေချ။ ထိုင်စရာလေး ဘာလေးရှာ။ (ထိုင်စရာဆိုလို့လည်း သဘော်ဝမ်းထဲဆိုတော့ တွေ့ကရာထိုင်ကြတာပါပဲ။) အဲဒီလို ထိုင်ပြီးတဲ့နောက်ကျမှ ဘေးမှာရှိတဲ့သူနဲ့ မိတ်ကလေးဘာလေးဆက်။ အကုန်လုံးက ဘဝတူတွေဆိုတော့ ဟို... မိတ်ဆက်လို့တော့ ကောင်းတာပေါ့ဗျာ။ ဘယ်သူတွေ ပါသလဲဗျာ၊ ဘာညာ မေးကြည့်ရတာပေါ့။ မေးကြည့်တော့မှ ကျနော်တို့အခန်းထဲမှာ ဗန်းမော်တင်အောင် (ဦးလေး ဦးတင်အောင်)၊ နောက်ပြီးကျတော့ မြသန်းတင့်(ဦးလေး ဦးမြသန်း)၊ နောက်ပြီးကျတော့ ကေတီဦးကျော်တင့်ဆိုတဲ့ စာရေးဆရာ။ နောက်ပြီးကျတော့ ဟို... ABKO က (ကိုကိုးကျွန်းကနေ လှေနဲ့ထွက်ပြေးတဲ့) မန်းအောင်ကြည် (ကရင် ခေါင်းဆောင်) သူတို့ပါတာကို သိရတယ်။

အဲဒီတော့ ဦးတင်အောင်နဲ့ဦးမြသန်းကိုကျတော့ ကျနော်က ကျနော် ဘယ်သူပါလို့ မိတ်ဆက်ပြီးတော့ သွားပြီးတော့ နှုတ်ဆက်ပါတယ်။ ဦးတင်အောင်နဲ့ ကျနော်နဲ့က တွေ့တော့ တွေ့ဖူးတာပေါ့။ ဒါပေမယ့် သိပ်ကြာနေပြီ။ နောက် ကျနော်လည်း ငယ်လည်း ငယ်တော့ သူကာ ဘယ်မှတ်မိပါ့မလဲ။ ကျနော်က 'ကျနော့် ဘယ်သူပါ' လို့ သွားပြီး ဂါရဝ ပြုရတာပေါ့။

## ဒါ ကိုကိုးကျွန်းဖြစ်တယ်

အဲဒီကနေ တဆက်တည်း ဟိုး... နောက်မှာ အခန်းတခန်းရှိသေးတယ်။ အဲဒီ အခန်းထဲမှာ ဘယ်သူတွေပါသေးလဲဆိုတာ စုံစမ်းကြည့်ရတယ်။ အဲ... စုံစမ်းကြည့်တော့ သူများပြောပြတာအရ သိရတာတော့ လေထီးဗိုလ်အုန်းမောင် ပါတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီက ဗဟိုကော်မတီ ဆရာရာကျွန် ပါတယ်။ ဒါ... နာမည်ကြီးပုဂ္ဂိုလ်တွေ။ လေထီး ဗိုလ်အုန်းမောင်ဆိုရင် ဒါက ကိုကိုးကျွန်းကို ဒုတိယအကြိမ်။ သူက လိပ်ကျွန်းကိုလည်း ရောက်ဖူးတော့ တတိယကျွန်းလို့ပြောလို့ရတယ်။ နောက်တခါ ကျောင်းသားခေါင်းဆောင် ထဲက ခရမ်းကိုစိန်ဝင်း၊ တကသ က ကိုလှကြည်၊ နောက်... ရန်ကုန်ခရိုင် ကျောင်းသား များသမဂ္ဂ ကိုညာဏ်ဝင်းလည်း ပါလာတယ်လို့ ကြားရတယ်။

တခါ ကျနော်က ဟို... ကိုယ့်'လူထုသတင်းစာ' အသိုင်းအဝိုင်းထဲက ဘယ်သူ တွေများ ပါသေးလဲလို့ မေးကြည့်တော့... ကျနော်နဲ့ညီလို အစ်ကိုလို တလျှောက်လုံး နေ လာခဲ့တဲ့ လူထုကိုစိန်ဝင်းလည်း ပါတယ်။ နောက်တခါ လူထုမှာ ရန်ကုန်က သတင်း ထောက်လုပ်ကြတဲ့ ကိုတင်မောင်လေး၊ နောက်... ဦးဖေရှိန်။ ဦးဖေရှိန်က ရန်ကုန်သတင်း ထောက်လည်းလုပ်တယ်။ လူထုသတင်းထောက်လည်း လုပ်တယ်။ သူတို့လည်း ပါတယ် လို့ ကြားရတယ်။

ဒါနဲ့ အခန်းချင်း ခြားထားတဲ့ အဲဒီသင်္ဘောဝမ်းထဲက နံရံကို သွားကပ်၊ သူများ တွေ လုပ်သလိုပေါ့။ မတ်စေ့ပေါက်ကလေးလောက်ရှိတဲ့ အပေါက်ကလေးကနေပြီးတော့ အခေါ်ခိုင်းရတယ်။ ဦးစိန်ဝင်းခေါ်ပေးပါ၊ ဦးတင်မောင်လေး ခေါ်ပေးပါ... ဦးဖေရှိန်ခေါ်ပေးပါ... စသဖြင့် ခေါ်ပြီးတော့ ကျနော်ပါလာပြီ ဆိုတဲ့အကြောင်း ပြောတော့ သူတို့ကလည်း ဝမ်း သာလိုက်တာ။ ကျနော်ကအရင် ထောင်ထဲရောက်သွားတာ။ သူတို့က နောက်မှ ထောင် ထဲရောက်ကြတာ။ သူတို့က ၆၇ တရုတ်–ဗမာ အရေးအခင်းပြီးတော့ အစိုးရက သိမ်းဖမ်း တဲ့အခါကျမှ ပါလာကြတာ။ အဲဒီတော့ သူတို့ကလည်း ကျနော်ပါလာပြီးတော့ ဝမ်းသာ တာ၊ ဝမ်းသာဝမ်းနည်းပေါ့လေ။ ဝမ်းသာတယ်လို့တော့ ပြောရတာ ခက်တော့ခက်တယ်။

အဲဒီလိုနဲ့ မနက် မိုးမလင်းတလင်းလောက်မှာပဲ သင်္ဘော စထွက်လာတယ်။ ဒီသင်္ဘောတစ်းလုံးဟာ ကျနော်တို့ ကိုကိုးကျွန်းလိုက်ပို့ဖို့ တမင်ဆွဲခေါ်လာတဲ့သင်္ဘော ဖြစ်တယ်။ ဒါကြောင့်မို့ ဒီသင်္ဘောမှာ သင်္ဘောဝမ်းထဲမှာဆိုရင် ထောင်ကျတွေချည်းပဲ။ နိုင်ငံရေးအကျဉ်းသားတွေချည်းပဲ။ သင်္ဘောဝမ်းပေါ်မှာဆိုရင် စစ်သားတွေပါတယ်။ နောက်ပြီးတော့ ထောင်အမှုထမ်းတွေပါတယ်။ အရာရှိတွေ ပါတယ်။ ထောင်အရာရှိတွေ ပါတယ်။ ကျနော်တို့ကို လိုက်ပို့ဖို့သက်သက် တခေါက်ဆွဲတဲ့သင်္ဘောပဲ။ အဲဒီတော့ ကျနော်တို့ အညာဒေသကလာတဲ့ ဘဝတူတွေကို ဒီရောက်နှင့်ပြီးသား အောက်ပြည်အောက်ရွာက၊ ရခိုင်ပြည်နယ်... အစရှိတဲ့ မြိတ်ဘက်က၊ တနင်္သာရီက ပုဂ္ဂိုလ်တွေက လှိုက်လှိုက်လှဲလှဲပဲ ကြိုကြတယ်။ ဒါပေမယ့် စကားတော့ များများမပြောနိုင်ကြဘူး။ အားလုံးက ရှေ့ဘာဖြစ်မလဲ။ ဘာလုပ်ကြမလဲ အဲဒါကိုပဲ စဉ်းစားနေကြတာ။ သင်္ဘောပေါ်မှာ အဲဒီလိုနဲ့ အခြေအနေကတင်းတင်းမာမာဆိုတာမျိုးကြီး။

ကြာလာတဲ့အခါကျတော့ ကျနော်တို့ မန္တလေးဖက်ကလာတဲ့ ရဲဘော်တွေ၊ ကျနော်တို့တတွေက အဲဒီမှာ သီချင်းတွေ ကောက်ဆိုကြတယ်။ ဆိုတဲ့သီချင်းတွေက တော်လှန်ရေးသီချင်းတွေ၊ ကျောင်းသားသီချင်းတွေ ကောက်ဆိုကြတယ်။ အဲဒီလိုဆိုတော့ ကျနော်တို့လူလည်း မနည်းပါဘူး။ အဲဒီလို ဆိုလိုက်တဲ့အခါကျတော့ ကျန်တဲ့သူတွေလည်း အားတက်လာကြတယ်။ အဲဒီနောက် မကြာခင်ပဲ ဟိုဖက်ခန်းကလည်း၊ နောက်ဖက်ခန်းကလည်း သီချင်းဆိုတဲ့အသံ(အင်တာနေရှင်နယ်သီချင်း ဆိုတဲ့အသံ) ပေါ်ထွက်လာတယ်။

ဆိပ်ကမ်းက ခွာပြီးတော့ နာရီဝက်လောက် ရှိတော့မှထင်တယ်... သူတို့သင်္ဘောဝမ်းပေါက်ဘေးက အပေါက်ကလေးတွေ၊ အပေါက်ဝိုင်းကလေးတွေ ဖွင့်ပေးတယ်။ အဲဒီအပေါက်ဝိုင်းလေးတွေက ခေါင်းထုတ်ကြည့်လိုက်တော့ ကျနော်တို့ လေကောင်းလေသန့်ကလေးတွေ ရတာပေါ့ဗျာ။ အဲဒီကျတော့ ဟိုး... ခပ်လှမ်းလှမ်းမှာ ရွှေတိဂုံဘုရားကြီးဝေဝေဝါးဝါးနဲ့ တဖြည်းဖြည်းကျန်ရစ်တာကို ကျနော်တို့ တွေ့ကြရတယ်။ ကျနော်တို့ရန်ကုန်မြို့ကနေ ခွာလာကြပြီ။

လမ်းမှာ ကျနော်တို့ တညအိပ်တယ်။ ထမင်းကျွေးတော့ သင်္ဘောကုန်းပတ်ပေါ် တက်စားရတယ်။ ထောင်ကျွေးသလိုပါပဲ၊ ပုံစံနဲ့ကျွေးတာပါပဲ။ ကျနော်တို့ တန်းစီ။ ကြမ်းပြင်ပေါ်မှာပဲ ပန်းကန်ပြားချ စားကြရတာ။

အဲဒီလို တညအိပ်ပြီး နောက်တနေ့ နေ့လည် ၁၁ နာရီလောက်မှာ ဖြစ်မယ်ထင်တယ်။ ကျနော်တို့ သင်္ဘောဝမ်းခန်းထဲမှာနေပေမယ့် ကုန်းကိုမြင်ရပြီ။ ကုန်းမြေ မြင်ရတဲ့ အော်သံတွေ ကြားရတယ်။ ဒါနဲ့ ကျနော်တို့လည်း ခုနက သင်္ဘောဘေးက အပေါက်ဝိုင်းလေးဆီ ပြေးပြီးသွားကြည့်ကြတယ်။ စုဝေး။ အဲလိုကြည့်လိုက်တဲ့အခါမှာ ဟိုး... ခပ်လှမ်းလှမ်းမှာ ဖြူဖြူလွှလွှသဲသောင်ပြင်၊ အုန်းပင်တန်းလေးတွေ၊ နောက်... သွပ်မိုးအိမ်ခပ်မဲမဲလေးတွေ လှမ်းတွေ့ရတယ်။ သာတောင့်သာယာပါပဲ။ အဲလိုငေးပြီး ကျနော်တို့

ဘယ်သူမှ စကားလည်း မပြောကြဘူး။ ရှေ့မှာ ဘာဖြစ်မလဲ။ အဲဒါကိုပဲ ကျနော်တို့ စဉ်းစားနေကြတာ။

အဲလို ငေးကြည့်နေရင်းကနေပြီးတော့ သင်္ဘောကျောက်ချတဲ့အသံ ကြားလာတယ်။ အဲဒီတော့ ကျနော်တို့သင်္ဘောကနေ လှမ်းကြည့်နေတုန်းမှာ သင်္ဘောကြီးက ရပ်လိုက်ရော။ အဲဒီတော့ ဟိုဘက်က ဆိပ်ကမ်းနဲ့ သင်္ဘောက မီတာ ၁၀၀ လောက် ဝေးသေးတယ်လို့ထင်တယ်။ အဲလိုအချိန်မှာ ကမ်းတက်ယာဉ်တစင်းက ကျနော်တို့သင်္ဘောဘေးမှာ လာကပ်တယ်။ အဲလို ကမ်းတက်ယာဉ်ပေါ်မှာ ကျနော်တို့အားလုံး သင်္ဘောပေါ်ကလူတွေ ပြောင်းဆင်းရတယ်။ ဆင်းပြီးတဲ့အခါကျတော့ ကမ်းတက်ယာဉ်က ကျနော်တို့ကို ကမ်းဘက်အထိ လိုက်ပို့တယ်။ ကမ်းတက်ယာဉ်ဆိုပေမယ့်၊ ကမ်းဘက်ပို့တယ်ဆိုပေမယ့် တကယ့်ကမ်းနဲ့က(ရေမရှိတဲ့ နေရာနဲ့က) မီတာ ၅၀ လောက် လိုသေးတယ်ထင်တယ်။ ၅၀–၆၀–၇၀ အဲလောက်များ လိုမယ်။ အတော်လိုသေးတယ်။ အဲလို လိုတဲ့နေရာမှာ ရပ်တော့ ကျနော်တို့ အဲဒီကနေ ဆင်းရတာ။

လှိုင်းတွေကလည်း လှိုင်းကြီးလာတာ မဟုတ်ပေမယ့် ကမ်းပေါ်တက်တဲ့အခါကျတော့ လှိုင်းတွေက အလိပ်လိုက်ဖြစ်နေပြီ။ နောက်တခါ အောက်က ကျောက်တုံးတွေကလည်း အမျိုးမျိုး။ ကျနော်တို့မှာ ပစ္စည်းတွေကလည်း တိုးလို့တွဲလဲနဲ့။ အို... လဲတဲ့သူကလဲ၊ ပစ္စည်းတွေ လိုက်ဖမ်းရတဲ့လူက ဖမ်းရ၊ တချို့က ကိုယ့်ရာဘာဖိနပ်ကို လိုက်ပြန်ဖမ်းရ။ အဲဒီလိုပဲ အတော်ကို ကသိကအောက်နိုင်တဲ့ကိစ္စ။

နောက်... ကျနော်တို့ အဲဒီ သဲသောင်ပြင်ပေါ်ရောက်တော့ သဲသောင်ပြင်မှာ အားလုံးထိုင်ပြီး စောင့်နေရတယ်။ ခဏနေတော့မှ အားလုံးတန်းစီနိုင်းတယ်။ တန်းစီးနိုင်းပြီး နည်းနည်းလေး လမ်းလျှောက်ခိုင်းတယ်။ နည်းနည်းလေး လမ်းလျှောက်ခိုင်းပြီးတော့ သဲသောင်ပြင်တခုမှာပဲ ထပ်ပြီးတော့ ထိုင်ခိုင်းတယ်။ အဲဒီဘေးနားမှာ ကုန်းအမြင့်လေးရှိတယ်။ နည်းနည်းလေး မြင့်တာပါ။ အဲဒီတော့ နေကလည်း ပူလိုက်တာ ခြစ်ခြစ်တောက်။ သဲကလည်း ပူလိုက်တာ။

အဲဒီမှာ ကျနော်တို့ ထိုင်နေတုန်း ထောင်က အထူးအရာရှိ ဒု–ဗိုလ်မှူးကြီး ထွန်းရင်လော(သူက နောင်ကျတော့ မဆလ ဗဟိုကော်မတီလည်း ဖြစ်သေးတယ် ထင်တယ်။) ကျနော်တို့ကို မိန့်ခွန်းခြွေတာပဲ။ သူခြွေတဲ့မိန့်ခွန်းရဲ့ အဓိကအချက်ကတော့... ကျွန်းပေါ်မှာ ကျနော်တို့တွေ 'ကိုယ်ထူကိုယ်ထ'ဆိုတဲ့ ကိုယ်စားဖို့သောက်ဖို့၊ ကိုယ်နေဖို့ထိုင်ဖို့ ကိုယ့်ဟာကိုယ်လုပ်ရမယ်ဆိုတဲ့ ပေါ်လစီကို ပြောတာပဲ။ သူတို့က လိုအပ်တဲ့ပစ္စည်းကိရိယာ တန်ဆာပလာ ပေးမယ်။ ကျနော်တို့က ကိုယ့်ဟာကိုယ်ထမင်းဖြစ်အောင် လုပ်စားကြ။ အဲဒီသဘောပဲ။ တဆက်တည်းမှာ သူပြောတာက "ပြည်မထောင်တွေမှာလို တိုက်ပွဲတွေဘာတွေ မလုပ်နဲ့။ ဒါ ကိုကိုးကျွန်းဖြစ်တယ်။ ပေးတာယူ၊ ကျွေးတာစား၊ စကားမများနဲ့။ ဒါ ကိုကိုးကျွန်းဖြစ်တယ်။ ထွက်ပြေးရင် ပြေးကြည့်။ ပတ်ပတ်

လည်မှာ ငါးမန်းတွေချည်းပဲ။ ဒါ ကိုကိုးကျွန်းဖြစ်တယ်။" အကုန်လုံး ငြိမ်းခြောက် စကားပဲ။ သူက စကားပြောတာတော့ ဝဲတဲဝဲတဲနဲ့။ ဒါပေမယ့် ငြိမ်းခြောက်တဲ့ နေရာမှာ တော့ အင်မတန်ပီတယ်။

☆

# တော်လှန်ရေးသမား

## ကိုယ်ထူကိုယ်ထ

အဲဒီတော့ ဒီ ကိုယ်ထူကိုယ်ထဆိုတာဟာ ဗမာပြည်ထောင်သမိုင်းမှာ အသစ်ပဲ။ ဗမာပြည်ထောင်သမိုင်း၊ ဗမာပြည်နိုင်ငံရေးသမိုင်းမှာ အသစ်ဆန်းဆုံးသောအရာလို့ ပြောလို့ရတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို B ကလပ်ကနေပြီးတော့ ဖြုတ်၊ အဆင့်အမျိုးမျိုး လျှော့ချလိုက်ပြီး အခုဟာက သာမန်အကျဉ်းသားတွေထက် ပိုဆိုးတဲ့အဆင့်ကို၂ ပို့လိုက်တာဖြစ်တယ်။

ကျနော်တို့တတွေဟာ ကိုယ့်ထမင်းကိုယ် ချက်ရရုံမက၊ ကိုယ့်ထင်း ကိုယ်ရှာရမယ်။ ကိုယ့်ရေကိုယ် ခပ်ရမယ်။ ကိုယ့်သီးနှံကိုယ် စိုက်ရမယ်။ ဒီလို စည်းကမ်းသတ်မှတ်တဲ့ ထောင်မျိုးကို ပြည်မမှာ လုပ်လို့မရဘူး။ သူတို့ ဒါသိတယ်။ ပြည်မ,မှာလုပ်ရင် ဒါဟာ နိုင်ငံတကာကလည်း သိသွားမယ်။ ပြည်တွင်းကလည်း သိကုန်မယ်။ နောက်တခါ နောက်ပိုင်းမှာ ကျနော်ပြောပါမယ်။ ပြည်မမှာ လုပ်လို့မရတဲ့အပိုင်းတွေ။ ထွက်ပြေးကုန်ကြမှာ။ အဲဒီတော့ ကျွန်းပေါ်မှာမှ လုပ်လို့ရတာ။ အဲဒီအတွက် သေသေချာချာကို စီစဉ်ပြီးတော့ စီမံကိန်းတခုနဲ့လုပ်တယ်ဆိုတာ နောက်ပိုင်းမှာလည်း ထပ်ပြီးတွေ့ရလိမ့်ဦးမယ်။

စောစောတုန်းက ကျနော်ပြောတဲ့သင်္ဘောပေါ်က လှမ်းမြင်ရတယ်ဆိုတဲ့ အိမ်တွေက လယ်ကျေးရှင်းကအိမ်တွေ။ မြေကျေးရှင်းလုပ်သားတွေ ဒီမှာရှိတယ်။ အုန်းပင်နဲ့ ပတ်သက်တဲ့ဟာတွေ။ နောက်ပြီးကျတော့ အထဲနည်းနည်းဝင်လာတော့ ထောင်အမှုထမ်းတွေရဲ့ တန်းလျားတွေ။ ထောင်အမှုထမ်းတွေရဲ့ တန်းလျားဆိုတော့ ထောင်အမှုထမ်းတွေလည်း သူတို့ဇနီးတွေဘာတွေ ခေါ်လာရတာမဟုတ်ဘူး။ ဟို… ထောင်ပိုင်ကအစ အကုန်လုံး ဒီမှာ အမျိုးသမီးတယောက်မှ မရှိဘူး။

အဲဒီ တန်းလျားတွေ ကျော်လာ၊ နောက် ကမူလေးတခုကို ကျော်လိုက်တော့မှ အဲဒီလမ်းရဲ့ ဘယ်ဘက်၊ ညာဘက်၊ နှစ်ဘက်စလုံးမှာ သံဆူးကြိုး နှစ်ထပ်ကန့်ထားတဲ့ ဝင်းကြီး ၃ ဝင်းကို လှမ်းတွေ့ရတယ်။ ရောမ ဝင်းကြီးတွေ။ အထဲမှာ အဆောင်တွေနဲ့။ အဲဒါ ကျနော်တို့ကို ထားမယ့်အဆောင်တွေပဲ။ ကျနော်တို့အားလုံးကို ဝင်းကြီးတဝင်းထဲမှာပဲ ထည့်လိုက်တယ်။ ကျန်တဲ့ ဝင်းကြီး ၂ ဝင်းက လွတ်နေသေးတယ်။ ကျနော်တို့ဝင်းလိုပဲ အလားတူ ကြီးတဲ့ဝင်းကြီးတွေ။ တဝင်းကဆို ကျနော်တို့ထက်တောင် ပိုကြီးသေးတယ်။

ဝင်းတဝင်းထဲမှာ ထည့်လိုက်တယ်။ ထည့်လိုက်တာက လူ ၂၃၃ ယောက်။ အဆောင်တွေမှာ ခပ်ချောင်ချောင်ပဲ ပိတောင်နေသေးတယ်။ နောင်မှ ကျနော်တို့ ပြန်တွက်ကြည့်တာ ဝင်း ၃ ဝင်းလုပ်ထားတာ **ဒီစခန်း**တွေထဲမှာ လူအပြည့် ခပ်ကျပ်ကျပ်ထည့်နိုင်မယ်ဆိုလို့ရှိရင် ဒီဝင်း ၃ ဝင်းဆိုလို့ရှိရင် လူ ၁၀၀၀ လောက်ကို ပို့နိုင်တယ်။ နိုင်ငံရေးအကျဉ်းသား ၁၀၀၀ ကိုကိုးကျွန်းပို့ဖို့ဆိုတဲ့ **အစီအစဉ်**။ ဘယ်လောက် ကြောက်စရာကောင်းလိုက်သလဲ။ ဘယ်လောက် **ရက်စက်ယုတ်မာလိုက်**တယ်ဆိုတာ စဉ်းစားလို့ရတယ်။

အဲဒီတော့ ကျနော်တို့တတွေ အဆောင်ထဲဝင်သွားတယ်ဆိုတော့ နေရတာက ဘားတိုက်လိုဟာတွေ။ **စစ်တန်းလျား ဘားတိုက်လိုဟာတွေ။ အဲဒီမှာ** ကုတင်မရှိဘူး။ ကွပ်ပျစ်လို အဆောင်ဘားတိုက်အပြည့် ရိုက်ထားတဲ့ဟာတွေ ရှိတယ်။ အဲဒီအလယ်မှာ လူသွားလမ်းက **အုတ်စီကွန်ကရစ်နဲ့။ အဲဒီ ကုတင်တွေရဲ့အောက်မှာတော့ သဲတွေပဲ။** ကျနော်တို့ရောက်သွားတော့ ကျနော်တို့နေတဲ့ အဆောင်တွေထဲမှာကိုပဲ ဝင်ကစွပ်တွေ၊ **ဂဏန်းအသေးလေးတွေ** သွားလာနေကြတုန်း ရှိသေးတယ်။ ဆိုလိုတာ **ဒီစစ်အစိုးရဟာ** ထောင်တွေ တိုးချဲ့ခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်ကိုပါ အကြီးအကျယ် ဖျက်ဆီးလိုက်တယ်။ ဒီလို ကျနော်တို့ ထင်းခုတ်၊ တောင်ယာခုတ်နဲ့ ပိုကိုထိခိုက်သွားတာ။

ဒီတခါပို့လိုက်တဲ့လူကို ကြည့်လိုက်တော့ ကျောင်းသားလူငယ်က ရာခိုင်နှုန်း ၇၀/၈၀ လောက်ရှိတယ်။ အဲဒီအထဲက ကျောင်းသားချည်းကိုက တဝက် ကျော်(၅၀% ကျော်) လောက် ရှိလိမ့်မယ်။ ကျနော်တို့ သေသေချာချာတော့ အဲလိုစာရင်းတော့ တွက်မကြည့်ဘူးပေါ့လေ။ သေချာတာတော့ ၅၀% အထက်မှာပဲ။ ၆၀% တောင် ကျော်လောက်တယ်ထင်တယ်။ အဲဒီတော့ ပြန်စဉ်းစားလိုက်တော့ ၅၈ ခုနှစ် ကိုကိုးကျွန်းပို့တုန်းက ကျောင်းသားက နည်းနည်းလေး။ အဲဒီတုန်းက ကျောင်းသားဟာ ကိုကိုးကျွန်းပို့တဲ့ အရေအတွက်ထဲမှာ ၁၀% တောင် မရှိဘူး။ ဒီတခါကျတော့ ရာခိုင်နှုန်းက ၅၀/၆၀ ။ အဲလိုဖြစ်နေတယ်။

ကျနော်ထောက်ပြချင်တာက ကျနော် အထက်ကပြောခဲ့တဲ့ **စစ်အစိုးရရဲ့** ကျောင်းသားတွေအပေါ်ထားတဲ့ အာဃာတ အငြိုး၊ အဲဒါကို ထပ်ပြီးပြောချင်လို့ပါ။ ဒီတခါ ပို့လိုက်တဲ့အထဲမှာ ကျနော်တို့ ပြန်စစ်ကြည့်လိုက်တော့ ဗကသ က ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂက ပါတယ်။ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂက ပါတယ်။ မန္တလေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂက ပါတယ်။ မန္တလေးခရိုင် ဗကသ က ဟာတွေ ပါတယ်။ နောက် ကျောင်းသားညီညွတ်ရေးတပ်ဦးက ပါတယ်။ နောက်... တပ်ဦးသစ်၊ ပြည်သူ့လူငယ်၊ လူငယ့်တပ်ဦး၊ နောက်... မြန်မာနိုင်ငံအလုပ်သမားညီညွတ်ရေးပါတီ၊ ပြည်သူ့ရဲဘော်၊ အလံနီပါတီ၊ ABKO, ရခိုင်လူငယ်... စတဲ့ဟာတွေပါတယ်။ ဖဆပလ၊ ပထစ တယောက်မှမပါဘူး။ အကုန်လုံး ထောင်တွေထဲမှာ ကျန်နေခဲ့တယ်။ လွှတ်လည်း

**မလွတ်သေးဘူး။ အဲဒီတုန်းက** အရင်ကျွန်းရောက်ဖူးသူတွေလည်း ၃/၄ ယောက် ပါတယ်။ **အရင်တခါ ကျွန်းပါပြီးသား၊** ဗိုလ်အုန်းမောင် အပါအဝင်ပေါ့လေ။

အဲဒီတော့ နိုင်ငံရေးနဲ့ မပတ်သက်သူ၊ လက်ဝဲနဲ့ မပတ်သက်သူရယ်လို့ ဒီဒေသ **ဆိုင်ရာအာဏာပိုင်တွေ**(အဲဒီတုန်းကတော့ လဝကတို့၊ မဝကတို့ အဲဒီလူတွေပေါ့။) သူတို့ **က သူတို့နဲ့**မတည့်လို့ ညစ်ပြီးထည့်လိုက်တဲ့၊ ဘယ်လိုမှ နိုင်ငံရေးမလုပ်တဲ့၊ မပတ်သက်တဲ့ **တခါမှ**မလုပ်ဖူးတဲ့လူတွေ ၄/၅ ယောက်လောက် ပါလာတယ်။ ဥပမာ**...** မန္တလေးက ပါလာတဲ့ ဒေါက်တာကူးမားတို့လိုပုဂ္ဂိုလ်တွေ။ ကျန်တာကတော့ ကျောင်းသားနဲ့ လက်ဝဲတွေချည်းပဲ။

ကျနော်တို့နေရတဲ့ ဝင်းထဲမှာ အဆောင် ၁၂ ဆောင် ရှိတယ်။ အဲဒီ ၁၂ ဆောင်ထဲက အဆောင် ၂ ဆောင်ကို လုပ်ထားလိုက်တယ်။ တဆောင်ကို ဆန်ဂိုထောင် လုပ်တယ်။ တဆောင်ကို ဆေးရုံအဆောင်ဆိုပြီးတော့ လုပ်ထားလိုက်တယ်။ အဲဒီ ကျန်တဲ့ ၁၀ ဆောင်မှာ ကျနော်တို့ ၂၃၃ ယောက် မျှနေကြတာ။ ကျနော်တို့ နေတဲ့ဟာရဲ့ အရှေ့ဖက်အဆုံးမှာ ကျနော်တို့က သူနဲ့ အရှေ့ဖက်အဖျားမှာဆိုတော့ အရှေ့ဖက်အစွန်မှာ ရိက္ခာရုံအကြီးကြီး ရှိတယ်။ အဲဒီ ရိက္ခာရုံအကြီးကြီးမှာ မီးဖိုအကြီးနှစ်ခု ရှိတယ်။ နောက်**...** ထမင်းစားခန်းကြီး ရှိတယ်။ ကျနော်တို့နေတာက ကျွန်းရဲ့တောင်ဖက်အဖျား။ တောင်ဖက်အဖျားမှာဆိုတော့ ကျွန်းက အဖျားရှူးတဲ့အပိုင်းကို ရောက်နေပြီ။ ကျနော်တို့ တောင်ဘက်နားမှာ နည်းနည်းပဲ ကျန်တော့တယ်။

ကျနော်တို့နေတဲ့နေရာမှာ ကျွန်းက အရှေ့နဲ့ အနောက်ဖက်ဆိုလို့ရှိရင် မီတာ ၄၀၀ ၊ မီတာ ၅၀၀ လောက် ရှိတယ်။ ကျွန်းရဲ့ တောင်ဖက်ဖျားမှာကျတော့ သူတို့ရေတပ်တို့၊ လေယာဉ်ပျံကွင်းတို့၊ အုန်းဆံကြိုးစက်တို့၊ မြေကျေးရှင်းတို့ အဲဒါတွေရှိတယ်။ ကျနော်တို့ရဲ့ ရိက္ခာရုံကနေပြီးတော့ အဲဒီ အရှေ့ဖက်ကို လှမ်းကြည့်လိုက်ရင် သင်္ဘောပျက်ကြီးတခု လှမ်းတွေ့ရတယ်။ သင်္ဘောပျက်ကြီးက ဘာမှမဝေးဘူး။ ဒီရေကျချိန်ဆိုလို့ရှိရင် လမ်းလျှောက်သွား၊ အဲဒီ ရေစပ်ရောက်လို့ရှိရင် ရေထဲဆင်း၊ ရေကူးစရာရှိရင် နောက်ထပ်ကိုက်သုံးလေးဆယ် ရေကူးလိုက်ရင် အဲဒီသင်္ဘောကြီးကို ရောက်သွားရော။ ဆန်တင်သင်္ဘောကြီး။ ကျနော်က အဲဒီသင်္ဘောကြီးကို အိုနာဆစ်လို့ နာမည်ပေးထားတယ်။ ဂရိသင်္ဘော သူကြွယ်ကြီး အိုနာဆစ်။ ကြားဖူးတာက ဒါ**...** ဂရိသင်္ဘောတစင်းလို့ ကျနော်တို့ ကြားဖူးတယ်။

ဟုတ်လည်းဟုတ်ပါတယ်။ နောင်မှ ကျနော်တို့ သင်္ဘောပေါ် တက်ကြည့်ကြတဲ့ **အခါ**ကျတော့ ဂရိစာတွေဘာတွေ တွေ့တယ်။ ဒါပေမယ့် အိုနာဆစ်သူဌေးရဲ့ သင်္ဘော **ဟုတ်**မဟုတ်ဆိုတာတော့ မသေချာဘူးလေ။ အဲဒီဟာက ဒီသင်္ဘောရဲ့ သမိုင်းကလည်း ဒီလို**.......**

ဗမာပြည်မှာ ၁၉၆၇ ခုနှစ်၊ ဆန်တွေ ပြတ်လပ်တဲ့အခါကျတော့ စစ်အစိုးရဟာ (အဲဒီတုန်းက မဆလအစိုးရပေါ့) သူတို့က ပြည်သူလူထုမသိအောင် တိတ်တိတ်ကလေး ဆန်တွေကို နိုင်ငံခြားကို ထုတ်ရောင်းတာ။ ဒီသင်္ဘောမှာ တင်ပြီး လွှတ်လိုက်တာ။ ဖြစ်ချင်တော့ ဒီသင်္ဘောက ဒီနားရောက်တော့ မီးလောင်တာ။ သင်္ဘောမီးလောင်တာနဲ့ နောက်ဆုံး ကျွန်းနားကို ရေတိမ်တဲ့နေရာ အတင်းထိုးပြီးတော့ သင်္ဘောထိုးတက်လိုက်ပြီး လူတွေအကုန်လုံး ဆင်းပြေးရတာ။ အဲဒီသင်္ဘောကြီးက ဒီအတိုင်းကျန်နေခဲ့တာ။ သင်္ဘောပေါ်မှာ မီးလောင်ထားတဲ့ဟာတွေ အများကြီး။ ကျနော်တို့ တက်ရှာတဲ့အခါကျတော့ သင်္ဘောပေါ်မှာ ဆန်အိတ် အပုပ်တွေ၊ ဆန်အိတ်တွေက ပုပ်ပြီး နံနေပြီ။ လက်နှိပ်စက်အပျက်တွေ၊ တခြား တန်ဖိုးရှိတဲ့ပစ္စည်းတော့ ဘာမှမရှိပါဘူး။ ဒါပေမယ့် နောင်မှာကျတော့ ဒီသင်္ဘောကြီးနဲ့ အဲဒီ တန်ဖိုးမရှိတဲ့ပစ္စည်းတွေကပဲ ကျနော်တို့အတွက် အင်မတန်တန်ဖိုးရှိတဲ့ အဓိကကျန်ကြွမ်း အရင်းအမြစ်တွေဖြစ်တာ ကျနော် ဆက်ပြောပြပါမယ်။

ကျနော်တို့ စရောက်ရောက်ခြင်း ပထမဆုံးလုပ်ကြရတာ အလုပ်ဆိုင်းအဖွဲ့၊ တချို့ ၆၀ ဆယ်နီးပါး အသက်ကြီးတွေ၊ ကျန်းမာရေး မကောင်းတဲ့လူတွေ၊ ထောင်ထဲမှာ အနှစ်နှစ် ဒဏ်တွေ ခံလာခဲ့တဲ့လူတွေ၊ သူတို့ကို ပလပ်ပြီးတော့ ကျန်းမာရေးကောင်းတဲ့လူတွေ ဒါမှမဟုတ် ကျန်းမာရေးအသင့်အတင့်ရှိတဲ့လူတွေ ကိုယ်နဲ့တန်ရာအလုပ်တွေကို ဝင်လုပ်ကြရတယ်။

ဖွဲ့လိုက်တာကတော့ အဓိကအားဖြင့် ရေခပ်တဲ့အဆိုင်း၊ ထင်းခုတ်ထွက်ရတဲ့ အဆိုင်း၊ စိုက်ပျိုးရေးလုပ်တဲ့အဆိုင်း၊ မီးဖိုထမင်းချက်တဲ့အဆိုင်း၊ မီးဖိုထမင်းချက်တယ်ဆိုပေမယ့် လူရာနဲ့ချီပြီးတော့ ချက်ရတဲ့အတွက် မသက်သာလှဘူး။ ပါသွားတဲ့အထဲမှာ အခုနပြောသလို ကျောင်းသားလူငယ်တွေက အများကြီးဆိုတော့ အလုပ်ကြမ်းမလုပ်ဖူးသူ၊ အလုပ်ကြမ်း မလုပ်တတ်တဲ့လူက အများကြီး၊ ကျနော်အပါအဝင်။ အဲတော့... ဟိုကျမှ အကုန်သင်ရတာ။ ရေတောင် လုံးလုံးမထမ်းတတ်သူ။ အဲဒါက ရေထမ်းတယ်ဆိုလို့ရှိရင် မန္တလေးအခေါ် တပြကျော်သေး၊ တပြခွဲလောက်ရှိတယ်။ အဲဒီလောက်အဝေးကို လမ်းမှာ ကမူကြီးတခု ကျော်တက်ရသေးတယ်။ အဲလိုထမ်းရတာ။ အဲတော့ အတော်ကို မသက်သာတဲ့အလုပ်ပဲ။ အစမှာတော့။ ပုခုံးပေါက်တာ ပြီတာလောက်ကတော့ ပြောမနေနဲ့။ ရေပုံးဟာ ရေတွေဖိတ်လည်းဖိတ်၊ နောက်တခါ ဟိုရွဲ့ဒီရွဲ့နဲ့။

ပေါက်ပြားပေါက်တယ်ဆိုရင်လည်းပဲ မပေါက်တတ်လို့၊ ထင်းခွဲတယ်ဆိုရင်လည်း မခွဲတတ်လို့။ စခွဲတုန်းက ပုံကျအောင် မခွဲတတ်ဘူး။ ခွဲခြမ်းရရှိရုံနဲ့ မရသေးဘူးလေ။ နောက်တော့ လွှသွေးရတာ ဖြစ်လာဦးမယ်၊ ဓါးသွေးရတာ ဖြစ်လာဦးမယ်၊ ဒါတွေကလည်း ဘာမှမလုပ်ဖူးတဲ့လူတွေအတွက် ကာလတခု ဖြတ်သန်းပြီး၊ အတော်ကို လေ့ကျင့်ရသေးတဲ့ ကိစ္စတွေပါ။

နောက်တခုက ပင်လယ်အစားအစာ။ ကျနော်တို့တတွေကို ထောင်က ကျွေးတာက အစားအသောက်တွေလည်း သုံးဖူး၊ ဟင်းသီးဟင်းရွက်တွေလည်း သုံးဖူးပဲ။ ကျန်တာက ပဲ၊ ငါးပိ။ အစားအသောက်အတွက် အသားက တပတ်ကို ၂ ခါ ပေးတယ်။ အဲဒီလိုပေးတဲ့ဟာ ဘယ်လိုမှ အာဟာရနဲ့မပြည့်စုံလို့ ကျနော်တို့တွေ ရေချိုးထွက်တဲ့အခါ ပင်လယ်အစားအသောက်ကို ရှာကြတယ်။ ခရုကောက်တယ်။ ယောက်သွားခွာတယ်... အစရှိသဖြင့်ပေါ့။ ပင်လယ်အစားအသောက်ဆိုတာက ကျနော်တို့လည်း အဲဒီကျမှသိတာ။ စားကျင့်မရှိတဲ့သူ စားတဲ့အခါကျတော့ အသားဝါရောဂါဖြစ်တာ။ အဲဒီဒဏ်ကို ထောင်ထဲက ပါလာတဲ့ဒဏ်နဲ့ ပေါင်းလိုက်တဲ့အခါကျတော့ အတော်ဆိုးတာကိုး။ နောင်မှာ ကျနော် ထပ်ပြောပါမယ်။ ရဲနီတယောက်၊ အလံနီပါတီက ပုဂ္ဂိုလ်တယောက်ဆို ဆုံးကိုသွားတာ၊ အသားဝါရောဂါနဲ့။

အဲတော့... ကျနော်တို့တတွေရဲ့ခေါင်းထဲမှာ ဘယ်လိုပေါ်လာလဲဆိုတော့ ပြောပြဦးမယ်။ ထောင်စကားမှာ 'ထောင့်အပြင် တန်းမရှိ'ဆိုတဲ့ စကားရှိတယ်။ တန်းဆိုတဲ့ဟာ ထောင်ထဲမှာ တိုက်ပိတ်အောင်လို့ သံကြိုးနဲ့တန်းဆွဲပြီး ချိတ်ထားတာကိုပြောတာ။ အဓိပ္ပါယ်က"ထောင့်အပြင် တန်းမရှိပါဘူးကွ"ဆိုတာ၊ "သန်းခေါင်ထက် ညဉ့်မနက်ပါဘူး"ဆိုတာ ထောင်ထဲရောက်မှတော့"သန်းခေါင်ထက် ညဉ့်မနက်ပါဘူး၊ ဘာမှကြောက်ပါဘူး"ဆိုတဲ့စကားအတိုင်း ဒါ ရိုးရိုးထောင်သား ပြောတဲ့စကားပါ။ အဲ... ကျနော်တို့ကျတော့ ထောင်လည်းမက၊ တိုက်လည်းမက၊ တန်းလည်းမက၊ ကျွန်းတောင် ရောက်နေပြီ။ နောက်ပြီးကျတော့ ကျနော်တို့မှာ ထောင်ဒဏ်ဘယ်နှစ်နှစ် ချလိုက်တယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိဘူး။ နောက်ပြီး အခုအာဏာပိုင်တွေ ပြောပုံဆိုပုံအရဆိုရင် ကျနော်တို့ဟာ အကန့်အသတ်မရှိပဲ ဒီထောင်မှာနေရတော့မှာ။ အဲတော့ ကျနော်တို့ခေါင်းထဲမှာ သေမထူး၊ နေမထူးဆိုတဲ့စိတ်နဲ့ နည်းနည်းကွာကော့တာ။ ဒါက ကျနော်တို့ခေါင်းထဲက။

ထောင်အာဏာပိုင်တွေဘက်ကကျတော့လည်း သူတို့မှာပြဿနာက ဘယ်လိုဖြစ်လာလဲဆိုတော့ ကျနော်တို့ကို အလုပ်ကြမ်းခိုင်းချင်လို့ တနည်းအားဖြင့် နှိပ်စက်ချင်လို့ ကျွန်းကိုပို့လိုက်တာ။ နောက်တခုက အဆက်အသွယ်ဖြတ်ချင်လို့။ ပြည်မက လူထုနဲ့ အဆက်အသွယ်ဖြတ်ချင်လို့။ ကျနော်တို့ ဘာတွေလုပ်တယ်ဆိုတဲ့သတင်း ပြည်မက မကြားအောင် ကျွန်းကိုပို့လိုက်တာ။ ဒါပေမယ့် ဖြစ်တာက ကျွန်းမှာ ကျနော်တို့ကို သတ်လို့တော့ မဖြစ်ဘူး။ ကျနော်တို့ကို လောလောဆယ်ပေါ့။ ဘာလို့ဆို ကျနော်တို့က တောထဲက ဖမ်းလာတဲ့လူတွေ မဟုတ်ဘူး။ တောထဲက ဖမ်းတဲ့လူကတော့ ထွက်ပြေးလို့ဆိုပြီးတော့ တောထဲမှာတင် ပစ်သတ်လိုက်တယ်။ အဲလိုပဲ သတ်နေတာပဲလေ၊ တလျှောက်လုံး။ မြို့ဆိုတော့ အိမ်က မိဘတွေမျက်စိအောက်က ဖမ်းတာလေ။ သတ်ပစ်လို့ မဖြစ်ဘူး။

အဲဒီမှာထားတော့ သူက ထုတ်လုပ်ရေးလုပ်ခိုင်းတယ်။ ထုတ်လုပ်ရေးလုပ်တယ်ဆိုတော့ ကိရိယာတန်ဆာပလာတွေ ပေးရတယ်။ တူ၊ လွှ၊ ဆောက်၊ ပေါက်ပြား၊ ဓါး၊ အဲဒါတွေ ပေးရတယ်။ အဲဒါတွေ ပေးရတော့ ဒါတွေက ကျနော်တို့ လက်ထဲမှာ လက်နက်လို

ဖြစ်လာတယ်။ ဝါဒါတွေကျတော့ သေနတ်ကိုင်ခွင့် မရှိဘူး။ ဘာလို့လဲဆိုတော့ ကျနော်တို့ကို အပြင်ထုတ်ရမှာ။ အပြင်ထုတ် အလုပ်လုပ်ခိုင်းရမှာ။ ကျနော်တို့ လူ ၂၀ လောက်ကို ဝါဒါတယောက်က 'အစောင့်'ဆိုပြီး လိုက်ရတယ်။ ဒါမှမဟုတ် ၂ ယောက် လိုက်ရတယ်။ ကျနော်တို့လက်ထဲမှာ တူတွေ၊ လွှတွေ၊ ဓါးတွေနဲ့။ အဲ... ဝါဒါတွေလက်ထဲမှာတော့ သေနတ်ပေးမိရင် လုလိုက်လို့ရှိရင် ဒုက္ခပဲ။ အဲတော့ ဝါဒါလည်း သေနတ်ကိုင်ခွင့် မရှိဘူး။ သူတို့ထုံးစံ အတိုင်း ဝါဒါတွေကိုင်နေကျ တုတ်ကလေးတချောင်းပဲ ရှိတယ်။ အဲဒီတုတ်ကလေးကတော့ ထည့်မပြောမနေနဲ့၊ ကျနော်တို့လက်ထဲမှာ ဓါးတွေ၊ ဆောက်တွေ အကုန်ရှိနေတယ်။ ပေါက်ပြားတွေရော။ ဝါဒါတွေကလည်း ကျနော်တို့ကို ကြောက်တယ်။

အဲဒါအပြင် သူတို့လည်း ကျနော်တို့နဲ့အတူတူပဲ။ ထောင်ကျနေတာပဲ။ အိမ်က မိဘသားချင်းနဲ့ခွဲ၊ ဒီရောက်လာကြတာ။ နေရတဲ့နေရာပဲ မတူတာ။ စားရတာကလည်း ကျနော်တို့နဲ့ ဘာမှမကွာဘူး။ အဲ... သူတို့က စိတ်ဓာတ်လည်းကျတယ်။ စိတ်လည်း မပါဘူး။ ကျနော်တို့ထဲက ထင်းခုတ်တယ်၊ တောင်ယာလုပ်တယ်ဆိုရင် လူအုပ်နဲ့သွားတယ်။ ဟိုမှာ မီးမွှေးတယ်၊ ကြံဖန်ချက်ပြုတ်စားတယ်။ နောက်တခါ ဟင်းရှာသွားဆို တောထဲကို ဝင်သွားတယ်။ လက်ထဲမှာ ဓါးပါသွားတယ်။ ဝါဒါ နောက်က မလိုက်ရဲဘူး။ အဲတော့ ပြည်မထောင်တွေမှာကျတော့ ထောင်ထဲမှာ သူတို့သဘောမတွေ့ရင် အပြစ်ကျူးလွန်တယ်ဆိုပြီး ကြံဖန်ပြီး တိုက်ပိတ်နေရတယ်။ ကိုကိုးကျွန်းမှာ တိုက်ပိတ်လို့မရဘူး။ တိုက်ပိတ်ရင် သူတို့က ထမင်းချက်ကျွေးရမှာ။ အဲလိုသာ ချက်ကျွေးမယ်ဆိုရင် အကုန်လုံးက တိုက်ထဲဝင်ကြမှာ။ ဒါဆို 'ကိုယ်ထူကိုယ်ထ'ဆိုတဲ့ ပေါ်လစီတခုဟာ အဓိပ္ပါယ်မရှိတော့ဘူး၊ ဘာမှ လုပ်လို့မရတော့ဘူး။ ဒီတော့ တိုက်ပိတ်လို့လည်း မဖြစ်ဘူး။ တိုက်ပိတ်ရအောင်လည်း သူတို့မှာ အင်အားမရှိဘူး။ သူတို့ အင်အားသုံးလိုက်ရင်လည်း ကျနော်တို့မှာ တုတ်တွေ၊ ဓါးတွေနဲ့ ပြဿနာတွေ ကြီးတော့မှာ။

အဲတော့ အခုဖြစ်လာတာက ဘာမှမကြာဘူး။ ကျနော်တို့ကို အလုပ်ဆိုင်းအဖြစ် ထုတ်လိုက်တာနဲ့တပြိုင်နက် ဝါဒါတွေဟာ ကျနော်တို့ကို ကြောက်ရတဲ့လူတွေဖြစ်သွားတယ်။"သွားမလုပ်နဲ့။ သူတို့က သေမထူး နေမထူးတွေ။ ဘာမှကြောက်တဲ့လူတွေ မဟုတ်ဘူး။ ငါတို့မှာ သားမယားတွေ ငဲ့ရဦးမှာ" အဲဒီလိုဖြစ်လာတယ်။ အဲတော့ ကျနော်တို့တွေ အလုပ်ကြမ်းလုပ်လာရတာလည်းရှိတော့ ဟို... ကြာတော့ ဒေါသလည်းဖြစ်၊ စိတ်ကလည်း တိုကြတယ်။

အဲတော့ ထင်းလုပ်တဲ့ ထင်းတုံးလေးတွေ သယ်လာတယ်။ ထမ်းပြီး သယ်လာတယ်။ ထမ်းပြီးတော့ မီးဖိုချောင်ထဲ ပို့ရမှာ။ မီးဖိုချောင်ထဲပို့ဖို့ဆိုရင် ဟို... ကျနော်တို့ ထင်းလုပ်တဲ့နေရာ ဥပမာ... မီးဖိုချောင်နဲ့နီးတဲ့ဖက်က ထင်းတွေကို သယ်လာတယ်။ အဲဒီကနေ ဟိုးဖက် တံခါးပေါက်ကိုပြန်သွား။ အဲဒီကနေ ဝင်ပြီးတော့ ထောင်တလျှောက်လုံး ပြန်လျှောက်လာရတယ်။ နောက်ထပ် မီတာ ၂၀၀ ကျော်လောက် ထပ်လျှောက်နေရဦးမှာ ထင်းတုံးကြီးထမ်းပြီးတော့။ အဲတော့ ဘယ်သူမှ မထမ်းချင်တော့ဘူး။ ကျနော်တို့ ထင်းတုံး

တွေကို ဒါမှမဟုတ် ခွဲခြမ်းတွေကို သံဆူးကြိုးအပြင်ဖက်ကနေ အထဲကိုရောက်အောင် ပစ်ချတယ်။ ဒါမှမဟုတ် အောက်ကနေ အတင်းထိုးသွင်းတယ်။ အဲဒီတော့ ကြာတော့ သံဆူးကြိုးတွေ ပြတ်ကုန်တာပေါ့။ တခါတလေကျတော့ ကျနော်တို့က ခွဲခြမ်းတွေကို တမင်ကို သံဆူးကြိုးပေါ်ပစ်ချတာကို သူတို့မမြင်ဘူး။ သံဆူးကြိုးတွေ ပြတ်ကုန်ရော။ ပြတ်ကုန်တော့ သူတို့လည်း ပြင်မနေချင်ဘူး။

ကျနော်တို့ကို ရေချိုးထုတ်တယ်ဆိုတာလည်း အစတော့ အဆိုင်းနဲ့ စနစ်တကျ။ နောက်ကျတော့ ထင်းသွားလုပ်တဲ့လူက ပြန်လာတဲ့အခါကျတော့ သူတို့ကိုသပ်သပ် ရေချိုးထုတ်ပေးရ။ ဟာ… မီးဖိုချောင်လုပ်တဲ့လူက ချက်ပြုတ်ပြီးမှ ရေချိုးတာဆိုတော့ သူတို့ကို သပ်သပ်ထုတ်ပေးရ။ နောက်တော့ သူတို့လည်း မနိုင်တော့ဘူး။ ဒီလိုနဲ့၊ တဖြည်းဖြည်းနဲ့ မောင်မင်းကြီးသားတို့သဘောပဲ ဆိုတာမျိုး ဖြစ်လာရော။

တခြားမပြောနဲ့ သူတို့ ငွေတွေကြေးတွေ အများကြီး အကုန်ခံပြီး ဆောက်ထားတဲ့ ဒီစခန်းကြီး ၃ ခုမှာ ကျနော်တို့ကိုလည်း ခေါ်လာပြီးရော နောက်ထပ် အသုတ်တွေခေါ်ဖို့ သူတို့စဉ်းစားကို မစဉ်းစားနိုင်တော့ဘူး။ အဲဒီစခန်းတွေက ကျနော်တို့ပြန်လာသည်အထိ ဟောင်းလောင်းပဲ။ ကျနော်တို့ကတောင်မှ အဲဒီအဆောင်တွေထဲကိုဝင်ပြီးတော့ ကျနော်တို့လိုချင်တဲ့ဟာတွေကို ဖျက်ယူ၊ သုံးချင်တာသုံးနေကြတာ။ ရေပုံးလုပ်ဖို့ သွပ်ပြား လိုချင်တယ်ဆို အဲဒီစခန်းကိုသွားပြီး သွပ်ပြားတွေခွာတယ်။ နောက်တခါ တူရိယာပစ္စည်းတွေ လုပ်ဖို့အတွက်ဆိုပြီး သစ်သားကောင်းတွေ အဲဒီအဆောင်ထဲ သွားယူတယ်။

နောက်ဆုံး ကိုကိုးကျွန်းက ထွက်ပြေးတဲ့ လှေ ၂ စင်းဟာ… မန်းငြိမ်းမောင်တို့ ခုနကပြောတဲ့ ဦးမန်းအောင်ကြည်တို့၊ ဦးအောင်ဝေ(ဗမာပြည်ကွန်မြူနစ်ပါတီက ရဲဘော်အောင်ဝေ) သူတို့ ၃ ယောက် စီးထွက်တဲ့ လှေဟာဆိုလို့ရှိရင် အဲလိုပဲ ပင်လယ်ထဲကရတဲ့ ပျဉ်ပြားလည်းပါတယ်။ အဲဒီကခွာတဲ့ ပျဉ်ပြားလည်းပါတယ်။ အဲလို လုပ်ကြရတာပဲ။

အဲဒီတော့ ကျနော်တို့မှာ ဘေးက အိုနာဆစ်သဘော်ကြီးရှိနေတဲ့အခါကျတော့ အဲဒီသဘော်ပေါ်တက်ပြီးတော့ အကုန်ယူကြတာ။ တူရိယာပစ္စည်းတွေအတွက် ဂီတာ၊ ဒုံမင်း၊ မယ်ဒလင် အဲဒါတွေအတွက် ကြိုးတွေအကုန်လုံး။ နောက်တခါ ကျနော်တို့က ပတ်ကြိုးလုပ်ဖို့အတွက် ပတ်ကြိုးရစ်တဲ့စက်ကလေးတွေတောင် လုပ်ထားသေးတယ်။ ဒုံမင်းမှ အမျိုးမျိုး၊ ပုံစံလည်းအမျိုးမျိုး၊ စားပွဲတင်ဒုံမင်းမျိုးလည်း ရှိတယ်။ နောက်ပြီးကျတော့ ခုံကြီးတခုနဲ့ ဆောင်းဘောက်အကြီးနဲ့လုပ်ထားတဲ့ ဒုံမင်းမျိုးလည်းရှိတယ်။ ပတ္တလားတွေလည်း အများကြီး။ သံပတ္တလား၊ ဝါးပတ္တလား၊ ကြေးပတ္တလား။ မယ်ဒလင်တွေကတော့ ပြောမနေနဲ့တော့။

အဲဒါတွေအပြင် ကျနော်တို့က ခဲတွေ၊ ဓားမြှောင်တွေ၊ နောက် ငါးထိုးဖို့ မှိန်းတွေ အဲဒီအိုနာဆစ်သဘော်ကြီးပေါ်ကရတဲ့ သံတိုသံစတွေနဲ့ ကိုယ့်ဟာကိုယ် ပန်းဘဲဖို လုပ်ပြီးတော့ လုပ်ကြတာပဲ။ လူတိုင်းလူတိုင်းမှာ တောတိုးတဲ့ ခဲမြှောင်တွေ ရှိကြတယ်။

စားမြှောင်ဆိုပေမယ့် ခုတ်လို့လည်းရတာပေါ့။ အနည်းဆုံးတော့ အုန်းသီးဖောက်သောက်လို့ ရတယ်။ ဒါတောင် အင်မတန်မျက်စိမွဲပါတယ်ဆိုတဲ့ ဦးလေး ဦးမြသန်းတောင်မှ (စာရေးဆရာ မြသန်းတင့်) ဓါးရှည်တချောင်းနဲ့၊ သူကလည်း ရေကူးတာတို့၊ တောတိုးတာတို့ အင်မတန်ဝါသနာပါတာ၊ မြင်သာ မမြင်တာ။

အဲလို ဖြစ်လာကြတဲ့အခါကျတော့ ထောင်ကလူတွေ ကျနော်တို့ကို ကြောက်တာလည်း ဘာမှ အပြစ်ပြောလို့မရဘူး။ ကြည့်လေ သူတို့ပေးတဲ့ဟာက ကျနော်တို့ကို ပေးတဲ့ဟာက အဝတ်အစားဆိုရင် အဖြူတွေ၊ အင်္ကျီအဖြူ၊ လုံချည်အဖြူ၊ အဖြူခွတ်ခွတ်တွေ။ အဲဒါက သိပ်ပြီးမြင်လွယ်တယ်။ နောက် ကျနော်တို့က အဲဒီဟာတွေကို အရောင်ဆိုးတယ်။ ဆေးဆိုးတယ်။ ဘာနဲ့ဆိုးလဲဆိုတော့ အုန်းခွံနဲ့ဆိုးတယ်။ နောက်ကျတော့ သရက်ခေါက်တွေ၊ အဲဒီမှာ တောသရက်ပင် တွေရှိတယ်။ အဲ... သရက်ခေါက်တွေ၊ အုန်းခွံတွေကို ရောမိုးပြီးဒယ်ကြီးနဲ့ကျို၊ ကျိုပြီးတော့ အဝတ်တွေ ပစ်ထည့်၊ အဲ... အဝတ်အစားတွေက ညိုညိုတွေ၊ မဲမဲ၊ ဒါမှမဟုတ် နက်ပြာရောင်တွေ မှိုင်းမှိုင်းအရောင်တွေချည်းပဲ အကုန်လုံး။ လူတဦး တယောက်မှမရှိတဲ့ တောကြီးတတောထဲမှာ ဝါဒါတယောက်ဟာ ခုနက အင်္ကျီကလည်း အကုန်လုံး ညိုညိုမဲမဲမှိုင်းမှိုင်းနဲ့၊ လူတွေကလည်း တကာယ့်ကို မျက်နှာတွေကလည်း ခက်ထန်နေတဲ့လူတွေ။ ဓါးတွေ၊ လှံတွေ၊ မိန်းတွေနဲ့ ထွက်လာတော့ ဖြုန်းကနဲ တွေ့လိုက်တယ်ဆို ဘယ်လိုဖြစ်သွားမလဲ။ ဟို... ဝါဒါတွေ ထွက်ကိုပြေးတာ ကျနော်တို့ ကြုံဖူးတယ်။

နောက်ကျတော့ ကျနော်တို့ကို လာချော့ပေါင်းတာ။ ကျနော်တို့ လိုချင်တဲ့ဟာလေးတွေ သူတို့က ရှာပေးတယ်။ မိတ်ဆွေဖြစ်သွားကြတယ်။ ကျနော်တို့ကလည်း ဝါဒါဟာ ကိုယ့်ရန်သူမှ မဟုတ်ပဲ။ ရန်သူလို သဘောမထားဘူး။ ကျနော်တို့က သူတို့တတွေဟာ ဆင်းဆင်းရဲရဲအမှုထမ်းပဲဆိုပြီးတော့ နားလည်တာပါ။ အဲဒီတော့ ကြာတော့ မိတ်ဆွေဖြစ်လာတယ်။ အဲဒီလို ထောင်ရဲ့အခြေအနေဟာ အာဏာပိုင်မျှော်မှန်းထားတဲ့ဟာနဲ့ လုံးဝမကိုက်ပဲနဲ့ တမျိုးတမည် ပြောင်းလဲလာတယ်။

အဲလိုပြောင်းလဲလာတဲ့အခါ၊ တနှစ်လောက်နေတဲ့အခါမှာ ကျနော်တို့ သတင်းတွေ အမျိုးမျိုးကြားလာရတယ်။ တခုကဘာလဲဆိုတော့ ကျနော်တို့ ရိက္ခာသွားထုတ်တဲ့ ကျနော်တို့ ကိုယ်စားလှယ်တွေ ရှိတယ်လေ။ အဆောင်ကိုယ်စားလှယ်တွေကနေ ရိက္ခာသွားထုတ်၊ ရိက္ခာသွားထုတ်တဲ့အခါကျတော့ သူတို့က ပြောလွှတ်တယ်။ “ခင်ဗျားတို့အတွက် ဒီမှာစိုက်ပျိုးဖို့ မျိုးစေ့တွေ ယူပေးမှာ။ စပါးစိုက်ရင်တောင် ရနိုင်တယ်။ နောက် မွေးမြူစရာ အကောင်တွေ။ ခင်ဗျားတို့ နောင်ဆိုလို့ရင် သားစိုင်းစို့ စားရမှာပါ။ မွေးမြူစရာ အကောင်တွေကို ကျနော်တို့ ပြည်မက ယူပေးမှာ။ အခုလိုအပ်ရင် လယ်ထွန်စက်တောင် ယူပေးမှာ။”အဲလို သူတို့က ပြောလာတယ်။

အဲဒါနဲ့တချိန်တည်းမှာ ဝါဒါတွေကတဆင့် ကျနော်တို့ဆီ သတင်းတွေ ပြန့်လာတာ။ အင်း... ဖန်းသားမယားတွေတောင် ခေါ်ပေးမယ်ဆိုတဲ့ဟာမျိုး။ အဓိပ္ပါယ်က သူတို့ရဲ့ ကိုကိုးကျွန်းစီမံကိန်းက သိပ်ကြီးတာ။ နောက်... ကျနော်တို့ကို အခုလက်ရှိ လုပ်နေတဲ့ဟာတွေထက်ကို အများကြီး ပိုကျယ်ပြန့်တဲ့၊ ပိုကြီးမားတဲ့ ထုတ်လုပ်ရေးစီမံကိန်းတွေနဲ့ ထောင်ချဖို့ ပြင်ထားတာ။ အဲဒါအပြင် ဖန်းသားမယားတွေပါ ခေါ်ပေးမယ်ဆိုတော့ ကျနော်တို့သာမက သားမယားတွေပါ ထောင်ချမယ့် စီမံကိန်းကြီးပဲ။

## ငါးဝိတိုက်ပွဲ

အဲဒီလို သူတို့စီမံကိန်းကြီးလည်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာသလို ကျနော်တို့ ဒီဘက်ကလူတွေရဲ့ ပိုင်းဖြတ်ချက်ဟာလည်း တဖြည်းဖြည်း ပိုပြီးပြတ်သားလာတယ်။ နောက်ဆုံး ကျားနဲ့ဆင် လယ်ပြင်မှာတွေ့တဲ့အချိန် ရောက်လာပြီလို့ ကျနော်တို့အကျဉ်းသားတွေဘက်က ဆုံးဖြတ်တဲ့အခြေအနေကို ရောက်လာရတာပဲ။ ဒါလောက်တောင် ရင်းနှီးမြှုပ်နှံပြီးတော့ ဒါလောက်ကြီးမားတဲ့ စီမံကိန်းကြီးတခုကို တည်ဆောက်ထားတာကို ကြည့်လိုက်ရင် ကျနော်တို့ကိုတော့ လွယ်လွယ်နဲ့လွှတ်မှာမဟုတ်ဘူးဆိုတာ ရှင်းနေတယ်။ ဒါကို ကျနော်တို့အထဲမှာ ဘယ်သူမှ ဝိဝါဒမကွဲဘူး။

စဉ်းစားကြည့်ပါဗျာ။ ကျနော်တို့ကို ၂ နှစ် ၃ နှစ် ထားဖို့လောက်နဲ့တော့ ဒါမျိုးမလုပ်တာအမှန်ပဲ။ ၂ နှစ် ၃ နှစ်ဆိုတော့ သူတို့ ပို့ရကြိုရတဲ့စရိတ်နဲ့တောင် မကာမိဘူး။ အဲဒီတော့ ဒါလောက် ထောင်ကြီး ၃ ခု၊ စခန်းကြီး ၃ ခု အဲဒီအတွက် အစောင့်တွေ၊ နေရာ ထိုင်စရာ၊ နောက်ပြီးကျတော့ သယ်ယူပို့ဆောင်ရေး၊ နည်းတဲ့စရိတ်တွေ မဟုတ်ဘူး။ အဲဒီလောက် အရင်းနှီးအကြီးကြီး လုပ်ထားတာဆိုလို့ရှိရင် ကျနော်တို့အတွက် ရှေ့မှာ တိုက်ပွဲမှတပါး ဘာမှအားကိုးစရာ မရှိဘူးဆိုတာ ရှင်းနေတယ်။ ကျနော်တို့အားလုံး ခေါင်းထဲမှာ ဒီကိစ္စ ရှင်းနေတယ်။

ဒါပေမယ့် မတူကြတာက ဘယ်လိုအတိုင်းအတာအထိ တိုက်မလဲ။ ဘယ်လိုပုံစံနဲ့ တိုက်မလဲ။ ဒီဟာပဲ ကွာကြတာ။ အဓိကကျတဲ့ တိုက်ရမယ်ဆိုတဲ့ဟာကျတော့ ဘယ်သူမှ မကွာဘူး။ ဒါ ကျနော်တို့အထဲမှာ အကျဉ်းသားအားလုံးလိုလို တူညီကြတယ်လို့ ပြောနိုင်တယ်။ တချို့ စိတ်ဓာတ်တစုံတရာ ပျော့တဲ့လူတွေဟာလည်း ဒါကိုတော့ မငြင်းဘူး။ သူတို့ကိုယ်တိုင် မပါရဲတာရှိမယ်၊ မပါဝံ့တာ ရှိမယ်၊ မပါချင်ဘူးပြောတာ ရှိရင်ရှိမယ်။ ဒါပေမယ့် တိုက်သင့်တယ်၊ တိုက်ရမယ်ဆိုတာတော့ အားလုံးက သဘောတူကြတယ်။

အဲဒီတော့ ရန်သူကို တိုက်မယ်ဆိုလို့ရှိရင် ဘာအရေးအကြီးဆုံးလဲ။ ကျနော်ဆိုလိုတာက ထောင်ထဲလိုနေရာမှာ။ ကျနော်တို့ အတွေ့အကြုံရဆိုလို့ရှိရင် တခုကတော့ ကိုယ့်ထက်အင်မတန်အားကြီးတဲ့ရန်သူကို ရင်ဆိုင်ရတော့မှာမို့လို့ ကျနော်တို့ စည်းလုံးညီ

ညွတ်ရမယ်။ ဒါ အထူးပြောစရာမရှိဘူး။ အကျဉ်းသားအားလုံး စည်းလုံးညီညွတ်ရမယ်၊ အပြန်အလှန် အကူအညီပေးရမယ်၊ ထောက်ထားရမယ်။ နောက်တခုက အကျဉ်းသားတွေအားလုံးဟာ နိုင်ငံရေးရှင်သန်နေရမယ်။ ကျနော်တို့ဘဝမှာ သာမန်စားဝတ်နေရေးနဲ့ ပိနေလို့၊ အိမ်လွမ်းနေလို့၊ ဟိုဟာမျှော် ဒီဟာမျှော်၊ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေထားနေလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

နောက် ကိုယ့်ခေါင်းထဲမှာ၊ ကိုယ့်ပတ်ဝန်းကျင်မှာ၊ ကိုယ့်ဘဝမှာ နိုင်ငံရေးရှင်သန်နေအောင် ဘယ်လိုလုပ်မလဲဆိုတာ အမြဲစဉ်းစားရတယ်။ အဲဒီအတွက် အမြဲပြင်ဆင်ရတယ်။ အမြဲ အချက်အလက်တွေ ဖန်တီးနေရတယ်။ စိတ်ဓာတ်ကျနေလို့ရှိရင် ကျနော်တို့ဘာကိုမှ မရင်ဆိုင်နိုင်ဘူး။ နောက်တခုက ကာလံဒေသံ တွက်တတ်ရမယ်။ ဘယ်လိုအချိန်မှာ၊ ဘယ်လိုအနေအထားမှာ၊ ဘယ်လိုတိုက်ပွဲမျိုး ဘယ်လောက်အတိုင်းအတာအထိ တိုက်မယ်။ အဲဒါမျိုး တွက်တတ်ဖို့ သိပ်လိုတယ်။ အဲဒါဟာ အတွေ့အကြုံအများကြီး လိုတယ်။

အဲဒီတော့ ကျနော်တို့အတွက် ကံကောင်းတာက ကိုကိုးကျွန်းမှာ ကျွန်းကို ၂ ခေါက် ရောက်ဖူးတဲ့လူတွေ ပါတယ်။ နောက်ပြီးကျတော့ ဗိုလ်အုန်းမောင်တို့၊ ဆရာရာဂျန်တို့လို ထောင်ထဲမှာ အတွေ့အကြုံအများကြီးရှိတဲ့၊ တိုက်ပွဲတွေ အများကြီးတိုက်ဖူးတဲ့ ပုဂ္ဂိုလ်ကြီးတွေ ပါတယ်။ ဗန်းမော်ဦးတင်အောင်တို့လို ထောင်ထဲ အကြာကြီးနေဖူးတဲ့သူတွေ ပါတယ်။ စာရေးဆရာ ဦးလေးကြီး မြသန်းတင့်ဆိုလို့ရှိရင်လည်း ကျွန်း ၂ ခေါက် ပြန်ပဲလေ။

အဲဒါအပြင် ကျနော်တို့ကို ထောင်တကာကနေပြီးတော့ ပို့လိုက်တာဆိုတော့ ထောင်တကာက တိုက်ပွဲအတွေ့အကြုံတွေ အားလုံးမှာ ပါလာကြတယ်။ ထောင်တကာက နာကျည်းချက်တွေ ပေါင်းမိပြီးတော့ နာကျည်းဒေါသဖြစ်ကြတာ ရှိသလို၊ ထောင်တကာက အတွေ့အကြုံတွေ ပါလာတဲ့ ကျနော်တို့တတွေမှာ တိုက်ပွဲဝင်ဖို့အတွက် နည်းနာတွေ ပိုကြွယ်ဝလာတာလည်း ရှိတယ်။

ကျနော်တို့ ဘာလုပ်ကြလဲဆိုတော့ နိုင်ငံရေး အမြဲရှင်သန်နေအောင်ဆိုတဲ့ဟာကို ဦးတည်ပြီးတော့ စာကြည့်တိုက်ထားတယ်။ ကျနော်တို့ပါလာသမျှ စာအုပ်တွေကို စုပြီးတော့ စာကြည့်တိုက်ထားတယ်။ စာကြည့်တိုက်ကို မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ အဲဒါမျိုးတွေငှားတဲ့ သာမန်စာကြည့်တိုက်လည်း ရှိတယ်။ နောက်... သဘောတရားဆန်တဲ့ စာအုပ်တွေထားတဲ့ စာကြည့်တိုက်လည်း ရှိတယ်။ နောက်တခါ အခါအားလျော်စွာ အခမ်းအနားတွေလုပ်တယ်။ ကွန်မြူနစ်ပါတီဆိုလို့ရှိရင် ကွန်မြူနစ်ပါတီ တည်ထောင်တဲ့နေ့၊ လက်နက်ကိုင်တော်လှန်ရေး စတင်တဲ့နေ့၊ နိုင်ငံတကာအလုပ်သမားနေ့၊ အောက်တိုဘာ တော်လှန်ရေးနေ့... စတဲ့ နေ့ကြီးရက်ကြီးတွေမှာ ကျနော်တို့ အခမ်းအနားတွေ လုပ်ကြတယ်။

အခမ်းအနားတွေမှာ အလံတွေတလူလူနဲ့၊ မိန့်ခွန်းတွေပြောကြတယ်။ သီချင်းတွေ ဆိုကြတယ်။ ကျနော်တို့မှာ တီးဝိုင်းတွေ ရှိလာတယ်။ တီးဝိုင်းတွေအတွက် တူရိယာပစ္စည်းက စောစောကပြောခဲ့တဲ့ အိုနာဆစ်သင်္ဘောကြီးပေါ်က ရတဲ့ပစ္စည်းတွေနဲ့ ဖန်တီးထားတာ။

နောက်ပြီးကျတော့ နေ့ကြီးရက်ကြီးတွေမှာ အားကစားပွဲတွေ ကျနော်တို့ လုပ်တယ်။ အဓိကကတော့ ဘော်လီဘောပွဲ၊ ဘောလုံးပွဲ၊ စစ်တုရင်ထိုးပွဲ၊ ကျားထိုးပွဲ။ အဲဒါအပြင် ကပွဲ ဆိုပွဲတွေလည်း ရှိတယ်။

နောက်တခုက ရေဒီယို။ ကျနော်တို့ကို ထောင်အာဏာပိုင်တွေက အဲဒီတုန်းက ခေတ်စားတဲ့ 'ကြံ့ခိုင်ရေး' ရေဒီယိုလို့ပဲဟာမျိုး ဆိုနီရေဒီယိုတလုံး ပေးထားတယ်။ ဓါတ်ခဲသုံး ရေဒီယို။ ဒါပေမယ့် အဲဒီရေဒီယိုကို သူတို့က ဗမာ့အသံပဲ ဖမ်းပေးလိုက်တယ်။ ဖမ်းပေးပြီး ကျန်တဲ့ဟာတွေကို မဖမ်းနိုင်အောင်လို့ ရေဒီယိုကို သုံးထပ်သားသေတ္တာနဲ့ ရိုက်ပြီးတော့ ကျနော်တို့ဆီ ပို့ပေးတယ်။ ရေဒီယိုပါ ထောင်ချထားတာ။ လူတွေတင်မကဘူး ရေဒီယိုပါ ထောင်ချပြီး ကျနော်တို့ကိုပေးတယ်။ ပေးတဲ့အခါကျတော့ ဝါဒါက ညမှာလာပို့တယ်။ သူတို့ ဗမာ့အသံ ပြီးချိန် ည ၉ နာရီခွဲမှာ ပြန်ပြီးလာယူတယ်။ အဲဒီတော့ ကျနော်တို့က ကိုယ့်ဆီ ရောက်လာပြီဆိုလို့ရှိရင် ရေဒီယိုကို သံချောင်းတချောင်းမှာ ပလာစတာတွေ ကပ်ပြီးတော့ အဲဒီရေဒီယိုကို ကြားကနေ ထုံးတယ်။ ပလာစတာကပ်ထားတာကတော့ မနာအောင်လို့။ မနာအောင်လို့ဆိုတာထက် လက်သည်မပေါ်အောင်လို့ပါ။ အဲလိုနည်းနဲ့ ရေဒီယိုမျိုးစုံကို ကျနော်တို့ နားထောင်နေရတာ။ နောက်ပိုင်းကျတော့ ထောင်အာဏာပိုင်တွေလည်း ဘာမှမတတ်နိုင်တော့တဲ့အခါကျတော့ ရေဒီယိုကို သုံးထပ်သားသေတ္တာနဲ့ သော့ခတ်တာတောင် မလုပ်တော့ပါဘူး။ ရေဒီယိုဟာ ဖြောင်ပဲ၊ ကျနော်တို့ကြိုက်တာ ဖွင့်နေကြတော့တာပဲ။

အဲဒီလိုနဲ့ တနေ့ကျတော့ ကျနော်တို့ ကျွန်းပေါ်ရောက်ပြီးတော့ လပိုင်းပဲ ရှိသေးတယ်။ ပထမဆုံး တိုက်ပွဲတခုဖော်ဖို့ အခြေအနေကြုံလာတယ်။ အဲဒါက ဘာဖြစ်တာလဲဆိုတော့... ဒီ ကိုကိုးကျွန်းနဲ့ ရန်ကုန်က မိုးတွင်းဆိုလို့ရှိရင် ဆက်သွယ်ရေး သိပ်ခက်တယ်။ အထူးသဖြင့် ဆက်သွယ်ရေးတာဝန်ယူတဲ့ ရေတပ်ကဖြစ်စေ၊ သင်္ဘောလိုင်းတွေကပဲဖြစ်စေ မုန်တိုင်းများတဲ့ကာလမှာ ဖြစ်နိုင်ရင် မသွားချင် မလာချင်။ နောက်ပြီးတော့ ကိုကိုးကျွန်းကို ကပ်ရတာလည်း နည်းနည်းခက်တယ်။ အဲဒါ သူတို့က အဲဒီအချိန်ကျရင် အဆက်အသွယ်ကို လုံးဝမရှိသလောက်ပဲ။ အဲဒီတော့ ဒီမိုးတွင်းမရောက်ခင် ပို့စရာရှိတာတွေအကုန်လုံး ကျွန်းကို ပို့ထားတယ်။ မိုးတွင်းကျရင် ရပ်။ မိုးကုန်မှ တခါပြန်ပြီးတော့ ဟိုကသင်္ဘောတွေ လာတယ်။ အဲလိုလုပ်တာ။ အဲဒီတော့ ဘာဖြစ်လဲဆိုတော့ ကျနော်တို့ကိုပေးတဲ့ ငါးပိဟာ တနေ့ကျတော့ ကြည့်လိုက်တော့ ငါးပိက ချိုးတွေနဲ့၊ အပုပ်တွေ။ အနံ့တွေ သိပ်ဆိုးတာ။ အဲဒါတွေ ဖြစ်နေတာ။

အဲဒါ ကျနော်တို့က ထောင်အာဏာပိုင်ကို သွားပြောတယ်။ "ဟာ... ဒါတွေတော့ ကျနော်တို့ကျွေးလို့ ဘယ်ဖြစ်မလဲ။ ဒါတွေ ကျနော်တို့စားရင် ကျနော်တို့အကုန်လုံး ကျန်းမာရေး ထိခိုက်မှာပေါ့"ဆိုတော့ ထောင်အာဏာပိုင်က "တခြားမရှိဘူး။ ဒါပဲရှိတယ်။ ယူ" ဆိုပြီးပြောတော့ ပြတ်ပြတ်ပဲပြောတယ်။ အဲဒီတော့ ကျနော်တို့အားလုံး တိုင်ပင်ကြတယ်။ တိုင်ပင်ကြပြီးတော့ "ဒါဟာ ပထမဆုံး ငါတို့ကိုအညွန့်ချိုးဖို့ သူတို့ပြောလေ့ရှိတဲ့ ပေးတာယူ၊ ကျွေးတာစား၊ စကားမများနဲ့ဆိုတဲ့မူကို စစမ်းကြည့်တာပဲဖြစ်တယ်။ ဒို့ ဒါကိုသာ လက်ခံလိုက်ရင် ဦးကျိုးသွားမှာ။ နောင် ဘယ်တော့မှ သူတို့ကို ပြန်ပြောလို့ရမှာ မဟုတ်တော့ဘူး။ ဒါကို လက်ခံလို့မဖြစ်ဘူး" ဆုံးဖြတ်ကြတယ်။ အဲလို ဆုံးဖြတ်ကြပြီးတော့ ထောင်အာဏာပိုင်တွေကိုပြောတယ်"ကျနော်တို့ကို ငါးပိအကောင်းပေး။ မပေးရင် ကျနော်တို့ အစာငတ်ခံတိုက်ပွဲဝင်မယ်"လို့ပြောတယ်။ ဒီတော့ ထောင်အာဏာပိုင်ကလည်း "တိုက်" ဒီတခွန်းပဲ။ အဲဒါ ကျနော်တို့ ပထမဆုံး တိုက်ပွဲ စတိုက်ကြတယ်။ 'ငါးပိတိုက်ပွဲ'။

အဲဒီတော့ ဒါဟာ တောင်းဆိုတဲ့ကိစ္စဟာ ဘာမှကြီးကြီးမားမားမဟုတ်ဘူး။ ဒါပေမယ့် ဒါဟာ ကိုကိုးကျွန်းမှာ ပထမဆုံးတိုက်ရတဲ့ တိုက်ပွဲဖြစ်တော့ တဖက်နဲ့တဖက်လည်း အခြေအနေ ကောင်းကောင်းမသိကြသေးဘူး။ အတော်ကို စမ်းတဝါးဝါးနဲ့ တိုက်ရတာဖြစ်တဲ့အတွက် အင်မတန်ခက်ခဲမယ်လို့ ကျနော် တွက်ထားတယ်။ ခက်ခဲမယ်ဆိုတာ အောင်ပွဲရဖို့ ခက်ခဲတယ်ဆိုတာထက် ကျနော်တို့အတွက် အတွေ့အကြုံစုဆောင်းရတာ၊ နောက်ပြီးကျတော့ အချင်းချင်း ညှိနှိုင်းရတာ အဲဒါတွေအတွက် အခက်အခဲရှိနိုင်တယ်လို့ ကျနော်တို့ တွက်ထားတာ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီတိုက်ပွဲကို ပေါ့လို့မရဘူးဆိုပြီး ကျနော်တို့ အဲဒီလိုတွက်ပြီးတော့ တိုက်တယ်။

အစာငတ်ခံတိုက်ပွဲတိုက်တော့ ကျနော်တို့ခေါင်းဆောင်တွေက "ရဲဘော်တို့ ရှေ့က တက်ကြ"ဆိုပြီးတော့ သူတို့က နောက်ကနေခဲ့တာမဟုတ်ဘူး။ သူတို့ ကိုယ်တိုင် ရှေ့ဆုံးက တိုက်တာ။ ပထမအသုတ်က ဆရာရာကျွန်ပါတယ်။ ဒါပေမယ့် ဆရာ့ခမျာမှာ ၂ ရက် ၃ ရက်လောက်ရှိသေး နားကို ထိုင်းသွားရှာတာ။ သူ့ကျန်းမာရေးက မကောင်းဘူး။ အသက်ကလည်း ကြီးပြီ။ ဒါပေမယ့် အဲဒီ နားမကောင်းလျက်နဲ့ပဲ ဒီတိုက်ပွဲကို အစအဆုံး သူပါဝင်တိုက်သွားတာ။ နောက်... ကျနော်မှတ်မိနေသလောက်ဆိုရင် ပြည်သူ့တိုးတက်ရေးပါတီက ဦးလေးဦးခင်မောင်မြင့်လည်း ပါတယ်။ ပြည်သူ့ရဲဘော်ထဲက ဗိုလ်မျိုးထွန်းတို့လည်း ပါတယ်။ လူအတော် များများပါတယ်ခင်ဗျ။

အဲဒီတော့ ဒီတိုက်ပွဲဟာ ကျနော်တို့ဘက်က အချက်အလက်အရ အင်မတန် ပိုင်နိုင်နေတယ်ဆိုတော့ တိုက်လို့တော့ ကောင်းတယ်။ ရန်သူ့ဘက်က အမှားချည်းပဲ။ အာဏာပိုင်တွေဘက်က အမှားချည်းပဲ။ အဲဒီလိုဖြစ်တော့ ကျနော်တို့က ပြောလို့လည်း ကောင်းတယ်။ တိုက်လို့လည်း ကောင်းတယ်။ ကိုယ့်အထဲထဲကိုလည်း စည်းရုံးလို့ ကောင်းတယ်။

နောက်... ကျနော်တို့ဆီမှာက အဲဒီလို တိုက်ပွဲတခုလုပ်ပြီ၊ အစာငတ်ခံပြီဆို လို့ရှိရင် ကျန်တဲ့သူတွေအားလုံးက(တိုက်ပွဲမှာ မပါတဲ့လူတွေ) မပါကြပေမယ့် ဒီတိုက်ပွဲကို ထောက်ခံတဲ့အနေနဲ့ ဒီအဆောင်ထဲကနေပြီးတော့ အပြင်ကို မထွက်ကြတော့ဘူး။ ဒီဝင်း ကြီးထဲကနေ အပြင်ကို မထွက်ကြတော့ဘူး။ ဝင်းကြီးထဲမှာပဲ နေတယ်။ အပြင်ထွက်ပြီး ရေချိုး၊ ထင်းခုတ်တောင် မလုပ်ကြတော့ဘူး။ ကျနော်တို့ အဲဒီကျတော့ ရေတွင်းတွေ ကိုယ့်အဆောင်ထဲမှာ တူးပြီးနေပြီ။ အဲဒီတော့ အပြင်ထွက် ရေမခပ်ကြတော့ဘူး။ တောင် ယာလည်း မလုပ်ဘူး။ တောင်ယာလည်း အဆုံးခံတယ်။ သစ်သီးတွေဘာတွေ စိုက်ထား တာရှိရင် ငှက်အထိုးခံတယ်။ ကျနော်တို့ သွားပြီးမယူတော့ဘူး။

အဲလိုနဲ့ တိုက်ပွဲဝင်လို့ ၅ ရက်လောက်ရှိတဲ့အခါကျတော့ ထောင်အာဏာပိုင် တွေက ပြောတယ် "ဆရာဝန်ကို ခေါ်မယ်"၊ ကျနော်တို့က သဘောတူလိုက်တယ်။ အဲဒါနဲ့ ထောင်ဆရာဝန်ကို အဆုံးအဖြတ်ပေးစေတယ်။ ထောင်ဆရာဝန်က အဲဒီတုန်းက ဦးဖေစိန်။ ထောင်ဆရာဝန်ကိုယ်တိုင်က ကြည့်ပြီးတော့ ပြောတယ်"ဒီငါးပိမျိုး စားလို့ မဖြစ်ဘူး"လို့ပြောတာနဲ့ အာဏာပိုင်တွေ ကွဲထွက်သွားတယ်။ အဲဒီတိုက်ပွဲ ကျနော်တို့ နိုင်လိုက်တယ်။ နိုင်လိုက်တယ်ဆိုတာက သူတို့ ငါးပိပေးစရာမရှိဘူး။ ဒါကို ကျနော်တို့ မယူဘူး။ အကြွေးထားပြီး နောင် သဘောကလာတဲ့အခါမှာ ကျနော်တို့ကို အကြွေးပြန်ဆပ် ပေးရတယ်။ အဲဒီတော့ ဒီတိုက်ပွဲနိုင်လိုက်တာဟာ ကျနော်တို့ထဲမှာ အကုန်လုံး အကြီး အကျယ် အားတက်သွားတယ်။ နောက်ပြီးကျတော့ ထောင်အာဏာပိုင်တွေလည်း နည်း နည်းလေးတော့ ရိုကျိုးသွားတာပေါ့။ ဒါပေမယ့် ဒါဟာ အသေးလေးတခုပဲရှိသေးတယ် ဆိုတာ အားလုံးသိတယ်။ ဒါ နောင်လာမယ့်ဟာတွေအတွက် ဇာတ်တိုက်တာ သာသာပဲ ရှိသေးတယ်ဆိုတာ အားလုံးသဘောပေါက်ကြတယ်။

# ရက် ၄၀ တိုက်ပွဲ

အဲဒီလို အခြေအနေကောင်းနေတဲ့အခါမှာပဲ မမျှော်လင့်တာတခု ပေါ်လာတယ်။ အဲဒါဟာလဲဆိုတော့ အလံနီပါတီနဲ့ အလံနီပါတီနွယ်တဲ့သူတွေက ဖိုတွေ ခွဲပစ်တယ်။ နဂိုက လူတွေအားလုံးက ဖိုတဖိုထဲမှာ စားကြတာ။ အခုကျတော့ အလံနီပါတီကလူတွေက သူတို့ရဲ့မူဝါဒအတိုင်း၊ သူတို့ခေါင်းဆောင်သခင်စိုး ပြောထားတဲ့အတိုင်း 'ကွဲအက်ရေးမှ ခွဲထွက်ရေးသို့'ဆိုတဲ့မူ ပေါ်လစီအတိုင်း 'အရောင်သမားတွေနဲ့ အတူမနေနိုင်ဘူး။ အရောင်သမားတွေနဲ့ အတူတိုက်ပွဲမဝင်နိုင်ဘူး'ဆိုပြီးတော့ ခွဲထွက်တယ်။ ကျနော်တို့ အတန်တန်တားပါတယ်။ "မလုပ်ပါနဲ့။ ရန်သူ အားရပါလိမ့်မယ်"ပြောလို့မရဘူး။ သူတို့အဆိုမှာ 'သူတို့ပါတီကလွဲပြီး ကျန်တဲ့လူတွေအားလုံးက အရောင်သမားတွေချည်းပဲ'။ အဲလိုမူအရ သူတို့ခွဲထွက်တာ။ တော်တော် ဝမ်းနည်းစရာကောင်းတယ်။ သူတို့ ခွဲထွက်တော့ မလည်ပ၊ ပြည်သူ့ရဲဘော် သူတို့လည်းပဲ ပါတီကြီးတခုကိုး။ အဲဒီတော့ သူတို့က ကျန်တဲ့လူတွေနဲ့ တွဲနေလို့ရှိရင် မဖြစ်ဘူး။ သူတို့ပါတီကြီးတခုဖြစ်တဲ့ဟာကို ဖော်ပြဖို့လိုတယ်ဆိုပြီးတော့ သူတို့လည်း ခွဲထွက်တယ်။ အဲဒီလိုနဲ့ ရိက္ခာရုံဟာ အကုန်ကိုကွဲထွက်ကုန်တယ်။

ကျနော်တို့ကို အရောင်သမားလို့ စွပ်စွဲတဲ့သူတွေ အဲဒီကျွန်းပေါ်မှာ ကျနော်တို့နေတုန်းပဲ သူတို့ရဲ့ခေါင်းဆောင်ကြီး သခင်စိုးဟာ လက်နက်ချလာတယ်။ အဲဒီနောက် အားလုံးသိကြတဲ့အတိုင်း ဗိုလ်နေဝင်းက အရေးခွာ၊ အပြတ် သူ့ကို အရှက်ခွဲပစ်တယ်။ တရားရုံးမှာ။ အဲဒီနောက် သူက မဆလကို သဘောတရားအမျိုးမျိုးနဲ့ ထောက်ခံ အလုပ်ကျွေးပြုရတယ်။ အဲဒီလိုနဲ့ အင်မတန်နာမည်ဆိုးနဲ့ပဲ ဇာတ်သိမ်းသွားရတယ်။

ကျနော့်အနေနဲ့ဆိုရင် အလံနီထဲမှာရော၊ အနွယ်တွေထဲမှာရော ပုဂ္ဂိုလ်ရေးအင်မတန်ရင်းနှီးတဲ့လူတွေရှိတယ်။ အတူတူတိုက်ပွဲဝင်ခဲ့တဲ့ လူတွေလည်း ရှိတယ်။ ကျနော့်ကို ကူညီခဲ့တဲ့လူတွေလည်း အများကြီးရှိတယ်။ ကျွန်းပေါ်ပါလာသူရော၊ ပါမလာသူရော ထောင်အပြင်မှာ ဆက်ဆံဖူးတဲ့လူတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီး ကျနော် သိပ်အကျယ်ကြီး မပြောချင်ဘူး။

အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကျနော်ပြောချင်တာက ကျနော်တို့ထဲမှာတော့ အတော်အားနည်းသွားတယ်။ မတတ်နိုင်ဘူး။ ရှိတဲ့အတိုင်းပဲ ကျနော်တို့ ဆက်သွားတယ်။ ကျွန်းပေါ်က ဆက်လုပ်စရာရှိတဲ့ဟာတွေကို ဒီအကွဲက ဘယ်လိုမှ ဂယက်မရိုက်အောင် ကျနော်တို့ အစွမ်းကုန်ကြိုးစားခဲ့ကြတယ်။

အဲဒီလိုနဲ့ဘာဖြစ်သလဲဆိုတော့ ၁၉၇၀ ခုနှစ် နွေဦးပိုင်းမှာ၊ ကျွန်းရောက်ပြီး တနှစ်လောက်မှာ တနေ့ကျတော့ အလံနီထဲကပဲ ရဲနီတင်ငြိမ်း(ကိုတင်ငြိမ်း၊ နဂိုက အစိုးရ ဆီက ရဲ။ အိမ်ထောင်သည်ပါ။ အဲဒီတုန်းက သူ့အသက်က ၃၀ နား နီးပါပြီ။) သူဟာ အသားဝါရောဂါနဲ့ ကွယ်လွန်သွားတယ်။ ကိုတင်ငြိမ်းနေတဲ့ အဆောင်က ကျနော်နေတဲ့ အဆောင်နဲ့ဆိုရင် တဆောင်ခြား။ သူက အဆောင်နံပါတ် ၇။ ကျနော်က အဆောင်နံပါတ် ၉။ အဲဒါ...

တညကျတော့ ညကြီးသန်းခေါင် ကျနော်တို့ အိပ်ပျော်နေပြီ။ အဲဒီမှာ အသံနက်ကြီးနဲ့ ဆိုးဆိုးရွားရွားကြီး အော်တဲ့အသံတွေ ကြားရတယ်။ “သမီးရေ...” ဆိုပြီးတော့။ အို... ခြောက်ခြားစရာ တကယ်ကောင်းတယ်။ ထောင်ကလည်း ထောင်ဗျာ၊ ကျွန်းကလည်း ကျွန်း၊ သန်းခေါင်ကလည်း သန်းခေါင်၊ အဲလိုအခါမှာ ဒီလိုအသံကြီးကြားရတာ၊ တခါတည်း မကဘူး၊ ကျနော်မှတ်မိသလောက် ဆိုရင် ၃/၄ ခါထင်တယ်။ ကျနော်တို့ ကြားရတယ်၊ ကျနော် နိုးပြီးနောက် ကြားရတဲ့ဟာပေါ့လေ။ ဒါနဲ့ ကျနော်တို့အားလုံး လှုပ်လှုပ်ရွရွဖြစ်ပြီးတော့ စနည်းနာ၊ အဲဒီတော့ သူများအိပ်ရှိန်ကြီး၊ သူများအဆောင်မှာ ဖြစ်တာ အတင်းဝင်သွားမေးလို့လည်း ရိုင်းရာကျမယ်လေ၊ မသိတတ်ရာကျမယ်။ ဒါမို့ သူတို့အကြောင်း စနည်းနာပြီးတော့မှ ကိုယ်စားလှယ်လွှတ်ပြီး သွားစုံစမ်းကြည့်တော့... ကိုတင်ငြိမ်း အခြေအနေမကောင်းဘူးဆိုပြီးပြော၊ နောက်‘ကိုတင်ငြိမ်း ဆုံးသွားပြီ’ဆိုတဲ့ သတင်း ချက်ချင်းကြားတာ။

ကျနော်တို့အားလုံး ဆက်အိပ်လို့မရကြတော့ဘူး။ ဒီကိစ္စ သိပ်ကြီးကျယ်သွားပြီ။ ပထမဆုံး ကိုကိုးကျွန်းမှာ လူတယောက် ထောင်ကပေးတဲ့ရောဂါနဲ့ သေဆုံးရတာဖြစ်တယ်၊ အဲဒီတော့ ကျနော်တို့ခေါင်းဆောင်တွေက ဒီကိစ္စ ဘာလုပ်ကြမလဲလို့ အစည်းအဝေးထိုင်တယ်။ တိုင်ပင်ကြတယ်။ တိုင်ပင်တော့ ဒီကိစ္စဟာ ကြည့်နေလို့မရဘူး။ တခုခု တော့ လုပ်မှဖြစ်မယ်လို့ ကျနော်တို့သဘောရတယ်။ ဒါပေမယ့် ဖြစ်ချင်တော့ ကာယကံ ရှင်က ကျနော်တို့မဟုတ်ဘူး။ ကာယကံရှင်က အလံနီပါတီနဲ့ဆိုင်နေတယ်။ အဲဒီတော့ ကျနော်တို့က ကိုယ်စားလှယ်လွှတ်ပြီး သွားဆွေးနွေးတယ်။ ဒီကိစ္စဟာ သာမန်ကိစ္စမဟုတ်ဘူး။ နောင်လည်း အစဉ်အလာဖြစ်မယ့် ကိစ္စဖြစ်တယ်။ အဲဒီတော့ ပထမဆုံး ရဲနီတင်ငြိမ်းရဲ့အလောင်းကို ပြည်မ ပြန်ပို့ရေး၊ သူ့မိသားစုဆီ ပြန်ပို့ရေး၊ ဒါ သိပ်အရေးကြီးတယ်။ အဲဒီအတွက် ကျနော်တို့ တိုက်ပွဲဝင်ရမယ်၊ တောင်းဆိုရမယ်လို့ပြောတော့ အလံနီက လည်း သဘောတူတယ်။

အဲဒီတော့ သဘောတူတာနဲ့ ကျနော်တို့နောက်နေ့မှာ အားလုံးကိုယ်စားလှယ်တွေ ရွေးပြီးတော့ ထောင်အာဏာပိုင်တွေကို တွေ့တယ်။ တွေ့ပြီးတော့ ကိုတင်ငြိမ်း ကွယ်လွန်တဲ့အကြောင်း၊ ကိုတင်ငြိမ်းရဲ့အလောင်းကို ပြည်မပြန်ပို့ပေးဖို့၊ သူ့မိသားစုလက် ပြန်အပ်ပေးဖို့ပြောတယ်။ အဲဒီတော့ ထောင်အာဏာပိုင်တွေက အထက်ကိုလှမ်းမေးပြီး ပြန်ပြောတာက "မဖြစ်နိုင်ဘူး။ ကျွန်းပေါ်မှာပဲ သင်္ဂြိုဟ်ရမယ်"လို့ပြန်ပြောတယ်။ အဲဒီတော့ ကျနော်တို့နဲ့က ထိပ်တိုက်ရင်ဆိုင်ရတဲ့ပြဿနာ ဖြစ်လာတယ်။ ကျနော်တို့ကလည်း ဒီလိုဆို ကျွန်းမှာသင်္ဂြိုဟ်ဖို့ဆိုရင် ကျနော်တို့ ဒီအလောင်း မပေးနိုင်ဘူး။ ပြည်မပြန်ပို့မယ်ဆိုရင် ပေးမယ်ဆိုပြီးတော့ အလောင်းမပေးဘဲထားတယ်။

အလောင်းမပေးပဲ ထားတယ်ဆိုတာက ဒီလို။ အလောင်းကို ကျနော်တို့ ခေါင်းသွင်းတယ်။ ခေါင်းသွင်းတယ်ဆိုတာ သွပ်ပြားတွေနဲ့ ခေါင်းလုပ်တာပေ့ါ။ အပြင်ကတော့ သစ်သားအခေါင်းပေ့ါ။ သစ်သားခေါင်းအတွင်းမှာ သွပ်ပြားခံတယ်။ အဲတော့ အခြားအဆောင်တွေမှာရှိတဲ့ အဆောင်တွေက ခေါင်မိုးသွပ်ပြားတွေကို ဆွဲချလာတာပဲ။ ခေါင်းရိုက်ပြီးတော့ ခေါင်းထဲမှာထားတယ်။ ထားပြီးတော့ ဒီ ကျနော်တို့စခန်းရဲ့ အရှေ့တောင်ထောင့်မှာ ကုလားဖျဉ်းလေးလို ထိုးပြီးတော့ အဲဒီမှာထားတယ်။ အဲဒီတော့ အဲဒီနောက်မှာကလည်း ထောင့်ဆိုတော့၊ စခန်းထောင့်မှာ ဝါဒါတွေရဲ့ကင်းစခန်းလေးရှိတယ်။ အမြင့်လေးနဲ့သူက။ အပေါ်မှာ ဆလိုက်မီးလည်း ရှိတယ်။ အဲဒီတော့ ကျနော်တို့ အောက်မှာကအောက်လင်း မါတ်မီးတွေ ထွန်းပြီးတော့ စောစောက ကိုတင်ငြိမ်းအလောင်းထားတယ်။ ဟို အပေါ်မှာက ဝါဒါအစောင့်။ ဝါဒါက တယောက်ပဲစောင့်တာ။ ဟိုဘက်က လှိုင်းတွေက တဝေါဝေါနဲ့ ညဆိုရင် မှန်မှန်ကြီး လိမ့်တက်နေတာ။ အသံမြည်နေတာ။ ၂ ရက် ၃ ရက်နေတော့ အဲဒီဝါဒါဟာ မနေရဲလို့ဆင်းပြေးရော။ ဝါဒါအစောင့် မရှိတော့ဘူး။

ဒီအချိန်မှာ ကျနော်တို့ဘက်က စဉ်းစားတယ်။ "ဟာ! ငါတို့တတွေ ဒီအလောင်းကြီး ပိုက်ပြီး ငုတ်တုတ်ထိုင်နေလို့ မပြီးဘူး။ ကိုယ့်ဘက်က သိပ်ပြီးတော့ ခံစစ်ကြီးလို ဖြစ်နေလို့ရှိရင် လက်ဦးမှုဆုံးပြီးတော့ ကိုယ်ပဲခံရလိမ့်မယ်" ဆိုပြီးတော့ စဉ်းစားတယ်။ ဒါ့အပြင် ကျနော်တို့မှာ စောစောကပြောခဲ့တဲ့ ငါးပိတိုက်ပွဲအရှိန်ကလည်း ရှိနေတာ။ အောင်ပွဲရဲ့အရှိန်ကလည်း ရထားတော့ ကိုယ်က ထိုင်ပြီး ခံစစ်လိုစောင့်နေတာထက် ထိုးစစ်ကိုလုပ်ဖို့ စဉ်းစားကြတယ်။ လုပ်ရမယ်လို့လည်း မြင်ကြတယ်။ အဲဒီမှာ ကျနော်တို့ညှိတယ်။ ဘယ်တောင်းဆိုချက်တွေနဲ့ တိုက်ပွဲဝင်မလဲလို့ ညှိကြတဲ့အခါကျတော့ ကျနော်တို့ တောင်းဆိုချက် ၅ ခု တင်လိုက်တယ်။

နံပါတ် ၁ က... ရဲနီတင်ငြိမ်းအလောင်း ပြည်မ ပြန်ပို့ပေးရေး။ နံပါတ် ၂ က... နာတာရှည်ရောဂါသည်(ဒါမှမဟုတ်ရင်) ကျွန်းမှာ ကုလို့မရတဲ့ ရောဂါသည်တွေကို ပြည်မပြန်ပို့ပေးရေး။ နံပါတ် ၃ က... ကျနော်တို့ကို စည်သွတ်ဗူးပေးမယ့်အစား အသားစိုပေးရေး။ နံပါတ် ၄ က... တရားဝင်ထုတ်ဝေတဲ့ စာနယ်ဇင်းတွေ ဖတ်ခွင့်ရရှိရေး။ နံပါတ် ၅ က... ကိုယ့်အိမ်နဲ့ စာရေးဆက်သွယ်ခွင့်ရရေး။

ဒီအချက် ၅ ချက် တင်ပြီးတော့ အစာငတ်ခံတိုက်ပွဲဝင်ကြဖို့ အားလုံးသဘောတူကြတယ်။ ဖိုတွေအားလုံးလည်း သဘောတူတယ်။ အဲဒီတော့ ကျနော်တို့ အသုတ် ၃ သုတ် ခွဲဝင်တယ်။ ပထမအသုတ်က ဝင်ပြီး နောက်တပတ်အကြာမှာ ဒုတိယအသုတ်က ဝင်တယ်။ နောက် တတိယအသုတ်က နောက်တပတ်ခြားပြီးတော့ ထပ်ဝင်တယ်။ ကျနော်တို့ အခုတိုက်ပွဲမှာ တင်တဲ့တောင်းဆိုချက်တွေက ဘာမှမထူးဆန်းဘူး။ သာမန်လူ့အခွင့်အရေး၊ သာမန်ထောင်သားအခွင့်အရေးတွေ။ တချို့ကဆိုရင် ဘာမှတောင်းနေစရာမလိုတဲ့ ကိစ္စတွေ၊ ကျနော်တို့ကို ကျွန်းမပို့ခင် ပြည်မမှာတုန်းကတောင်မှ ထောင်ထဲမှာ သာမန်ခံစားခွင့်ရှိတဲ့ အခွင့်အရေးတွေဖြစ်တယ်။ ဒီစစ်အစိုးရလက်ထက်မှာကို ခံစားခွင့်ရှိတဲ့ အခွင့်အရေးတွေ ဖြစ်တယ်။ အဲဒါတွေကို ကျနော်တို့တောင်းတာ။

ဒါပေမယ့် အခုကျတော့ ဒီ သာမန်အခွင့်အရေးတွေဟာ အင်မတန်ကို မှကျတဲ့ ပြဿနာကြီးတွေ ဖြစ်နေပြီ။ သူတို့ဘက်က မပေးနိုင်တဲ့ဟာကြီးတွေ ဖြစ်နေတာ။ အဲဒါကြောင့်မို့ ဒီတိုက်ပွဲဟာ ငါးပိတိုက်ပွဲလို လွယ်လွယ်လေးနဲ့ မဖြစ်နိုင်ဘူး။ ခက်ခဲမယ်လို့ ကျနော်တို့ဘက်က တွက်ထားတယ်။ ကျနော်တို့အနေနဲ့ ဒီတိုက်ပွဲမှာ တန်ဖိုးပေးရင် ပေးရလိမ့်မယ်လို့ တွက်ထားတယ်။ တန်ဖိုးဆိုတာက အသက်တင်မကဘူး။ ကျန်းမာရေး ထိခိုက်တာတွေရောအပါအဝင် ပေးရနိုင်စရာရှိတယ်လို့ တွက်ထားတယ်။ တွက်ထားပြီးတော့ ဒီတိုက်ပွဲကို ကျနော်တို့ လေးလေးနက်နက်နဲ့ ပြင်ပြင်ဆင်ဆင်နဲ့ တိုက်ပွဲဝင်တာ။

အဲဒီလို တိုက်ပွဲဝင်တယ်ဆိုတော့ ကျနော်တို့ဘက်က စောစောကပြောသလို ခေါင်းဆောင်တွေ ထိပ်ကဝင်တိုက်တာပဲ။ ဒီတိုက်ပွဲမှာ ဗန်းမော်ဦးတင်အောင်၊ ဦးလေးဦးမြသန်းတင့်... စတဲ့သူတွေ ပထမအသုတ်က ထွက်တိုက်တာပဲ။ ဒါကိုကြည့်လိုက်ရင် ကျနော်တို့ဘက်က ဂုဏ်ဖမထားဘူး။ အပြတ်တိုက်မယ်။ ရင်စည်းပြီးတိုက်မယ်။ အသည်းချင်းပေါက် တိုက်မယ်ဆိုတာ ဆုံးဖြတ်ပြီးသားဆိုတဲ့ အဓိပ္ပါယ်ပဲ။

ကျနော်ကိုယ်တိုင်က ဒုတိယအသုတ်မှာ ပါတယ်။ ဒီတိုက်ပွဲဟာ 'ရက် ၄၀ တိုက်ပွဲ'လို့ ခေါ်တယ်၊ ရက် ၄၀ ကြာလို့။ ကျနော်ကတော့ ၃၃ ရက် အစာငတ်ခံခဲ့ရတယ်။ ကျနော်တို့ ကိုကိုးကျွန်းမှာ အစာငတ်ခံပြီဆိုတာက တခြားနိုင်ငံတွေနဲ့မတူဘူး။ ဘာဆိုဘာမှ မစားတာ။ ရေသောက်တာကလွဲပြီး ဘာမှကို ပါးစပ်ထဲမထည့်တာ။ ရေထဲမှာ ဆားမပါအောင်တောင် သတိထားတယ်၊ အာဏာပိုင်ကနေပြီးတော့ နိုးပြီးတော့၊ ညာပြီးတော့ Glucose ကျွေးမှာ၊ ဆားကျွေးမှာ တခုစီပေါ့။ အမြဲတမ်း သတိထားနေရတာ။ ဒါကြောင့်မို့ ကျနော်တို့တိုက်ပွဲဝင်တယ်ဆိုလို့ရှိရင် ထောင်အာဏာပိုင်တွေကို အကြောင်းကြားတယ်။

တခုက ကျနော်တို့ မနက်အစောကြီးမှာ ထောင်ပေါက်ဝသွားပြီး အားလုံး စုပြီးတော့ ကြွေးကြော်သံတွေ တိုင်တယ်။ ပြီးရင် ထောင်အာဏာပိုင်တွေဆီက ဆရာဝန်လာစစ်ဆေးတယ်။ ဆရာဝန်က နေ့တိုင်း အလေးချိန် ချိန်တယ်၊ သွေးပေါင်ချိန် စစ်တယ်။

ပြီးရင် သူ့အထက်သူ အစီရင်ခံတယ်။ ကျနော်တို့က သူတို့ကို စစ်စေတဲ့အကြောင်းရင်းက ကျနော်တို့လူတွေ မစားဘူး၊ မလိမ်ဘူးဆိုတာ ပြတာ။ နောက်တခုကလည်း ကျနော်တို့က သူတို့ကို ဒီသေခြင်းတရားနဲ့ ခြိမ်းခြောက်တာဆိုတော့ ကျနော်တို့လူတွေရဲ့အခြေအနေက ဘယ်အခြေအနေကို ရောက်နေပြီဆိုတာ သူတို့ အမြဲတမ်းသိအောင် လုပ်တာ။ နေ့တိုင်းပဲ သူတို့လာစစ်တယ်။ သူတို့ မနက်တိုင်းလာပြီး စစ်ရတယ်။

ဒီလိုနဲ့ တတိယအသုတ် တိုက်ပွဲဝင်ပြီးတော့ ဘာမှမကြာတဲ့တနေ့မှာ (ကျနော်ထင်တယ် တတိယအသုတ် တိုက်ပွဲဝင်ပြီး နောက်တနေ့ပဲထင်တယ်။) ထောင်အာဏာပိုင်တွေဟာ ခုနက ကိုတင်ငြိမ်းအလောင်းကို လာလုတယ်။ ကျနော် အထက်ကပြောခဲ့သလိုပဲ ဒီမှာ အကြမ်းဖက်တဲ့လက်နက် ဘယ်သူမှ မသုံးရဲဘူး။ သူတို့ မသုံးရဲဘူး။ သူတို့မှာ သေနတ်တွေရှိတယ်။ မသုံးရဲဘူး။ ကျနော်တို့ကို သတ်လို့မဖြစ်ဘူး။ နောက်ပြီး ကျနော်တို့နဲ့ ရိုက်လားပုတ်လား အဲဒီလောက်ထိကို သူတို့ မလုပ်နိုင်ဘူး။ ဘာပြုလို့ဆို ကျနော်တို့ဘက်ကသာ သူတို့ကို သတ်ချင်သတ်မယ်။ သူတို့က ကျနော်တို့ကို သတ်ခွင့်မရှိဘူး။ အဲလိုဖြစ်နေတယ်။ အဲလိုအခြေအနေမှာ သူတို့ ဘယ်လိုလုလဲဆိုတော့ အလောင်းကို သံဆူးကြိုးအပြင်ကနေပြီးတော့ ကြိုးနဲ့လှမ်းပတ်တယ်။ ကြိုးနဲ့ပတ်ပြီး ဆွဲထုတ်တာပဲ။ အဲဒီတော့ ကျနော်တို့က ပြန်ဆွဲ။ သူတို့က အပြင်ဆွဲ၊ ကျနော်တို့က အထဲဆွဲ။ အဲဒါ တနေကုန် ဆွဲကြတာ။ ကျနော်တို့အထဲက အားကောင်းမောင်းသန်ဆိုတဲ့ဟာတွေက ခုနက တိုက်ပွဲဝင်တဲ့ထဲ ရောက်နေတယ်။ တိုက်ပွဲဝင်တဲ့ ၃ သုတ်ဟာ လူ ၇၀ ကျော်။ အဲဒီထဲမှာ အားကောင်းမောင်းသန်တွေ ပါသွားတယ်။ အပြင်မှာက ပြုစုဖို့ချန်ထားတဲ့လူ၊ နောက်ပြီးကျတော့ ကျန်းမာရေးမကောင်းတဲ့လူ၊ အသက်အရမ်းကြီးတဲ့လူ ဒါပဲကျန်တယ်။ အဲဒီတော့ သူတို့နဲ့ပြိုင်လုရတာ အတော်ကိုခက်တယ်။ သူတို့ကို အာဏာပိုင်တွေက ပြောလိုက်တာ “လု”တဲ့။ “အောက်ခြေဝါဒါတွေ အဲဒီအလောင်းကို ရအောင်မလုနိုင်ရင် မင်းတို့ပြည်မ ပြန်ခွင့်မပြုဘူး” အဲလိုကိုပြောတာ။ ပြီးတော့ အရက်တိုက်တယ်။ အရက်ကိုးမောင်း တိုက်ပြီး လုတာပဲ။ အဲဒါ တနေကုန်နီးပါး လုပြီး နောက်ဆုံးကျတော့ ကျနော်တို့ သူတို့ကို ပြိုင်မလုနိုင်တော့ဘူး။ ဘာလို့တုန်းဆိုတော့ အားမရှိတော့ဘူး။ အကုန်လုံး ပက်လက်တွေလန်၊ သဲပေါ်မှာ ပက်လက်တွေလန်ပြီး လဲနေကြတာ။ သူတို့လက်ထဲ အလောင်း ပါသွားတယ်။

သူတို့က အဲဒီအလောင်းကို ကျနော်တို့မြင်အောင်ပဲ(အလောင်းကြီးကိုတော့ မမြင်ရဘူး။) ဒါပေမယ့် ကျနော်တို့နဲ့ မလှမ်းမကမ်းမှာ မီးရှို့တာ။ မီးခိုးလုံးတွေ တက်လာတယ်။ ကျနော်တို့ စခန်းထဲက လှမ်းမြင်ရတာ။ တမင် ကျနော်တို့မြင်အောင် လုပ်တယ်လို့ပဲ၊ စော်ကားတယ်လို့ပဲ ကျနော်တို့က အဲလိုပဲယူဆတယ်။ ဒီထက်ဝေးဝေးသွားပြီး ကျနော်တို့ မမြင်ရတဲ့နေရာမှာ မီးရှို့ရင် ရတဲ့ဟာပဲ။

အဲဒီတော့ တိုက်ပွဲထဲက ခုနက တောင်းဆိုတဲ့ ၅ ချက်ထဲမှာ ပထမ တောင်းဆိုချက်ကတော့ အရာမမြောက်တော့ဘူး။ ကျန်တဲ့တောင်းဆိုချက်တွေကို ကျနော်တို့ အ

လျှော့မပေးပဲ ဆက်ပြီးတောင်းတယ်။ ဒါကြောင့်မို့ ဆက်တိုက်တဲ့အခါကျတော့ နောက်ဆုံးကျတော့ အာဏာပိုင်တွေဟာ သဘောတူလိုက်ရတယ်။ အရက် ၄၀ ပြည့်တဲ့နေ့မှာ ဒီတိုက်ပွဲ ပြီးဆုံးသွားခဲ့တယ်။

အဲဒီတော့ ဒီတိုက်ပွဲမှာ ကျဆုံးတဲ့လူတော့ တယောက်မှမရှိဘူး။ ဒါပေမယ့် ကျန်းမာရေးချို့သွားတဲ့လူတွေ အများကြီးပဲ။ ချို့သွားပြီး လူက ဒုက္ခိတလို ဖြစ်သွားတာ။ ဥပမာ... ၅၆ ရွေးကောက်ပွဲတုန်းက ဝါးခယ်မက အမတ်ဖြစ်ခဲ့တဲ့ ကျောင်းသားအမတ် ဦးတင်ရီ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂက ကိုလှကြည်၊ နောက် ရကသ က ကိုလှရွှေ(ဒီကိုလှရွှေက အခုထိ ထောင်ထဲက ကိုလှရွှေ မဟုတ်ပါဘူး။ တခြား ကိုလှရွှေပါ။) အဲဒီတော့ ဒီရဲဘော်တွေက ချို့သွားတာ။ လမ်းကို ကောင်းကောင်းမလျှောက်နိုင်ဘူး။ လူက ယိုင်ထိုးယိုင်ထိုးနဲ့ပဲ ခေါင်းကလည်း ပုံမှန်ကို မဟုတ်တော့ဘူး။ အဲဒါနဲ့ သူတို့ကို နောက်ဆုံးကျတော့ ခုနက တိုက်ပွဲထဲမှာ သဘောတူထားတဲ့အတိုင်း ပြည်မကို ပြန်ပို့ပေးလိုက်ရတယ်။

ဒီတိုက်ပွဲရဲ့ အကျိုးကျေးဇူးက စာရေးဆက်သွယ်ခွင့်ရတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တချို့၊ အိမ်ကပို့တဲ့စာအုပ်တချို့ ဖတ်ခွင့်ရတယ်။ ကျနော်ဆိုရင် အဖမ်းခံရပြီးတဲ့နောက် ၄ နှစ်ကျော်မှပဲ(ဒီတိုက်ပွဲပြီးမှပဲ) အိမ်နဲ့ စာအဆက်သွယ်ရတယ်။ အဲဒီအရင်က တခါမှ အိမ်က စာလည်း မဖတ်ခဲ့ရဘူး။ ကျနော့်စာလည်း အိမ်က မဖတ်ခဲ့ရဘူး။ စာအဆက်သွယ်ဆိုပေမယ့် ဖာခုတော့ရှိတယ်။ ဆင်ဆာတော့ အပြည့်ပဲ။ ဆင်ဆာအပြည့်မှာ သူတို့က အဓိကဘာထားလဲဆိုလို့ရှိရင် ကျနော် တို့ကိုထားတဲ့နေရာဟာ ကိုကိုးကျွန်းဆိုတာ မပေါ်အောင်လို့ သူတို့ ဆင်ဆာလုပ်တာပဲ။

ဥပမာဆိုရင် ကျနော့်စာထဲမှာ... “ကျနော်တို့ဆီမှာ ကြက်တူရွေးတွေက အုပ်လိုက် ပျံသန်းနေကြတာ” အဲဒါပါလို့ဆိုပြီး ဖြတ်တာပဲ။ ဖြတ်တာက အဲဒီစာကြောင်းဖြတ်တာ မဟုတ်ဘူး၊ စာတစောင်လုံး ဖြတ်ပစ်လိုက်တာပဲ။ မပေးတော့ဘူး။ အဲဒါ နောင်ကျနော် ထောင်ကလွတ်လို့ အိမ်နဲ့ပြန်မေးကြည့်တဲ့အခါကျတော့မှ မရောက်တဲ့စာတွေမနည်းဘူးဆိုတာ သိရတယ်။

နောက် အသားစိုဆိုတာ ပေးတယ်။ ပြီးတော့ ဆိတ်ပေးတယ်။ ဘဲငန်း ပေးတယ်။ ဘဲဥ ပေးတယ်။ ဒါပေမယ့် အဲဒီလောက် လူအများကြီးအတွက် ဒီအကောင် အရှင်တွေကို သူဘယ်လောက် သယ်နိုင်မှာလဲ၊ သင်္ဘောပေါ်မှာ။ ဒီလိုနဲ့ နောက်ဆုံးကျတော့ အသားစိုဆိုတဲ့ဟာလည်း ဘဲဥတွေပဲ ဖြစ်လာတော့တယ်။

အဲဒီလိုနဲ့ အချိန်မျောလာတာနဲ့အမျှ ထောင်ဒဏ်၊ ကျွန်းဒဏ်တွေလည်း ပိုသည်ထက် ပိုလာတယ်။ ကျန်းမာရေးဆိုးတဲ့ဟာတွေလည်း များသည်ထက် များလာတယ်။ ပြန်ပို့ရတာတွေလည်း မနည်းဘူး။ အဲဒါအပြင် ကိုယ်ထူကိုယ်ထ ပေါ်လစီကြောင့်မို့ မထင်မှတ်ပဲ သေဆုံးရတာတွေလည်း ရှိလာတယ်။ သေဆုံးတာ ၂ ယောက်။ တ

ယောက်က ဦးထွန်းရှိန်(မန္တလေးဆေးရုံကြီး တောင်ဘက် ဦးဖိုးသာဝင်းထဲက ကျောင်းဆရာ)ကျနော်နဲ့ပုဂ္ဂိုလ်ရေး အင်မတန်ကို ရင်းတာ။ ဦးထွန်းရှိန်ကတော့ ငါးရှာတာပေါ့ဗျာ။ ပင်လယ်ကမ်းစပ်တလျှောက် ခရုတို့၊ ငါးတို့ လိုက်ကောက်ရင်းနဲ့ တနေ့မှာ မထင်မှတ်ပဲနဲ့ မုန်တိုင်းလိုဟာမျိုး လာပြီးတော့ လှိုင်းလေ ပုတ်ချသွားတာ။ အလောင်း ဘယ်လိုမှ ရှာမရတော့ဘူး။ ကျနော်တို့ တထောင်လုံး ထွက်ပြီးရှာတာ။ ရှာတာမှ တရက်တည်းမဟုတ်ဘူး။ တပတ်လောက် ရှာတာ။ ပြန်ကို မတွေ့တော့ဘူး။ ပင်လယ်ဆိုတာ အပြင်ကအရာဝတ္ထုကို ဘယ်တော့မှ လက်မခံဘူး။ ကမ်းပေါ် ပြန်တင်ပေးလေ့ရှိတယ်လို့ ပြောကြတယ်။ ဒါပေမယ့် ဦးထွန်းရှိန်ရဲ့ အလောင်းကတော့ ကိုကိုးကျွန်းကမ်းပေါ်ကို ပြန်ရောက်မလာဘူး။ သေချာတယ်။

နောက်တဦးက အလံနီပါတီနဲ့နွှယ်တဲ့ ကိုမြင့်သိန်း(ရဲနီမြင့်သိန်း) ကျနော်နဲ့ အသက်ရွယ်တူလောက်ပဲ ရှိဦးမယ်။ လူငယ်လေး။ ပြုံးပြုံးပြုံးပြုံးနဲ့ အင်မတန် ချစ်ခင်စရာကောင်းတဲ့လူ။ အဲဒီမှာက သီးနှံက မစားရတဲ့အခါကျတော့ အုန်းသီးပဲ စားကြတာကိုး။ အုန်းသီးရှိတော့ အုန်းသီးပဲစားကြတာ။ ကိုမြင့်သိန်းလေးကလည်း အုန်းပင်ပေါ်တက်ရင်းနဲ့ အုန်းပင်ပေါ်က လိမ့်ကျတာ။ အဲဒါနဲ့ ရန်ကုန်ဆေးရုံပို့လိုက်တော့ ဟိုမှာပဲ ဆုံးသွားတာ။

စောစောက ရက် ၄၀ တိုက်ပွဲပြီးတာနဲ့ ကိုကိုးကျွန်းပေါ်မှာ အာဏာပိုင်နဲ့ ကျနော်တို့အကြားမှာ တင်းမာမှုတွေ ပြန်ပေါ်လာတယ်။ ပိုပြီးတင်းမာလာတယ်လို့တောင် ပြောလို့ရသေးတယ်။ သေချာနေတာက ကိုယ်ထူကိုယ်ထဆိုတဲ့ အခရာကျတဲ့ပေါ်လစီကို အပြတ်မဖြိုနိုင်သရွေ့ ကိုကိုးကျွန်းမှာ တိုက်ပွဲတွေ ဆက်ရှိနေဦးမှာ။ 'ကိုကိုးကျွန်း' ဆိုတဲ့ဟာကြီး ရှိနေဦးမယ်ဆိုရင် သေချာတယ်။

အဲဒီတော့ ဒီမှာ ပြောစရာတခုကလည်း အဲလိုအချိန်မှာပဲ သူတို့ ဒီသဘောတူညီချက်တွေ သဘောတူညီကြပြီးတဲ့ နောက်မှာတော့ ကျနော်တို့ထဲကို ထောင်အာဏာပိုင်တွေက သတင်းလွှင့်လိုက်တယ်။ အဲဒါကတော့ ကျနော်တို့စာတွေ၊ ကျနော်တို့စားစရာတွေ အိမ်ကပို့တဲ့ဟာတွေ သွင်းပေးတယ်။ နောင်ဆိုလို့ရှိရင် ဒါတင်မကဘူး အိမ်ကလူတွေတောင် ခေါ်ပေးဦးမှာ။ ကျွန်းပေါ်မှာ စပါးစိုက်ဖို့၊ ဂျုံစိုက်ဖို့ လုပ်ပေးမှာ။ ထွန်စက်တွေ ပေးမှာ။ နွားမွေးဖို့၊ ငါးမွေးဖို့ လုပ်ပေးမှာ။ အဲဒီအသံတွေက အကုန်လုံး လွှင့်ထုတ်လိုက်တယ်။

ဆိုလိုတာက သူတို့က သူတို့ရဲ့ အဓိကကျတဲ့ ကိုယ်ထူကိုယ်ထ ပေါ်လစီကိုတော့ တင်းတင်းမာမာဆုပ်ကိုင်ပြီးတော့ ဆက်အကောင်အထည်ဖော်မယ်လို့ ကျနော်တို့ထဲကို မသိမသာတဲ့နည်းနဲ့ ခြောက်လှန့်လိုက်တာဖြစ်တယ်။ တချိန်တည်းမှာ ကျနော်တို့ သတိထားမိတာက ကိုကိုးကျွန်းမှာရှိတဲ့ ထောင်အာဏာပိုင်တွေဟာ တကယ်ကျတော့ သူတို့လည်းပဲ(ထောင်ပိုင်၊ ထောင်မှူးကြီးကအစ၊ ဝါဒါအထိပါ) ကျနော်တို့လိုပဲ ကျွန်းပို့ခံနေရတဲ့ တကျွန်းစံတွေပဲ။ သူတို့စားရတာလည်း ကျနော်တို့နဲ့ ဘာမှမထူးဘူး။ နောက်ပြီး

သူတို့မှာ ဘာအာဏာမှမရှိဘူး။ သူတို့က ဘာမဆို ရန်ကုန်ကို အကုန်အစီရင်ခံပြီးတော့ ဟိုက ခိုင်းတဲ့အတိုင်း လုပ်နေရတာ။ သူတို့ဟာ အဲဒီကျွန်းမှာရှိတဲ့ ရေတပ်ကို အစီရင်ခံနေရတယ်။ ရေတပ်က ရန်ကုန်ကို အစီရင်ခံရတယ်။ ရန်ကုန်က အဆုံးအဖြတ်ပေးတယ်။ အဲဒါကို ကျနော်တို့ သိတယ်။ ဟိုက အမြေပေးတာကို သူတို့က လာပြီးပြောရတယ်။ အဲဒီလို ဖြစ်နေတာ။

ကျနော်တို့ဘက်ကလည်း အခြေအနေတင်းမာလာတာနဲ့အမျှ ခုနက အာဏာပိုင်တွေဘက်က သူတို့ရဲ့ စီမံကိန်းတွေကို သွယ်ဝိုက်တဲ့နည်းတွေနဲ့ ကျနော်တို့အပေါ် ကြေညာပြီးတော့ ခြိမ်းခြောက်လာတာနဲ့အမျှ ကျနော်တို့ဘက်က ဒါတွေကိုပြန်လှန်ဖို့၊ ဒါတွေကို ရိုက်ချိုးဖို့ စဉ်းစားရတယ်။ စဉ်းစားတဲ့အခါကျတော့ ဓနစ်တကျနဲ့၊ အစီအစဉ်ရှိရှိနဲ့ ထောင်စည်းကမ်းတွေ ချိုးဖောက်တာ လုပ်လာခဲ့တယ်။

ဥပမာဆိုလို့ရှိရင် ကျနော်တို့ကို 'မသွားရဘူး' ဆိုတဲ့ Out of Bound ဆိုတဲ့ နေရာတွေကို ကျနော်တို့သွားတယ်။ မနက်တိုင်း ကျနော်တို့ကို လူစစ်တာလုပ်တယ်။ နေ့တိုင်း လူစစ်တယ်။ လူစစ်တော့ မနက်မှာ သူတို့က လာစစ်တယ်။ ကျနော်တို့ကို သူတို့ လန့်တော့ ထောင်မှာလို ပုံစံထိုင်ပေးပါလို့ သူတို့မဆိုရဲဘူး။ အဲဒီတော့ "ကိုယ့်အိပ်ယာပေါ်မှာပဲ အိပ်နေပါ။ ရပါတယ်။ ကျနော်တို့ လာစစ်ပါ့မယ်"လို့ပြောတယ်။ ဘယ်မှတော့ မသွားပါနဲ့၊ လူစစ်ပြီးမှပဲ အဆောင်ထဲ၊ အခန်းထဲက ထွက်ကြပါလို့ သူတို့က အဲလို ပြောတယ်။ ဒါနဲ့ နောက်ကျတော့ ကျနော်တို့က "ဟာ... မီးဖိုကျတဲ့လူက၊ မနက်စာ လုပ်ရတဲ့လူက အစောကြီး ထရတာ။ ခင်ဗျားတို့လာစစ်တာ စောင့်မနေနိုင်ဘူး"ဆိုပြီး အဲလိုပြောပြီး မီးဖိုမှာ သွားနေတယ်။ အဲဒီတော့ သူတို့ မီးဖိုထိ လိုက်စစ်ရတယ်။ အဲလို ဖြစ်လာတယ်။

နောက်ကျ ကျနော်တို့ ခုနက ချိုးဖောက်တဲ့ဟာတွေနဲ့ဆိုတော့ ညပါ လစ်ထွက်ကြတာ။ တညလုံး အပြင်မှာနေတယ်။ အဲဒါ တမင်ကိုလုပ်နေတာ။ အဲဒီတော့ ခြင်ထောင်ချထားတယ်။ သူတို့ ခြင်ထောင်လှန်ပြီးတော့ ကြည့်တယ်။ အဲလို လှန်ကြည့်ရင်လည်း ကျနော်တို့က အဲဒီလူ အိမ်သာသွားတယ်လို့ပဲ ပြောလိုက်တာ။ အဲဒါသူတို့ ခြင်ထောင်တွေ အလုံးတွေကိုပဲ ရေရေပြီး သွားတယ်။ အဲဒီလို ကနေပြီးတော့ တဖြည်းဖြည်း ကျွန်းက နေပြီးတော့ လှေလုပ်ပြီး ထွက်ပြေးတဲ့အဆင့် ရောက်လာတယ်။

လှေလုပ် ထွက်ပြေးအောင်မြင်သွားကြတဲ့ လူတွေကတော့ မန်းအောင်ကြည် ABKO (မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အစည်းအရုံး)က (နောင်ကျတော့ လှေနဲ့ထွက်ပြေးတာ လွတ်သွားပြီးတော့ KNU ကို သွားပြီး တောထဲမှာ ရောဂါနဲ့ကျဆုံးသွားတာ။) နောက်တယောက်က မန်းငြိမ်းမောင်(အခုတော့ သူ KNU ပါတီမှာ ခေါင်းဆောင်တယောက် ဖြစ်နေပါတယ်။ ကျနော်နဲ့ တိုက်ဖော်တိုက်ဖက်၊ ပုဂ္ဂိုလ်ရေး အင်မတန်ရင်းတယ်။) နောက်တယောက်က ဗမာပြည်ကွန်မြူနစ်ပါတီက ရဲဘော်အောင်ဝေ(ကျနော်နဲ့ တခန်းထဲ

## အကြီးအကျယ်ရှုပ်ထွေးစဉ်ချင်နေတဲ့အခါကျတော့

ဒီအချိန်မှာပဲ အပြောင်းအလဲတခု ရှိလာတယ်ဗျ။ အဲဒါကျနော်တို့ ထောင်တွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေအတွင်းမှာ ညီညွတ်ရေး အရင်ကလောက် မကောင်းတာ။ ဒါကို ထောင်အာဏာပိုင်တွေကလည်း သိတယ်။ ထောင်အာဏာပိုင်တွေက သိတဲ့အတွက် ဒါကို အခွင့်ကောင်းယူပြီးတော့ ပြန်ပြီးဖိလာတာတွေ တွေ့ရတယ်။ တိုက်ဆိုင်ချင်တော့ အဲဒီအချိန် ပြည်မကြီးမှာဖြစ်နေတာက ကျွန်းဆွယ်အရေးအခင်း၊ ရန်ကုန်တက္ကသိုလ် ရွှေရတု အရေးအခင်းတွေ ဖြစ်ပေါ်နေတယ်။ အဲဒါအပြင် ဗမာပြည်အရှေ့မြောက်ပိုင်းက နယ်စပ်တလျှောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီကဦးဆောင်တဲ့ ပြည်သူ့တပ်မတော်ရဲ့ စစ်ရေးအောင်ပွဲတွေကလည်း မပြတ်ပေါ်နေတယ်။

အဲလို အခြေအနေတွေအမျိုးမျိုး ရှုပ်ထွေးနေတဲ့အချိန်မျိုးမှာ ကောင်းတာလည်းရှိ၊ မကောင်းတာလည်းရှိ။ အဲဒီလို ရှုပ်ထွေးနေတဲ့အချိန်မျိုးမှာ ထောင်တွင်းမှာရှိတဲ့ အလံနီပါတီဦးဆောင်တဲ့အဖွဲ့က သူတို့ချည်း တိုက်ပွဲတခု ဖော်ထုတ်လိုက်တယ်။ ကျန်တဲ့ အဖွဲ့အစည်းတွေကို သူတို့ လုံးဝမတိုင်ပင်ဘူး၊ မညှိဘူး။ သူတို့ စတိုက်တော့မယ်ဆိုတော့မှ ကျန်တဲ့အဖွဲ့အစည်းတွေကို ပြောတာ။ ပြောတဲ့အခါကျတော့ ကျန်တဲ့အဖွဲ့အစည်းတွေက **"ဟာ... ဒီကိစ္စကို အားလုံးအတူ ညှိညှိနှိုင်းနှိုင်းနဲ့ တိုက်ကြရအောင်"**လို့ ပြောတော့ သူတို့က လက်မခံဘူး။ သူတို့ပြောတာ ရှင်းရှင်းလေး။ သူတို့ခေါင်းဆောင်မှုကိုလက်ခံ၊ လက်ခံလို့ရှိရင် ထောက်ခံပါဝင်နိုင်တယ်။ အတော်လေး ရင့်သီးပါတယ်။ ကျန်တဲ့ အဖွဲ့အစည်းတွေကို တန်းတူထား မဆက်ဆံဘူး။

သူတို့တောင်းဆိုတာက ဖမ်းထားတဲ့သူတွေကို လွှတ်ပေး၊ ရိက္ခာနှုန်း တိုးပေး။ ဒီနှစ်မျိုးထဲပဲ ရှင်းရှင်းလေး။ တိုက်ပွဲဝင်တာလည်း လူနည်းနည်းလေး။

ဒီနေရာမှာ ပြောဖို့လိုလာတာက ဖမ်းထားသူတွေ လွှတ်ပေးဆိုတဲ့ကိစ္စ။ ဖမ်းထားသူတွေဆိုတာက အဲဒီကာလအတွင်း အဖြစ်အပျက်တခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ ရှိုင်ရဲဘော် ကိုအောင်သာကျော်တို့တတွေ လှေနဲ့ထွက်ပြေးဖို့ လုပ်ကြတာရှိတယ်။ ပထမ မန်းအောင်ကြည်တို့၊ ဦးအောင်ဝေတို့၊ မန်းငြိမ်းမောင်တို့ သူတို့ လွှတ်ထွက်

အောင်မြင်သွားတယ်ဆိုတဲ့သတင်း ကြားရတော့ နောက်လူတွေကလည်း လှေနဲ့ထွက်ပြေးဖို့ လုပ်တဲ့လူတွေ အများကြီးပဲ။ အဲဒီထဲမှာ ကိုအောင်သာကျော်တို့က အရင်ဆုံးလုပ်ကြတာ။ အဲဒီတော့ သူတို့ လုပ်တယ်ဆိုတာကို ထောင်အာဏာပိုင်တွေက သိနေတယ်။ တောထဲမှာ ဝင်လုပ်ကြရတာကိုး။ သူတို့က လျှို့ဝှက်မှုလည်း ညံ့တာကိုး။ တူသံ၊ လွှသံတွေ တဒုန်းဒုန်းနဲ့ လုပ်နေကြတော့ ထောင်အာဏာပိုင်တွေက သိတယ်။ ထောင်အာဏာပိုင်တွေက သိတော့ သူတို့အထက်ကို အစီရင်ခံတယ်။ ဘယ်သူတွေ လုပ်တယ်ဆိုတာလည်း သူတို့ သိတယ်။ အဲဒီတော့ ကိုအောင်သာကျော်တို့ လှေလုပ်နေကြပြီ၊ ထွက်ပြေးဖို့ စီစဉ်နေကြတယ်။ အဲလို အထက်ကိုအစီရင်ခံတော့ အထက်ကနေ "လုပ်ပါစေ ပြေးလည်း ပြေးပါစေ၊ ကမ်းနဲ့လှမ်းလှမ်းရောက်မှ ပြုတ်ပစ်လိုက်" လို့ အမိန့်ပေးတယ်။ လုပ်ပါစေလို့ပဲ အကြောင်းပြန်တယ်။

အဲလိုနဲ့ တနေ့ကျတော့ ကိုအောင်သာကျော်တို့တတွေ လှေနဲ့ထွက်ကြတာပေါ့။ ကျနော်တို့က သူတို့လှေနဲ့ထွက်တာကို မသိပါဘူး။ နောက်တနေ့ မနက်စောစောကြီးမှာ ကျနော်တို့စခန်းထဲကို သတင်းရောက်လာတယ်။ ဟိုမှာ လှေတစင်း တွေ့နေရတယ်။ ရိက္ခာတွေ၊ ဗူးသီးတွေ၊ ခရမ်းသီးတွေလည်းအကုန် ပေါလောမျောလို့ဆိုတဲ့သတင်း ကြားရတယ်။ ဒါနဲ့ ကျနော်တို့ အားလုံးပြေးပြီး သွားကြည့်ကြတယ်။ ကိုကိုးကျွန်းရဲ့ အနောက်ဘက်မှာ။ အဲဒါ ဘာသွားတွေ့လဲဆိုတော့ လှေကြီးတစင်းက တုံးလုံးကြီးလဲလို့၊ ရေထဲမှာလဲနေတာ။ ခုနကပြောတဲ့ ဟင်းသီးဟင်းရွက်တွေ၊ ပုံးတွေပလုံးတွေရော အကုန်လုံး အဲဒီဘေးမှာ ပေါလောကြီး မျောလို့။ ဘာဖြစ်တာလဲဆိုတော့ အဲဒီလှေက အဲဒီရေပေါ်မှာတင် လဲကျသွားတာလို့ ပြောတာပဲ။ အသေးစိတ်အဖြစ်အပျက်တော့ မသိဘူး။ တချို့က ပြောတာလည်း တက်တဲ့လူများလို့လို့ဆိုတယ်။

ဒါနဲ့ "ကိုအောင်သာကျော်တို့ရော" လို့ မေးလိုက်တော့ "ဟာ... သူက စိတ်ပျက်ပြီး အိပ်ဆောင်ကို ပြန်အိပ်နေတယ်" လို့ ပြောတယ်။ အဲလို အိပ်နေတုန်းမှာပဲ ထောင်အာဏာပိုင်တွေက ရေတပ်နဲ့ သူတို့ကိုလာခေါ်ပြီး ရေတပ်စခန်းဘက် ခေါ်သွားတယ်။ အဲဒီဘက်မှာ ထောင်ချပစ်လိုက်တယ်။ ဒါက တကြိမ်။

နောက်တခါ အဲဒီ အလံနီရိက္ခာရုံကပဲ သူတို့ဆီက အလံနီ ရဲနီတွေ ၃ ယောက် ထင်တယ်၊ တောတိုးကြတာ။ တောတိုးပြီး ဟင်းရှာစားကြပေါ့လေ။ အဲဒီအခါမှာ အဖမ်းခံရတာ။ အဖမ်းခံရတော့ အိမ်ပြန်မရောက်တဲ့အခါကျတော့ အိမ်မယုတ်ပါဘူးလေ။ အဆောင်ကို ပြန်မရောက်တဲ့အခါကျတော့ နောက်အဖွဲ့တစုဖွဲ့ပြီး ထပ်ပြီးလိုက်ရှာတယ်။ အဲဒီအဖွဲ့လည်း အဖမ်းခံရတယ်။ အဲလိုအခြေအနေမှာ အလံနီက ခုနကပြောတဲ့ ဖမ်းထားသူတွေ လွှတ်ပေး၊ ရိက္ခာနှုန်းတိုးပေးဆိုတဲ့ တောင်းဆိုချက်နှစ်ခု တင်ပြီး တိုက်တာပဲ။

သူတို့ ဒီတိုက်ပွဲဝင်တာဟာ တိုက်ပွဲတပွဲကို သူတို့ချည်းတိုက်လို့ရတယ်။ ကျန်တဲ့လူတွေနဲ့ ပေါင်းဖို့မလိုဘူးလို့ ပြောချင်တာ။ ကျန်တဲ့လူတွေက အချောင်သမားတွေလို့

သူတို့က ပြောပြီးတိုက်တာ။ အဲဒီတော့ ကျနော်တို့က ဒီတိုက်ပွဲဟာ တထောင်လုံးနဲ့ ဆိုင်ပါတယ်။ ကျနော်တို့လည်း ပါဝင်ပါရစေဆိုတော့ သူတို့လက်မခံဘူး။

အဲဒီတိုက်ပွဲက ၄၆ ရက် ကြာတယ်။ တိုက်ပွဲအတွင်းမှာ သူတို့ထဲက တယောက် သွေးပျက်ပြီးတော့ လက်နက်ချသွားတယ်။ အဲ...၄၆ ရက်ကြာတော့ ရဲနီဗိုလ်ကြီး (မန္တလေးတက္ကသိုလ်က ကျောင်းသားဟောင်း၊ ပခုက္ကူဘက်က) သူကျသွားတယ်။ အဲလို သူကျသွားတော့မှ သူတို့လည်း အူယားဖားယားနဲ့ အာဏာပိုင်တွေနဲ့ အတင်းစေ့စပ်တယ်။ ဖမ်းထားတဲ့လူတွေကတော့ တိုက်ပွဲစပြီး မကြာခင်ဘဲ လွှတ်ပေးလိုက်ပါတယ်။ ဒါပေမယ့် ဒုတိယတောင်းဆိုချက်ဖြစ်တဲ့ ရိက္ခာနှုန်းတိုးပေးရေးဆိုတာနဲ့ ပတ်သက်လို့ကျတော့ ကိန်းဂဏန်းတွေပဲ အမျိုးမျိုးလှည့်ကစားလိုက်တာ။ အာဏာပိုင်က ဘာမှ မယ်မယ်ရရ လျှော့မပေးဘူး။ ဒါပေမယ့် ကိုယ့်ဘက်က အကြီးအကျယ် စေ့စပ်ချင်နေတဲ့အခါကျတော့ တခါတည်း အလျှော့ပေးလိုက်ရသလို ဖြစ်သွားတာ။ အဲဒီတိုက်ပွဲမှာ အင်မတန် အခြေအနေဆိုးလို့ ပြည်မ ပြန်ပို့လိုက်ရတဲ့ ရဲနီနေလင်းဆိုတဲ့လူ(လူငယ်ပါ။ တောင်တွင်းကြီးက) သူက ပြန်အပို့ သင်္ဘောပေါ်မှာပဲ ဆုံးသွားတယ်လို့ ကြားရတယ်။

အဲဒီတော့ ကျနော်တို့စခန်းထဲမှာ ဒီလို မညီမညွတ်တွေ ဖြစ်တယ်။ နောက်တိုက်ပွဲတပွဲလည်း ဦးကျိုးသွားတယ်ဆိုတော့ ထောင်အာဏာပိုင်တွေက သိပ်အားတက်သွားတာ။ အဲဒီအချိန်မှာပဲ နောက်တိုက်ပွဲအတွက် ခလုတ်ဖြုတ်တဲ့ အဖြစ်အပျက်တခု ထပ်ပေါ်လာခဲ့တယ်။ အဲဒါဘာလဲဆိုတော့ ကျနော်တို့ ရိက္ခာရုံက ရဲဘော်အုန်းမော်နဲ့ ရဲဘော်မောင်မောင်စိုးတို့ တောတိုးရင်း အဖမ်းခံရတာ။ ကျနော်တို့ဆီက ရဲဘော်တွေကတော့ တမင်ကို တောတိုးတယ်ဆိုပြီးတော့ ဒီကျွန်းကို နှံ့အောင်၊ ပိုင်အောင် လုပ်နေကြတာ။ ထောက်လှမ်းတယ်ပဲ ဆိုကြပါစို့ဗျာ။

အဲဒီတော့ သူတို့တတွေ တောတိုးရင်းနဲ့ အဖမ်းခံရတယ်။ ရေတပ်က ဖမ်းတယ်။ ဖမ်းပြီးတော့ သူတို့ ရေတပ်စခန်းကို ခေါ်သွားတယ်။ ပြီးတော့ အဲဒီ ကိုကိုးကျွန်းမြို့နယ်ဆိုတဲ့ တရားရုံးကနေပြီးတော့ သူတို့ကို ထောင်ချလိုက်တယ်။ အတော်တော့ ရယ်စရာလည်းကောင်းတယ်၊ အံ့သြစရာလည်း ကောင်းတယ်။ ထောင်စကားမှာ 'ထောင်အပြင် တန်းမရှိဘူး' ဆိုတယ်။ အခုတော့ ကျွန်းအပြင် ထောင်တောင် ထပ်ရှိနေလိုက်သေးတယ်။ တကျွန်းကျနေတဲ့အပြင် လူတွေက ထပ်ပြီးထောင်ချခံရသေးတယ်။

အဲဒီလိုနဲ့ သူတို့ကို ပြန်မလွှတ်တာလည်းသိရော ကျနော်တို့က နောက်တနေ့မှာ တခါတည်း ထောင်ပေါက်ဝမှာသွားပြီးတော့ ကြွေးကြော်သံတွေ တိုင်တယ်။ နောက်ပြီး ထောင်အာဏာပိုင်တွေဆီကိုလည်း ရာဇသံတွေပေးတယ်။ ဒီလူတွေကို လွှတ်ပေး။ လွှတ်မပေးရင် တိုက်ပွဲကြီးတခု ဆင်ရလိမ့်မယ်လို့ အာဏာပိုင်တွေကို ရာဇသံပေးတယ်။ အဲဒီဟာနဲ့ တချိန်တည်းမှာ ကျနော်တို့က တိုက်ပွဲအတွက် ကျနော်တို့ အဖွဲ့အစည်းအတွင်းမှာရော၊ ရိက္ခာရုံအတွင်းမှာရော၊ ကျန်တဲ့အဖွဲ့အစည်းတွေနဲ့ရော ညှိနှိုင်းတိုင်ပင်ကြတယ်။

ထောင်အာဏာပိုင်တွေဟာ ခုနကဖမ်းထားတဲ့ ရဲဘော်အုန်းမော်နဲ့ ရဲဘော်မောင်မောင်စိုးကို ပြန်လွှတ်ပေးပါတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ ကျနော်တို့ထဲမှာက တိုက်ပွဲအတွက် ဆုံးဖြတ်ချက်က ကျသွားပြီ။ ဆုံးဖြတ်ပြီးတယ်လို့ သိတာနဲ့တပြိုင်နက် ကျနော်တို့ထဲက ရဲဘော်တွေ အတော်များများဟာ ခေါင်းဆောင်ပုဂ္ဂိုလ်ဖြစ်တဲ့ လေထီးဗိုလ်အုန်းမောင်တို့၊ ဆရာရာဂျန်တို့ဆီကို သွားပြီး ကျနော်တို့လည်း တိုက်ပွဲထဲ ပါပါရစေလို့ အလျှိုလျှို သွားပြီး တင်ပြကြတယ်။ ဒီလိုနဲ့ ၁၉၇၀ ခုနှစ် ဇွန်လ ၉ ရက်နေ့မှာ ကိုကိုးကျွန်းရဲ့ အခြေခံအကျဆုံး ကိုယ်ထူကိုယ်ထပေါ်လစီကို ဆန့်ကျင်တိုက်ခိုက်တဲ့ ၅၃ ရက် အစာငတ်ခံတိုက်ပွဲကြီးကို စတင်ခဲ့ကြတယ်။

## ညှိသည်တွေ ရောက်လာ

အဲဒီ ဇွန်လ ၉ ရက်နေ့ကစခဲ့တဲ့ တိုက်ပွဲဟာ ဇူလိုင်လ ၁၁ ရက်နေ့ ကျမှပြီးတော့ ဒီတိုက်ပွဲဟာ '၅၃ ရက်တိုက်ပွဲ' လို့ နာမည်တွင်ခဲ့တယ်။ ဒီတိုက်ပွဲဟာ အခြားတိုက်ပွဲတွေနဲ့မတူတဲ့အချက်တွေရှိတယ်။ အဲဒါဘာလဲဆိုတော့ အခြေခံအကျဆုံးပေါ်လစီကို တိုက်တာ။ ဒီကျွန်းမှာ ကိုယ်ထူကိုယ်ထသာ အလုပ်မခိုင်းဘူးဆိုလို့ရှိရင် ဒီကျွန်းကို ထားစရာ အကြောင်းကိုမရှိဘူး။ ပိုက်ဆံလည်းကုန်၊ စရိတ်လည်းကုန်၊ နာမည်လည်း ပျက်တဲ့အလုပ်။ ဒီကိုယ်ထူကိုယ်ထသာ မရှိဘူးဆိုရင် ဘာမှကို အဓိပ္ပါယ်မရှိတော့ဘူး။ သိပ်အခြေခံကျတဲ့ ပေါ်လစီဖြစ်တယ်၊ အဲဒါ အခြေခံကျတဲ့ ပေါ်လစီဖြစ်တဲ့အတွက် အုပ်စိုးသူတွေ အာဏာပိုင်တွေကလည်း ဒါကို အသေအလဲ ကာကွယ်မယ်ဆိုတာ ကျနော်တို့ သိထားတယ်။ ကျနော်တို့ အဲလိုပဲ နားလည်ပြီးသား။ နောက် ပြည်မနဲ့၊ ကမ္ဘာနဲ့ ကျနော်တို့နဲ့ အဆက်အသွယ်ပြတ်နေတယ်။ နောက်တခုက ကျနော်တို့စခန်းအတွင်းမှာ ညီညွတ်ရေးတွေ သိပ်မကောင်းဘူး။ အဖွဲ့အစည်းတခုနဲ့တခုအကြားမှာလည်း နည်းနည်းလေးတွေ ရှိတယ်။ ခုနကပြောတဲ့ ကိစ္စမျိုးပေါ့။ အဖွဲ့အစည်း တခုစီအတွင်းမှာလည်း ပြဿနာလေးတွေ ရှိကြတယ်။

ဒါ့အပြင် စောစောကပြောခဲ့တဲ့ အလံနီတွေရဲ့ မအောင်မြင်တဲ့တိုက်ပွဲ။ အဲဒီကိစ္စတွေက ရန်သူ့ဘက်ကို အသာစီးရစေပြီးတော့ အခက်အခဲကြီးစေတယ်။ ဒါတွေ ကျနော်တို့အားလုံးတွက်မိတယ်။ ဒါကြောင့်မို့လို့ ဒီတိုက်ပွဲဟာ အခက်အခဲကြီးမယ်၊ စွန့်လွှတ်မှုတွေ ပေးရလိမ့်မယ်လို့ နဂိုကတည်းက ဆုံးဖြတ်ထားခဲ့တာ။

ဒီလိုနဲ့ တကယ်တိုက်ပွဲဝင်တဲ့အခါကျတော့ ကျနော်တို့ရိက္ခာရုံ တရုံတည်းကပဲ တိုက်ပွဲဝင်တယ်။ ကျန်တဲ့အဖွဲ့အစည်းတွေက ထောက်ခံတယ်ဆိုတာပဲရတယ်။ တကယ်တမ်းကျတော့ အဆုံးအဖြတ်အခန်းက ဝင်မတိုက်ပါဘူး။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့တဲ့သဘောပဲ။ စီးချင်းထိုးကြတဲ့သဘောပဲ။ ကျန်တဲ့ဟာတွေက ရှဲသွားတာပဲ။ ဒါပေမယ့် ဘာပဲပြောပြော သူတို့တတွေ ဒီတိုက်ပွဲကို ထောက်ခံတဲ့အနေနဲ့ ကြွေးကြော်သံ တိုင်

တယ်။ ထောင်ထဲက ထောင်အပြင်ကို မထွက်ပဲနေတယ်။ စည်းကမ်းတကျ သေသေ ဝပ်ဝပ်နေကြတယ်။ အဲဒါအတွက် ကျနော်တို့က ကျေးဇူးတင်ပါတယ်။

အဲဒီတော့ တိုက်ပွဲတိုက်လိုက်တယ်။ စလိုက်တယ်ဆိုတာနဲ့တပြိုင်နက် ကျနော်တို့အထဲမှာရှိတဲ့ အယူအဆကွဲလွဲတဲ့ဟာတွေလည်း စီသွားတယ်။ ဒါက ဘာကိုဖော်ပြသလဲဆိုလို့ရှိရင် ကျနော်တို့ချင်း ဖြစ်နေတဲ့ပြဿနာဟာ တိုက်ပွဲတိုက်ရေးအပေါ်မှာ၊ ရန်သူအပေါ်မှာထားတဲ့ပြဿနာနဲ့မဆိုင်ဘူးဆိုတာ ရှင်းသွားတယ်။ ဒါဟာ နောင်မှာ ကျနော်တို့ ဆက်လုပ်ကြမယ့်၊ ကျနော်တို့အချင်းချင်း မြေအောက်အဖွဲ့အစည်းတွေ ပြန်ပြီးတည်ဆောက်ကြမယ့်အတွက် အခြေခံအယူအဆ ပြန်ဖြစ်လာခဲ့တယ်။ ရန်သူအပေါ်မှာ ဘယ်လိုသဘောထားမလဲ၊ ရန်သူကို ဆန့်ကျင်ရေးတိုက်ပွဲတွေအပေါ်မှာ ဘယ်လို သဘောထားမလဲ။ အဲဒါအပေါ်မှာဆိုရင် ကျနော်တို့ ဘယ်သူနဲ့မဆို လက်တွဲလုပ်နိုင်တယ်ဆိုတာ ဖြစ်လာတယ်။

ဒီတိုက်ပွဲဟာ စံပဲ။ ဓာတုဗေဒက လစ်တမတ်စက္ကူနဲ့ စမ်းသပ်သလိုပဲ၊ ဒီတိုက်ပွဲနဲ့ စမ်းသပ်တာပဲ။ အဲဒီတော့ ထောင်ထဲမှာ အသေခံ၊ အစာငတ်ခံတိုက်တယ်ဆိုတာ ထောင်တိုက်ပွဲထဲမှာ အမြင့်ဆုံးသဏ္ဌာန်ပဲ။ ဒါ တရားဥပဒေဘောင်ထဲက တိုက်တာ။ ထောင်တိုက်ပွဲတွေထဲမှာ တခြား အန္တရာယ်ရှိတဲ့ တိုက်ပွဲသဏ္ဌာန်တွေ ရှိတာပေါ့။ ဥပမာ... ထောင်တွင်းပုန်ကန်မှုလိုဟာမျိုးပေါ့လေ။ ဒါကကျတော့ တည်ဆဲဥပဒေနဲ့ နည်းနည်း ပြဿနာရှိတယ်။ အစာငတ်ခံတိုက်ပွဲကတော့ တည်ဆဲဥပဒေနဲ့ ဘယ်လိုမှလုပ်လို့မရဘူး။ ဒါပေမယ့် အင်မတန်မှ အန္တရာယ်ကြီးပါတယ်။ ဒါဟာ အမျိုးမျိုး၊ အဘက်ဘက်က စဉ်းစားတွေးဆပြီးတော့မှ ဆုံးဖြတ်ရတဲ့ ကိစ္စမျိုးဖြစ်တယ်။

ဗမာပြည်မှာ အစာငတ်ခံတိုက်ပွဲဝင်တယ်ဆိုတာက အနောက်တိုင်းကဟာတွေနဲ့ မတူဘူး။ ကျနော်တို့ ဘာဆိုဘာမှ မစားတာ။ ရေကလွဲပြီး ဘာမှ ဗိုက်ထဲကို မသွင်းဘူး။ ဆားတောင် ကျနော်တို့ မသွင်းဘူး။ အဲဒါကြောင့်မို့ ကျနော်တို့က အစာငတ်ခံတယ်ဆိုရင် အမြဲတမ်း ဆရာဝန်ခေါ်ပြီး လာစစ်ခိုင်းနေတာ။ ကျုပ်တို့ ဘာမှမစားဘူးဆိုတာ ဖော်ပြတယ်။ ဒါကြောင့်မို့လို့ ထောင်ထဲမှာ အစာငတ်ခံတိုက်ပွဲ ဖော်ထုတ်မယ်ဆိုရင် အဘက်ဘက် ချင့်ချိန်ပြီးမှ ဆုံးဖြတ်တယ်။ တခြားတိုက်ပွဲသဏ္ဌာန်တွေ စမ်းကြည့်၊ လုပ်လို့မရတော့မှ ဒါ နောက်ဆုံးအနေနဲ့သုံးတာဖြစ်တယ်။ စပြီဆိုရင်လည်း ဆုတ်လို့မရဘူး။ အသေခံဖို့ စိတ်ပိုင်းဖြတ်မှု တကယ်မရှိရင် ဒီလိုတိုက်ပွဲမျိုး ဆင်နွှဲလို့မရဘူး။ အဲ... ၃ ရက်အစာငတ်ခံ၊ ၅ ရက် အစာငတ်ခံ စသဖြင့် စတီအစာငတ်ခံတဲ့ တိုက်ပွဲတွေတော့ တိုက်လို့ရတာပေါ့။ ဒါပေမယ့် တိုက်ပွဲရဲ့ပစ်မှတ်ဟာ ကြီးတာနဲ့အမျှ ကျနော်တို့ရဲ့ ပိုင်းဖြတ်ချက်ဟာလည်း ကြီးမားလာမယ်လို့ထင်တယ်။ ခုနက ပြောခဲ့သလိုပဲ ဒီလို အစာငတ်ခံတိုက်ပွဲတွေထဲမှာ အလံနီရဲဘော်ကျွာရုံကဿာမကဘူး။ ကျနော်တို့ ရဲဘော်ရုံထဲမှာ အဲလိုပဲ လက်နက်ချပြီးတော့ အလျှော့ပေးသွားတာတွေ ကြုံရပါတယ်။

အဲဒီတော့ ကိုကိုးကျွန်းမှာဖြစ်တဲ့ အစာငတ်ခံတိုက်ပွဲကို ပြောမယ်ဆိုလို့ရှိရင် ကျွန်းရဲ့ထူးခြားချက်တွေကို ကျနော်တို့ ပြန်ပြီးမပြောလို့မရဘူး။ အခု နောက်ဆုံး အခြေအနေ(ဒီတိုက်ပွဲ ဖော်ထုတ်မယ့် နောက်ဆုံးအခြေအနေ)မှာ အကျဉ်းသားတွေဘက်က ကြည့်လိုက်ရင် သူတို့အဖို့ဟာ သန်းခေါင်ထက် ညဥ့်မနက်တော့ဘူး။ ထောင်အပြင် တန်းမရှိတော့ဘူး။ နောင်ရှိးတိုက်ပွဲစိတ်ဓါတ်လို့ ပြောလို့ရတယ်။ တကယ်လည်း အဲဒီစိတ်ဓါတ်နဲ့တိုက်ခဲ့ကြတာ။ တိုက်ပွဲဝင် အစာငတ်ခံတဲ့ လူတွေတင်မကဘူး၊ အပြင်မှာရှိတဲ့လူတွေလည်း ဒီစိတ်ဓါတ်တွေနဲ့ တိုက်ပွဲဝင်ခဲ့ကြတာ။

တဘက်မှာ အစိုးရဘက်က ကြည့်လိုက်လို့ရှိရင်လည်း သူ ဘာမှလုပ်လို့မရဘူး။ တခုက သတ်ပစ်လို့မရဘူး။ အသေခံလို့ မဖြစ်ဘူး။ ဒီလူတွေသေရင် သူတို့ အကြီးအကျယ် နာမည်ပျက်မယ်ဆိုတာ သူတို့သိတယ်။ နောက်တခုက ပြည်မထောင်တွေမှာလို တိုက်ထဲမှာပိတ်တာတို့၊ ရိုက်တာနက်တာတို့ လုပ်လို့မရဘူး။ သူတို့အကြမ်းဖက်မယ်ဆိုလို့ရှိရင် ထောင်ကျတွေဆီမှာလည်း လက်နက်တွေရှိတယ်။ ကျနော်တို့တတွေဆီမှာ အားလုံး ဓါးတွေ၊ မိုန်းတွေ အကုန်လုံးရှိတယ်။ အကုန်လုံး ဖြစ်ချင်တာတွေ ဖြစ်ကုန်မှာ။ သူတို့ အဲလိုလည်း လုပ်လို့မရဘူး။ အဲဒီတော့ သူတို့က ဘာမှ ဆုပ်ဆုပ်ကိုင်ကိုင် လုပ်မရတဲ့အခြေအနေ။ သူတို့ဘက်ကကြည့်ရင် ဒီကိုကိုးကျွန်းဆိုတဲ့ စခန်းကြီးက ဖြဲပဗ္ဗာကြီးဦးခေါင်းလို ဖြစ်နေတာ။ ဒါ သူတို့ဘက်က သိပ်ကြီးတဲ့ အားနည်းချက်ဖြစ်တယ်။

နောက်ထူးခြားချက်တခုက ကျနော်တို့ဘက်က အတွေးအခေါ်ရေး၊ နိုင်ငံရေး အမြဲရှင်သန်နေအောင် ကိုယ့်လူတွေကို ကိုယ်လုပ်ထားနိုင်တယ်။ ကျနော်တို့ ဒီမှာ ပြည်မနဲ့ အဆက်အသွယ် ပြတ်နေပေမယ့် တခြားထောင်တွေမှာလို အဆောင်တခုနဲ့တခု၊ တိုက်ခန်းတခုနဲ့တခု အဆက်ဖြတ်ထားတဲ့ဟာမျိုး လုပ်လို့မရဘူး။ အမြဲတမ်း အလုပ်ထွက် လုပ်နေကြတဲ့အခါကျတော့ အကုန်လုံးက တိုးလျှိုပေါက်။ နောက်ပိုင်း ခြံစည်းရိုးတောင် မရှိတော့တဲ့ အခြေအနေမျိုး။ အဲဒီတော့ အဲလို အဆက်အသွယ် သိပ်ကောင်းနေတဲ့အခါကျတော့ တဦးကိုတဦး အကြံပေးနိုင်တယ်၊ အားပေးနိုင်တယ်။ စိတ်ဓါတ်ကျရင်လည်း အကူအညီပေးနိုင်တယ်။ တိုင်ပင်ညှိနှိုင်းနိုင်တယ်။ အစည်းဝေးကြီးတွေ ကျင်းပနိုင်တယ်။ ကလာပ်စည်း အစည်းအဝေးမပြောနဲ့ စခန်းလုံးကျွတ်အစည်းအဝေး ကျင်းပမလား၊ ကျနော်တို့ ရိက္ခာရုံလုံးကျွတ် အစည်းအဝေး ကျင်းပမလား။ ကပွဲကြီးတွေ လုပ်မလား၊ ဟောပြောပွဲကြီးတွေ လုပ်မလား၊ အားကစားပွဲကြီးတွေ လုပ်မလား၊ ဘာမဆို လုပ်လို့ရတယ်။ လုပ်လည်း လုပ်နေကြတယ်။

ဒီတော့ ကျနော်တို့ အခမ်းအနားတွေမှာ လုပ်တယ်ဆိုလို့ရှိရင် ကျနော်တို့မှာ တီးဝိုင်းတွေ အပြည့်အစုံနဲ့။ တီးဝိုင်းမှာ လေမှုတ်တဲ့ဘက်ကပဲ နည်းနည်း အားနည်းတယ်။ လေမှုတ်တာတော့ ပလွေပဲရှိတာ။ ကြိုးတပ်တူရိယာတွေမှာဆိုရင် တယော၊ ဒုံမင်း၊ မယ်ဒလင်၊ ဂီတာ၊ ပတ္တလား။ သားရေဘက်မှာဆိုရင်လည်း ခြောက်လုံးပတ်၊ အိုးစည်ဒိုးပတ် အကုန်ရှိတယ်။ ပါတီသီချင်းတွေ၊ ကျောင်းသားသီချင်းတွေ၊ ကျွန်းပေါ်မှာ ထပ်ရေးတဲ့ သီ

ချင်းတွေ၊ တိုက်ပွဲအတွင်းမှာ ကျဆုံးသွားတဲ့လူတွေကို ဂုဏ်ပြုတဲ့သီချင်းတွေ အများကြီးပဲ။ ကျနော်တို့ အဲဒီမှာ တီးကြ၊ မှုတ်ကြ၊ ကပွဲကြီးတွေဆိုရင် ဟိန်းနေတာ၊ ပြဇာတ်တွေနဲ့။

ဒီ ၅၃ ရက်တိုက်ပွဲထဲမှာ ကျသွားတဲ့ **ကိုသိန်းကြည်**တို့၊ ကိုမောင်မောင်စိုးတို့ ဆို သီချင်းရေးကောင်းတဲ့ လူတွေပေါ့။ **အဲဒီ ၅၃ ရက်မှာ** ကျသွားတဲ့ ကိုထွန်းဝင်းဆိုတာ တော့ သူ့လက်ဖျားမှာ အလကားလို့ **ဆိုရမလောက်အောင်** အနုပညာမြောက်တဲ့တူရိယာ ပစ္စည်းတွေကို ဖန်တီးနိုင်တဲ့လူ။ ကျနော်တို့ **တူရိယာဝိုင်းမှာ ဝိုင်းခေါင်းဆောင်က** ကိုလှိုင် တင်၊ ကိုတေဇ၊ **ကိုမြတ်ဆွေ၊ ကိုမြတ်သောင်း၊ ကိုဝင်း... အစရှိသူတွေ၊** အင်မတန်မြိုင်တဲ့ တူရိယာတီးဝိုင်းပါ။

အားကစားပြိုင်ပွဲတွေဆိုလို့ရှိရင်လည်း **ကျနော်တို့ ထောင်ထဲမှာ ဘော်လီဘော** ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ **စစ်တုရင်ပြိုင်ပွဲ၊ ကျားပြိုင်ပွဲ အကုန်ရှိတယ်။**

နောက်တခါ **သဘောတရားရေးစာဆောင်တွေ ဖြန့်ကြတာ၊ ဒါလည်း အင်မ** တန် စနစ်ကျတယ်။ **ကျနော်တို့** အထက်ကပြောခဲ့သလိုပဲ **ရေဒီယိုကနေပြီးတော့ ကျနော်** တို့ သတင်းတွေရတယ်။ **နောက်ပြီး** ဆောင်းပါးတွေ ရတယ်။ **အဲဒါတွေ** ကူးတယ်။ **ကူးပြီး** စာအုပ်ထုတ်ကြတယ်။ **နောက်တခါ** အခါကြီးရက်ကြီး၊ နေ့ကြီးတွေမှာ မဂ္ဂဇင်းတွေ ထုတ် တယ်။

စာအုပ်က ဘယ်လိုဖြစ်လာတာလဲဆိုတော့ နို့ဆီဗူးပတ်တွေကို ကျနော်တို့က ကော်နဲ့ကပ်ပြီးတော့ စာရွက်ဖြစ်အောင် လုပ်တာ။ ထမင်းလုံးကို ကော်တိုက်တာပေါ့ဗျာ။ ပိတ်သားခံပြီး ထမင်းလုံးကို ကော်တိုက်၊ ပြီးလို့ရှိရင် အဲဒီ နို့ဆီဗူး အပတ်ကလေးတွေကို ထိပ်ကလေးတွေ လိုက်ဆက်ယူတာ။ နို့ဆီဗူးပတ် ၂ ခု ဆိုရင် စာအုပ်ငယ်ငယ်၊ ၃ ခုဆိုရင် နည်းနည်းပိုကြီးတာပေါ့။ နောက်တခါ ဘိလပ်မြေအိတ် အခွံတွေနဲ့လည်း ကျနော်တို့ စာ အုပ်လုပ်တယ်။

အဲ... ရေးတာကတော့ ကလောင်နဲ့ရေးတာ။ ကလောင်က အမျိုးမျိုးပဲ။ ရိုးရိုး သံပြားကအစ ကြေးပြားပါမယ်။ ဆေးပုလင်းဖြတ်တဲ့ လွှကို ကလောင်လို သွေးထားတာ၊ အင်မတန် လက်ရာမြောက်တယ်။ နောက်တခါ ဆေးသွင်းတဲ့ Drip သွင်းတဲ့အခါမှာသုံးတဲ့၊ ပုလင်းထဲကို ထိုးစိုက်တဲ့ အပ်အတုတ်ကို ဖြတ်ပြီးတော့ ထိပ်က **နည်းနည်းလေးခွဲပြီး** လုပ် ထားတာ။ အဲဒါ အကောင်းဆုံးပဲ။ မင်က အများဆုံးကတော့ သရက်ပင်အခေါက်နဲ့ သံချေးပေါ့ဗျာ။ အဲဒါ အင်မတန်မှ အဆင့်မြင့်ပါတယ်။

အဲဒီလို နိုင်ငံရေးရှင်သန်အောင် လုပ်ထားခဲ့နိုင်တဲ့အတွက် တိုက်ပွဲဝင်တဲ့လူတွေ ရော၊ အပြင်ဘက်ကလူတွေရော အင်မတန်တက်ကြွနေပြီးတော့ တိုက်ပွဲကို ကျနော်တို့ အစကနေ အဆုံးအထိ အလံတလူလူနဲ့ သီချင်းတွေ တဟိန်းဟိန်းနဲ့ သယ်ဆောင်သွား နိုင်တာ ဖြစ်ပါတယ်။

အခုလို ကျနော်တို့ရဲ့ အကျဉ်းစခန်းထဲမှာ၊ အဖွဲ့အစည်းအသီးသီးကြားမှာ၊ လူတဦးချင်းရဲ့ ခေါင်းတွေထဲမှာ အတွေးအခေါ်ရေးအရ၊ နိုင်ငံရေးအရ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်နေတုန်းမှာပဲ မှတ်လောက်သားလောက်တဲ့ ထူးထူးခြားခြား အဖြစ်အပျက်တခုနဲ့ ကြုံရတယ်ဗျ။ အတော်တော့ မမေ့နိုင်စရာကောင်းတဲ့ အဖြစ်အပျက်ကလေးတခု။

အဲဒါက တနေ့၊ နေ့လယ် ၁ နာရီ ၂ နာရီလောက် ဖြစ်လိမ့်မယ်။ ကျနော်က ကျနော့်ရဲ့အိပ်ဆောင်ထဲမှာ ထိုင်နေတာ။ အဲဒီအချိန်မှာ လေ့တစင်း ဒီကျွန်းဘက်ကို လာနေတယ်ဆိုတဲ့သတင်း ကျန်တဲ့အကျဉ်းသားတွေက ပြောလို့ ကျနော်တို့စခန်းတွေထဲကို ရောက်လာရော။ ကျနော်လည်း "ဟာ!" သိပ်အံ့ဩသွားပြီးတော့ အင်မတန် စိတ်ဝင်စားပြီး လှေလာနေတဲ့ဘက်ကို ကျနော်တို့ အကုန်ပြေးထွက်သွားကြတာ။ အဲဒါ အဆောင်တွေတိုင်းက လူတွေအကုန်လုံး ပြေးထွက်တာပဲ။ တယောက်မှတောင် မကျန်ဘူး ထင်တယ်။ အဖိုးကြီးတွေလည်း လိုက်လာတယ်။ ဆရာရာကျန်တို့၊ လေထီးဗိုလ်အုန်းမောင်တို့လည်း လိုက်လာတယ်။ ဦးလေး ဗန်းမော်တင်အောင်တို့၊ ဦးမြသန်းတို့လည်း လိုက်လာတယ်။ ကျန်တဲ့ အဖွဲ့အစည်းကလူတွေ၊ ကျန်တဲ့အဆောင်က လူတွေလည်း အကုန်လုံး ထွက်လာကြတာပဲ။

အဲဒီတော့ ဒီမှာ ကျနော်ဖြတ်ပြောချင်တာ တခုရှိတယ်။ အဲဒါ ဘာလဲဆိုရင် ကျနော်တို့ကျွန်းကိုပို့ပြီး နှိပ်စက်နေတဲ့အကြောင်းကို ကျနော်တို့က သူများတွေမသိမှာ သိပ်စိုးတယ်။ တကယ်လည်း ဒီစစ်အစိုးရဟာ ကမ္ဘာနဲ့ရော၊ ပြည်တွင်းက လူထုနဲ့ရော ကျနော်တို့ကို အဆက်ဖြတ်ပြီးတော့ ဒီထဲမှာ ကပ်ပြီး နှိပ်စက်နေတာ။ အဲဒါကို ကျနော်တို့က ကျနော်တို့သတင်းကို အပြင်ကို သိပ်ပို့စေချင်တာ၊ ရောက်စေချင်တာ။ အဲဒါကို စာရေး၊ စာကို ပုလင်းထဲမှာထည့်၊ ပုလင်းကို ပိတ်ပြီး ပင်လယ်ထဲပစ်တာမျိုးတောင် စဉ်းစားဖူး၊ လုပ်ကြဖူးသေးတယ်။

တခါတခါဆိုရင် ကျနော်တို့ကျွန်းနဲ့မလှမ်းမကမ်းမှာ ပင်လယ်ကူးသင်္ဘောကြီးတွေ ဖြတ်သွားတာ တွေ့ရတယ်။ ပင်လယ်ကူးသင်္ဘောကြီးတွေက နေ့ဘက်ဆိုရင် မီးခိုးတွေတန်းလို့၊ မီးခိုးတလူလူနဲ့ သွားတယ်။ ကျနော်တို့မြင်နေရတာ တဖြည်းဖြည်း ဝေးဝေးဝေးဝေးပြီး ပျောက်သွားတာ။ ညဆိုလို့ရှိရင် မီးတွေထိန်လို့ တရိပ်ရိပ်သွားနေတာ။ တခါကလည်း ကျနော်တို့မန္တလေးက သင်္ကြန်အလှပြကားကြီးတစင်း ဖြတ်သွားသလား အောက်မေ့ရတယ်။ သူတို့ကတော့ ပင်လယ်ပြင် အကျယ်ကြီးမှာ၊ မိုးကောင်းကင်ကျယ်ကျယ်ကြီးအောက်မှာ လွတ်လွတ်လပ်လပ်ကြီးနဲ့ ဖြတ်သွားကြတာလေ။ ကိုယ်ကတော့ ပင်လယ်ဝန်းရံထားတဲ့ အချုပ်စခန်းတခုထဲမှာ အပိတ်အနှောင်ခံနေရတာ။ တကယ်ကို အဲဒီ သင်္ဘောကြီးတွေ ဖြတ်သွားတာ ကြည့်ရတာ လွမ်းစရာကြီးပဲ။ ကျနော်တို့အညာမှာ ဧရာဝတီမြစ်ကမ်း ထိုင်ပြီးတော့ သင်္ဘောကြီးတွေ ဖြတ်သွားရင် လွမ်းရတာထက်တောင် ပိုပြီးလွမ်းစရာ ကောင်းသေးတယ်။

အဲဒီတော့ အခုဒီမှာ လှေတစင်းရောက်လာပြီ။ လှုစိမ်းတွေလာတော့မယ်ဆိုတော့ အို… ကျနော်တို့ အင်မတန်စိတ်ဝင်စား။ စိတ်လှုပ်ရှားကြတာ။ အင်မတန်လည်း တက်ကြွကြတာ။ အဲဒါနဲ့ကျနော်တို့ ကိုကိုးကျွန်းရဲ့ အနောက်ဘက် ကမ်းခြေဘက်ကို တန်းပြေးကြတာပဲ။

ကျနော်တို့ရောက်တော့ အဲဒီမှာ ကျနော်တို့အရင် ရေတပ်တွေ၊ ထောင်အမှုထမ်းတွေက ရောက်နေကြပြီ။ သူတို့က အကုန်လုံး အခြေအနေသိပြီးသား။ အဲဒီတော့ သူတို့က လက်နက်တွေကိုယ်စီနဲ့ စစ်တိုက်ပွဲတပွဲလို နေရာယူပြီး စောင့်နေကြတာ။ အဲဒီတော့ ကျနော်တို့ရဲ့ အနောက်ဖက် ၁၄ မိုင်လောက်ဝေးတဲ့နေရာမှာ ကိုကိုးလေးကျွန်း ရှိတယ်။ ကိုကိုးလေးကျွန်းဆိုတာလည်း သိပ်တော့ မဝေးဘူး။ အဲ့အရှည်က ၃/၄ မိုင်တော့ ရှိမယ်ထင်တယ်။ အဲဒီကိုကိုးလေးကျွန်းဘက်ကနေပြီးတော့ လှေလိုလို၊ ဖောင်လိုလို တစင်း ကျနော်တို့ဘက်ကိုလာနေတာ လှမ်းမြင်နေရတယ်။ လှုပ်လှုပ်လှုပ်လှုပ်နဲ့ပေါ့လေ။

အဲဒီလှေ လာနေတဲ့အချိန်မှာ ဒီဘက်မှာကျတော့ အဲဒီ ခုနကပြောတဲ့ ရေတပ်က စစ်သားတွေ၊ ထောင်အမှုထမ်းတွေဟာ သဲတွေထဲမှာ ကတုတ်ကျင်းလိုဟာတွေ တူးထားတယ်။ နဂိုကတည်းက ရှိနေတဲ့ဟာတွေ။ ချိုင့်တွေ၊ ကျင်းတွေပေါ့ဗျာ။ အဲဒါတွေထဲမှာ သူတို့က ကတုတ်ကျင်းလို၊ လိုက်ကျင်းလိုလုပ်ပြီး အဲဒီမှာ စစ်တိုက်ဖို့ အသင့်နေရာယူနေကြတာ။ သူတို့က ဝပ်ပြီးနေရာယူတယ်။ သေနတ်တွေကိုလည်း အသင့်ချိန်ပြီး စောင့်နေကြတယ်။ ဟိုကလာနေတာ ဘယ်သူမှန်းမသိ၊ ဘယ်ဝါမှန်းမသိလေ။ ကျနော်တို့ကတော့ ပင်လယ်ကမ်းမှာ ပွဲလာကြည့်တဲ့ လူတွေလိုပဲ ပျော်လို့။ ဟိုဟာပြော ဒီဟာပြောလို့။ စုစုစုစုနဲ့ ဟိုဘက်သွားလိုက်၊ ဒီဘက်သွားလိုက် တရုန်းရုန်းပဲ။ ကျနော်တို့က အဲဒီ သေနတ်ကိုင်ထားတဲ့လူတွေနဲ့ ဟိုဘက်က သူတို့ချိန်ထားတဲ့ တဖက်ကလာမယ့် အဲဒီကြားထဲလည်း ကျနော်တို့ ဖြတ်သွားတာပဲ။ သူတို့ရှေ့မှာ ရပ်ချင်လည်း ရပ်နေတာ။

အဲဒါ ကျနော်တို့ ရုတ်ရုတ်ရုတ်ရုတ်နဲ့လုပ်နေတာ ရေတပ်က လူတွေကရော၊ ထောင်အာဏာပိုင်တွေရော နည်းနည်းမှ မကြည်ဘူး။ သူတို့မျက်နှာတွေက မှုန်ကုပ်နေတာ။ ပြောလို့လည်း မကောင်းဘူး။ နောက်ကျ ထောင်အမှုထမ်းတွေက လာပြီးတော့ မေတ္တာရပ်ခံတယ်… “ခင်ဗျားတို့ဗျာ အန္တရာယ်လည်း ရှိပါတယ်။ တခုခုဖြစ်သွားရင်လည်း မကောင်းဘူး။ နောက်နား ခပ်ဝေးဝေးမှာ နေကြပါ။” ကျနော်တို့လူတွေက သူတို့ပြောတာ ဘာမှဂရုစိုက်တာမဟုတ်ဘူး။ ကိုယ့်စိတ်ဆွေ၊ ကိုယ့်စည့်သည်လာတာကို ကြိုဆိုရေးလုပ်နေတာကျနေတာပဲ။

ကျနော်တို့ အဲလိုနဲ့ လာနေတဲ့လှုတွေက တဖြည်းဖြည်း ပိုပိုပိုပိုပြီး နီးလာတာ မြင်ရတယ်။ မြင်ကွင်းကလည်း ပိုပြီးရှင်းလာတယ်။ ပိုပြီး သဲကွဲလာတယ်။ အဲဒီတော့ လာနေတာက လှေမဟုတ်ဘူး။ ဖောင်။ ဖောင်တလုံးပေါ်မှာ လူ ၃/၄ ယောက် လှော်လာကြတာ။ အဲဒါ ပိုပိုပြီးနီးလာတဲ့အခါကျ အဲဒီဖောင်ဆိုတဲ့ဟာက စည်ပိုင်းကြီးတွေကို ဖောင်

ဖွဲ့ပြီးလျှော်လာတာ။ ခါတ်ဆီထည့်တဲ့ စည်ပိုင်းလိုဟာမျိုးကြီးတွေ။ သူတို့က မတ်တပ်ရပ်ပြီး လျှော်လာကြတာ။ သူတို့ကြည့်ရတာ လက်နက်လည်း ပါဟန်မတူဘူး။ အဲဒီတော့ နီးသည်ထက် နီးလာတော့ အဲဒီဖောင်ပေါ်က လူတွေက အသားမဲမဲတွေ။ ကုလားတွေဆိုတာ ရှင်းသွားတယ်။ နောက် သူတို့ဝတ်ထားတာကလည်း အစိမ်းရောင်၊ အပြာရောင်၊ အနီရောင်။ ဒေါင်လိုက် ငွေရောင်အစင်းတွေ၊ ရွှေရောင်အစင်းတွေ၊ တောက်တောက်ပြောင်ပြောင် အကျီဘောင်းဘီတွေ။ အကျီနဲ့ဘောင်းဘီကအစ တစတည်းကို ချုပ်ထားတာ။ နောက်ပြီး သူတို့ခေါင်းပေါ်မှာ မွှတ်စလင်တွေ ဗလီတက်တဲ့အခါ ဆောင်းတဲ့ ဦးထုပ်လို ဟာမျိုးလေးတွေလည်း ကိုယ်စီဆောင်းထားတာ တွေ့ရတယ်။

အဲဒီတော့ ကျနော်တို့ထဲကလည်း ကိုယ့်အထဲက ကုလားဆိုတဲ့လူတွေကို စကားပြောခိုင်းကြတာပဲ။ ကျနော်တို့ စခန်းထဲမှာရှိတဲ့ ကုလားဆိုတဲ့လူတွေအထဲမှာလည်း ကုလားစကား တကယ်တတ်တာဟာ သိပ်များများရှိဟန် မတူပါဘူးဗျာ။ ကျန်တဲ့ လူတွေကတော့ အတင်းပြောခိုင်းတာပဲ။ နောက် ကုလားစကားဆိုတာ အမျိုးမျိုးရှိတယ်ဆိုတာလည်း ကျနော်တို့ မသိတာမဟုတ်ဘူး၊ သိတယ်။ အဲဒီတော့ ဘာသာစကားမတူရင် ကုလား အချင်းချင်းလည်း ပြောလို့ရတာမှမဟုတ်ပဲနဲ့။ ဒါပေမယ့် ကျနော်က အတင်းတိုက်တွန်း၊ အင်္ဂလိပ်လို ပြောမယ့်လူကလည်း ပြင်။ အကုန်လုံး ကျနော်တို့အခြေအနေကို မိတ်ဆက်ပြမယ်ပေါ့လေ။

ဒီလိုနဲ့ အဲဒီဖောင်က ကမ်းနားရောက်လာတယ်ဆိုတာနဲ့ ရေတပ်က သေနတ်နဲ့ ချိန်ပြီးတော့ အတင်းတက်လာခိုင်းတာပဲ။ အဲဒီလူတွေမှာ လက်နက်မပါဘူးဆိုတာလည်း သေချာတဲ့အခါကျတော့ ရေတပ်က တခါတည်း ထွက်ရပ်ပြီးတော့ အဲဒီလူတွေကို သေနတ်နဲ့ချိန်ပြီး တက်ခိုင်းတယ်။ အဲဒီတော့ အဲဒီလူတွေလည်း ကမ်းပေါ်တက်လာတော့ လက်မြှောက်ပြီး တက်လာတယ်။ လက်မြှောက်တက်လာပြီး ရေတပ်လည်းရောက်တဲ့အခါကျတော့ အဲဒီရေတပ်က သူတို့ကို လက်ထိတ်တွေဘာတွေ မခတ်ပါဘူး။ ကြိုးတွေဘာတွေလည်း မချည်ဘူး။ ဒီအတိုင်းပဲ လက်ပြန်ချစေပြီး ခေါ်သွားတယ်။ သူတို့လည်း ဘာစကားမှ မပြောဘူး။ စကားမပေါက်လို့လား ဘာလို့လား၊ အဲဒီ ဖမ်းတဲ့လူတွေနဲ့ အဖမ်းခံရတဲ့လူတွေ စကားပြောတာ လုံးလုံးမတွေ့ရဘူး။ အဲဒါ သူတို့လည်း လိုက်လာတာပဲ။ အသာ တကြည် လိုက်လာတာ။

အဲလို ရေတပ်နဲ့သူတို့နဲ့ သွားနေတဲ့အခါမှာ ကျနော်တို့ဆီကလူတွေက အဲဒီ ကုလားတွေကို အတင်းဝင်ပြီး စကားပြောကြတာ။ ကုလားစကားပြောတဲ့လူက ပြော၊ အင်္ဂလိပ်လိုပြောတဲ့လူက ပြောပေါ့လေ။ ကျနော်တို့က နိုင်ငံရေးအကျဉ်းသားတွေ ဖြစ်တဲ့အကြောင်း၊ ဗမာပြည် ပြည်မကနေပြီးတော့ ထောင်အသီးသီးကနေပြီး ဒီကိုပို့တယ်ဆိုတဲ့အကြောင်း အကုန်လုံးပြောတာပဲ။ ဒီမှာ ဘယ်သူတွေ အစာငတ်ခံတိုက်ပွဲမှာ သေသွားတယ်ဆိုတဲ့အကြောင်း၊ ထောင်က ထွက်ပြေးကြတယ်ဆိုတဲ့အကြောင်း အကုန်လျှောက်ပြောတာ။

ဒါပေမယ့် အဲဒီလူတွေက စကားမပေါက်တာလား ဘာလားမသိဘူး၊ ကျနော်တို့ပြောတာကို မကြားသလိုပဲ လုပ်နေတယ်။ နောက်ဆုံးကျတော့ အဲဒီထဲက တယောက်က ကျနော်တို့လူတယောက်ဘက်ကို လှည့်ပြီးတော့ သူ့လည်ပင်းသူ လက်ဝါးစောင်းနဲ့ ဖြတ်ပြတာ။ အဓိပ္ပါယ်က ကျုပ် ခေါင်းပြတ်လိမ့်မယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့။ အဲဒါနဲ့ ကျနော်တို့လည်း ဆက်မပြောကြတော့ပါဘူး။ သူတို့ကို တနာရွာနဲ့ပဲ ဒီအတိုင်းကြည့်တာ၊ သူတို့လည်း ကြောက်မှာပေါ့ဗျာ။ ဟိုက သေနတ်၊ G-3 လိုဟာမျိုးကြီးနဲ့ ချိန်ထားတာ၊ စတင်းဂန်းတွေ၊ G-3 တွေနဲ့။ နောက် သူတို့ရဲ့စက်လှေဟာ ကိုကိုးလေးကျွန်းရဲ့ ဟိုးအနောက်ဘက်ကမ်းမှာ ရပ်ထားတာ။ အဲဒါ ကျနော်တို့ဘက်က ဘယ်လိုမှ လှမ်းမမြင်ရဘူး။ စက်လှေလို့ ကျနော်တို့ နားလည်မိတယ်။ အဲဒီတော့ အဲဒီလှေပေါ်မှာ ဘာကုန်တွေပါလို့ လူဘယ်နှစ်ယောက် ကျန်တယ်ဆိုတာလည်း ကျနော်တို့ ဘာမှမသိဘူး။ သူတို့က ဘယ်နိုင်ငံသားတွေဆိုတာလည်း မသိလိုက်ရဘူး။ ဖြစ်နိုင်တာက ဒီလူတွေက မှောင်ခိုပစ္စည်း သယ်တဲ့လူတွေပဲလို့ ထင်တယ်လေ။

သူတို့ကို ရေတပ်ကခေါ်သွားပြီးတဲ့နောက် သူတို့အကြောင်း နောက်ထပ် ဘာမှ မကြားရတော့ဘူး။ ကျနော်တို့ကလည်း တခြားအရပ်က လာကတဲ့ ဇာတ်အဖွဲ့လေးတဖွဲ့ ပြန်သွားသလိုလောက်ပဲ။ သူတို့လည်း ပျောက်သွားတော့ ပြီးပြီးရော ဖြစ်သွားတာပဲ။ ကိုယ့်မူလဘဝ၊ ကိုယ့်နေ့စဉ်ဘဝတွေက အာရုံတွေ ပြန်ရောက်လာတော့တာ။

☆

သန္နိဌာန်

## ၅၃ ရက် တိုက်ပွဲ

အဲဒီတော့ ကျနော်တို့ နုဝိုင်ခေါင်းထဲမှာရှိနေတဲ့ တိုက်ပွဲတော်ကြီး ကျနော်တို့ အာရုံတွေ ပြန်ရောက်လာတာ။ အဲဒီကနေ ကျနော်တို့ ကိုကိုးကျွန်းမှာ တိုက်ပွဲတကာတို့ရဲ့ မိခင်(**Mother of all demonstrations and strikes**)လို့ ပြောရမယ့် ၅၃ ရက်တိုက်ပွဲကြီးကို ၁၉၇၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ကနေပြီးတော့ ဇူလိုင်လ ၃၁ ရက်နေ့အထိ တိုက်ပွဲကို စခဲ့လိုက်ကြတယ်။ ဒီတိုက်ပွဲစတဲ့အကြောင်း မပြောခင် ဒီတိုက်ပွဲမတိုင်ခင်မှာ ကျနော်တို့ စောစောကပြောခဲ့သလိုပဲ အင်မတန်ကြီးမားတဲ့ အခက်အခဲတွေနဲ့ ကြုံရတာကို ထပ်ပြောပြပါမယ်။

ပြဿနာတွေက ကျနော်တို့ အကျဉ်းစခန်းထဲမှာ၊ အဖွဲ့အစည်းတွေအတွင်းမှာ သွေးစည်းညီညွတ်ရေးက သိပ်မကောင်းဘူး။ အဖွဲ့အစည်းတခုနဲ့တခု အကြားမှာ၊ အဖွဲ့အစည်းတခုချင်းရဲ့အတွင်းမှာ ပြဿနာလေးတွေ ရှိရှိနေတယ်။ ပြောပြောဆိုဆို၊ သွားသွားလာလာကတော့ ရှိပါတယ်။ ဒါပေမယ့် တကယ့်တကယ် နိုင်ငံရေးလှုပ်ရှားမှုတခုလုပ်ဖို့၊ နိုင်ငံရေးစကား ပြောကြပြီဆိုလို့ရှိရင်တော့ ကွဲလွဲမှုလေးတွေ ရှိနေကြတယ်။ နောက်ပြီး မကြာခင်ကမှ ပြီးသွားတဲ့ ရဲနီတွေရဲ့တိုက်ပွဲကလည်း ရှုံးသလိုဖြစ်ထားတာကိုး။ အဲဒီတော့ ရန်သူက အင်မတန် အားတက်နေပြီးတော့ ဘာမဆို အထက်စီးကချည်း ပြောနေလုပ်နေတဲ့ အနေအထားနဲ့။

ဒါပေမယ့် ဒီတိုက်ပွဲခက်ခဲရတဲ့ အဓိကအကျဆုံးအချက်က ကျနော်တို့ရဲ့တောင်းဆိုချက်ပဲ။ ဒီတိုက်ပွဲအတွက် တောင်းဆိုတဲ့အချက်က သိပ်ကို အခရာကျလွန်းတယ်။ တောင်းတာ နှစ် ချက်တည်း။

ပထမတချက်က... **ကိုယ်ထူကိုယ်ထစနစ် ဖျက်သိမ်းပေး။**

ဒုတိယအချက်က... ပြည်မထောင် အခွင့်အရေးတွေ ကျနော်တို့ဆီမှာလည်း ရရှိရေး။

ဒါကို ကျနော် နည်းနည်းထပ်ပြီး ရှင်းပြမယ်။ ကိုယ်ထူကိုယ်ထစနစ်ဆိုတာ ကျနော်ပြောခဲ့သလိုပဲ နိုင်ငံရေးအကျဉ်းသားတွေကို ထင်းခွေ၊ ရေခပ်၊ တောင်ယာစိုက်၊ ထမင်းချက်အလုပ်တွေ လုပ်နိုင်းတယ်။ ဒါဟာ ဗမာပြည်ထောင်သမိုင်းမှာ ဘယ်တုန်းကမှ မရှိဖူးတဲ့ ဖိနှိပ်ရေးစနစ်တခု ဖြစ်တယ်။ ဒီအလုပ်တွေလုပ်ပေးဖို့ ထောင်အာဏာပိုင်တွေ အနေနဲ့ ဝန်ထမ်းရှာတာ(ဒါမှမဟုတ်) နောက်ထပ် သာမန်ရာဇဝတ်သား အကျဉ်းသား တွေခေါ်လာတာ စတဲ့စရိတ်တွေကို ကာမိအောင် ခိုင်းတာမဟုတ်ဘူး။ သူတို့ အဲဒီငွေ အကုန်မခံနိုင်လို့ နိုင်ငံရေးအကျဉ်းသားတွေ ကိုယ့်ဟာကိုယ် အလုပ်လုပ်နိုင်းနေတာ မဟုတ်ဘူး။ အဓိကဟာ နိုင်ငံရေးအကျဉ်းသားတွေကို နှိန်မိတာ။ နိုင်ငံရေးဂုဏ်သိက္ခာကို ချပစ်တာ၊ စော်ကားတာ။ အဲဒါအပြင် နောက်ထပ် နိုင်ငံရေးအကျဉ်းသားတွေ ထပ်ခေါ် လာပြီးတော့ ဒီကျွန်းပေါ်မှာ တသက်လုံးပို့ထားဖို့ဆိုတဲ့အစီအစဉ်နဲ့ အကုန်လုံးက ဆက် နေတဲ့ဟာတွေ။ ဒါကြောင့်မို့လို့ ကိုယ်ထူကိုယ်ထ ဖျက်သိမ်းရေးဆိုတာဟာ ဒီထောင်ရဲ့ အခရာအကျဆုံးပေါ်လစီကို တိုက်တာဖြစ်တယ်။

နောက်တခုက ပြည်မထောင်အခွင့်အရေး ရရှိရေး။ ဆိုလိုတာ ကျနော်တို့ ဒီမှာ က ဆက်သွယ်ရေးခက်တယ်။ မိုးတွင်းဆိုလို့ရှိရင် သင်္ဘောသွားလို့လာလို့မရဘူး။ အစရှိ တဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ ချုပ်ချယ်မှုတွေ အမျိုးမျိုးခံနေရဟာ။ အဲဒီတော့ ကျနော် တို့ တောင်းတဲ့ဟာက ရိက္ခာကအစ၊ ထောင်ဝန်ထမ်းအပါအဝင်၊ အိမ်ကပစ္စည်းပို့တာ အဆုံး တခြားပုံမှန်ထောင်တွေမှာ ရခွင့်ရှိတဲ့ အခွင့်အရေးတွေ အားလုံးရရှိရေး။ ဒါက ဖြစ် နိုင်ရင် ကြိုက်သလောက် ချုံ့လို့ရတယ်ဗျာ။ နောက်ဆုံးပြောလို့ရှိရင် သာရေးနာရေးမှာ သက်ဆိုင်ရာဘာသာအလျောက် ပြုလုပ်ဆောင်ရွက်ခွင့်။ အဲဒါမျိုးတွေ ကျနော်တို့ ချုံ့လို့ရ တယ်။ အဲဒီတော့ ဒါကလည်း သိပ်ကိုအခရာကျတာ။

ထောင်အာဏာပိုင်တွေအဖို့က ငွေရေးကြေးရေး၊ အချိန်၊ လုပ်အား အဲဒီဘက် က ကြည့်လိုက်လို့ရှိရင် ပြည်မထောင်တွေအတိုင်း အခွင့်အရေးတွေပေးဖို့ဆိုတာ လုံးလုံး ကို မဖြစ်နိုင်ဘူး။ အဲဒီတော့ အဲလိုလိုက်လျောလိုက်လို့ရှိရင် အစစအရာရာ ကျနော်တို့ကို အလျှော့ပေးရပြီ။ သူတို့မှာ သွားပြီ။ သူတို့ ဦးကျိုးပြီ။ သူတို့ ခေါင်းဖော်နိုင်စရာ မရှိတော့ ဘူး။ နောင် ဘာပဲဖြစ်ဖြစ် ကျနော်တို့တောင်းသမျှ သူတို့လိုက်လျောရမယ့် အခြေအနေ ဖြစ်တော့မှာ။ အဲဒီတော့ ဒီဟာက အသည်းချင်းပေါက်ကြတယ်ဆိုတဲ့ တိုက်ပွဲမျိုး ဖြစ်ရ တယ်။

အဲဒီတော့ တိုက်ပွဲတိုက်တော့မယ်ဆိုတော့ ဒီတောင်းဆိုချက် နှစ်ချက်ဟာ ဘယ်သူမှငြင်းမရတဲ့အချက်တွေ။ တထောင်လုံးနဲ့လည်း ဆိုင်တယ်။ ကျနော်တို့ အကျဉ်း ထောင်ထဲမှာ ဘယ်သူကမှ မဆန့်ကျင်ကြဘူး။ ဒီတိုက်ပွဲကို အားလုံးက ထောက်ခံကြ တယ်။ ထောက်ခံတယ်ဆိုတာတော့ ဟုတ်တယ်။ ဒါပေမယ့် တကယ်တိုက်ပွဲဝင်တဲ့အခါ ကျတော့ သက်ဆိုင်ရာ ကျနော်တို့အဖွဲ့အစည်း(ကျနော်တို့ ရိက္ခာရုံ) အဲဒီကလူတွေကပဲ သီးခြားတိုက်ရသလို ဖြစ်တယ်။ ကျန်တဲ့လူတွေက စာနာတဲ့အဓိပ္ပါယ်ပဲ ဖော်ပြကြတယ်။

အဲဒီတော့ ကျနော်တို့ ကိုကိုးကျွန်းအကျဉ်းစခန်းမှာ တိုက်ပွဲရဲ့အဓိကအဆောင်ဟာ ကျနော်နေတဲ့ နံပါတ် ၉ အဆောင်ပဲ။ အဲဒီတော့ ပြန်ပြောပြပါဦးမယ်။ ဒီအကျဉ်းစခန်းမှာက စခန်းပေါင်း ၃ ခုရှိတယ်။ ကျနော်တို့က စခန်းတခု။ အဲဒီစခန်းထဲမှာဆိုလို့ရှိရင် အဆောင် ၁၂ ဆောင် ရှိတယ်။ အဲဒီ အဆောင် ၁၂ ဆောင်ကို ဟိုဘက် ၆ ဆောင်၊ ဒီဘက် ၆ ဆောင်ကြားမှာ သံဆူးကြိုးနှစ်ထပ်နဲ့ခွဲထားတယ်။ ဒါပေမယ့် သွားလို့လာလို့ရတဲ့ အပေါက်တော့ ရှိတာပေါ့။

နောင်ကျတော့ ကျနော်တို့တတွေ ချိုးဖောက်လိုက်တော့လည်း သံဆူးကြိုးတွေက ဘာမှကို အဓိပ္ပါယ်မရှိတော့ပါဘူး။ အဲဒီ အဆောင် ၁၂ ဆောင်မှာ တဆောင်ကို လူ ၂၀ ပတ်ဝန်းကျင်လောက် နေရတယ်။ အဲဒီတော့ အဆောင် ၁ က ဆန်ဂိုဒေါင်၊ အဆောင် ၂ က ဆေးခန်း။ ကျန်တဲ့တဆောင်က လူနေဆောင်တွေ။ အဲဒီတော့ ကျနော်တို့ရိက္ခာရုံက လူများတဲ့အခါကျတော့ ကျန်တဲ့အဆောင် ၁၀ ဆောင်ထဲမှာ ကျနော်တို့ရိက္ခာရုံကချည်း အဆောင် ၄ ၊ အဆောင် ၈ ၊ အဆောင် ၉ ၊ အဆောင် ၁၀ ၊ အဆောင် ၁၁ ဆိုပြီးတော့ အဆောင် ၅ ဆောင် ယူထားတယ်။ အဲဒီမှာ မျှနေကြတယ်။ အဲဒီ အဆောင် ၅ ဆောင်ထဲမှာ ကျနော်တို့ အဆောင် ၉ ဟာ တဘက်က အဆောင် ၁၀ ရယ်၊ အဆောင် ၈ ရယ်ကလည်း ကျနော်တို့ရဲ့ဘော်တွေပဲ နေကြတာ။ အဲဒီကြားထဲမှာဆိုတော့ လျှို့ဝှက်ရေးအရ၊ လုံခြုံရေးအရ ကောင်းတဲ့အဆောင်လို့ ကျနော်တို့ သတ်မှတ်တယ်လေ။

တကယ်လည်း ဟုတ်တယ်။ ကျနော်တို့အနေနဲ့ အရေးကြီးတဲ့ အစည်းအဝေးတွေ၊ အခမ်းအနားတွေ၊ လျှို့ဝှက်လုပ်ချင်တာတွေမှန်သမျှ ဒီအဆောင်မှာပဲ လုပ်တယ်။ နောက် တိုက်ပွဲဖော်တယ်ဆိုလို့ရှိရင်လည်း ဒီအဆောင်ဟာ ပထမအသုတ် တိုက်ပွဲဝင်သူတွေအနေနဲ့ အဓိကအဆောင်ပဲ။ အဲဒီတော့ တိုက်ပွဲထဲမှာ မပါတဲ့လူတွေက တခြားအဆောင်မှာ ပြောင်းပြီးနေပေးရတယ်။ အဲဒီတော့ ဒီ ၅၃ ရက် အဓိကတိုက်ပွဲကြီးမှာလည်း ဒီအဆောင် ၉ ဟာ အဓိကအဆောင် ဖြစ်လာတယ်။

ဒါကြောင့်မို့ အဲဒီအဆောင် ၉ ရဲ့ ရှေ့အဝင်ပေါက် ထိပ်တည့်တည့်မှာ နဖူးစည်းစာတမ်းကြီးတခုကို တိုက်ပွဲစတာနဲ့ ရေးတင်လိုက်တယ်။ အဲဒါကတော့...

**ရန်သူတကာ ကြောက်ဒူးတုန်ကြပါစေ။**
**ပြည်သူလူထုအပေါင်း**
**ရွှင်လန်းအားတက်ကြပါစေ။**

အဲဒီတော့ တိုက်ပွဲစတဲ့ ဇူလိုင်လ ၉ ရက်၊ မနက် ၇ နာရီမှာ ကျနော်တို့ အားလုံး ထောင်ဗူးဝကိုသွားပြီး စုဝေးကြတယ်။ ထောင်ဗူးဝကိုရောက်တော့ ကျနော်တို့ခေါင်းဆောင်တွေက အဲဒီမှာ တာဝန်ကျတဲ့ဝါဒါကို ပြောတယ်... "ခင်ဗျားတို့ ထောင်အာဏာပိုင်တွေထဲက တာဝန်ရှိတဲ့သူကို ကျနော်တို့ပြောစရာရှိတယ် အမြန်ခေါ်ပေးပါ"လို့ ပြောတယ်။ တာဝန်ရှိတဲ့လူ(အဲဒီမှာ တာဝန်ယူနေတဲ့ဝါဒါ)ကလည်း ချက်ချင်းသွားပြီး အစီ

ရင်ခံတယ်။ ဟိုဘက်က ထောင်မှူးကြီးတို့၊ ထောင်ပိုင်တို့ ချက်ချင်းထွက်လာတယ်။ အဲဒါ **ကျနော်တို့ဆီက** တာဝန်ရှိတဲ့လူကလည်း ပထမဆုံး ဒီစစ်အစိုးရရဲ့ အကျဉ်းစခန်းပေါ်လစီနဲ့ **တကွ** သူတို့ရဲ့ဖိနှိပ်ရေးပေါ်လစီအားလုံး၊ သူတို့ရဲ့လုပ်ရပ်အားလုံး ရှုတ်ချတယ်ဆိုတဲ့အ**ကြောင်း** ပြောပြတယ်။ ပြီးတော့မှ ကိုယ်ထူကိုယ်ထစနစ် ဖျက်သိမ်းပေးဖို့နဲ့ ပြည်မထောင် **အခွင့်အရေး**တွေ အမြန်ဆုံးပေးဖို့ အလေးအနက်တောင်းဆိုတဲ့အကြောင်း သူတို့ကို ပြောပြတယ်။ ထောင်တာဝန်ခံတွေကလည်း သူတို့ထုံးစံအတိုင်း... "ကျနော်တို့ အထက်ကို တင်ပြပေးပါ့မယ်" ဒီလိုပဲပြောတယ်။

ကျနော်တို့ကလည်း ဒီအချိန်ကစပြီး ဒီတောင်းဆိုချက် ၂ ချက်ကို ကျနော်တို့ မရမချင်း အသေခံ၊ အစာငတ်ခံတိုက်ပွဲတော့မယ်ဆိုပြီး တိုက်ပွဲစတဲ့အကြောင်း အသိပေး ကြေညာလိုက်တာ။ အဲဒါပြီးတော့မှ...

**ကိုယ်ထူကိုယ်ထစနစ် ......... (ဖျက်သိမ်းပစ်)**ᒧ
**ပြည်မထောင် အခွင့်အရေး ... (ချက်ချင်းပေး)**ᒧ
**ဖိနှိပ်ချုပ်ချယ်မှု ......................... (အလိုမရှိ)**ᒧ

ဆိုတဲ့ ကြွေးကြော်သံတွေကို ကျနော်တို့ အဲဒီမှာရှိတဲ့လူတွေအားလုံး အားရပါးရ ကြွေးကြော်ကြတာ။ အဲဒါ ကျနော်တို့ ၅၃ ရက်လုံးလုံး မနက်တခါ၊ ညနေတခါ နိစ္စဓူဝ သွားပြီး တော့ အော်နေကြတဲ့၊ ကြွေးကြော်သံတိုင်နေကြတဲ့ လုပ်ငန်းတခုပဲ။

အဲဒီတော့ တိုက်ပွဲဝင်ဖို့ ကျနော်တို့ ရိက္ခာရုံကနေပြီး လူ ၃၀ ရွေးလိုက်တယ်။ လူ ၃၀ ဆိုတဲ့အထဲမှာ ၁၀ ဦးစီ ၃ သုတ်ဖြစ်တယ်။ အဲလို ၁၀ ဦးစီ ၃ သုတ် တိုက်ပွဲဝင်၊ တတိယအသုတ်ဝင်ပြီးလို့ နောက်တပတ်အကြာမှာ **အလံနီအဖွဲ့**၊ မလညပ(မြန်မာနိုင်ငံ အလုပ်သမားညီညွတ်ရေးပါတီ)က၊ **နောက်** တော်လှန်တဲ့ မဟာမိတ်များဆိုတဲ့အထဲက တဖွဲ့တဦးစီ ကျနော်တို့တိုက်ပွဲကို ထောက်ခံတဲ့အနေနဲ့ သူတို့ကလည်း အစာငတ်ခံ ဝင်ပါ ကြတယ်။

အဲဒီတော့ ဒီတခါတိုက်ပွဲမှာလည်း ကျနော်ကိုယ်တိုင်က ပါခွင့်မရဘူး။ ကျနော် က အရင်ရက် ၄၀ တိုက်ပွဲတုန်းက ဒုတိယအသုတ်မှာ ၃၃ ရက် အစာငတ်ခံပြီး ပါခဲ့တယ်။ ဒီတိုက်ပွဲမှာတော့ ကျနော်တို့က ဘေးက ကင်းစောင့်တာတို့၊ အဲဒီတိုက်ပွဲဝင်တဲ့လူတွေကို ပြုစုတာတို့၊ ထမင်းချက် ရေခပ်ကအစပေါ့လေ။ အဲဒီလို တာဝန်တွေပဲလုပ်ရတယ်။

ဒီတိုက်ပွဲကို ထောင်အာဏာပိုင်တွေကလည်း အင်မတန် အလေးထားတယ် ဆိုတာ ကျနော်တို့ သတိထားမိတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ကလည်း ကင်း ထောက်တယ်ဆိုတဲ့ဟာ၊ သတင်းစုံစမ်းတယ်ဆိုတာ မပြတ်လုပ်နေတာ။ အဲဒီတော့ ကြား နေ၊ သိနေရတာတွေ ရှိတယ်။ ကျနော်တို့ ကြားသလောက်ဆိုလို့ရှိရင် အဲဒီတုန်းက **ထောက်လှမ်းရေးတာဝန်ခံ** မျက်မှန်တင်ဦး(ခေါ်)လန်ဘားတင်ဦးလို့ခေါ်တဲ့ ဗိုလ်မှူးချုပ်တင်

ဦး ကိုယ်တိုင် ကိုကိုးကျွန်းကို ရောက်လာတယ်။ ရေတပ်စခန်းမှာနေပြီးတော့ လာရုံးထိုင်တယ်လို့တောင် သတင်းကြားတယ်။

တိုက်ပွဲက ဇွန်လကြီး စတိုက်တာဗျ။ ဇွန်လဆိုတော့ အားလုံးသိကြတဲ့အတိုင်းပဲ ဗမာပြည်မှာ မုတ်သုံလေ အားအကောင်းဆုံးအချိန်။ အိန္ဒိယသမုဒ္ဒရာထဲမှာ မုတ်သုံလေ အင်မတန်အားကောင်းတဲ့အချိန်ပေါ့။ ဒါကြောင့်မို့လို့ ကျနော်တို့ တိုက်ပွဲတလျှောက်လုံး မုန်တိုင်းနဲ့မိုးနဲ့ အဆက်ပြတ်တယ်ကို မရှိဘူး။ တလျှောက်လုံး ကျနော်တို့ကို ဒုက္ခပေးတာပဲ။ ဒါကြောင့်မို့ ဒီတိုက်ပွဲမှာ ကျနော်တို့ဟာ သဘာဝရန်သူရော၊ ဖိနှိပ်သူ ရန်သူကိုပါ တပြိုင်နက်တည်း ရင်ဆိုင်တိုက်ရတဲ့တိုက်ပွဲလို့ သတ်မှတ်ထားတယ်။

ဒီလိုနဲ့ဗျာ… တိုက်ပွဲက တရက်ပြီးတရက် ဖြတ်သန်းလာခဲ့တယ်။ တိုက်ပွဲဝင်ရဲဘော်တွေရဲ့ ကျန်းမာရေးဟာလည်း အချိန်ရှည်ကြာတာနဲ့အမျှ တဖြည်းဖြည်း ကျဆင်းလာတယ်။ ကိုကိုးကျွန်းမှာ အစာငတ်ခံတယ်ဆိုတာက တချို့နိုင်ငံတွေမှာလို စတီသဘော အစာငတ်ခံတာ မဟုတ်ဘူးလေ။ ရေကလွဲပြီး ဘာဆိုဘာမှ ပါးစပ်ထဲကို မသွင်းဘူး။ အစာကို အပြတ်ကို ဖြတ်တာ။ နောက်ပြီး ဆေးဝါးလည်း ဘာမှမသွင်းရဘူး။ ဖျားတယ်ဆိုရင် ပေခံပဲ။

အဲဒါကြောင့်ပဲ ကျနော်တို့က ထောင်အာဏာပိုင်တွေကို နေ့တိုင်းလာပြီးတော့ စစ်ဖို့၊ ဆရာဝန်ကို ခေါ်လာဖို့ ကျနော်တို့က အမြဲတမ်းတောင်းဆိုတယ်။ သူတို့ဘက်ကလည်း လာပါတယ်။ နေ့တိုင်း ဝင်လာတယ်။ ဝင်လာပြီးတော့ ကျနော်တို့ကို စစ်တယ်။ ကျနော်တို့ဘက် ဒီလူတွေရဲ့ အသက်နဲ့ကိုင်ပြီး အကြပ်ကိုင်နေရတယ်ဆိုတဲ့အခါကျတော့ ဒီအသက်ရဲ့အခြေအနေကို ဒီအာဏာပိုင်တွေကို အမြဲသိနေစေချင်တယ်ဗျ။ အဲဒါနဲ့ သူတို့ကလည်း နေ့စဉ် မနက်ပိုင်းမှာ လာပြီးတော့ ကိုယ်အလေးချိန်တိုင်းတယ်။ သွေးတိုးနှုန်းတိုင်းတယ်။ အပူချိန်တိုင်းတယ်။ လာစစ်ဆေးတယ်။ ကျနော်တို့ဘက်ကလည်း သူတို့ရဲ့ ကျန်းမာရေး ကျဆင်းလာနေပြီဆိုတာပဲပြတယ်။ တိုက်ပွဲဝင်ရဲဘော်တွေဟာ ဘာဆိုဘာမှ မစားဘူးဆိုတာကို ပြတယ်။ တကယ်လို့ ဆေးစားမိတယ်၊ အစာတခုခု စားမိတယ်ဆိုရင် ကိုယ် အလေးချိန်က တန့်ခံနေတာ။ တခါတလေ ပြန်တောင်တက်လာသေးတယ်။ ဆားလေးလောက် စားလိုက်ရင်ကိုပဲ သိသာတယ်။

အဲလိုနဲ့ပဲ ထောင်အာဏာပိုင်တွေကလည်း နေ့တိုင်းလာကြည့်၊ ကျနော်တို့ကလည်း မနက်တခါ ညနေတခါ ထောင်ပူးဝသွားပြီးတော့ တနေ့ ၂ ခါ ကြွေးကြော် ဆန္ဒပြနေကြတယ်။ ကျွန်းပေါ်မှာ ဆန္ဒပြတယ်ဆိုတာက အစာငတ်ခံတိုက်ပွဲဝင်တယ်ဆိုရင် အဲဒီတိုက်ပွဲဝင်တဲ့လူတွေက တိုက်ပွဲဝင်တဲ့အဆောင်တွေထဲမှာ များသောအားဖြင့်တော့ လှဲနေကြတာပေါ့လေ။ လှဲလိုက် ထိုင်လိုက်ပေါ့။ အဲဒီတော့ တိုက်ပွဲအတွင်းမှာ မပါတဲ့လူတွေက အဲဒီလူတွေကို ပြုစုရတယ်။ နောက် ကင်းစောင့်ရတယ်။ လုံခြုံရေးကင်း အမြဲစောင့်ရတယ်။ အလှည့်နဲ့ ၂၄ နာရီ ကျနော်တို့ ကင်းစောင့်တာလည်း လုပ်ရတယ်။ ပြုစုတာလည်း လုပ်

ရတယ်။ ကျနော်တို့နဲ့အတူ အဖမ်းခံရတဲ့ အမှုတွဲလည်း အတူတူ၊ မန္တလေးထောင်က ပါလာတဲ့ မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်က ကိုအေးမြင့်။ သူကတော့ အပင်ပန်းဆုံးပေါ့ဗျာ။ လူနာတွေ ပြုစုရတယ်။ သူကတော့ အလှည့်မရှိဘူး။ သူ့တယောက်တည်းပဲ ၂၄ နာရီ စောင့်ပြီးတော့ အိပ်တော့လည်း အဲဒီ တိုက်ပွဲဝင်ရဲဘော်တွေအနားမှာပဲ အိပ်ပြီးတော့ သူက စောင့်နေရတာပဲ။

အဲဒီတော့ ဒီလိုကာလအတွင်းမှာ ထောင်အာဏာပိုင်တွေနဲ့ ကျနော်တို့က နေ့တိုင်းကို မျက်နှာချင်းဆိုင်တွေ့နေရတာ။ သူတို့လည်း ဝင်လာတယ်။ ကျနော်တို့ကလည်း သူတို့ဝင်လာရင် နောက်ကနေပြီးတော့ လိုက်သွားတာ။ သူတို့ကို လွှတ်မထားဘူး။ အဲဒီတော့ တယောက်နဲ့တယောက်က နေ့တိုင်းတွေ့နေကြတာ။ ဒါပေမယ့် ဘယ်သူ့ ဘယ်သူမှ စကားမပြောဘူး။ သူတို့ပြောချင်ရင် သူတို့အချင်းချင်း ပြောတယ်။ ကျနော်တို့လည်း ကျနော်တို့အချင်းချင်း ပြောတယ်။ သူတို့နဲ့တော့ ဘာမှမပြောဘူး။ ကျနော်တို့ကလည်း ဂုဏ်ရွှေအပျက်ခံပြီး ခင်ဗျားတို့အထက်က ဘာမှ အကြောင်းမပြန်သေးဘူးလား ဆိုတာမျိုး မမေးဘူး။ တခွန်းမှ မမေးဘူး။ အဲဒါ သူတို့ဘက်ကလည်း အလျှော့ပေးချင်တယ်၊ စေ့စပ်ချင်တယ်လို့ ထင်သွားစေမယ့် အပြောအဆို အမူအယာမျိုး ဘာမှမပြဘူး။ အဲလိုနဲ့ နေလာတာ တလတောင် ကျော်လာခဲ့ပြီ။

ဒါပေမယ့် တခုတော့ရှိတာပေါ့လေ။ ကျနော်တို့ကလည်း သူတို့အတွင်းရေးသတင်းတွေ ရအောင်မေးတာမျိုးဆို ကြိုးစားတယ်။ သူတို့လည်း ကြိုးစားမှာ သေချာပါတယ်။ ကျနော်တို့မှာလည်း ကျနော်တို့နည်းတွေ ရှိတယ်။ ဒါပေမယ့် ကျနော်တို့ရတဲ့သတင်းတွေကိုတော့ ကျနော်တို့က ထိပ်တန်းလျှို့ဝှက်ထားတယ်။ ကျနော်တို့ ထိပ်ဆုံးခေါင်းဆောင်တွေပဲ သိတယ်။ တိုက်ပွဲဝင်ရဲဘော်တွေလည်း မသိဘူး။ သူတို့အတွင်းရေးအတော်နက်နက်ရှိုင်းရှိုင်းကို ကျနော်တို့က သိနေရတယ်။

အဲလိုနဲ့ မိုးတွေကလည်း တဖွဲဖွဲ၊ မုန်တိုင်းကလည်းမစဲ၊ တသည်းသည်းနဲ့ တိုက်ပွဲဝင်လာလိုက်ကြတာ တလလည်းကျော်သွားရော ရာသီဥတုဆိုးရွားတဲ့ဒဏ်ကို စပြီးခံစားကြရတော့တာပဲ။ အဲဒါဘာလဲဆိုတော့ တိုက်ပွဲဝင်အဆောင်တွေရဲ့ အဝင်အထွက်မှာက တံခါးက ဖွင့်လိုက်ပိတ်လိုက် လုပ်ကြရတာကိုး။ အဲလို ဖွင့်လိုက် ပိတ်လိုက်လုပ်ရတော့ ခုနက မုန်တိုင်းတွေက ဝေါကနဲ ဝေါကနဲ လေက ဝင်ဝင်လာတယ်။ အဲဒီတော့ အဝင်အထွက် အပေါက်နားရှိတဲ့ ရဲဘော်တွေ မသက်သာဘူး။ ကျနော်တို့က အဲဒီအခြေအနေကို သတိရမိတော့ အဲဒီတံခါးပေါက်တွေမှာ ကျနော်တို့ ဂုန်နီအိတ်တွေနဲ့ ကာပြီးတော့ ကန့်လန့်ကာလို ကာတယ်။ ဒါပေမယ့် နောက်ကျသွားပြီ။

အဲဒီ ပထမ အဓိကအဆောင်၊ တံခါးပေါက်နားမှာအိပ်တဲ့ ရဲဘော်သိန်းကြည်ဟာ အအေးမိပြီးဖျားရော။ ဖျားတယ်ဆိုတော့ ကိုသိန်းကြည်ရဲ့ အခြေအနေဟာ ချက်ချင်းယိုင်ကျလာတာ။ နဂိုက လူက ခပ်ဝဝပဲ။ တိုက်ပွဲထဲမှာလည်း အင်မတန် တည်တည်

ငြိမ်ငြိမ် ထူထူခြွေရရနဲ့နေတာ။ ဒါပေမယ့် ဖျားတယ်ဆိုတာနဲ့ တခါတည်း ယိုင်ကျလာတာ။ နဂိုကမှ ဘာမှမစားပဲ တလကျော်နေလာတဲ့ ခန္ဓာကိုယ်ဟာ ဒီရောဂါကို ဘယ်လိုမှ ခုခံနိုင်စွမ်း မရှိတော့ဘူး။ အဲဒီတော့ ကျနော်တို့ နဂိုကတည်းကိုကလည်း အစာငတ်ခံ တိုက်ပွဲတိုက်တယ်ဆိုကတည်းက ဘာဆေးမှ မစားဘူး။ ဘာဆေးကုသမှုမျိုးမှ မခံဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကလည်း ရှိနေတော့ အတော်ကို သနားစရာကောင်းတဲ့ အခြေအနေပဲ။ သူကတော့ ထူခြွေမပျက်ဘူး။ တချက်မှ ထူခြွေမပျက်ဘူး။ ဒါပေမယ့် အပြင်က သူ့အခြေအနေကို စောင့်ကြည့်နေရတဲ့ ကျနော်တို့တတွေကတော့ ဟာ... အင်မတန်နာကျည်း၊ အင်မတန် ဝမ်းနည်း၊ သိပ်ကို ခံစားရခက်တဲ့ဟာမျိုးတမျိုးပဲ။ တကယ်က သူက စတာက သာမန်အအေးမိတာလေးပဲ။ ကိုယ်လည်း မပူသေးဘူး။ အဲလိုအချိန်မှာ သာမန်ဆေး လေး၊ APC လိုဟာမျိုးလေး ပေးလိုက်ရင်ကိုပဲ ပျောက်သွားမယ့်ဟာမျိုး။ ဒါပေမယ့် ကျနော်တို့က ဒီအတိုင်းပစ်ထားရတဲ့အခါကျတော့ နဂိုကတည်းကမှလည်း ကိုယ်ခံစာတ်က မရှိတဲ့အခါကျတော့ ချက်ချင်းလိုလိုပဲ ကိုယ်က ပူလာပြီးတော့ အခြေအနေဆိုးတော့တာပဲ။ သူ့အခြေအနေက တဖြည်းတဖြည်း ဆိုးလာလိုက်တာ သတိမရှိတော့ဘူး။ သူ့ဟာသူလည်း ရေမသောက်နိုင်တော့ဘူး။ ကျနော်တို့ သူ့ပါးစပ်ထဲကို ဂွမ်းစလေးနဲ့ ရေစက်လေးတွေ ချပေးနေရတာ။ အဲဒီတော့ သူ့အခြေအနေက မဟာန်တော့ဘူးဆိုတာ ရှင်းသွားတယ်။ အသက်ရှူလည်း တခါတခါ ဖောက်လာတယ်။ သူ့ရဲ့ ဒီအခြေအနေကို ကျနော်တို့ စခန်းတခုလုံးက သိနေကြ။ အားလုံးပဲ တိတ်ဆိတ်ငြိမ်နေကြတယ်။ မမျှော်လင့်ချင်တဲ့ သတင်းဆိုးတခုကို စောင့်နေတဲ့သဘောပဲ။

ဒီမှာ ပြောစရာတခုက ကိုကိုးကျွန်းတိုက်ပွဲတွေမှာ၊ စခန်းထဲမှာ တိုက်ပွဲတပွဲ တိုက်တယ်ဆိုလို့ရှိရင် အားလုံးက လိုက်နာကြတဲ့ အချက်တချက်ရှိတယ်။ အဲဒါ စည်းကမ်းလိုတောင် ဖြစ်နေတယ်။ အဲဒါဘာလဲဆိုတော့ ဘယ်အဖွဲ့အစည်းကပဲ ဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ရန်သူကို တိုက်ပွဲဝင်တယ်ဆိုရင် ကျန်တဲ့လူတွေက အဲဒီတိုက်ပွဲကို လေးစားအသိအမှတ်ပြုတဲ့အနေနဲ့ စခန်းအပြင်ကို မထွက်ကြဘူး။ ထင်းခွေ၊ ရေခပ် မလုပ်ကြဘူး။ အပြင်မှာသွားပြီး ရေချိုးတာလည်း မလုပ်ကြဘူး။ ကိုယ့်တောင်ယာတွေ ဘာတွေရှိလည်း တောင်ယာကို မသွားတော့ဘူး။ တောင်ယာက အသီးတွေ ဘယ်သူခူတ်စားစား၊ ကြက်တူရွေးတွေပဲ စားစား၊ ဒီတိုင်းပဲ ပစ်ထားလိုက်တာ။ ဒီစခန်းထဲမှာလည်း တူရိယာပစ္စည်း မတီးဘူး။ ဘော်လီဘော၊ ခြင်းလုံး စတဲ့ အားကစားလည်း ဘာမှမလုပ်ဘူး။ အဲဒီတော့ ကျနော်တို့ ရဲဘော်သိန်းကြည်ရဲ့အခြေအနေကို သိနေတော့ သူ့ရဲ့ အဆောင်ပတ်ဝန်းကျင်မှာပဲ ကျနော်တို့ စောင့်နေကြတာ။

သူကျဆုံးမယ့်နေ့မှာ မနက်အစောကြီးကတည်းက ကျနော်တို့ အဲဒီနား ပတ်ဝန်းကျင်မှာပဲ နားတစွင့်စွင့်နဲ့ စောင့်နေကြတာပဲ။ ကင်းစောင့်ဖို့ တာဝန်ကျတဲ့လူကတော့ သူကင်းစောင့်ရမယ့်နေရာမှာ သွားစောင့်တယ်။ ကျန်တဲ့လူတွေကတော့ ဒီအနီးအနားတဝိုက် တဝဲလည်လည်နဲ့ပဲ စောင့်နေကြတာ။

အဲလိုနဲ့ အဲဒီနေ့ခင်း ၂ နာရီကျော်လောက်မှာ တိုက်ပွဲဝင်ရက် ၃၈ ရက်ပေါ့လေ။ (ကျနော်ကလည်း အပြင်မှာ။) သူ့ကုတင်လောက်ဆီကနေပြီးမှ "သတိ"ဆိုတဲ့ **စစ်မိန့်ပေးသံကြီး** ကြားလာတာ။ သူ့ကုတင် ခြေရင်းဘက်ဆီက ဆိုတာသိတယ်။ ပြီးတော့မှ..."**စစ်အစိုးရရဲ့ ဖိနှိပ်ညှဉ်းပန်းမှုကို ရဲရင့်ဂုဏ်ပြောင်စွာ တိုက်ပွဲဝင်ရင်း ကျဆုံးသွားတဲ့ အာဇာနည်ရဲဘော်သိန်းကြည်ကို အလေး... ပြု**"ဆိုတဲ့ အမိန့်ပေးသံ ဆက်တိုက်ပေါ်လာတာ။ ကျနော်တို့လည်း ကိုယ်ရှိနေရာကနေ အလေးပြုလိုက်ကြတယ်။ အဲဒါပြီးတဲ့နောက် နဂိုကတည်းက စီစဉ်တိုင်ပင် ထားတဲ့အတိုင်း "**အင်တာနေရှင်နယ် သီချင်း... စ...ဆို**"ဆိုတဲ့ စစ်မိန့်ပေးသံတခု ပေါ်လာတယ်။ အဲလို အမိန့်ပေးသံလည်း ပေါ်ပြီးရော နိုင်ငံတကာသီချင်းကို ဖြည်းဖြည်းညင်းညင်း၊ လေးလေးနက်နက်၊ ညီညီညာညာနဲ့ ဝိုင်းဆိုကြတယ်။ အဆောင်အပြင်မှာရှိတဲ့ ကျနော်တို့လည်း လိုက်ဆိုကြတယ်။ တိုက်ပွဲဝင်တဲ့ ရဲဘော်တွေလည်းပဲ ကိုယ့်အိပ်ယာကနေကိုယ် အသံလေးမျှင်းမျှင်းနဲ့ လိုက်ပြီး ဆိုကြတာ။ မျက်ရည်တွေနဲ့ပေါ့ဗျာ။

အဲလိုဆိုပြီးတဲ့နောက်မှာ ကျနော်တို့အားလုံး ထောင်ဖူးဝကို သွားကြတယ်။ ထောင်ဖူးဝမှာ စုရုံးပြီးတော့ ထောင်အာဏာပိုင်တွေကို လှမ်းခေါ်တယ်။ ထောင်အာဏာပိုင်တွေ လာတဲ့အခါမှာ ကျနော်တို့က ရဲဘော်သိန်းကြည် ကျဆုံးသွားပြီဖြစ်တဲ့အကြောင်း သူတို့ကို ပြောပြတယ်။ ပြောပြပြီးတော့မှ သူတို့ဘက်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ "**ရဲဘော်သိန်းကြည်ကိုသတ်တာ (စစ်အစိုးရ)**၂၊ **ဖိနှိပ်ချုပ်ချယ်မှု (အလိုမရှိ)**၂၊ **ကိုယ်ထူကိုယ်ထစနစ် (ဖျက်သိမ်းပစ်)**၂"ဆိုပြီးတော့ နာနာကျည်းကျည်းနဲ့ အသံကုန် အော်ကြတာ။

ရဲဘော်တယောက် ကျတယ်ဆိုတော့ သူ့အလောင်းကိစ္စ ရှိလာတယ်။ ဒီအလောင်းကို ကျနော်တို့ ဘယ်လိုဖြေရှင်းမလဲ၊ ဘယ်လို လုပ်ကြမလဲဆိုတာပေါ့။ နောက်မှာလည်း ကျချင်ကျဆုံးဦးမယ်ဆိုတော့ ကျနော်တို့သေချာစဉ်းစားရပါတယ်။ အရင်တခါ ရဲနီ တင်ငြိမ်းအလောင်းကိစ္စတို့ ဖြစ်ခဲ့တာကိုလည်း ကျနော်တို့ သတိထားနေကြတယ်။ အဲဒီတော့ အဘက်ဘက်စဉ်းစားပြီးတဲ့အခါမှာ ကျနော်တို့ခေါင်းဆောင်တွေက သူ့အလောင်းကို တိုက်ပွဲပြီးမှ၊ တိုက်ပွဲအောင်မှ ဖြေရှင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

အဲဒါ ဘယ်လိုလုပ်ကြသလဲဆိုတာ ကျနော်တို့ ဒီတိုက်ပွဲခေါင်းဆောင်တွေနဲ့ မလှမ်းမကမ်း ကိုကိုးကျွန်းစခန်းရဲ့ အလယ်အုတ်ကြောင်းထဲမှာ အာဇာနည်ဗိမာန်တခု ဆောက်ကြတာ။ အဲဒီတော့ အာဇာနည်ဗိမာန်စခန်းအတွက် လိုအပ်တဲ့ ပျဉ်တွေ၊ သွပ်တွေကို ကျနော်တို့ဘေးမှာရှိတဲ့ အဆောင်ဝင်း(ဘယ်သူမှမရှိတဲ့ အဆောင်ဝင်း) အဲဒီက သွားပြီး ခွာဖြုတ်လာကြတာ။ ထောင်အာဏာပိုင်တွေလည်း ဘာမှမပြောရဲကြဘူး။ ကိုယ့်ဟာကိုယ် သွားပြီး ခွာဖြုတ်ယူလိုက်ကြတာ။ ပြီးတော့ကျမှ ခုနကပြောတဲ့ အဲဒီ အလယ်အုတ်ကြောင်းထဲမှာ ဇရပ်ဆန်ဆန် အာဇာနည်ဗိမာန်လေးတခု ကျနော်တို့ ဆောက်လိုက်ကြတယ်။ အဲဒီမှာ ကွန်မြူနစ်ပါတီရဲ့ တူတံစဉ်အလံ ရှိတယ်။ ကျသွားတဲ့ ရဲဘော်ရဲ့ ပုံတူရုပ်ပုံကား

(ကျနော်တို့ဆီမှာ ရဲဘော်မြအောင်ဆိုတဲ့ ပန်းချီဆွဲကောင်းတဲ့ ရဲဘော်တယောက်ရှိတယ်။ သူက တိုက်ပွဲဝင်ရဲဘော်တွေကို အကုန်လုံးလိုက်ပြီး ရုပ်ပုံတွေဆွဲထားတာ။) အဲဒီပုံ ရှိတယ်။ နောက်ပြီးကျတော့ အလယ်မှာ အလောင်းစင်မြင့်တခု ဆောက်ထားတယ်။ အဲဒီစင်မြင့်ပေါ်မှာ ခုနက ရဲဘော်သိန်းကြည်ရဲ့အလောင်းကို ကျနော်တို့ ထားတယ်။

သူ့အလောင်းကို ပထမဆုံး သွပ်နဲ့လုပ်ထားတဲ့ သွပ်ခေါင်းထဲမှာ ထည့်ထားတယ်။ ထည့်ပြီးတော့ ပြာတွေ ဖြည့်တယ်၊ ပိတ်။ တခါ အဲဒီသွပ်ခေါင်းကိုမှ ပျဉ်ခေါင်းထဲမှာ တခါပြန်ထည့်တယ်။ ပြီးတော့ အဲဒီ ခုနက အလောင်းစင်ပေါ်မှာတင်။ တင်ပြီးတော့ သူ့ရှေ့မှာ ဒီတိုက်ပွဲကာလအတွင်း သူပြောခဲ့တဲ့စကား၊ ဒါမှမဟုတ်ရင် သူရေးထားခဲ့တဲ့ နေ့စဉ်မှတ်တမ်းရှိရင် အဲဒီမှတ်တမ်းထဲကစာ အဲဒါတခုကို သူ့ဆောင်ပုဒ်အနေနဲ့ ကျန်တဲ့လူတွေ အားဖြစ်အောင်၊ အတုယူ လေ့လာရအောင် ပိုစတာတခုလို ရေးပြီးတော့ ထောင်ထားလိုက်တယ်။ ရဲဘော်သိန်းကြည်ရှေ့မှာ ထောင်ထားတဲ့ သူ့စကားကတော့ တိုက်ပွဲအတွင်းတုန်းက သူပြောခဲ့တဲ့...

**ဆံခြည်တမျှင်တောင်မှ နောက်မဆုတ်နဲ့။**
**ဆက်တိုက်။**

အဲဒါကို ကျောင်းသားစာလုံးလို့ ခေါ်လေ့ရှိတဲ့ လက်ရေးစောင်းနဲ့ ရေးထားတယ်။

အစာငတ်ခံတိုက်ပွဲမှာလည်း စစ်ရေးတိုက်ပွဲလိုပဲ။ ရဲဘော်တယောက် ကျသွားတယ်ဆိုလို့ရှိရင်၊ သွေးထွက်တယ်ဆိုလို့ရှိရင် အမျိုးမျိုး ဂယက်ရိုက်တာပဲ။ ကိုယ့်ဘက်မှာလည်း ရိုက်တယ်။ သူ့ဘက်မှာလည်း ရိုက်တယ်။ နောက် ကိုယ့်ဘက်မှာ စိတ်လိုက်မာန်ပါလုပ်လိုသူတွေ၊ ရမ်းလိုသူတွေ တချို့ပေါ်လာတယ်။ ဒါပေမယ့် ကျနော် အာမခံ ပြောရဲတာ တခုကတော့ ကျနော်တို့ထဲမှာ စိတ်ဓာတ်ကျ အလျှော့ပေးချင်တဲ့ စိတ်ကတော့ လုံးဝမပေါ်ဘူး။ တိုက်ပွဲတလျှောက်လုံး အဲဒါ ကျနော်တို့ ပြောနိုင်တယ်။

ကျနော်တို့က တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ပြီးချီတက်နိုင်တဲ့ အဓိက အကြောင်းရင်းတခုက ကျနော်တို့ကို ခေါင်းဆောင်တဲ့ လေထီးဗိုလ်အုန်းမောင်၊ ဆရာရာဂျန်ဆိုတဲ့ တပ်မှူးကောင်းကြီး ၂ ဦးရှိတာလည်း ပါတယ်။ သူတို့က အင်မတန် ခေါင်းအေးတယ်။ တည်ငြိမ်တယ်။ အတွေ့အကြုံရှိတယ်။ အဲဒီတော့ သူတို့ရဲ့ခေါင်းဆောင်မှုကို ကျနော်တို့အားလုံးပဲ အသိအမှတ်ပြုပြီးတော့ လိုက်နာခဲ့ကြတာ။ အခုလို အသက်နဲ့ရင်းပြီးတော့ တိုက်ပွဲဝင်တဲ့အချိန်မှာ နိုင်ငံရေးစကားတွေ မီးရှူးမီးပန်းဖောက်သလို ကြီးကြီးကျယ်ကျယ်တွေ ပြောနေဖို့လည်းမလိုဘူး။ တယောက်တယောက် လက်သီးလိုးထိုးနေဖို့လည်း မလိုဘူး။ 'ငါကွ ငါကွလို့'ဆိုပြီး လက်မ ထောင်နေဖို့လည်း မလိုဘူး။ ခုနကပြောတဲ့ ခေါင်းဆောင်မှုရဲ့နောက်မှာ တည်တည်ငြိမ်ငြိမ်နဲ့ အမိန့်နာခံတတ်ဖို့ အရေးကြီးဆုံးပဲလို့ ကျနော်တို့ ထင်တယ်။

ဒီလိုနဲ့ ရဲဘော်သိန်းကြည် ကျဆုံးပြီးတဲ့နောက်တနေ့ပဲ ကျနော်တို့ စခန်းထဲကို ကိုကိုးကျွန်းအာဏာပိုင်အဖွဲ့က ရောက်လာတယ်။ သူတို့က လက်ကိုင် အသံချဲ့စက်လေး တလုံး ကိုင်ပြီးတော့(ဘက်ထရီ အသံချဲ့စက်ကလေးနဲ့) ကျနော်တို့စခန်းထဲ ဝင်လာတယ်။ အဲဒီတုန်းက ကိုကိုးကျွန်းဟာ မဟာရန်ကုန်ရဲ့ အမှတ် ၁၃ မြို့နယ်ကိုး။ အဲဒီတော့ ဒီမြို့နယ် တာဝန်ခံ မယက ဥက္ကဋ္ဌဆိုတာက အဲဒီ ကိုကိုးကျွန်း ရေတပ်စခန်းက တာဝန်ခံ ဗိုလ်မှူး ဟန်သွဲ့(သူက နောက်တော့ မဆလပါတီ ဗဟိုကော်မတီတောင် ဖြစ်တယ်ထင်တယ်။) သူ က ခုနက သူယူလာတဲ့ အသံခပ်အက်အက်ထွက်တဲ့ စပီကာတလုံးနဲ့... "အထိန်းသိမ်းခံ အားလုံး ထောင်မှူးဝမှာ လာပြီးစုပေးကြပါ။ ကျနော်တို့မှာ ပြောစရာရှိပါတယ်" ဆိုပြီး ခေါ်တယ်။ အကြိမ်ကြိမ်အော်တယ်။ နောက် ထောင်ဝါဒါတွေကလည်း မြင်တဲ့လူကို လှမ်း ပြီးတော့ လက်ယပ်ခေါ်တယ်။ ဒါပေမယ့် သူတို့ ဘယ်လိုပဲခေါ်ခေါ် ကျနော်တို့ အဖွဲ့အစည်း ကရော၊ ကျန်တဲ့အဖွဲ့အစည်းကရော ဘယ်သူကမှ သူတို့ဟာကို မတုန့်ပြန်ဘူး။ ဘယ်သူမှ အဲဒီကို မသွားကြဘူး။

အကြောင်းကတော့ ရှင်းတယ်။ အဲဒီတုန်းက ဒီလို တိုက်ပွဲဝင်တဲ့အချိန်မျိုးမှာ အာဏာပိုင်ဟာ စကားပြောစရာရှိတယ်ဆိုရင် တိုက်ပွဲဝင်နေတဲ့ လူတွေ၊ ဒါမှမဟုတ် တိုက် ပွဲဝင်နေတဲ့လူတွေရဲ့ ခေါင်းဆောင်နဲ့ တိုက်ရိုက်ပြောရမှာ။ ဒါကို သူတို့လည်း သိတယ်။ သူတို့ တမင် အဲဒါကိုရှောင်ပြီးတော့ တိုက်ပွဲကို အသိအမှတ်မပြုသလိုလို၊ မထီမဲ့မြင်ထား သလိုလို အဲလိုနည်းနဲ့ တုန့်ပြန်တဲ့အခါကျတော့ ကျနော်တို့ဘက်ကလည်း ဘယ်သူကမှ လက်မခံဘူး။ ကျန်တဲ့အဖွဲ့အစည်းတွေကလည်း ကျနော်တို့ တိုက်ပွဲဝင်နေတဲ့ရဲဘော်တွေ၊ တိုက်ပွဲဝင်နေတဲ့အဖွဲ့အစည်း၊ တိုက်ပွဲဝင်တဲ့ ခေါင်းဆောင်မှုကို လေးစားအသိအမှတ်ပြုတဲ့ အနေနဲ့ ထောင်အာဏာပိုင်တွေကို သွားမတွေ့ဘူး။

ဒီလိုနဲ့ပဲ သူတို့ အော်လို့ညောင်းသွားတော့၊ အချိန်အတော်လေးကြာတော့ သူတို့ဟာသူတို့ ထောင်တံခါးတွန်းပြီး ဝင်လာကြတာ။ ခုန ဗိုလ်မှူးဟန်သွဲ့၊ ထောင်မှူးကြီး၊ နောက်ပြီးတော့ သေနတ်ကိုင်ထားတဲ့ ရေတပ်သား ၂ ယောက် ၃ ယောက်၊ ဝါဒါလည်း အနည်းငယ်ပါတယ်။ တဆောင်ဝင် တဆောင်ထွက် လိုက်ပြောကြတယ်။ တကယ့်ကို ကြောင်စီစီကြီးပဲ။ ဒါပေမယ့် သူတို့ကတော့ အင်မတန်ကို ရင်းရင်းနှီးနှီး ဆွေမျိုးသားချင်း များတောင် ခေါ်ချင်သလိုပဲ။ သူတို့ပြောတဲ့ပုံက သေချာကို အရောဝင်၊ အတင်းကို အရော ဝင်ပြီး လိုက်ပြောနေတာ။ ကျနော်တို့ ထဲမှာရှိတဲ့ မကြာခင်ကမှ ကွယ်လွန်သွားတဲ့ သခင် ခင်အောင် (ကျနော်တို့က အန်ကယ်ကြီးလို့ခေါ်တယ်။ ကျနော်တို့ထဲမှာ အသက် အင် မတန်ကြီးတယ်။ နိုင်ငံရေးအစဉ်လာလည်းကြီးတဲ့ ပုဂ္ဂိုလ်ကြီး။) အဲဒီ သခင်ခင်အောင်နဲ့ ဗိုလ်မှူးဟန်သွဲ့က အင်မတန်ကို ရင်းတယ် အရင်တုန်းက။ အဲဒါသူက သခင်ခင်အောင်ကို သွားပြီးတော့ ရောတယ်။ သခင်ခင်အောင်ကတော့ ဝတ်ကျေတမ်းကျေ အပြုံးလေး လောက်နဲ့ပဲ တုန့်ပြန်တာ။

အဲဒါ သူကပြောတာက ဗိုလ်မှူးဟန်သွဲ့ပြောတာက တိုက်ပွဲတိုက်ဖို့ မလိုတော့ဘူး။ မကြာခင်မှာ ဒီကိုကိုးကျွန်းအကျဉ်းစခန်း ဖျက်သိမ်းတော့မယ်။ တခုပဲ မဖျက်သိမ်းခင်ကာလအတွင်းမှာတော့ ခင်ဗျားတို့ ကိုယ်ထူကိုယ်ထ ဆက်လုပ်ပေးကြပါ။ သူက တဆောင်ဝင်တဆောင်ထွက် လော်စပီကာနဲ့ အဆောင်ထိပ်ကနေ ပြော၊ အဆောင်အလယ်ခေါင်ကနေပြော။ အဲဒီလိုပြောတဲ့ဟာကို ဘယ်အထိန်းသိမ်းခံအကျဉ်းသားကမှ ဟက်ဟက်ပက်ပက် မတုန့်ပြန်ဘူး။ စိတ်ဝင်စားဟန်လည်း မပြဘူး။ မသိကျိုးကျွန်ပဲ နေကြတယ်။

ဒီလိုနဲ့သူတို့ တဆောင်ပြီးတဆောင် ဝင်တာ။ ကျနော်တို့ရဲဘော်တွေ နေတဲ့ အဆောင်ကို ရောက်တော့ ကျနော်တို့ရဲဘော်တွေက **“ကျနော်တို့ခေါင်းဆောင်တွေ ရှိတယ်။ ဒီတိုက်ပွဲကို ခေါင်းဆောင်နေကြတာ သူတို့ပဲ။ ခင်ဗျားတို့ သူတို့နဲ့ပြော။** ကျုပ်တို့ကို လာမပြောနဲ့”လို့ ပြောလွှတ်လိုက်တယ်။ ဒီလိုနဲ့ တဖြည်းတဖြည်း သူတို့ ဝင်ရင်းဝင်ရင်းနဲ့ ကျနော်တို့ခေါင်းဆောင်တွေဖြစ်တဲ့ ဗိုလ်အုန်းမောင်၊ ဆရာရာဂျန်တို့နဲ့ တွေ့ကြရတော့တယ်။ အမှန်ကတော့ သူတို့လည်း ဒီခေါင်းဆောင်တွေနဲ့ တွေ့ဖို့လာတာပါ။ ဒါပေမယ့် ဟန်ကိုယ့်ဖို့ လုပ်ကြရတာ။ ကျနော်တို့ခေါင်းဆောင်တွေက ထိုင်စောင့်နေတာ သူတို့လာမယ်ဆိုတာ သိလို့။ အဲဒါ ရောက်လာတာပဲ။

ရောက်တော့မှ သူတို့က သူတို့ပြောစရာရှိတဲ့ဟာကို ပြောတယ်။ ခုနကပြောတဲ့အတိုင်း ကျွန်းစခန်းကို ဖျက်သိမ်းပေးမယ်။ ဒါပေမယ့် ယာယီအားဖြင့်တော့ ကိုယ်ထူကိုယ်ထ ဆက်လုပ်ပေးပါလို့ပြောတယ်။ သူတို့ပြောတဲ့ အဓိပ္ပါယ်က ဒီတိုက်ပွဲကို အသိအမှတ် မပြုဘူးဆိုတဲ့ဟာပဲ။ ဒါပေမယ့် လိုက်တော့ လိုက်လျောတယ်။ နိုင်ငံရေးနာမည်မပျက်အောင်၊ ဂုဏ်သိက္ခာထိန်းချင်တဲ့သဘောပဲ။ အဲဒီတော့ ကျနော်တို့ဘက်က ဒါကို လက်မခံဘူး။ ကျနော်တို့ရဲ့ အဓိက တိုက်ပွဲတောင်းဆိုချက်ဖြစ်တဲ့ **“ကိုယ်ထူကိုယ်ထ အရင်ဖျက်သိမ်း”** ဒါပဲ ကျနော်တို့ ပြောလိုက်တယ်။

အဲဒီတော့ ဗိုလ်မှူးဟန်သွဲ့ဆိုတဲ့လူကလည်း အထက်ညွှန်ကြားချက်ကို လိုက်လုပ်နေရတဲ့လူ။ သူ့မှာ ဘာမှအပေးအယူလုပ်ဖို့၊ ညှိနှိုင်းဖို့ ဘာအာဏာမှရှိတာ မဟုတ်ဘူး။ သူလည်း ဘာမှမတတ်နိုင်ဘူး။ ဒါနဲ့ပဲ နှစ်ဘက်ဘာသဘောတူညီချက်မှမရပဲ သူတို့ တပ်ခေါက်ပြန်သွားတယ်။

အဲဒါ ကျနော်တို့ ပြောနိုင်တာတခုက ရဲဘော်တယောက် ကျဆုံးပြီးပြီဆိုရင် အာဏာပိုင်တွေဘက်မှာလည်း ဂယက်ရိုက်မှု ရှိတာပဲ။ သူတို့အထဲမှာလည်းပဲ အမျိုးမျိုးစဉ်းစားတွေးခေါ်လာတာပဲလို့ ပြောလို့ရတယ်။ ဒါပေမယ့် တဘက်က ကြည့်ရင်တော့ အဲဒီအချိန်မှာ ကျနော်တို့ တိုက်ပွဲဝင်ရဲဘော်တွေရဲ့ ကျန်းမာရေးဟာလည်း ပိုပိုပြီး ချိလာနေပြီ။ ဒုတိယကျဆုံးသွားတဲ့ ရဲဘော်ကတော့ ရဲဘော်အုန်းမော်လို့ ခေါ်တယ်။ သူကျဆုံးတဲ့အချိန်မှာ သူ့အသက် ၂၄/၂၅ လောက်ပဲ ရှိဦးမယ်။ သူက အစိုးရရဲ့ မရိန်းတပ်လို့ခေါ်တဲ့ ကမ်းတက်တပ်က ရဲဘော်ဖြစ်တယ်။ နဂိုကတည်းက ဆက်သွယ်ရေးလုပ်ငန်းလုပ်တယ်။

သူနဲ့ အမှုတွဲတတွဲတည်း အဖမ်းခံရတဲ့ ရဲဘော်အောင်ထီးဆိုတာ ရှိသေးတယ်။ ရဲဘော်အောင်ထီးကတော့ သူနဲ့မတူဘူး။ သူက ထွားထွားကြီး။ ရဲဘော်အောင်ထီးက ခပ်ပုပု။ ဒါပေမယ့် ၂ ယောက်စလုံး တောင့်တယ်။ အဲဒီ ရဲဘော်အောင်ထီးလည်း ကိုကိုးကျွန်းကို ပါလာတယ်။ ကိုကိုးကျွန်းပြန်လာပြီးနောက် ရဲဘော်အောင်ထီးက ထောင်က လွတ်တယ်ဆိုတာနဲ့ ရခိုင်ပြည်နယ်ဘက် သွားပြီးတော့ လက်နက်ကိုင်တော်လှန်ရေးထဲ ဝင်ပါတယ်။ လက်နက်ကိုင်တော်လှန်ရေးလုပ်ရင်း ကျဆုံးသွားတယ်။

အဲဒါ သူတို့နှစ်ယောက်ကို သူတို့တပ်ထဲမှာ ဗကပ ယူဂျီအဖြစ် ဖမ်းမိတယ်ဆိုတော့ အိုး... သူတို့စစ်တပ်ဟာ အင်မတန်မှ အံ့ဩတုန်လှုပ်ပြီး အကြီးအကျယ် ဒေါသထွက်တယ်။ ဒါကြောင့် သူတို့နှစ်ယောက်ကို နှိပ်စက်လိုက်၊ ရိုက်လိုက်တယ်ဆိုတာ ပြောစရာကို မရှိဘူး။ သူ့ခန္ဓာကိုယ်ကြီးကလည်း ကြီးတဲ့အခါကျတော့ ထောင်တလျှောက်လုံးမှာ အာဏာပိုင်တွေက သူ့ကိုပဲ အမျိုးမျိုးနှိပ်စက်၊ ရိုက်နှက်နေကြတာ။ လက်တည့်စမ်းနေတယ်လို့တောင် ပြောလို့ရသေးတယ်။ အဲဒါ သူကလည်း အစိုးရအပေါ်မှာ (ရန်သူအပေါ်မှာ) အင်မတန် နာကျည်းတယ်။ အင်မတန် ပြတ်သားတယ်။ ကိုကိုးကျွန်းမှာပေါ့ သူ တခါအဖမ်းခံရတာ ဖြစ်ပြီးပြီပဲ။ ဒါကြောင့်မို့ သူ့ခေါင်းထဲမှာ တိုက်ပွဲ စဝင်ကတည်းက တိုက်ပွဲမှာ ကျစရာရှိရင်၊ အသေခံစရာရှိရင် ငါအရင်သေမယ်၊ ငါအရင် အကျခံမယ်လို့ ဆုံးဖြတ်ကြတာ။ ဒါ ကျနော်က ပါးစပ်နဲ့ အလွတ်ပြောတာမဟုတ်ဘူး။ သူ ကျဆုံးသွားတဲ့အခါ (တိုက်ပွဲဝင်ရဲဘော်အတော်များများဟာ လူတိုင်းတော့မဟုတ်ဘူး။ အတော်များများဟာ နေ့စဉ်မှတ်တမ်းလေးတွေ ရေးကြတယ်။ သူလည်း ရေးထားတယ်။) အဲဒီ သူရေးထားတဲ့ မှတ်တမ်းထဲကနေပြီး ကျနော်တို့တွေ့တာ။

အဲဒီတော့ သူဟာ အခုလို သူ့အရင် ရဲဘော်သိန်းကြည် ကျဆုံးသွားတယ်ဆိုတော့ အတော့်ကို ခံစားရတယ်။ ဘယ်သူ့ကိုမှ အသိမပေးဘူး။ ဘယ်သူ့ကိုမှမပြောဘဲ သူ့တယောက်တည်း တိတ်တိတ်ကလေး ရေဖြတ်လိုက်တယ်။ ရေပါ မသောက်ဘဲနေလိုက်တာ။ 'ရေအာသက် တမနက်'လို့တောင် ကျနော်တို့ ပြော ကြသေးတာပဲ။ သူ့ရဲ့ ၅ ပေ ၁၀ လက်မလောက် အရပ်ကြီး၊ နောက် အလေးမထားတဲ့ အားကစားသမားဆိုတော့ ရင်အုပ်က အင်မတန် ကားနေတယ်။ ဝလည်း ဝသေးတယ်။ လက်မောင်းကြီးတွေမှ နည်းတဲ့ လက်မောင်းကြီးတွေ မဟုတ်ဘူး။ ရောမခန္ဓာကိုယ်ကြီး။ အဲဒီခန္ဓာကိုယ်ကြီးက တခါတည်း ပုံကျသွားတာ။ ကျနော်တို့ရဲ့ အတွေ့အကြုံအရဆိုရင် ဒီလိုခန္ဓာကိုယ်ကြီးမျိုး၊ ဒီလို ကျန်းမာရေးမျိုးဟာ အစာငတ်ခံတိုက်ပွဲမှာ အများကြီးခံနိုင်တယ်။ ကျနော် မှချပြောနိုင်တယ်။ သူသာ ဒီရေကို မဖြတ်ဘူးဆိုရင် ၅၃ ရက်တိုက်ပွဲမှာ ကျမှာမဟုတ်ဘူး။

အဲဒီတော့ သူ့ ကိုယ်အလေးချိန်ရော၊ သူ့ခန္ဓာကိုယ်အခြေအနေရော ဒလဟော ကျဆင်းလာတာ။ အဲဒီတော့ သူ ဒီလိုယိုယွင်းလာတာကို သူ့ကိုပြုစုနေတဲ့ရဲဘော်တွေက သတိထားမိတယ်။ ရိပ်မိသွားတယ်။ ဒါနဲ့ ကျနော်တို့ ခေါင်းဆောင်တွေဆီကို သတင်းပို့တယ်။ ခေါင်းဆောင်တွေကလည်း သူ့ကို "ဟာ... ခင်ဗျား ရေတော့ ပုံမှန်သောက်ရမှာ

ပေါ့"လို့ သဘောထားပေးတယ်။ အဲဒီတော့ အထက်ခေါင်းဆောင်တွေရဲ့ အမိန့်ဆိုတော့ သူလည်း ဘာမှမတတ်နိုင်ဘူး။ လိုက်နာပြီး "ရေပြန်သောက်ပါ့မယ်"လို့ ပြောပြီး ပြန်သောက်တယ်။

ဒါပေမယ့် နောက်ကျသွားပြီ။ သူရေသောက်ပေမယ့် မရတော့ဘူး။ သူ့ကျန်းမာရေးဟာ ဒီလိုနဲ့ တိုက်ပွဲဝင် ၄၆ ရက်မှာပဲ ကျဆုံးသွားတယ်။ သူ့ဆန္ဒတော့ ပြည့်သွားတာပေါ့ဗျာ။ ဒါပေမယ့် ကျနော်တို့အဖို့တော့ ဝမ်းနည်းမျက်ရည်လက်နဲ့ပဲ သူ့ကို အလောင်းစင်ပေါ်၊ ခုနက ရဲဘော်သိန်းကြည် အလောင်းတောမှာ ဖွင့်လိုက်ရတယ်။ အဲဒီတော့ အဲဒီအာဇာနည်ဗိမာန်ထဲက သူ့ခေါင်းရှေ့မှာ ထောင်ထားတဲ့ ပိုစတာမှာတော့ သူ့နေ့စဉ်မှတ်တမ်းထဲက စာကြောင်းတကြောင်းကို ကျနော်တို့က ကူးပြီးရေးထားလိုက်တယ်။ အဲဒီစာကြောင်းက...

**လယ်သမားတော ထယ်ထိုးတဲ့အခါ**
**အငုတ်အမြစ်ပါ မကျန်အောင် ထိုးရသလို**
**ရန်သူကို တိုက်ရာမှာလည်း၊**
**အငုတ်အမြစ်မကျန်အောင် တိုက်ရမယ်။**

ဒါ သူ့ရဲ့ဆောင်ပုဒ်ပဲ။ ရဲဘော်အုန်းမော်ဟာ လယ်သမားသားသမီးကိုးဗျ။

တတိယကျဆုံးတဲ့ ရဲဘော်ချစ်ဆွေ ကျဆုံးတဲ့အချိန်မှာ ကျနော်တို့က ထောင်ဗူးဝနားမှာ ကင်းစောင့်နေတာ၊ ကင်းကျနေတာ။ နေ့ခင်းကြီးပဲ။ အဲဒီအချိန်တုန်းက တိုက်ပွဲဝင်အဆောင် ၂ ထဲမှာ ရဲဘော်ထွန်းမြင့်နဲ့ ရဲဘော်စိန်ချင်းတို့ဟာ မျောနေကြပြီ။ အခြေအနေမကောင်းဘူး။ သိပ်မခံတော့ဘူးလို့ အားလုံးက တွက်ထားကြပြီ။ ကျနော်လည်း သိနေတာ။ အဲဒီလိုနဲ့ ကျနော် ကင်းစောင့်နေတုန်းမှာပဲ 'အင်တာနေရှင်နယ်'သီချင်း သံပြိုင်ဆိုလိုက်တဲ့အသံကို ကြားရတာ။ ကျနော်လည်း ရဲဘော်တယောက်တော့ ကျပြန်ပြီဆိုပြီးတော့ ကင်းစောင့်နေရာကနေ မတ်တတ်ရပ်၊ တိုက်ပွဲဆောင်ရှိရာဘက် မျက်နှာမူ သတိဆွဲ ရပ်နေလိုက်တယ်။ သီချင်းသံပြီးဆုံးသွားတော့ ကျနော့်ခေါင်းထဲမှာ ခုနက ရဲဘော်ထွန်းမြင့်နဲ့ ရဲဘော်စိန်ချင်းတို့အထဲက ဘယ်သူအရင်ကျပါလိမ့်လို့ ကျနော်တို့ ထင်နေ၊ တွေးနေတာ။

ပြီးတဲ့အခါမှာ ကျနော် စုံစမ်းကြည့်လိုက်တဲ့အခါကျတော့ "ဟာ... မဟုတ်ဘူး။ ကျသွားတာ ရဲဘော်ချစ်ဆွေ"လို့ ပြောပြန်ရော။ ဟာ... ကျနော် ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင်ကို အံ့ဩသွားတယ်။

ရဲဘော်ချစ်ဆွေဆိုတာ ပြည်မြို့က ဗကသကျောင်းသား။ ကျဆုံးချိန်က သူ့အသက်က ၂၄/၂၅ လောက်ရှိမယ်။ ကျနော်ထက် ကြီးလှ ၃/၄ နှစ်ပဲ ဖြစ်မယ်။ မကွာဘူး။ ကျန်းမာရေး အင်မတန်ကောင်းတာ။ အကြမ်းပတမ်းလည်း အင်မတန်မှကိုခံနိုင်တာ။ လူက ထွားလည်းထွားတယ်။ မဲမဲကြီး။ လူချစ်လူခင် အင်မတန်များ၊ လုပ်ရည်ကိုင်ရည်

လည်း ရှိတယ်။ သူက တိုက်ပွဲဝင် ဒုတိယအသုတ်က။ သူကျဆုံးတဲ့အချိန်မှာ ကျနော်တို့ တိုက်ပွဲတိုက်တာ ၄၈ ရက် ရှိသွားပြီ။ သူတာဦးချင်း တိုက်တာတော့ ၄၁ ရက်ပေါ့။ ရဲဘော်အုန်းမော်ကျပြီးနောက် တရက်ခြားပဲ။ ဒီတိုက်ပွဲမှာ ကျတဲ့ ပထမဆုံးကျောင်းသားပေါ့။ သူ့ရဲ့ဆောင်ပုဒ်အနေနဲ့ သူ့မှတ်တမ်းတွေထဲက ကျနော်တို့ ရွေးထုတ်လိုက်တယ်။ ရွေးထုတ်ပြီး သူ့ရဲ့ခေါင်းရှေ့မှာပဲ ရေးပြီးထားလိုက်တယ်။ အဲဒါကတော့...

**နိုင်မာတဲ့သန္နိဋ္ဌာန်သာရှိရင်**
**မိုးအောက်မြေပြင်မှာ**
**မလုပ်နိုင်တာမရှိဘူး။**

သူကျပြီး နောက်တနေ့မှာပဲ စောစောကတည်းက အခြေအနေ ဆိုးနေပြီဖြစ်တဲ့ ရဲဘော်ထွန်းမြင့် ကျဆုံးသွားတယ်။ ရဲဘော်ထွန်းမြင့်က ရန်ကုန်က အစိုးရဝန်ထမ်း၊ ကလေး ၂ ယောက်ဖခင်။ အင်မတန်မှ စကားနည်းပြီး အင်မတန် သိမ်မွေ့တဲ့လူ။ သူ့ခန္ဓာကိုယ်က သေးသေးလေး။ ဒါပေမယ့် သူ့မျက်နှာပေါ်မှာက အင်မတန်ချစ်ခင်စရာကောင်းတဲ့ အပြုံးလေး အမြဲတမ်းရှိတယ်။ ကျနော်တို့ထက် အသက်ကြီးပါတယ်။ အသက်ကြီးသလို ပိုလည်းရင့်ကျက်၊ ပိုလည်းတည်ငြိမ်တယ်လို့ ကျနော့်ခေါင်းထဲမှာ စွဲနေတယ်။ သူ့အခြေအနေ မကောင်းတော့ဘူး။ ခြေတွေလက်တွေ အေးလာပြီဆိုတော့ ဘေးကရဲဘော်တွေက ဝိုင်းပြီး ခြေဆုပ်လက်နယ် ပြုကြတယ်။ သူ့လက်ကလေးတွေ ဖျစ်ညှစ်ပေး၊ သူ့ခြေသလုံးလေးတွေ ဖျစ်ညှစ်ပေး။ အဲလို ဝိုင်းလုပ်ကြတယ်ပေါ့။

အဲဒီမှာ ကျနော်တို့ခေါင်းဆောင် ဆရာရာဂျန်လည်း ပါတယ်။ သူက ဆရာရာဂျန်ကို သိပ်အားနာတာကို လူကြီးဖြစ်နေတော့၊ အားနာတော့ လေသံသဲ့သဲ့လေးနဲ့ သူက **"ဆရာရယ်... ကျနော့်ခြေတွေလက်တွေ အေးနေပေမယ့် ကျနော့်ရဲ့နှလုံးသားဟာ မော်စီတုန်းအတွေးအခေါ်နဲ့ နွေးထွေးနေပါတယ်။"** လို့ပြောပါတယ်။ ဆရာ့ကို ဒီလိုပြုစုတဲ့အလုပ်မျိုးမလုပ်ဖို့ သူက တောင်းပန်တာပါ။ သူကျတဲ့အချိန်မှာ မိုးတွေလေတွေ အင်မတန် သဲသဲမဲမဲရွာနေ၊ ထန်နေတယ်။ ကျနော်တို့က အဲဒီ မိုးတွေလေတွေကြားထဲမှာပဲ 'အင်တာနေရှင်နယ်' သီချင်းကိုဆိုပြီး တောင်ဖူးဝကို သွားကြတယ်။ ကြွေးကြော်သံတွေ တိုင်ကြတယ်။ ကျနော်တို့ အဲလို သွားပြီးတော့ ကြွေးကြော်သံတိုင်၊ တောင်အာဏာပိုင်တွေကို လက်ညှိုးငေါက်ငေါက်ထိုးခဲ့တာ ၄ ကြိမ်ရှိသွားပြီ။ အဲလို ၄ ကြိမ်မြောက် ကြွေးကြော်သံတွေတိုင်ပြီး ပြန်အလှည့်၊ နောက်ကို ပြန်အလှည့်ဆိုရင်ပဲ တိုက်ပွဲဆောင်ဆီက 'အင်တာနေရှင်နယ်' သီချင်းသံ ထပ်ထွက်လာတယ်။

အသံဟာ မကျယ်တော့ဘူး။ ဘာလို့ဆိုတော့ လူတော်တော်များများဟာ ဒီဖူးဝကိုရောက်နေကြတာ။ ပြုစုတဲ့ ရဲဘော်လောက်ပဲ ရှိတော့တယ်။ နောက်ပြီးကျတော့ အခြေအနေမကောင်းတာကို စောင့်ကြည့်နေတဲ့ ဆေးတာဝန်ခံ ရဲဘော်အေးမြင့်တို့တတွေပဲ ရှိတော့တယ်။ အဲ... သူတို့ဆိုလိုက်တဲ့အသံ၊ ရဲဘော်စိန်ချင်းလည်း ကျသွားပြီဆိုတဲ့

အဓိပ္ပါယ်။ သူတို့နှစ်ယောက်ဟာ တိုက်ပွဲဆောင်ထဲမှာလည်း အိပ်ယာချင်းကပ်လျက် အိပ်ကြတဲ့လူ။ သူတို့အခြေအနေ ဆိုးနေပြီဆိုတော့ နှစ်ယောက်ယှဉ်လျက် မိန်းမောနေတာ။ နောက် သူတို့နှစ်ယောက် ကျဆုံးသွားတာ ရှေ့ဆင့်နောက်ဆင့်၊ နာရီဝက်လောက်ပဲ ခြားတယ်။ သူတို့ ကျဆုံးတဲ့အချိန်မှာ သူတို့တိုက်ပွဲဝင်တဲ့ရက်ဟာ ၄၃ ရက် ရှိသွားပြီ။ တရက်တည်း နှစ်ဦးဆက်တိုက် ကျဆုံးတာပဲ။

ဒီမှာပြောစရာရှိတာက သူတို့မကျဆုံးခင် **တရက်လောက်မှာပဲ** ဒုတိယအသုတ်ထဲ တိုက်ပွဲဝင်သူတွေထဲက တယောက် လက်မြှောက်**အရှုံးပေးသွားတာ** ပေါ်ခဲ့တယ်။ သူက မနက်တိုင်း ထောင်အာဏာပိုင်တွေ လာပြီးတော့ **ဆေးစစ်တဲ့အခါမှာ** သူက တိုက်ပွဲဆက်မတိုက်တော့ဘူး။ သူအရှုံးပေးပါပြီလို့ သူဖာသာ ကြေညာလိုက်**တယ်။ ကျနော်တို့**လည်း ဘာမှမလုပ်ပါဘူး။ ထောင်အာဏာပိုင်တွေက သူ့ကို လက်ခံလိုက်**တယ်။ လက်ခံ**လိုက်ပြီး အပြင်ကို ခေါ်ထုတ်သွားတယ်။ ဒီထဲမှာ ဆက်ထားရင် မဖြစ်ဘူးဆိုတာ **သူတို့**လည်း သိတယ်။ သူ့ကို ကပ်နဲ့ ထမ်းပြီးထုတ်သွားတာ။ စောင်အုပ်ပြီးခေါ်သွား**တယ်။ သူ**ကလည်း ရှက်တော့ သူ့မျက်နှာကို သူ့ဟာသူ စောင်နဲ့ဆွဲအုပ်ထားတယ်။

ဒီလို တိုက်ပွဲအပြင်းအထန် သည်းသန်နေတဲ့အချိန်မှာ သူက လက်နက်ချသွားတယ်ဆိုတော့ ထောင်အာဏာပိုင်တွေဘက်က အတော်ကို အားတက်သွားတာ။ ကျန်တဲ့လူတွေကလည်း ကျန်းမာရေး သိပ်ကျဆင်းနေတဲ့အချိန်မှာ ဒီလိုဖြစ်တော့ အမှန်ပဲ အားလုံးဒေါ်ပွကြတယ်။ ဒါကို တိုက်ပွဲဝင်ရဲဘော်တွေကိုလည်း ကျနော်တို့ အသိပေးတယ်။

သူတို့လည်း သူတို့ဘေးတင်ဖြစ်နေတော့ သိတာပဲ။ တခြားအဆောင် တိုက်ပွဲဝင်ရဲဘော်တွေကိုလည်း အသိပေးတယ်။ အခု နောက်ဆုံးကျသွားတဲ့ ရဲဘော်စိန်ချင်းက...

**ကျနော်ကတော့**
**အလုပ်သမားလူတန်းစားရဲ့ ဂုဏ်သိက္ခာကို**
**ဘယ်တော့မှ**
**ညှိုးနွမ်းအောင် မလုပ်ဘူး။**

လို့ တင်းတင်းမာမာနဲ့ ပြတ်ပြတ်သားသား သူပြောခဲ့တယ်။ တကယ်ပဲသူက သူ့ဆောင်ပုဒ်ကို သူတကယ်ထိန်းသိမ်းသွားတာ။ သူ့ခေါင်းရဲ့ရှေ့မှာ သူ့ဆောင်ပုဒ် ရေးတဲ့အခါကျတော့ ဒီစကားကိုပဲ ကျနော်တို့ ရေးထားခဲ့တယ်။ အလုပ်သမားလူတန်းစားရဲ့ ဂုဏ်သိက္ခာကို ဘယ်တော့မှ ညှိုးနွမ်းအောင်မလုပ်ဘူးဆိုတဲ့ သူ့စကား။

ရဲဘော်စိန်ချင်းက ပခုက္ကူဘက်က၊ အိမ်ထောင်သည်၊ အသက်ဟာ ၄၀ လောက်ရှိနေပြီ ၄၀ တဝိုက်ပဲ။ သားသမီးတွေနဲ့။ သူ့ဘဝတလျှောက်လုံး အင်မတန် ကြမ်းတမ်းတဲ့ ခရီးရှည်ကြီး ဖြတ်သန်းခဲ့ရတာ။ ကျဘမ်းအလုပ်သမား၊ အလုပ်ကြမ်းအလုပ်သမား၊ အကုန်လုပ်ဖူးရှာတယ်။ သူ့မျက်နှာ၊ သူ့ခြေလက် အားလုံးဟာ အလုပ်ကြမ်းဒဏ်

တွေကို အစတိုင်းသား မြင်နေရတဲ့လူမျိုး။ အဲ… ထူးခြားတာတခုကတော့ တယောထိုး အင်မတန် ညက်တယ်။

သွားကြတယ်။ အဲဒီမတိုင်ခင်က ၆၂ အာဏာသိမ်းတော့ ဖမ်းထားတဲ့ ကျောင်းသားတွေက ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတဲ့ သူတို့ရုပ်ပြတာတခု လုပ်တော့မယ်ဆိုတော့ လွှတ်ပေးရတယ်။ အဲဒီကျောင်းသားတွေ ထောင်က လွှတ်လာပြီ။ ထောင်ထဲမှာ ကျောင်းသား(ကျနော်တို့ရောက်တဲ့အထိ) လုံးဝမရှိဘူးလို့ ဆိုရမလောက်။ လူငယ်တပ်ဦးကလူတွေ ရှိတယ်။ အဲဒီထဲမှာ ကျောင်းသားတွေလည်း ပါတယ်။ ဆိုတော့... ကျနော်တို့ ရောက်သွားတဲ့အခါကျတော့ ဒါ... ပထမဆုံး ဗကသအလံကိုင်ပြီး ဝင်လာတဲ့လူလို့ ပြောလို့ရတယ်။ အဲဒီနောက်မှာ တဖွဲဖွဲ ဝင်လာလိုက်ကြတာ နောက်ဆုံး ကျနော်တို့ ကိုကိုးကျွန်းပို့ခံရတဲ့ အချိန်ကျတော့ တိုက်တွေထဲမှာ ကျောင်းသားတွေက အများစုဖြစ်နေတယ်။

အဲဒီနေရာမှာ ကျနော် ထပ်ပြောချင်တာက စစ်အစိုးရဟာ(ဗိုလ်နေဝင်းတို့ဟာ) ဘာဖြစ်လို့ ကျောင်းသားတွေရဲ့ ကျောင်းသားသမဂ္ဂအပေါ် ဒီလောက်စိတ်နာရသလဲဆိုတာ ပြန်ပြီးတော့ (အခုအချိန်ပေါ့)သုံးသပ်လို့ရပြီလို့ ထင်တယ်လေ။ ဘာကြောင့်ဆိုတော့ ဗိုလ်နေဝင်းရုပ်လုံးလည်း အကုန်ပေါ်သလောက် ဖြစ်နေပြီ။ နောက်... သူနဲ့အတူတူ စစ်အုပ်စုကို တည်ထောင်ခဲ့တဲ့၊ သူ့နောက်ကနေပြီးတော့ စစ်အုပ်စုကို ရုပ်လုံးဖော်ခဲ့ကြတဲ့ လူတွေလည်း အတော်လေး ပုံပေါ်လာပြီဆိုတော့ ပြောလို့ရပြီလို့ ကျနော်ထင်တယ်။ အဲဒီတော့ ဗမာပြည်စစ်အုပ်စုကို ပထမဆုံး ပန္နက်ရိုက် တည်ထောင်ခဲ့ကြတဲ့ ဗိုလ်နေဝင်း၊ ဦးအောင်ကြီး၊ ဗိုလ်တင်ဖေ၊ ဗိုလ်မောင်မောင်၊ နောက်ပြီးတော့ ဆိုရှယ်လစ်ပါတီနဲ့ မကင်းတဲ့ တခြားစစ်ဗိုလ်တွေ အများကြီးပဲ။ ကျနော် နာမည်တွေအပြည့်အစုံပြောဖို့ ဒီမှာ ရှည်နေမှာစိုးလို့ မပြောတော့ဘူး။

အဲဒီတော့ ဒီလူတွေရဲ့သမိုင်းကို ပြန်ကြည့်လိုက်တဲ့အခါကျတော့... သူတို့ဟာ ကျောင်းသားသမဂ္ဂနဲ့ ဘာမှမပတ်သက်ဖူးဘူး။ သူတို့ထဲမှာ တက္ကသိုလ် ရောက်တာလည်း ရှိတယ်၊ မရောက်တာလည်း ရှိတယ်။ အင်္ဂလိပ်ခေတ်တုန်းကဆိုရင် ကျောင်းသားသမဂ္ဂဟာ တက္ကသိုလ်မှာမှ ရှိတာမဟုတ်ဘူး။ အထက်တန်းကျောင်းတွေမှာလည်း ရှိတယ်။ အဲဒီလူတွေဟာ အထက်တန်းကျောင်းတွေမှာလည်း သမဂ္ဂနဲ့ ကင်းဝေးတယ်။ တက္ကသိုလ်မှာလည်း ကင်းကင်းပဲ။ ဒါ... လက်ရှိ စစ်အုပ်စုထိပ်သီးတွေအထိ ဗိုလ်သန်းရွှေ၊ ဗိုလ်ခင်ညွန့်... အစရှိသဖြင့် ဗိုလ်မောင်အေး... သူတို့မျိုးဆက်အထိ အားလုံးဟာ ကျောင်းသားသမဂ္ဂနဲ့ အင်မတန်ကင်းတဲ့လူတွေ။

သူတို့ခေတ်တုန်းက(သူတို့ကျောင်းတက်နေကြတဲ့ခေတ်တုန်းက) ကျောင်းသားသမဂ္ဂတွေက အင်မတန်လှုပ်ရှားနေကြတဲ့အခါ။ အင်မတန် ပြင်းပြင်းထန်ထန် လှုပ်ရှားပြီး၊ အင်မတန် အသက်ဝင်နေတဲ့အခါ။ သူတို့ ဘာကောင်လဲ။ ဘယ်သူ့မှာမှ အဲဒီသမိုင်း မရှိဘူး။ ရှိလှရင် တယောက်နှစ်ယောက်ပဲ။ ဒါဟာ ခြွင်းချက်ပဲ။ အဲဒီ လူ ၁၀၀ ထဲမှာ တယောက်နှစ်ယောက်ပဲ ရှိတယ်။ အဲဒီတော့ သူတို့တတွေက ကျောင်းသားသမဂ္ဂနဲ့ ဘယ်သူမှ မပတ်သက်ဘူး။

## ပြည်သူ့သူရဲကောင်းများရဲ့ဈာပန

ကျနော်တို့တတွေ တိုက်ပွဲတိုက်ကြတော့မယ်ဆိုကတည်းက ကျနော်တို့အနေနဲ့ အကျအဆုံးတော့ ရှိမှာပဲ။ စွန့်လွှတ်ရတာတွေ ရှိမှာဆိုတာ တွက်ပြီးသားပဲ။ ဒါပေမယ့် တန်ဖိုးဘယ်လောက်များများ ပေးရမလဲဆိုတာကျတော့ တယောက်နဲ့တယောက် တွက်ချက်မှုတွေ နည်းနည်း ကွဲပြားတာပေါ့ဗျာ။ တချို့ကလည်း ၂ ယောက်၊ တချို့ကလည်း ၃ ယောက်၊ ၄ ယောက်လား၊ ၅ ယောက်လား။ အဲဒီလို တွက်ကြတာ၊ အမျိုးမျိုးပဲ။ သေချာတာတခုကတော့ ရှေ့က အလံနီတွေ တိုက်တုန်းက တယောက်ကျခဲ့တယ်ဆိုတော့ အဲဒီတယောက်ထက် မနည်းဘူးဆိုတာတော့ သေချာတယ်။

အဲဒီလိုနဲ့ တိုက်ပွဲက ၅ ယောက် ကျဆုံးသွားပြီ။ အရေအတွက်ဟာ အတော်များတယ်။ ထောင်သမိုင်းမှာ အများဆုံးပဲလို့ ပြောနိုင်တယ်။ ကျနော်တို့ ရဲဘော်တွေထဲမှာ ဒီကိစ္စ အတော်လေး အလေးအနက်မထားလို့မဖြစ်၊ မစဉ်းစားလို့မဖြစ်တဲ့ အခြေအနေ။ ဘာကြောင့်လဲဆိုတော့ ကိုးကိုးကျွန်းမှာ ကျနော်တို့ ရဲဘော်တွေနေကြတဲ့ အဆောင် ၅ ဆောင်။ အဲဒါကြောင့်မို့လို့ အခုကျဆုံးတဲ့ အရေအတွက်နဲ့ တွက်လိုက်မယ်ဆိုလို့ရှိရင်ဟာ... တဆောင်ကို တယောက်နှုန်းလောက် ရှိနေပြီ။

ဒီအချိန်မှာ ကျနော်တို့ထဲမှာလည်း အမျိုးမျိုးစဉ်းစားကြတာတွေ ရှိတယ်။ ထောင်အာဏာပိုင်တွေဘက်ကပဲဖြစ်ဖြစ်၊ ကျနော်တို့ဘက်ကပဲဖြစ်ဖြစ် အခုအချိန်ဟာ တိုက်ပွဲပြင်းထန်ပြီးတော့ တယောက်ကိုတယောက် အကဲစမ်းကြတဲ့အချိန်။ တိုက်ပွဲရဲ့ အထွဋ်အထိပ်လို့ပြောရင်လည်း ရတယ်။ ကျနော်တို့ထဲက တချို့က တိုက်ပွဲအရှိန်မြှင့်ဖို့၊ နောက် အာဏာပိုင်တွေကို ဖိအားပေးဖို့ အမျိုးမျိုးစဉ်းစားကြတယ်။ တချို့က နောက်ထပ် အသုတ်လိုက် ထပ်ဝင်မလား။ တချို့က ရေဖြတ်ကြမလား။ ဒါမှမဟုတ် အခြားတိုက်ပွဲသဏ္ဍာန်တွေ ဖော်ကြမလား။ အမျိုးမျိုး စဉ်းစားကြတယ်။ တချို့ကတော့ ခေါင်းဆောင်တွေကို သွားပြီးတင်ပြကြတယ်။ ဒါပေမယ့် ကျနော်တို့ခေါင်းဆောင်တွေက တိုက်ပွဲကို

တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ပြီးသယ်ဆောင်လာခဲ့ကြတယ်။ ဒီအချိန်ဟာ ခေါင်းဆောင်မှုရဲ့ အရည်အချင်းကို စမ်းသပ်တာလို့ ကျနော်တို့ ပြောလို့ရတယ်။

ဒါနဲ့တဆက်တည်းမှာ ကျနော်ပြောချင်တာတခုက ကျနော်တို့တိုက်ပွဲ အဲဒီအချိန်အထိ ထောင်စခန်းအတွင်းမှာရှိတဲ့ အခြားအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂိုလ်တဦးချင်းတွေဟာ ကျနော်တို့ကို ဘာမှဝေဖန်ပြောဆိုတာ မရှိဘူး။ အားပေးစကားပဲ ပြောကြတယ်။ ထောက်ခံကြတယ်။ အဲဒါကတော့ ကျနော်တို့ မှတ်တမ်းတင်၊ ကျေးဇူးတင်ရမယ့်ကိစ္စပဲ။

ကျနော်တို့သိရတဲ့ သတင်းအရဆိုလို့ရှိရင် ထောင်အာဏာပိုင်တွေဘက်က လည်း သူတို့တတွေ သိပ်အနေရခက်နေတယ်။ သူတို့လည်း ခြောက်ခြားနေကြတယ်။ ဘယ်ဗျာ... အကျဉ်းစခန်းအလယ်တည့်တည့်မှာ ယာယီစခန်းထိုးပြီး ခေါင်းတလားကြီး ၅ ခုတင်ထားတာ။ အဲဒီလိုတိုက်ပွဲမျိုးဟာ ဘယ်သူ မတုန်လှုပ်ပဲရှိပါ့မလဲ။ ကျနော်တို့ လေ့ လာလို့သိရတဲ့ သတင်းအရဆိုလို့ရှိရင် ထောင်အာဏာပိုင်တွေကြားမှာ ဒီလိုတိုက်ပွဲမျိုး တခါမှမကြုံဖူးလို့ အံ့သြတုန်လှုပ်နေကြတယ်ဆိုတာ။ တိုက်ပွဲပြီးတဲ့နောက်ပိုင်းကျတော့ အဲ ဒီ ထောင်ဝါဒါတွေနဲ့ စကားစပ်မိလို့ ပြောကြတဲ့အခါမှာ သူတို့က **"ဟာ... ခင်ဗျားတို့ ဘယ်လိုနေလဲ မသိဘူးဗျာ။ ကျုပ်တို့တော့ ကိုယ့်ဟာကိုယ် ရူးကုန်မလားတောင် အောက်မေ့တယ်။ စားမဝင် အိပ်မပျော်ပဲ။ အင်တာနေရှင်နယ်သီချင်းသံ ကြားပြီဆိုရင် ထိတ်သွားတာပဲ။ ကိုယ့်နားကိုယ်တောင် အတင်းပိတ်ထားရတယ်"**လို့ ပြောကြတယ်။ **အမှန်ပဲ။**

ကျနော်တို့ အဲဒီ ကိုကိုးကျွန်းစခန်းပေါ်မှာ သင်္ကြန်ပွဲတော်ဆိုရင် နှစ်စဉ်ပဲ ရိုးရာ ဓလေ့ထုံးစံနဲ့အညီ ကျနော်တို့ ပျော်ပျော်ရွှင်ရွှင် ကျင်းပခဲ့ကြတယ်။ ကပွဲခုန်ပွဲတွေ လုပ် တယ်။ စင်တင်တဲ့ ကပွဲ လုပ်တယ်။ အိုးစည်၊ ဒိုးပတ်တွေနဲ့ အကျွေးအမွေးတွေ လုပ်ကြ တယ်။ အားကစားပွဲတွေတောင် ပါသေးတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ ကျနော်တို့ အ ကျဉ်းစခန်းတခုလုံးမှာ သင်္ကြန်တေးဆိုလို့ ဘာသံမှမရှိဘူး။ ကြွေးကြော်သံတွေပဲရှိတယ်။

ဒီလိုနဲ့ မေလရောက်လာတယ်။ မေလဆိုတော့လည်း မုတ်သုံရောက်ပြီ။ မုန် တိုင်းနဲ့မုတ်သုံဟာ ပြတ်တယ်မရှိတော့ဘူး။ ပင်လယ်ပြင်ဘက် လှမ်းပြီး ကြည့်လိုက်ရင် လည်း လှိုင်းတွေက တဝုန်းဝုန်းနဲ့။ အိုနာဆစ်သဘော်ကြီးက လှိုင်းတွေပေါ်မှာ ယိမ်းထိုးနေ တယ်။ လှိုင်းတွေက ဖွားကနဲ ဖွားကနဲ သဘော်ခေါင်းတိုင်ပေါ်တောင် ကျော်ပြီးတော့ တက် လာတယ်။

အဲဒီလိုနဲ့ ကျနော်တို့ တိုက်ပွဲစလို့ ၅၂ ရက်မြောက်တဲ့နေ့။ မပြီးခင် တရက်ပေါ့ လေ။ အဲဒီနေ့မနက်မှာ ထောင်တာဝန်ခံတွေ အကျဉ်းစခန်းထဲဝင်လာပြီး တိုက်ပွဲဆောင် ထဲအထိ ရောက်လာတယ်။ သူတို့ ဒီတခါလာတာဟာ ခါတိုင်းလို တိုက်ပွဲကို ဂရုမစိုက် တဲ့ပုံသဏ္ဍာန် မပေါ်တော့ဘူး။ သူတို့ပုံကိုကြည့်ရတာ ဟန်မဆောင်နိုင်ဘူး။ တကယ်ကျ တော့ သူတို့လည်း စိတ်ခြောက်ခြားနေပြီ။ စိတ်တွေလည်း ပင်ပန်းလှပြီကိုး။ အမှန်က ဒီ

တိုက်ပွဲတွေကို အဆုံးအဖြတ်ပေးနိုင်တာက ဒီထောင်အာဏာပိုင်တွေ မဟုတ်ဘူး။ ရန်ကုန်ကနေ အဆုံးအဖြတ်ပေးနေတာ။ ဒီမှာရှိတဲ့ ထောင်တာဝန်ခံတွေ၊ ထောင်အာဏာပိုင်တွေဆိုတာက ပိုက်ပြောခိုင်းတာပဲ လာပြီးပြောနေရတာ။ အဲဒီတော့ သူတို့လည်း စိတ်မချမ်းသာဘူး။ ဒါ သေချာတယ်။ ဒါပေမယ့် ထောင်တာဝန်ခံတွေထဲမှာလည်း အမျိုးမျိုးတော့ ရှိတာပေါ့လေ။ တယောက်နဲ့တယောက် သဘောထားချင်းတော့ တူချင်မှတူကြတာပေါ့။ တချို့ကတော့ သခင်အားရ ကျွန်ပါး၀၊ ဒါမျိုးလည်း ရှိတတ်ပါတယ်။

ဒီတခါ ဝင်လာတဲ့အခါကျတော့ သူတို့မျက်နှာပေးတွေကို ကြည့်လိုက်ရင်ပဲ သူတို့မှာ ပြောစရာတခုခု ပါလာတယ်ဆိုတာ သေချာတယ်။ သူတို့က တိုက်ပွဲဆောင်ဆီကို လျှောက်လာကြတယ်။ ဟန်ကိုယ့်ဖို့တော့ အတတ်နိုင်ဆုံး လုပ်ထားကြတယ်။ ဒါပေမယ့် သူတို့လှုပ်ရှားမှုကို ဘေးကအကဲခတ်နေတဲ့ ကျနော်တို့ရဲဘော်တွေကတော့ အခြေအနေကို မှန်းဆလို့ရနေတယ်။

အဲဒီမှာ ထောင်အာဏာပိုင်တွေက တာဝန်ရှိတဲ့ ရဲဘော်တယောက်ဖြစ်တဲ့ ကိုဖေအောင်(ကွယ်လွန်သူ ဝါရင့်နိုင်ငံရေးသမားကြီး သခင်ထင်အောင်ရဲ့ တူတော်တယ်။ ပြည်သူ့တိုးတက်ရေးပါတီကပဲ)ကို သူတို့က“သပိတ်မလှန်သေးဘူးလား”လို့ မေးတယ်။ ဒီမေးခွန်းမျိုးက တိုက်ပွဲစကတည်းက သူတို့ တခါမှမမေးဖူးဘူး။ ဒါ ပထမဆုံးမေးတာ။ အရင်တုန်းကဆိုရင် သူတို့ မေးလည်းမမေးရဲဘူး။ မေးလိုက်လို့ရှိရင် တခါတည်း နေရာမှာတင် အရိုက်ခံရမှာ။ ကိုဖေအောင်ကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ “**ကျုပ်တို့ တောင်းဆိုတာ ပေးလေ။ မပေးရင် မလှန်ဘူး**”လို့ ပြောလိုက်တယ်။ တိုတိုပြတ်ပြတ် ပြောလိုက်တော့ အာဏာပိုင်တွေက“**ဟာ... အခု ၅ ယောက်ရှိသွားပြီ။ ထပ်သေကုန်ပါဦးမယ်ဗျာ**”လို့ စာနာသလိုလို၊ ခြောက်လှန့်သလိုလို ပြောတယ်။

ကိုဖေအောင်ဆိုတာကလည်း ၅၈ ခုနှစ်ကတည်းက ကိုကိုးကျွန်းကို တခေါက်ရောက်ပြီးသား။ ၂ ကျွန်းပြန်။ သူတို့အကြောင်း နောကျေနေလှပြီ။ ကိုဖေအောင်က တိုက်ပွဲဝင်ရဲဘော်တွေရဲ့ ခြင်ထောင်တွေကို လှပ်ပြီး “**ဟောဒီမှာကြည့်... ခင်ဗျားတို့ ကြည့်သွား။ နောက်ထပ် အသေခံဖို့ တန်းစီနေတဲ့ ရဲဘော်တွေ။ ကျနော်တို့ တောင်းထားတာ မရရင် အသေခံမယ်**”လို့ မာမာပြတ်ပြတ် ပြောပစ်လိုက်တယ်။ အဲဒီတော့မှ ထောင်အာဏာပိုင်တွေဟာ သူတို့မှာပါလာတဲ့ ဖုက်ဖဲကို ချပြကြတယ်။ သေချာပြန်စဉ်းစားလိုက်ရင်တော့ ဒီလူတွေဟာ အတော်တော့ ယုတ်မာတာ။ နောက်ဆုံးအချိန်အထိ၊ သူတို့ အလျှော့ပေးရတော့မယ့် အချိန်အထိ ဈေးဆစ် အကြပ်ကိုင်နေတာ။ ကျနော်တို့ ရဲဘော်တွေရဲ့အသက်ကို သူတို့ အကြပ်ကိုင်နေကြတာ။ ဒါ... ရန်ကုန်က ခိုင်းလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ။ တကယ်တမ်းတော့ ဒီထောင်အာဏာပိုင်တွေဟာ တိုက်ပွဲဝင်ရဲဘော်တွေရဲ့ မျက်နှာတွေကို မကြည့်ရဲဘူး။ စိတ်မလုံတဲ့သဘောပဲ။

သူတို့ ဒီတခါဝင်လာတာ ထူးခြားတဲ့အတွက် တိုက်ပွဲဆောင် ပတ်ဝန်းကျင်မှာလည်း **ကျနော်တို့**ရဲဘော်တော်တော်များများ ကျနော်အပါအဝင် သူတို့ကို စိုက်ကြည့်နေ**ကြတယ်။** အဲဒီလို သူတို့ကို ဗိုင်းပြီး သတိထားနေကြမှန်း သိတဲ့အခါကျတော့ သူတို့လည်း **သိပ်ပြီး**တော့ ရေရှည်အချိန်မဆွဲနိုင်တော့ဘူး။ ဒါနဲ့ သူတို့လည်း မျက်လွှာချပြီး **"ကဲ... သပိတ်လှန် လိုက်ကြပါဗျာ။ ကိုယ်ထူကိုယ်ထစနစ်ကို ဖျက်သိမ်းပေးပါ့မယ်"**လို့ ပြောထွက်လာတယ်။ အဲဒီတော့ ကျနော်တို့ဘက်က **"ဒါဖြင့်ရင် ခင်ဗျားတို့ စာရွက်စာတမ်းနဲ့ လက်မှတ်ထိုးပေး။"** အဲဒီလို တောင်းဆိုလိုက်တယ်။ ထောင်အာဏာပိုင်တွေဆိုတာက လက်ဝါးကို လှန်လိုက် မှောက်လိုက်ဆိုတာမျိုး၊ ခုတမျိုး ခုတမျိုး လုပ်တတ်တယ်လေ။ အဲဒီတော့ အပိုင်ချည်မှ တုပ်မှဖြစ်မှာ။

ဒါကြောင့်မို့လို့ ကျနော်တို့က ဒီလို ချည်တုပ်ပြီးပြောတဲ့အခါကျတော့ သူတို့က ဘယ်လိုတုန့်ပြန်သလဲဆိုတော့ **"ဟာ... ဒါကတော့ ကျနော်တို့မှာ လုပ်ပိုင်ခွင့်မရှိဘူး"**တဲ့။ **"မနက်ဖန်မှ Navy စခန်းဘက်သွားပြီး ကျနော်တို့ ယူပေးမယ်။ ခင်ဗျားတို့ သပိတ် အရင်လှန်နှင့်ပေါ့"**လို့ ထပ်ပြီးတော့ ဈေးဆစ်ပြန်တယ်။ ကျနော်တို့ဘက်က သံသယရှိတာ မလွှန်ဘူးဗျ။ အတော်ကို မတရားတဲ့လူတွေ။ ကျနော်တို့ဘက်က ခေါင်းဆောင်တွေကတော့ **"ခင်ဗျားတို့ဘက်က လက်မှတ်ထိုးပေးပြီးမှ ကျနော်တို့သပိတ်ကို လှန်မယ်။ အဲဒီဘက်က လက်မှတ်ထိုးပြီးတော့ စာနဲ့ပေနဲ့ ကတိစကား မရမချင်း ဆက်တိုက်မယ်"**လို့ မတုန်မလှုပ် တည်တည်ငြိမ်ငြိမ်နဲ့ ပြန်ပြောလိုက်တာ။ အဲဒီလိုနဲ့ပဲ အဲဒီနေ့က ပွဲပြတ်မသွားဘူး။ သူတို့ ပြန်ထွက်သွားကြတယ်။

**အဲဒီနေ့ညနဲ့ နောက်တနေ့ကဖြင့်** ကျနော့်တသက်မှာ အချိန်တွေ ကုန်လွန်တာ အနှေးဆုံးနေ့နဲ့ညလို့ ပြောချင်တာပဲ။ တဖက်မှာ သေတွင်းနှုတ်ခမ်းမှာ တိုက်ပွဲအလံကို ကိုင်ပြီး တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေ၊ တဖက်မှာက အထက်အမိန့် သွားပြီးတော့ ခံယူပါမယ်ဆိုပြီး ပြန်ထွက်သွားတဲ့ အာဏာပိုင်တွေ။ ဒီနှစ်ဖက် ပြန်ဆုံကြမယ့်အချိန်ကို စောင့်ရတဲ့ဟာက အင်မတန်ရှည်ကြာတာပဲ။ အောင်ပွဲနဲ့ ကျဆုံးခြင်းအကြားမှာ ဘယ်လောက်မှ မကွာခြားဘူးဆိုတာလည်း တနုံ့နုံ့ခံစားမိတယ်။

ဒီလိုနဲ့ နောက်တနေ့ရောက်လာတယ်။ တိုက်ပွဲဝင် ၅၃ ရက်မြောက်နေ့ပေါ့။ နောက်ဆုံးနေ့ပဲ။ မနက်စောစောမှာ ထောင်မှူးကြီးရယ်၊ ထောင်မှူးတယောက်ရယ်၊ ဝါဒါ ၂ ယောက် ၃ ယောက်ရယ် မော်တော်ကားလမ်းအတိုင်း Navy စခန်းဘက်ကို လမ်းလျှောက်ထွက်သွားကြတယ်။ မိုးက မပြတ်အောင် ရွာထားတာမို့ မြလက ထွန်စက်သွားနေကျ မော်တော်ကားလမ်းဟာ သွားမရတော့ဘူး။ ဒါကြောင့်မို့ သူတို့ဟာ ကားလမ်းပေါ်မှာ လမ်းလျှောက်ပဲ သွားကြရတယ်။ ရွှံ့တွေကလည်း များပါဘိ။ တချို့နေရာမှာ ရေတောင် ကျော်နေတယ်လို့ ပြောတယ်။ အဲဒီတော့ ဒီထောင်အာဏာပိုင်တွေက ကုန်းကြောင်းသွားကြတာ။ မြန်ချင်ပါတယ်ဆိုမှ ဒီလိုဖြစ်နေရတယ်။ လမ်းခရီးက ၇ မိုင် ၈ မိုင်လောက် ရှိမယ်ထင်တယ်။ အဲဒါကို သူတို့ ခြေလျင်သွားကြ၊ ဟိုကနေ ပြန်လာရဦးမှာ။

ဘယ်လောက်စောင့်ရဦးမလဲဆိုတာကို စဉ်းစားသာကြည့်ပေတော့။ အဲဒီလို ကျနော်တို့က စိတ်လောနေ၊ စိတ်ထဲမှာ မချင့်မရဲဖြစ်နေချိန်မှာ တိုက်ပွဲဆောင်ထဲက တိုက်ပွဲဝင် ရဲဘော်တွေကတော့ ဘာမှထူးခြားမှု မပြဘူး။ သူတို့က ခါတိုင်းလို ပုံမှန်ပဲ။ တည်တည်ငြိမ်ငြိမ်နဲ့ နားနားနေနေပဲ စောင့်ဆိုင်းနေကြတယ်။

ကျနော်ကတော့ အမှန်အတိုင်းပြောရရင် ထောင်အာဏာပိုင်တွေ လာမယ့် ဘက်ကို လည်ပင်းတမျှော်မျှော်၊ နားတစွင့်စွင့် စောင့်ဆိုင်းနေတာ။ အဲလို စောင့်ဆိုင်းနေတုန်းမှာပဲ မနက် ၁၀ နာရီ ၁၁ နာရီလောက် ဖြစ်မယ်ထင်တယ် ကျနော်တို့ တိုက်ပွဲဝင်အဆောင်တဆောင်မှာ(ကျနော်က ၁၀ ဆောင်မှာ၊ ၉ ဆောင်ဖက်ကနေ) ကိုလတ် ကျဆုံးသွားပြီဆိုတဲ့သတင်းကို ကြားလိုက်ရတယ်။

ဒါကြောင့် ကျနော်လည်း အဲဒီအဆောင်ထဲကို ကမန်းကတန်း စဝင်လိုက်တယ်။ ကျနော်ရောက်တော့ နိုင်ငံတကာသီချင်းကို စဆိုနေကြပြီ။ ဒါနဲ့ ကျနော်လည်း ကိုလတ်ရဲ့ ခြေရင်းမှာပဲ ညာလက်ရုံးကို ကွေးမြှောက်ပြီး အဲဒီ Internationale 'နိုင်ငံတကာသီချင်း'ကို လိုက်ဆိုမိတယ်။ ဆိုရင်း မျက်ရည်တွေလည်း ကျနေတယ်။ ကိုလတ်ဟာ ကျနော်နဲ့အတူတူ မန္တလေးထောင်က လာကြတာ။ ကျနော်နဲ့အတူ ၂ တိုက်မှာ နေခဲ့ကြတာ။ သူ့နာမည်ရင်းက မောင်မောင်စိုး၊ သူ့အသက်က ကျနော့်ထက် လတချို့တောင်ငယ်သေးတယ်။ လူကောင်ထွားတယ်။ သူက ရိုးလွန်းလို့ လူချစ်လူခင်သိပ်များတယ်။ ကျောက်ဆည်သား၊ မန္တလေးတက္ကသိုလ်က ကျောင်းသားလှုပ်ရှားမှုနဲ့ အဖမ်းခံရတာ။ သူက စာပေအနုပညာလည်း သိပ်ဝါသနာပါတယ်။ ဒီတိုက်ပွဲမတိုင်ခင် ၄–၅–၆ လကပဲ ကျနော်နဲ့အတူ သီချင်းတပုဒ် စပ်ခဲ့ကြသေးတယ်။ သူ့ရဲ့အုံ့မခန်းစိတ်ဓါတ်ကို မှတ်တမ်းတင် ပြောစမှတ်ဖြစ်လောက်အောင် သူဟာ ချန်ထားနိုင်ခဲ့တယ်။ အဲဒါက ဒီလို။

သူက ဒီနောက်ပိုင်း ရောက်လာတဲ့အခါ၊ အကျအဆုံးတွေ များလာတဲ့ နောက်ပိုင်းမှာ သူဟာ သူ့ဘေးမှာရှိတဲ့၊ သူ့ကိုပြုစုတဲ့ ရဲဘော်တွေကို **"တကယ်လို့များ ကျနော့်ခြေတွေလက်တွေ အေးလာရင် ကျနော့်ကို သတိပေးစမ်းပါဗျာ"**လို့ မှာထားတယ်။ သူဘာလို့ ဒီလိုမှာတယ်ဆိုတာ အဲဒီရဲဘော်တွေက နားမလည်ဘူး။ သိပ်လည်း အလေးထားမစဉ်းစားတတ်ကြဘူး။ သာမန်လိုပဲ သဘောထားခဲ့ကြတာ။

ကိုလတ်ကတော့ သူ့အခြေအနေသူ အမြဲသတိထားနေတာ။ သူ့ခြေတွေ လက်တွေ အေးလာပြီဆိုတာဟာ သူသေတော့မယ့်လက္ခဏာဆိုတာကို သူ့အရင် အာဇာနည်တွေ ကျဆုံးတုန်းက အတွေ့အကြုံအရ သိထားတယ်။ ဒါကြောင့် အခု သူမကျဆုံးခင်လေးမှာပဲ သူ့ခြေတွေလက်တွေ အေးလာပြီဆိုတာနဲ့ သူဟာ အားယူမာန်တင်း အံကြိတ်ပြီး ညာလက်ရုံးကို မြှောက်တယ်။ အလေးနီပြုတယ်။ အဲဒီလို အလေးနီပြုနေတုန်းမှာပဲ သူ့မျက်နှာလည်း တဖြည်းဖြည်း ပြေလျော့သွား၊ လက်တွေလည်း ပြေလျော့သွား၊ ကျဆုံးသွားတယ်။ ဒီသတင်းဟာ ချက်ချင်းပဲ အကျဉ်းစခန်းတခုလုံးကို ပျံ့သွားပြီး ကြားရသူ

အားလုံးဟာ စုတ်တသပ်သပ်နဲ့ ဝမ်းပမ်းတနည်း ဖြစ်ကြရတယ်။ ကိုလတ်ဟာ သူတိုက်ပွဲ **ဝင်တဲ့နေ့မှာပဲ** သူ့အိပ်မယ့် ကွပ်ပျစ် ခြေရင်းမှာ(ခြေရင်းက ခါးပမ်းမှာပေါ့လေ) ကားလ် **မာ့က်စ်** ငယ်စဉ်က ဆောင်ပုဒ်တခုဖြစ်တဲ့...

**ငါ့ဘဝမှာ**
**တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေပါစေ။**

ဆိုတဲ့ စာတန်းကို မြေဖြူနဲ့ ရေးခဲ့တယ်။ သူ့ဆန္ဒကတော့ ပြည့်စုံသွားတာပေါ့ဗျာ။ သူ့နောက်မှာ ကျဆုံးတာက ကိုလေးမောင်(ကဗျာဆရာကိုလေးမောင်)။ ကျနော် တဦးချင်း အရပြောရရင် စိတ်အထိခိုက်ဆုံး ကျဆုံးမှုပဲ။

ကိုလေးမောင်က ကျနော့်ထက် အသက် ၆ နှစ်လောက် ကြီးပါတယ်။ တက္ကသိုလ်ရောက်တာလည်း အများကြီးစောတယ်။ ကျနော် တက္ကသိုလ်ရောက်လို့ ကျောင်းသားလှုပ်ရှားမှုတွေထဲမှာ စပြီးပါတော့ အခြေအနေတွေဟာ အရင်ကာလတွေနဲ့ မတူတော့ဘူး။ အထူးသဖြင့် ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက် နောက်ပိုင်းမှာ ကျောင်းသားလှုပ်ရှားမှု လှုပ်ရှားရတဲ့ပုံသဏ္ဍာန်ဟာ လုံးဝပြောင်းသွားပြီ။ အဲဒီအချိန်မှာ သမဂ္ဂကို အဓိကတာဝန်ယူနေတဲ့ ခေါင်းဆောင်တွေဟာ အဖမ်းခံသူခံရ၊ တိမ်းရှောင်သူရှောင်ရ ဖြစ်နေတဲ့အချိန်။ အဲတော့ ကျောင်းထဲမှာရှိနေတဲ့၊ ကျန်ရစ်တဲ့၊ အစိုးရက မဖမ်းသေးတဲ့အထဲက အားလုံး ရှိသမျှအင်အားစုပြီးတော့ လုပ်ငန်းကို ပြန်ဆက်ထူထောင်နေကြတဲ့အချိန်။ **အဲဒီမတိုင်ခင်အချိန်** ကိုလေးမောင်ဟာ ကဗျာဆရာအဖြစ်နဲ့ပဲ အဓိကရပ်တည်နေတာ။ သူဟာ နာမည်ကြီးတဲ့ ကဗျာဆရာတယောက် ဖြစ်နေပြီ။ အခုလို လူနည်းလာတဲ့အခါ ကျတော့ သူလည်း ပြန်ပါဝင်လာတယ်။

အဲဒီအချိန် သမဂ္ဂအဆောက်အဦဟာ မန္တလေးမှာ မရှိတော့ဘူး။ အဖျက်ခံလိုက်ရပြီ။ ကျနော်တို့စုနေကြတဲ့ ဗောဓိကုန်းက 'သမြေ' ဆိုတဲ့ အိမ်လေးမှာ ကိုအောင်သူတို့က မရှိတော့ဘူး။ ဒါကြောင့် လူမစုနိုင်တော့ဘူး။ ဒါကြောင့် အဲဒီတုန်းက အများအားဖြင့် လူစုကြတယ်ဆိုလို့ရှိရင်၊ လှုက်ရည်ဆိုင်ထိုင်ရင်း ရေနီမြောင်းထိပ်က ကိုကံရဲ့ လှုက်ရည်ဆိုင်။ စကားပြောစရာရှိရင် အဲဒီ ဗောဓိကုန်းထဲက ကိုလေးမောင် နေတဲ့အိမ်မှာ ပြောတယ်။ သူနေတဲ့အိမ်က ထုံးဖြူသုတ်ထားတဲ့ ဝါးကပ်တဲ။ ဒါကြောင့် ကျနော်တို့အားလုံးက အဲဒီဝါးကပ်တဲကြီးကို 'အိမ်ဖြူတော်' လို့ ရယ်စရာမောစရာ ပြောကြတယ်။ တကယ်တော့က အိမ်တအိမ်လုံးမှ ဝါရင်တန်က အိမ်ဖြူတော်ရဲ့ စားပွဲတလုံးလောက်တောင် တန်ဖိုးရှိမှာ မဟုတ်ပါဘူး။

အဲဒီနောက် ၆၃ ခုနှစ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲအပျက်၊ ဖိနှိပ်မှုတွေ ပြင်းပြင်းထန်ထန် လုပ်လာတဲ့နောက်ပိုင်းမှာ ကျနော်တို့ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှုကို မြေအောက်လုပ်ရတယ်။ အဲဒီတုန်းကလည်း ကိုလေးမောင်နဲ့ ကျနော်နဲ့အတူတူ လှုပ်ရှားရတာပဲ။ ဒီအချိန်မှာ သူနေတာက မန္တလေး၊ မလွန်ရပ်က ၈၅ လမ်းပေါ့။ အဲဒီမှာ ကွယ်လွန်

သွားတဲ့ စာရေးဆရာ ကိုတောလူ(ကိုစောလွင်)ရဲ့ တိုက်ကလေးတလုံးရှိတယ်။ ကိုစောလွင်က မန်းတက္ကသိုလ်သမဂ္ဂ ဥက္ကဋ္ဌ လုပ်ဖူးတယ်။ အဲဒီတိုက်ဝန်းထဲ၊ နောက်က တိုက်ခန်းထဲမှာ ကိုလေးမောင် .နေတယ်။ ကိုလေးမောင်နဲ့ ကိုသာနိုးနဲ့ အတူတူနေကြတယ်။ အဲဒီတုန်းက ကျနော်တို့ရဲ့ လှုပ်ရှားမှုဟာ အဲဒီနေရာမှာ အတော်များများ အခြေခံတာ။ (ကိုသာနိုးကတော့ မပါတော့ပါဘူး။) ကိုလေးမောင်ရှိတဲ့ဆီမှာပဲ ကျနော်တို့က အခြေခံလုပ်ကြတာ များတယ်။

မအေးစန်း(ခေါ်)မစိမ်းပင်တို့နဲ့အတူ ခွပ်ဒေါင်းစာစောင် ထုတ်ကြတော့လည်း အဲဒီနေရာမှာပဲ။ ကျနော်တို့ အတူတူ စာအုပ်ထုတ်ကြ၊ စာအုပ်အဖုံး ဖုံးကြ၊ ဖြန့်ဝေကြ။ ကိုလေးမောင် နေတဲ့နေရာမှာပဲ ကျနော်တို့ လုပ်ခဲ့ကြတယ်။ အဲဒီက ဆက်ပြီးတော့ ၆၆ ခုနှစ်မှာ အဖမ်းခံရတော့လည်း သူနဲ့ကျနော်နဲ့ အတူတူ။ မန္တလေးထောင်ထဲမှာ ၁ တိုက်၊ ၄ တိုက်၊ ၂ တိုက်၊ စစ်ထောင်တွေကို သူနဲ့ကျနော်နဲ့ တနေ့တည်း အမြဲအတူ ပြောင်းရတာချည်းပဲ။

မန္တလေးထောင်ထဲမှာ ကျနော်တို့လှုပ်ရှားမှုရဲ့ အဓိကတာဝန်ခံလို့ဆိုရမယ့် ကိုဌေးလှ ကျဆုံးပြီးတဲ့နောက်ပိုင်းမှာ ကျနော့်အဖို့ အစစအရာရာ ကိုလေးမောင်ကိုပဲ အဓိက တိုင်ပင်ခဲ့ရတယ်။ လူဆိုတာ ထောင်ထဲမှာ ဖြတ်သန်းတဲ့အခါမှာ(အထူးသဖြင့် ကျနော်တို့လို အဲဒီတုန်းက အသက်ငယ်ငယ်နဲ့ လူတွေအဖို့မှာ ဆိုလို့ရှိရင်) အတွေးအခေါ် အတက်အကျ၊ ခေါင်းထဲမှာ ရှုပ်ထွေးမှုတွေ အမျိုးမျိုး ကြုံတွေ့ရတယ်။ ကိုယ့်တယောက်တည်း ဖြေရှင်းလို့မရဘူး။ တိုင်ပင်စရာလူ အမြဲလိုတယ်။ အဲဒီအခါမှာ ကိုလေးမောင်ဟာ ကျနော့်အတွက် အင်မတန် အဖိုးတန်တဲ့အကူအညီတွေ ပေးနိုင်ခဲ့တယ်။

ပြောရမယ်ဆိုရင် ကျနော့်ဘဝမှာ သာမန်ကျောင်းသားလှုပ်ရှားမှု လုပ်နေရာကနေ တော်လှန်ရေးသမားဖြစ်လာအောင် အတွေးအခေါ်အရ၊ နိုင်ငံရေးအရ အပြောင်းလဲကြီး ပြောင်းလဲတဲ့အဆင့်မှာ ကိုလေးမောင်ရဲ့ဩဇာတွေ အများကြီးပါတယ်လို့ ပြောနိုင်တယ်။ အဲတော့ သူနဲ့ကျနော်နဲ့ ခုနကပြောသလို တိုက်တွေမှာလည်း အတူတူ။ တလျှောက်လုံး အတူတူ။ ကျွန်းရောက်လာတော့လည်း အတူတူပေါ့လေ။ ကျွန်းရောက်တော့ သူဟာ အများရဲ့ချစ်ခင်လေးစားမှုလည်း ခံရတယ်။ လူက စကားနည်းတယ်။ ပြောရင် တိတိကျကျနဲ့ စကားကို တန်ဖိုးထားပြီး ပြောတယ်။ နောက် ရိုးသားတယ်။ ပွင့်လင်းတယ်။ နှိမ့်ချတယ်။ အနစ်နာခံတယ်။ ဒါကြောင့် လူချစ်လူခင် သိပ်များတယ်။

ခုပြောခဲ့တဲ့ အကြောင်းရင်းတွေကြောင့် သူကျဆုံးတယ်ဆိုတဲ့အခါကျတော့ ကျနော်ဟာ မျက်ရည်ကျရုံတင်မကဘူး၊ ကျနော်နဲ့ ကုတင်ချင်းကပ်လျက် အိပ်တဲ့ ရဲဘော်အောင်ဘော်ရဲ့ ပုခုံးပေါ်မှာ ကျနော် ရှိုက်ကြီးတငင် ငိုခဲ့မိတယ်။ ဒါ ကျနော့်ဘဝမှာ ပထမဆုံးအကြိမ် ဒီလိုငိုတာပဲ။

ဒီမှာ စပ်မိလို့ ကိုအောင်ဘော်ဆိုတာက ကျနော်တို့နဲ့ အမှုတွဲအတူတူ။ တလျှောက်လုံး မန္တလေးထောင်မှာလည်း အတူတူ။ နောက် ကျွန်းမှာလည်း အတူတူ။ သူက ကျောက်ပန်းတောင်းသား၊ မန္တလေးတက္ကသိုလ်က။ သူက ကျွန်းက ပြန်လာ၊ ထောင်က လွတ်လာပြီးတဲ့နောက် ၁၉၇၅ ခုနှစ်လောက်မှာ အခြားကျွန်းပြန်တွေဖြစ်တဲ့ ရန်ကုန်ခရိုင်ကျောင်းသားသမဂ္ဂခေါင်းဆောင် ကိုဉာဏ်ဝင်း၊ ကိုဉာဏ်ဝင်းရဲ့ညီ ကိုတင်မောင်ဝင်းတို့နဲ့ အတူတူ လက်နက်ကိုင်တော်လှန်ရေးလုပ်ဖို့ ပဲခူးရိုးမကို ရောက်သွားခဲ့တယ်။ နောက်တော့ ပဲခူးရိုးမမှာပဲ ကျဆုံးသွားခဲ့တယ်။

ကိုလေးမောင် ကျဆုံးတာ နေ့လည် ၂ နာရီလောက် ထင်တယ်။ သူ့ရဲ့ တိုက်ပွဲဝင်ဆောင်ပုဒ်အဖြစ်ကတော့ သူ့ကဗျာတပုဒ်ထဲက သူလုပ်ခဲ့တဲ့ UG လုပ်ငန်းရဲ့ နိမိတ်ပုံဖြစ်တဲ့...

## ရန်သူ့နှလုံးအိမ်တွင်း
## စိုက်သွင်းထားတဲ့ ဓားမြှောင်နီ

ဆိုတာကို ရွေးထားခဲ့တယ်။

သူ ကျဆုံးပြီးတဲ့နောက် ၂ နာရီ ၃ နာရီလောက် ကြာတော့ ထောင်မှူးကြီးနဲ့ ထောင်မှူးတွေ စာရွက်လေးတရွက်ကိုင်ပြီး ကျနော်တို့စခန်းထဲကို ရောက်လာကြတယ်။ သူတို့က တိုက်ပွဲခေါင်းတွေထံဆီ ရောက်လာပြီး ကျနော်တို့ တောင်းဆိုတဲ့အတိုင်း **'ကိုယ်ထူကိုယ်ထစနစ်ကို ဖျက်သိမ်းပါပြီ'**ဆိုတဲ့အကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးပေးတယ်။ အဲဒီတော့မှ ကျနော်တို့လည်း အောင်ပွဲခံပြီဆိုတဲ့ အထိမ်းအမှတ်နဲ့၊ တိုက်ပွဲသိမ်းပြီဆိုတဲ့ အထိမ်းအမှတ်နဲ့ **'အင်တာနေရှင်နယ်'**(နိုင်ငံတကာသီချင်း)ကို အားလုံးသံပြိုင်ဝိုင်းဆိုကြတယ်။ သီချင်းဆိုရင်း ကျဆုံးသွားတဲ့ရဲဘော်တွေကို မြင်ယောင်နေတယ်။ ဒါကြောင့်မို့ သီချင်းဆိုတဲ့အခါမှာ နာနာကျည်းကျည်း ဆိုနေကြတာ။ ရင်ပွင့်မတတ်ပဲ။ ဝမ်းသာတယ်ဆိုတဲ့ခံစားမှု မရှိဘူးဆိုတာ အဲဒီတုန်းက အမှန်ပဲ။

အဲလို သီချင်းဆိုပြီးလို့ ကိုဖေအောင်က 'သက်သာ'လို့ အမိန့်မပေးခင်မှာပဲ တိုက်ပွဲဝင်ရဲဘော်တယောက် မတ်တတ်ရပ်နေရာကနေ ယိုင်ကျသွားတာ တွေ့လိုက်ရတယ်။ ရဲဘော်ထွန်းဝင်း။ သူအဲလို ယိုင်ကျသွားတော့ သူ့ဘေးမှာရှိနေတဲ့ ရဲဘော်တေဇက သူ့ကို လက်မောင်းကနေ ဖေးပြီးတော့ ထိန်းထားလိုက်တယ်။ ဒါပေမယ့် ... သူ ကျဆုံးသွားတယ်။ သူဟာ နံပါတ် ၈ ၊ အဌမမြောက်။ နောက်ဆုံး အာဇာနည်ပေါ့။ အင်မတန်ဝမ်းနည်းစရာ၊ အသည်းနာစရာ ကောင်းပါတယ်။ တိုက်ပွဲအောင်ပွဲရပြီးမှ ကျသွားရှာတာ။ အဲတော့ ကျနော်တို့အားလုံး ခုနက ထောင်မှူးကြီးနဲ့အဖွဲ့ကို ပြန်ထွက်ခွင့် မပေးသေးဘဲနဲ့ သူတို့ကို ဝိုင်းလိုက်တယ်။ ဝိုင်းပြီးတော့...

**ရဲဘော်ထွန်းဝင်းကို သတ်တာ ...... (စစ်အစိုးရ)[၂]**
**ရဲဘော် ၈ ယောက်ကို သတ်တာ ... (စစ်အစိုးရ)[၂]**

ဖိနှိပ်ချုပ်ချယ်မှု ........................ (အလိုမရှိ)၂
ကိုယ်ထူကိုယ်ထစနစ် ............ (ဖျက်သိမ်းပစ်)၂

လို့ ဝိုင်းကြွေးကြော်ကြတယ်။ ဒါဟာ ကိုကိုးကျွန်းပေါ်မှာကြားရတဲ့ နောက်ဆုံး ကြွေးကြော် သံပဲ။

ရဲဘော်ထွန်းဝင်းဆိုတာက ကျွန်းပေါ်မှာ ကျနော်နဲ့အဆောင်တဆောင်တည်း နေတာ။ သူဟာ မြစ်ဝကျွန်းပေါ်သား။ အစိုးရ လေတပ်က။ ပဲခူးရိုးမ UG အဖြစ်နဲ့ အလုပ် လုပ်ရင်း အဖမ်းခံရတာ။ (သူတို့လေတပ်က အဲဒီတုန်းကဖမ်းတာ လူတွေအများကြီးပဲ။) သူက လေတပ်သားဆိုပေမယ့် စွယ်စုံထူးချွန်တယ်။ အနုပညာဘက်မှာလည်း ထူးချွန်၊ အားကစားဘက်မှာလည်း ထူးချွန်၊ လက်မှုပညာမှာလည်း ထူးချွန်၊ ပေါင်းသင်းဆက်ဆံ ရေးမှာလည်း ထူးချွန်တဲ့သူ ဖြစ်တယ်။ ဒုံမင်းတွေ၊ ဂီတာတွေ သူလုပ်တာ အများကြီး။ တယောလည်း သူလုပ်တတ်တယ်။ ဆေးလည်း ထိုးတတ်တယ်။ အားကစားမှာ ဘောလုံး ကန်၊ ဘောလီဘော ရတယ်။ အပြေး ရတယ်။ အလေးမ ရတယ်။ ခြင်းခတ် ရတယ်။ အင်မတန် ချစ်စရာကောင်းတဲ့ လူတယောက်။ ကျနော်တို့က လွတ်တဲ့ငါး ကြီးတာမဟုတ် ဘူး။ ဒီ အာဇာနည် ၈ ယောက်ဟာ တဦးချင်းအရကော အင်မတန် တန်ဖိုးရှိတဲ့သူတွေ။ အာဇာနည်ဖြစ်မှ တန်ဖိုးရှိတာ မဟုတ်ဘူး။ ရှင်နေရင်လည်း အင်မတန် တန်ဖိုးကြီးတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ကျနော် အာမခံရဲတယ်။

တိုက်ပွဲပြီးသွားပြီဆိုတော့ တိုက်ပွဲနောက်ပိုင်းအလုပ်တွေ ဆက်လုပ်ရသေး တယ်။ ဒီတိုက်ပွဲမှာ အရင်တိုက်ပွဲတွေနဲ့ မတူတဲ့ကိစ္စတခုက အာဇာနည်တွေရဲ့ကိစ္စပဲ။ အရင်တိုက်ပွဲတွေတုန်းက တိုက်ပွဲပြီးတယ်ဆိုရင် တိုက်ပွဲဝင်ရဲဘော်တွေရဲ့ကျန်းမာရေး ပြန် ပြီး နာလန်ထူအောင် လုပ်ရကိုင်ရတယ်။ အဲဒီအလုပ်ပဲ ရှိတယ်။ ခုကျတော့ ကျသွားတဲ့ ရဲဘော်တွေရဲ့ ရုပ်အလောင်းတွေ ရှိသေးတယ်။ သူတို့ကို ဂုဏ်ပြုဖို့၊ ထိုက်ထိုက်တန်တန် အသိအမှတ်ပြုဖို့၊ သင်္ဂြိုဟ်ဖို့ကိစ္စတွေ ဆက်ပြီး စဉ်းစားဖြေရှင်းကြရတယ်။

ပထမဆုံးအနေနဲ့ ကိုကိုးကျွန်း ပါတီကော်မတီကနေပြီးတော့ ဇူလိုင် ၃၁ ရက်နေ့ကို 'ပြည်သူ့သူရဲကောင်းများနေ့'လို့ သတ်မှတ်လိုက်တယ်။ ကျနော်တို့ ပထမ ဆုံး ပြင်ဆင်ကြတာကတော့ သူတို့ကိုဂုဏ်ပြုရေး၊ အမှတ်တရ ကျောက်တိုင်တတိုင် စိုက် ထူရေးဖြစ်တယ်။ ကျဆုံးသွားတဲ့သူတွေကို တဦးချင်းကို ဂုဏ်ပြုတဲ့သီချင်းတွေ စပ်ကြတယ်။ သီချင်းစပ်တဲ့အဖွဲ့တွေဖွဲ့ပြီး အဖွဲ့လိုက် အဖွဲ့လိုက် စပ်ကြတယ်။ တီးလုံးတွေလည်း တိုက် ကြတယ်။ နောက်တခါ ၈ ယောက်စလုံးကို ဂုဏ်ပြုတဲ့သီချင်းလည်း တပုဒ်ပါတယ်။ ဒါပေ မယ့် အားလုံးထဲမှာ(ကျနော့်အထင်) အဓိကအကျဆုံးကတော့ အထိမ်းအမှတ်ကျောက် တိုင် စိုက်ထူရေးပဲလို့ထင်တယ်။

အဲဒီအချိန်မှာ ကျနော်တို့အနေနဲ့ ကိုယ်ထူကိုယ်ထ လုပ်ဖို့မလိုတော့ဘူး။ ထောင်အာဏာပိုင်တွေက ဆန်၊ ထင်း၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုပ်သီးတွေကို ကျနော်တို့ဆီကို

အရောက် သူတို့ လာပို့ပေးနေပြီ။ အရင်တုန်းကတော့ ကျနော်တို့ ကိုယ်တိုင်သွားပြီး တော့ သယ်ရတယ်။ ထမ်းရတယ်။ ထင်းလည်း ရှာရတယ်။ ရေလည်း ထမ်းရတယ်။ အခုတော့ သူတို့ အကုန်လုံး လာပို့ပေးတယ်။ ကျနော်တို့ ဖာသာလုပ်တာဆိုလို့ ထမင်း၊ ဟင်းချက်တာပဲ ရှိတော့တယ်။ ဒါကတော့ ကျနော်တို့ ကိုယ့်ဟာကိုယ်ပဲ ချက်စားကြတယ်။

ဒီတော့ အထိမ်းအမှတ်ကျောက်တိုင်ကို ကျနော်တို့ဘာသာပဲ ဆွဲကြတော့တယ်။ ကျောက်တိုင်အတွက် လိုအပ်တဲ့ ဘိလပ်မြေ၊ အုတ်... စတာတွေကို ထောင်အာဏာပိုင်တွေဆီက တောင်းယူတယ်။ လုပ်တဲ့အခါကျတော့ ကျနော်တို့ ရဲဘော်တွေပဲ ကိုယ့်ဟာကိုယ် လုပ်ကြတယ်။ ကျောက်တိုင်ရဲ့ တည်နေရာဟာ အာဇာနည်ဗိမာန်ရဲ့ အရှေ့တည့်တည့်။ တိုက်ပွဲဝင် အဓိကအဆောင်ဖြစ်တဲ့ အဆောင် ၉ ရဲ့ အရှေ့တည့်တည့်။ တိုက်ပွဲဝင်အာဇာနည်တွေရဲ့ ဗိမာန်နဲ့ဆိုရင် ၃/၄ ကိုက်ပဲ ကွာမယ်ထင်တယ်။ သဏ္ဌာန်က ၈ မြှောင့်သဏ္ဌာန်။ အောက်ခြေကနေ ကျောက်တိုင်ထိပ်၊ ကြယ်နီရဲ့ထိပ်ဖျားအထိဆိုရင် ၈ ပေ၊ ၈ လက်မတိတိ မြင့်တယ်။ အဲဒီကျောက်တိုင်ရဲ့အခြေမှာ အုတ်ခုံအသေးလေးတွေ ရှိတယ်။ အဲဒီ အုတ်ခုံလေးတွေပေါ်မှာ ကျဆုံးသူတွေရဲ့ ဦးချင်းနာမည်၊ အသက်စတာတွေ ရေးထားတယ်။ သူ့အထက်က ကျောက်တိုင်မျက်နှာပြင်ပေါ်မှာကျတော့ သူ့ရဲ့ဆောင်ပုဒ်ကို ရေးထားတယ်။ ဥပမာ... ရဲဘော်ထွန်းဝင်းဆိုရင် အုတ်ခုံပေါ်မှာ **'ရဲဘော်ထွန်းဝင်း၊ အသက် ၂၈ နှစ်'** ကျောက်တိုင်မျက်နှာပြင်ပေါ်မှာက မျက်တောင်အဖွင့်အပိတ်နဲ့...

## ကွန်မြူနစ်တယောက်ဟာ
## ကိုယ့်ကိုယ်ကိုယ် လေထီးတစ်သားလို သဘောထားပြီး
## ရောက်ရာအရပ်မှာ
## တော်လှန်ရေးတာဝန်ကို ထမ်းဆောင်ရမယ်

အဲဒါကို ဘိလပ်မြေထဲမှာ ထွင်းပြီး ကျနော်တို့ရေးထားတယ်။

အရှေ့ဘက်ဆုံးမျက်နှာမှာ ပထမဆုံးကျဆုံးသွားတဲ့ ရဲဘော်သိန်းကြည်ကို အထိမ်းအမှတ်ပြုတယ်။ ကျန်တဲ့ရဲဘော်တွေကို သူတို့ဆုံးကျတဲ့ အစီအစဉ်အတိုင်း တယောက်ပြီးတယောက် မျက်နှာစာတခုစီ တခုစီ အထိမ်းအမှတ်ပြုသွားတယ်။ အဲဒီကျောက်တိုင်ကို **'ပါတီနေ့'** ဖြစ်တဲ့ ၁၉၇၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အမီ ပြီးအောင်လုပ်ကြတယ်။ ဈာပနအခမ်းအနားကို အဲဒီနေ့မှာကျင်းပဖို့ သတ်မှတ်ထားလိုက်တယ်။

ကျဆုံးသွားတဲ့ရဲဘော်တွေရဲ့ ခေါင်းတွေရှေ့မှာ သူတို့ရဲ့ ရုပ်ပုံတွေကို ပုံတူပန်းချီကားကြီးတွေ ထောင်ထားတယ်။ ခုနက ကျနော်ပြောတဲ့ ရဲဘော်မြအောင်က ပန်းချီဆွဲကောင်းတယ်။ အထူးသဖြင့် ပုံတူဆွဲကောင်းတယ်။ တိုက်ပွဲစလို့ ရက်အတော်လေး ရလာတော့ သူ့ဆန္ဒနဲ့သူပဲ တိုက်ပွဲဝင်ရဲဘော်တွေရဲ့ ပုံတွေကို Sketch ခေါ်တဲ့ ပုံကြမ်းလေးတွေ

လိုက်ဆွဲတယ်။ ရဲဘော်တွေ ကျဆုံးသွားတဲ့ အခါကျတော့ သူက အဲဒီပုံကြမ်းလေးတွေကို ပုံချောအဖြစ် Sepia အရောင် ဆွဲတယ်။ ပန်းချီကားတွေက အလျား ၁ ပေခွဲ၊ အမြင့် ၂ ပေလောက် ရှိမယ်ထင်တယ်။ အောက်ခံက မျက်နှာကျက်လုပ်တဲ့ မီးခံကွန်ကရစ်ပြား။ တချို့ရဲဘော်တွေရဲ့ပုံက ကျဆုံးပြီးမှ အလောင်းကို ကြည့်ဆွဲရတဲ့ပုံတွေပါ။

ဒီလိုနဲ့ **'ပြည်သူ့သူရဲကောင်းများရဲ့ ဈာပန'**ကို ကျနော်တို့ ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ကျင်းပတယ်။ ခေါင်းတလုံးကို လူ ၈ ယောက်စီ ထမ်းကြတယ်။ ကျနော်တို့ ရဲဘော်တွေတင် မကဘူး။ မဟာမိတ်ပါတီအဖွဲ့တွေက ရဲဘော်တွေလည်း ဝင်ထမ်းကြတယ်။ အဲဒီနေ့က ရာသီဥတုဟာ သာယာကောင်းမွန်ပါတယ်။ မုန်တိုင်းလည်း စဲသွားပြီ။ အာဇာနည်တွေကိုမြှုပ်ဖို့ ကျနော်တို့ ရွေးလိုက်တဲ့နေရာကတော့ ကင်းစခန်းရဲ့ အရှေ့ဘက်ထောင့်၊ ပင်လယ်ကမ်းကနေ တက်လာမယ်ဆိုရင် မီတာ ၇၀/၈၀ လောက် တက်ရမယ်ထင်တယ်။ အဲဒီမှာ အုန်းပင် ၃ ပင် ဖိုခုံလောက်ဆိုင် ပေါက်နေတဲ့နေရာ ရှိတယ်။ အဲဒီအုန်းပင် ၃ ပင်ရဲ့ အလယ်မှာပဲ ဆိုကြပါစို့။ အဲဒီမှာပဲ ကျနော်တို့ သူတို့ကို မြှုပ်ပါတယ်။

အဲ... ခပ်လှမ်းလှမ်းမှာကတော့ အိုနာဆစ်သင်္ဘောပျက်ကြီးကို လှမ်းမြင်နေရတယ်။ သင်္ဘောပျက်ကြီးကတော့ လှိုင်းတွေထဲမှာ ယိမ်းထိုးနေတယ်။ ကျနော်တို့ ခေါင်းတွေ ထမ်းသွားတဲ့အခါမှာ လေပြည်လေးက တသုန်သုန်ဖြူးနေတယ်။ အုန်းပင် ၃ ပင်ရဲ့ အလယ်မှာ ကျင်းအကျယ်ကြီး၊ အနက်ကြီးတခု တူးထားတယ်။ အာဇာနည်တွေရဲ့ ခေါင်းတွေကို မပိတ်မီမှာ သူတို့ရဲ့နာမည်နဲ့တကွ အသက်၊ သူတို့ရဲ့ဆောင်ပုဒ် စတာတွေကို ရေးထားတဲ့ ကြေးပြားလေးတွေကို အထဲမှာထည့်ပြီးမှ ခေါင်းပိတ်ပါတယ်။

အာဇာနည်သုသာန်နေရာမှာ ခေါင်း ၈ လုံး စုံပြီဆိုတဲ့အခါကျတော့ ကျနော်တို့ရဲ့ တူရိယာဝိုင်းကနေ **'အင်တာနေရှင်နယ်'**လို့ခေါ်တဲ့ နိုင်ငံတကာသီချင်းကို တယောဧ လက်နဲ့ အခြားတူရိယာပစ္စည်းအစုံနဲ့ တီးမှုတ်ဂုဏ်ပြုကြတယ်။ ပြီးတော့ ရဲဘော် တယောက်စီကို သူတို့အတွက် ဂုဏ်ပြုတဲ့သီချင်းတွေ သီဆိုပြီး ခေါင်းတခေါင်းစီ မြေချပါတယ်။ သူတို့ ကျဆုံးတဲ့အစဉ်အတိုင်း တယောက်ပြီးတယောက် ဂုဏ်ပြုပြီးတော့ မြေချတာပါ။ ခေါင်း ၈ လုံး မြေကျပြီးပြီဆိုတော့ သူတို့ ၈ ယောက်စလုံးအတွက် ဂုဏ်ပြုစပ်ထားတဲ့ **'ပြည်သူ့သူရဲကောင်းများသို့'**ဆိုတဲ့ ဂုဏ်ပြုသီချင်းကို တီးမှုတ်သီဆိုပါတယ်။ အဲဒီနောက် မြေဖို့ကြတာပါပဲ။

မြေဖို့ပြီးပြီဆိုတဲ့အခါမှာ လွမ်းသူ့ပန်းခွေတွေ ချကြပါတယ်။ ပထမဆုံး ချတာက ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ပန်းခွေပါ။ ပန်းခွေချပြီးတော့ အဲဒီအဖွဲ့အစည်းရဲ့ သက်ဆိုင်ရာ ရဲဘော်တွေက ဦးညွှတ်အလေးပြုကြပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီက ပန်းခွေချပြီးတဲ့ အခါမှာ ကျန်တဲ့ပါတီအဖွဲ့အစည်းတွေက ပန်းခွေတွေအသီးသီး ချကြပါတယ်။ အဲဒီမှာ

ထူးထူးခြားခြားပြောရမှာက မန္တလေးက နိုင်ငံရေးသမားဟောင်းကြီး သခင်ရန်ခွေ။ သူက သူ့ပုဂ္ဂိုလ်တဦးချင်းအနေနဲ့ကို ပန်းခွေချ သီးသန့်အလေးပြုပါတယ်။

ကျနော်တို့နဲ့အတူ တိုက်ပွဲဝင်လာကြတဲ့ ရဲဘော်တွေရဲ့ ခန္ဓာကိုယ်များဟာ ပထဝီမြေကြီးအောက်ကို ရောက်သွားပါပြီ။ ဒါပေမယ့် သူတို့ရဲ့ စိတ်ဓါတ်ဝိညာဉ်ကတော့ ကျနော်တို့နဲ့ အခုအထိအတူ ဆက်ရှိတက်နေပါတယ်။ ကျနော် တဦးချင်းအနေနဲ့ ပြောရမယ်ဆိုရင် ကိုယ့်ဘဝရဲ့ အရေးကြီးတဲ့ အကွေ့အချိုးတိုင်း၊ ဆုံးဖြတ်မှုတိုင်းမှာ သူတို့ကို သတိရပါတယ်။ သူတို့ကို ပြန်စဉ်းစားပြီးတော့ ကိုယ့်ကိုယ်ကို မောင်းတင်ရ၊ သံပတ်တင်းရ တာမျိုးတွေလည်း မကြာခဏ ကြုံရဖူးပါတယ်။ အာဇာနည်သူရဲကောင်းတွေသာ မရှိရင် တော်လှန်ရေးအောင်ဖို့ မပြောနဲ့၊ တော်လှန်ရေးတခုလုံးကို သယ်ဆောင်ဖို့တောင်မှ မဖြစ်နိုင်ပါဘူး။ အခု ကိုကိုးကျွန်းသမိုင်းဟာ အနှစ် ၃၀ ကျော်သွားပါပြီ။ ဘယ်သူတွေ ဘယ်လိုပဲပြောနေနေ ကိုကိုးကျွန်း သူရဲကောင်းအာဇာနည်များရဲ့ စိတ်ဓာတ်နဲ့ သူတို့ရဲ့ စွန့်လွှတ်မှု၊ သူတို့ကြောင့် ရရှိတဲ့ အောင်ပွဲကိုတော့ အသိအမှတ်မပြုလို့ မနေနိုင်ပါဘူး။

## အမေ့ခေါ်သံ

ကျနော်တို့အနေနဲ့ ကိုယ့်ထူကိုယ်ထ လုပ်ဖို့မလိုတော့ဘူးဆိုတဲ့အခါကျတော့ အချိန်တွေက အများကြီးရတယ်။ အချိန်တွေ ပိုလာတယ်။ စာဖတ်လို့ ရတာပေါ့လေ။ ဒါပေမယ့် ကျနော်တို့ အားကစားတွေဘာတွေ လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ အဲဒီရဲဘော်တွေ မရှိတော့တဲ့အခါမှာ သူတို့ကိုပဲ သတိရနေတယ်။ ကျနော်တို့ လူစုမိတိုင်း သူတို့အကြောင်းတွေကိုပဲ ပြောကြတယ်။ တခါတခါ သူတို့ကိုဂုဏ်ပြုတဲ့တေးတွေ စုပြီး ဆိုကြ၊ တီးကြ၊ မှုတ်ကြတယ်။ ရေကြည်သောက်တိုင်း ရေတွင်းတူးတဲ့သူတွေကို မမေ့ကြတာပေါ့လေ။ အဲလို စုပြုပြီးတဲ့နောက် တလအကြာမှာ သူတို့ကိုဂုဏ်ပြုတဲ့ ကဗျာစာအုပ်တအုပ် ထုတ်ခဲ့ကြတယ်။

ဒီလိုနဲ့ မုတ်သုံလွန်တဲ့အခါမှာ ထောင်အာဏာပိုင်တွေက ကျနော်တို့ကို ပြည်မပြန်ပို့တယ်။ သူတို့က လာကြိုတဲ့ သင်္ဘောရောက်လာတဲ့အခါမှာ ကျနော်တို့ကို လာပြီးတော့ အကြောင်းကြားတယ်။ "နောက် ၂ ရက်နေရင် ထွက်ခွာရမယ်။ ခင်ဗျားတို့ ပြင်ဆင်ကြပါ"လို့ လာပြီးပြောတယ်။ ဒါနဲ့ ကျနော်တို့ ပြင်ဆင်ကြပါတယ်။ ပြည်မ ပြန်ရမယ်ဆိုပေမယ့် ကျနော်တို့စိတ်ထဲမှာ ပျော်လှတယ်လို့ မရှိပါဘူး။ ပြည်မက ထောင်တွေ(အထူးသဖြင့် အင်းစိန်ထောင်)အကြောင်းကို ကောင်းကောင်းသိထားတော့ ကျွန်းက ပြန်ရတယ်ဆိုတာဟာ ဒယ်အိုးထဲကနေ မီးတောက်ထဲကို ခုန်ချရတာဖြစ်နိုင်တယ်လို့ တွက်ထားကြတယ်။ ဟိုရောက်ရင် ကျွန်းမှာလို လွတ်လွတ်လပ်လပ် အားလုံးအတူတူ မနေရမှာကလည်း သေချာနေတယ်။ ဘာပဲပြောပြော ကျနော်တို့ပြင်ကြတယ်။

ပြင်ကြတယ်ဆိုတာ ဘာပြင်လဲဆိုတော့ အဓိကအားဖြင့် ကျနော်တို့ရှိတဲ့ စာရွက်စာတမ်းတွေအကုန်လုံး ဖျက်ဆီးကြ၊ မြေမြှုပ်တန်တာ မြှုပ်ကြပေါ့လေ။ ပြီးတော့မှ ကိုယ်ပိုင်ပစ္စည်းလေးတွေ ထုပ်ကြပိုးကြတာ။ ကိုယ်ပိုင်ပစ္စည်းကတော့ များများမရှိပါဘူး။ ကျနော်လိုလူသာ အိမ်ကပို့တဲ့ စာအုပ်တွေများနေတာ။ (အဲဒီ စာအုပ်တွေလည်း အင်းစိန်ထောင်ရောက်ပြီးတဲ့နောက် ဘယ်ရောက်သွားမှန်းကို မသိတော့ဘူး။ ပြန်မတွေ့တော့ဘူး။) နောက်တခုက ကျနော်တို့မှာ စုထားတဲ့ စားစရာ၊ သောက်စရာတွေ ရှိတယ်။

ဥပမာ... အမဲသားဗူးတို့၊ လိပ်သားခြောက်တို့၊ နို့ဆီဗူး အပါအဝင်ပေါ့လေ။ ကျနော်တို့ ရိက္ခာတွေ စုထားတဲ့ဟာတွေရှိတယ်။ တမင်စုထားတာ။ ကျနော်တို့ အခမ်းအနားတွေ၊ ပွဲတွေလမ်းတွေကျရင် စားရ သောက်ရအောင်ဆိုပြီးတော့။ အခုတော့ အဲဒါတွေ ကျနော်တို့ အပြတ်ရှင်းကြတယ်။ ကျနော်တို့ရိက္ခာရုံမှာရှိတဲ့ နို့ဆီတွေ၊ လိပ်သားခြောက်တွေ၊ အမဲဗူးတွေကို အနပ်တိုင်း စားကြတာပဲ။ အမဲဗူးထဲက အမဲသားတွေဆိုရင် အခြောက်ကြော်ပြီး ပန်းကြီးတွေနဲ့ စားပွဲပေါ်မှာတင်ထားတယ်၊ စားလို့လည်း မကုန်တော့ဘူး။ ကျနော်တို့လည်း စားချင်သောက်ချင်စိတ် မရှိတော့ဘူး။

အဲဒီမှာ အံ့သြစရာတခု ပြောချင်သေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျနော်တို့တတွေ အဲဒီလို ထူးထူးခြားခြား အလုပ်ရှုပ်နေကြတယ်၊ ပုံပျက်ပန်းပျက် ဖြစ်နေတယ်ဆိုတာကို ကျနော်တို့ မွေးထားတဲ့ ခွေးတွေကလည်း သတိထားမိကြတယ်။ သူတို့လည်း မျက်နှာမသာဘူး။ စောစောက အမဲသားတွေကို သူတို့လည်း ကျွေးတယ်။ သူတို့လည်း မစားတော့ဘူး။ အရင်ဆို ကျနော်တို့ခွေးတွေက အသားဆို အငမ်းမရ။ သူတို့လည်း ကျနော်တို့လိုပဲ တော်ပြတ်နေတဲ့ဟာတွေ။ အဲတော့ ခွေးတွေကတောင် သတိထားမိတယ်။ ကျနော်တို့ပြန်ရတာက အောက်တိုဘာလလား။ နိုဝင်ဘာလလား ကျနော် အသေအချာ မမှတ်မိတော့ဘူး။ အခု ကျနော် ပြန်စဉ်းစားလိုက်တော့ ကျွန်းကိုလာတုန်းက ကိစ္စတွေကို ကျွန်းကပြန်တဲ့ ကိစ္စတွေထက် ပိုပြီးမှတ်မိနေတယ်။ ကျွန်းကပြန်တဲ့ကိစ္စကို ခေါင်းထဲမှာ သိပ်မရှိဘူး။

အဲဒါ ပြန်ကြတယ်ပေါ့ဗျာ။ ပြန်ကြတော့ ကျနော်တို့ကို လာကြိုတာက အလာတုန်းက **‘ပြည်တော်ညွန့်’** သင်္ဘောပဲ။ ပြန်မယ့်နေ့ မနက်အစောကြီးမှာ မိုးတောင်မလင်းသေးဘူး။ အာဇာနည်တွေကို သွားပြီး အသုတ်လိုက် အလေးပြုကြတယ်။ ဘာနဲ့မှမတူတဲ့ ခံစားမှုပဲလေ။ ကျနော်တဦးချင်းမှာတော့ အဲဒီနားမှာတင် ကျနော့်ဘဝအတွက် ဆုံးဖြတ်ချက်ကျသွားတယ်လို့ ထင်တယ်။ ငါ ရှေ့မှာ ဘာဆက်လုပ်မယ်ဆိုတာ အဲဒီမှာ ဆုံးဖြတ်လိုက်တဲ့သဘောပဲ။

အဲဒီလိုပဲ ကျနော်တို့ လာတုန်းက တက်တဲ့နေရာဘက်ကပဲ ပြည်တော်ညွန့်သင်္ဘောပေါ် ပြန်တက်ကြတယ်။ ဒါပေမယ့် အလာတုန်းက သင်္ဘောကြီးက အဖြူရောင်ကြီး။ အခုတော့ သူတို့က ဆေးပြောင်းသုတ်ထားတယ်။ အနက်ရောင်ကြီး။ ဒါပဲကွာတယ်။ သင်္ဘောဝမ်းထဲမှာ ကျနော်တို့ အလာတုန်းက ဘာမှမရှိဘူး။ အောက်ခံရှိုးရှိုး သံကြမ်းပြင်ပေါ်မှာ ဖင်ချထိုင်ရတာ။ အခု အပြန်ကျ သင်္ဘောဝမ်းထဲမှာ နှစ်ထပ်အိပ်စင် အပြည့်လုပ်ထားတာ။ ကြည့်ရတာ သူတို့ခရီးသည်တွေ ဆွဲတဲ့သင်္ဘောပဲ။ နောက်ပြီး အိပ်စင်တိုင်းမှာလည်း အသက်ကယ် ဖော့အကျီလေးတွေ ချိတ်ထားတာ တွေ့ရတယ်။

ကျနော်တို့ကို သင်္ဘောဆိပ်ကဆင်း ရန်ကုန်ဆိပ်ကမ်းတက်တော့ ည ပိုင်း ၈ နာရီ၊ ၉ နာရီလောက် ရှိပြီထင်တယ်။ အလာတုန်းကလိုပဲ ကျနော်တို့ကို ကားကြီးတွေပေါ်

တင်ပြီး အင်းစိန်ထောင်ကို တန်းမောင်းသွားတယ်။ မှန်ပြူတင်းပေါက်မှာတော့ အလာ တုန်းကလို စက္ကူအဖြူတွေ ကပ်မထားတော့ဘူး။ ကျနော်တို့ကို အင်းစိန်ထောင်မကြီး ထဲကို အကုန်လုံး သွင်းလိုက်တယ်။ ထောင်ဗူးထဲရောက်တော့ နာမည်နဲ့လူစစ်ပြီး ခေါင်း ပေါ်စောင်အုပ်ပြီး ခေါ်သွားတာပဲ။ အသုတ်လိုက်၊ အသုတ်လိုက် ခေါ်သွားတာ။ ဗူးခန်းထဲ ကနေပြီး ကျနော်တို့ ကြက်တူရွေးလှောင်အိမ်ကိုဖြတ်၊ ပတ်ဘက်ရောက်တာနဲ့ ပုံစံထိုင်ခိုင်း တာပဲ။ ကျနော်တို့က မထိုင်ကြဘူး။ မထိုင်တော့ အသင့်စောင့်နေတဲ့ကောင်တွေက ဝိုင်း ရိုက်တာပဲ။ ခေါင်းကိုအုပ်ထားတော့ ဘာမှမမြင်ရဘူး။ လဲကျသွားပြီး နောက်ကျတော့ ထိုင်လိုက်ရတာပဲ။

အဲဒီနောက်မှာ ကျနော့်ကိုကျတော့ ၄ တိုက်ကိုခေါ်သွားတယ်။ ကျနော်တို့ ကျွန်းပြန်တွေအားလုံးကို တခြားဘယ်အကျဉ်းသားနဲ့မှ မရောဘူး။ ကျနော်တို့ ကျွန်း ပြန်တွေချည်းပဲ သပ်သပ်ထားတယ်။ ကျနော်နေတဲ့ ၄ တိုက်မှာလည်း အားလုံး ကျွန်းပြန် တွေချည်းပဲ။ ကျနော်နဲ့ တခန်းထဲနေရတာက မန္တလေးဘက်က လာတဲ့လူ။ လူငယ်တပ် ဦးက ကိုအောင်မြင့်တဲ့။ သူက ရွှေဘိုသား။ အရင်က မန္တလေး ပန်တျာကျောင်းက ပန်းချီ ကျောင်းသား။ မန္တလေးထောင်မှာလည်း နေဖူးတယ်။ ကျနော့်ရဲ့ ညာဘက်အခန်းမှာက စာရေးဆရာ ဦးလေး ဦးမြသန်းတင့်။ ဦးလေး ဦးမြသန်းတင့်နဲ့အတူနေတာက(တလောက ကွယ်လွန်သွားတဲ့) ရဲဘော်နီအောင်မေသု။ ဒီလူတွေကတော့ အထူးပြောနေစရာ၊ မိတ် ဆက်ပေးနေစရာ မလိုတဲ့သူတွေ။ (တလောက NLD က ကျသွားတဲ့ အုတ်ဖိုက ကိုအောင် မေသုပေါ့။) မျက်နှာက ပြုံးပြုံးပြုံးပြုံးနဲ့၊ အင်းစိန်ထောင်အာဏာပိုင်တွေကြားမှာ အလွန် ခေါင်းမာတယ်လို့ နာမည်ကြီးတဲ့လူ။) ကျနော့် ဘယ်ဘက်အခန်းမှာက ရန်ကုန်ခရိုင် ကျောင်းသားသမဂ္ဂက ကိုထွန်းအောင်ကျော်။ ကျနော်တို့က ကိုထွန်းအောင်ကျော် (အဖြူ)လို့ခေါ်တယ်။ ကိုထွန်းအောင်ကျော် နှစ်ယောက်ရှိတာမို့လို့။ သူက ရန်ကုန် ရေကျော်က။ သူနဲ့အတူနေရတာက ခုနက ကိုအောင်မြင့်နဲ့ အမှုတွဲ တခုတည်းဖြစ်တဲ့ လူ ငယ်တပ်ဦးက ကိုခင်မောင်သန်း။ သူလည်းပဲ ရွှေဘိုကပဲ။

ထောင်ထဲသွင်းလိုက်ပြီဆိုတာ အားလုံးစောင်အုပ်ပြီး ခေါ်သွင်းလာတာ။ ဘေး ခန်းတွေနဲ့ မဆက်သွယ်ရဘူး။ စကားမပြောရဘူး။ ပြောရင် အသေပဲဆိုတာမျိုး ပြောပြီး အထဲကို ကန်ထည့်လိုက်တာ။ ကျနော်တို့လည်း ရောက်ရောက်ချင်းဆိုတော့ အရိပ်အခြေ ကြည့်နေရတာ။ နောက်ကျမှ ဘေးခန်းနံရံကို ခေါက်ပြီး ဆက်သွယ်ရတယ်။ 'ဒေါက်ဒေါက် ဒေါက်ဒေါက်' ပေါ့လေ။

ပထမဆုံး အဲဒီဘက်အခန်းမှာ ဘယ်သူရှိလဲဆိုတာပဲ မေးကြရတာ။ ဒါ အလွယ် ဆုံးနည်းပဲ။ အဲဒါကတော့... A B C D စကားလုံးတွေကို A ဆိုရင် ၁ ချက်၊ B ဆိုရင် ၂ ချက်၊ C ဆိုရင် ၃ ချက်၊ Z ဆိုရင် ၂၆ ချက်။ အဲဒီလို ခေါက်ပြီး ဆက်ကြရတာ။ အတော် လက်ဝင်တဲ့ကိစ္စ။ ထောင်ထဲမှာကတော့ အချိန်ကလည်း ပေါတာကိုး။ အဲဒီတော့ လက်ဝင်

ပေမယ့်လည်း ကြာကြာကြီး အလုပ်လုပ်လို့ရတယ်။ ဒါပေမယ့် နားထောင်တဲ့လူကလည်း နားဆင်တယ်။ သိပ်လွယ်တာ မဟုတ်ဘူး။

စရိုက်တာကတော့ ထုံးစံအတိုင်း Who ဘယ်သူလဲပေါ့ဗျာ။ ဒီတော့မှ တဖက်က နာမည်ကို ပြန်ရိုက်ပြတယ်။ ကိုထွန်းအောင်ကျော်ကလည်း သူ့နာမည် အတို T A K လို့ ရိုက်ပြတယ်။ ပြဿနာက ကျနော်တို့အထဲမှာက ကိုထွန်းအောင်ကျော်ဆိုတာ နှစ်ယောက်ရှိတယ်။ ဒီ ကိုထွန်းအောင်ကျော်ကို ကျနော်တို့က 'လိပ်ကလေး' လို့ ခေါ်တယ်။ အဲဒီတော့ ကျနော်က 'လိပ်ကလေးလား' လို့ မေးချင်တာနဲ့ ကျနော်က အင်္ဂလိပ်စာလုံး လိပ်(tortoise)ဆိုတဲ့ စကားလုံးကို ရိုက်ပြတယ်။ ဒါပေမယ့် အဲဒီစာလုံးက t o r t o i s e ရှစ်လုံးတောင် ရိုက်ရတာ အရှည်ကြီး။ အဲဒီတော့ သူက စိတ်မရှည်ဘူး။ နံရံကို ဂျစ်ဂျစ် ဂျစ်ဂျစ်ဆိုပြီး ဆွဲခြစ်ပစ်လိုက်တယ်။ ပြီးတော့မှ သူက ရိုက်တယ် l a k e လိပ်တဲ့။ အဲဒီလိုဆိုတော့ ပွဲက ပြတ်သွားရော။ ရယ်လည်း ရယ်ရတယ်။

နောက်ပြီးတော့မှ ဒီဘက်က ဦးမြသန်းတင့်တို့၊ ကိုအောင်မေသုတို့နဲ့ အဆက်အသွယ်ရတယ်။ အဲဒီနောက် တဖြည်းဖြည်း ဝါဒါအလစ်မှာ စကားပြော ဖြစ်ကြတယ်။ ကျနော်တို့ ထမင်းပို့၊ ဟင်းပို့တွေ ရေ့ကိုပစ်လိုက်လို့ရှိရင် ဆက်ရက်တွေက လာစားကြတယ်။ ကျနော်တို့အနားမှာ ဆက်ရက်တွေက ရှိတဲ့အခါကျတော့ ကောင်းတယ်။ ဘာကောင်းလဲဆိုတော့ ဝါဒါလာရင် ဆက်ရက်တွေက ထပြန်တယ်။ ဝါဒါ လာမလာ ကျနော်တို့သိနိုင်တယ်။ ဒါပေမယ့် စကားအပြောများတာကတော့ ညပိုင်း ပိုပြောကြတယ်။ ခုနက ကိုထွန်းအောင်ကျော်နဲ့ ကျနော်က ကိုကိုးကျွန်းပေါ်တုန်းက လေ့လာရေးအတူတူပဲဆိုတော့ ပြောစရာတွေက အများကြီး။ နောက် ဦးမြသန်းတင့်တို့၊ ကိုအောင်မေသုတို့နဲ့ကလည်း စကားက ပြောမယ်ဆိုရင် ပြောစရာတွေ အများကြီး ... ။

ကျနော် ဒီမှာ မှတ်မှတ်ရရ ပြောချင်တာတခုက ဦးမြသန်းတင့်က ကျနော့်ကို သူ့ခေါင်းထဲမှာ စဉ်းစားထားတဲ့ သူစာရေးမယ့် အကြောင်းအရာတွေကို ပြောပြတယ်။ ညတိုင်းမှာ တခုချင်း တခုချင်း ပြောပြတယ်။ သိပ်စိတ်ဝင်စားစရာ ကောင်းတယ်။ သူ ထောင်က ထွက်လာပြီးတဲ့အခါမှာ သူပထမဆုံးရေးတဲ့၊ လူကြိုက်လည်းများတဲ့ 'ကျနော် ဆက်၍ရေးချင်သောဝတ္ထုများ' အကြောင်းကို သူအဲဒီမှာ ကျနော့်ကိုပြောပြတာ။ တခြား ဘယ်သူ့ကိုမှ ပြောမပြသေးဖူးဘူး။ ဒါကျနော် ခုမှပြန်ပြောတာ ဂုဏ်လည်းယူတယ်။ သူ ရေးမယ့်သူတွေရဲ့ တဦးချင်းရဲ့ဝတ္ထုတွေကို သူက အသေးစိတ်ပြောပြတာ။ နောက်ပြီးတော့ သူဘယ်လို လုပ်မယ်၊ အရင်စာရေးဆရာတွေထဲက ဘယ်အချက်ကို အားမရတာ၊ ဒါကြောင့်မို့လို့ ဒီခေတ်အမြင်နဲ့ ပြန်ရေးမယ်ဆိုရင် ဘယ်လိုရေးမယ်ဆိုတာကို သူက အသေးစိတ် ပြောပြတာ။ ဟာ ... ကျနော်ကလည်း သဘောကျလွန်းလို့ "ဦးရယ်... ထွက်ရင် ရေးဖြစ်အောင်ရေးပါ" လို့ တိုက်တွန်းတာ။

ဦးလေးဦးမြသန်းရဲ့ ထူးခြားချက်တခုက စာတွေ အများကြီး ဖတ်တာတင် မကဘူး။ အများကြီး မှတ်မိတာ။ ခုနကပြောတဲ့ သူရေးချင်တဲ့ 'ကျနော် ဆက်၍ရေးချင်သော ဝတ္ထုများ' ဆိုတာက အရင် အနှစ် ၃၀ ကျော်လောက်က ဟာတွေ၊ စစ်မဖြစ်ခင်ကဟာတွေ။ အဲဒါတွေကို သူက အကုန် အသေးစိတ် မှတ်မိနေတာ။ ဇာတ်ကောင်နာမည်ကိုက အစ အသေးစိတ်တွေ။ အတော့်ကို အံ့သြဖို့ကောင်းတာ။ အဲဒါအပြင် အခြား ပြည်တွင်းပြည်ပက စာပေရေးရာအကြောင်းတွေလည်း အများကြီး ပြောကြတယ်။ ကျနော်က နားထောင်တာပါ။ ကျနော်က ပြောစရာသိပ်မရှိပါဘူး။

ကိုအောင်မေသုကတော့ ကျနော်ကို အင်းစိန်ထောင်ရဲ့ ဗဟုသုတပေးပါလေ။ ကျနော်တို့ကို တာဝန်ယူနေတဲ့ အာဏာပိုင်တွေ၊ ဝါဒါတွေအကြောင်း အကုန်လုံး မိတ်ဆက်ပြတယ်။ အင်းစိန်ထောင်မှာ ဆောင်ရန်ရှောင်ရန်တွေလည်း ပြောတယ်။ သူက ကျနော့်ထက် အသက် ၄/၅ နှစ်လောက် ကြီးမလားမသိဘူး။ သူက ရဲဘော်တွေကိုခေါ်ရင် ဘယ်တော့မှ တုံးတိကြီး မခေါ်ဘူး။ နာမည်ရှေ့မှာ 'ရဲဘော်' တပ်ပြီး ခေါ်တယ်။ စကားပြောရင်လည်း ဘယ်တော့မဆို 'ခင်ဗျား ... ကျနော်' ပဲ ပြောတယ်။ ကျနော်တို့အထဲမှာ အသက်အငယ်ဆုံးဖြစ်တဲ့ ကိုလှဋ္ဌေးကိုတောင်မှ 'မင်း... ငါ' မပြောဘူး။

ကျနော်တို့ ရန်ကုန်ထောင်ကို ရောက်တဲ့အခါ ဆောင်းဝင်စပြုနေပြီ။ နောက်ပိုင်း ဆောင်းတွင်းကိုရောက်တဲ့အခါ မနက်ပိုင်းနဲ့ ညပိုင်းမှာ အတော်လေး အေးတယ်။ ရှေ့တံခါးက ပိတ်မထားတော့ အမြဲပဲ လေဝင်နေတယ်။ ကျနော်တို့ကို ပေးထားတာ ဘာဘူစောင်အစုတ်ကလေး တထည်တည်း။ ညမှာဆိုရင် အောက်က အခင်းမရှိတဲ့၊ ၄ လက်မ လောက်မြင့်တဲ့ ပျဉ်ပြားကွပ်ပျစ်ပေါ်မှာ အဲဒီ ဘာဘူစောင်လေးနဲ့ ကွေးရတာပဲ။ မနက်အိပ်ယာအစောကြီး ထရတယ်။ ထပြီး အဲဒီစောင်ကို ခေါက်၊ အဲဒီကွပ်ပျစ်ပေါ်မှာ ရှေ့ကခင်း၊ အဲဒီစောင်ခေါက်ရဲ့ နောက်မှာ တင်ပလ္လင်ခွေထိုင်ပြီး လာစစ်မယ့်ထောင်မှူးကို စောင့်ရတာ။ သူတို့ ဘယ်အချိန်မှလာမလဲ အတိအကျပြောမရဘူး။ အဲဒီလို တုပ်တုပ်မှ မလှုပ်ဘဲနဲ့ ထိုင်ပြီးတော့ စောင့်ရတာ။ အေးကလည်းအေး၊ ချမ်းကလည်းချမ်း၊ စောင်လည်း ခြုံလို့မရဘူး။ စောင်က ရှေ့မှာ ခေါက်ပြီးတော့ ထားရတာ။ တခါတလေ နာရီဝက်လောက်ကို အကြာကြီး ထိုင်စောင့်ရတာ။

တနေ့တော့ ကျနော်က ထောင်မှူးလည်း မလာသေးတော့ စောင်ကိုယူပြီး ကိုယ်မှာ ပတ်ထားတယ်။ ဒီလိုအချိန်မှာပဲ ထောင်မှူးဆိုတဲ့ကောင်က ဘာသံမပေး၊ ညာသံမပေးနဲ့ ဖြုန်းဆို ပေါက်ချလာရော။ ရောက်လာတော့ ကျနော် စောင်ကို ကမန်းကတန်း ပြန်ခေါက်တယ်။ ဒါပေမယ့် မမီတော့ဘူး။ အဲဒီကောင်က တွေ့သွားတယ်။ အဲဒီမှာ ဒီကောင်က ရှူးရှူးရှားရှားနဲ့ ပါလာတဲ့ ဝါဒါ ၂ နောက်ကို တံခါးဖွင့်ခိုင်း၊ ဝင်လာပြီး ကျနော့်ကို လက်ပိုက်ခိုင်းပြီး သူစီးထားတဲ့ဖိနပ်နဲ့ချတ်ပြီး ကျနော့်ပါးကို ရိုက်တာပဲ။ ကျနော့်ပါးကို ရိုက်တာ။ ကျနော့်တသက်မှာ ဒါမျိုး ကျနော်ဘယ်လိုမေ့မလဲ။ အခုရော ဘယ်မှာကြွေနိုင်မလဲ။ အဲဒီထောင်မှူးဆိုတဲ့ အကောင်ရဲ့နာမည်က 'သောင်းရွှေ' တဲ့။ အရင်က အင်မ

တန် ဆိုးတယ်လို့ နာမည်ကြီးတဲ့သူ။ ရုပ်က သွေးမရှိတဲ့ရုပ်မျိုး။ အင်မတန် ရက်စက်တဲ့ ရုပ်မျိုး။

အဲဒီလိုနဲ့ တနေ့မှာကျတော့ ကျနော်တို့ကို စာမေးပွဲဖြေခိုင်းတယ်။ သူတို့ မေးခွန်းတွေကို ဖြေရတာပေါ့။ အရင်တုန်းက လုပ်နေကျအတိုင်း၊ မေးခွန်းတွေကလည်း အရင်ကအတိုင်းပဲ။ ကျွန်းမပို့ခင် မန္တလေးထောင်မှာ မေးတဲ့အတိုင်း။ နောက် ကျွန်းပို့ခါနီး အင်းစိန်၊ တွဲဖက်ထောင်ထဲမှာ မေးတဲ့အတိုင်း ဘာမှမကွဲဘူး။ ကျနော်ကလည်း ဖြေတော့ အဲဒီအတိုင်းပဲ။ ဘာမှမကွဲဘူး။ အဲဒီနောက် ကျနော်တို့ကို အခန်းပြောင်းတာတွေ လုပ်တယ်။ ကျနော့်ကို ၄ တိုက်ရဲ့ ဒီဘက်အဆုံးကနေ ဟိုဘက်အဆုံးကို ပို့လိုက်တယ်။

ကျနော်နဲ့အတူနေရတဲ့သူက ကျနော်တို့နဲ့ ကိုကိုးကျွန်းက ပြန်လာတဲ့ ဦးတင်ညွန့်။ ဗမာပြည်ကွန်မြူနစ်ပါတီကပဲ။ ဝါရင့်တော်လှန်ရေးသမား တယောက်။ ကျနော့်ထက် အသက်အများကြီး ကြီးတယ်။ ကျနော့်အပေါ် အင်မတန်မှ ကြင်နာတယ်။ စိတ်ရင်းစေတနာ သိပ်ကောင်းတယ်။ ပါတီဗဟိုရဲ့ ဆက်သားအဖြစ် သူ့လုပ်ကိုင်ခဲ့ပုံတွေကို ပြောပြောပြတယ်။ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်။ နှစ်ယောက်သား ကျွန်းအကြောင်းတွေ၊ အာဇာနည်အကြောင်းတွေလည်း ပြောဖြစ်ကြတယ်။ ကျနော်ကတော့ သူ့ဆီက လေ့လာစရာတွေ အများကြီးပေါ့လေ။ သူပြောသမျှကို မှတ်ထားရတာပေါ့။ ကျနော်တို့တိုက်ထဲမှာ နေရတဲ့အခါကျတော့ ဘာမှလုပ်စရာရှိတာ မဟုတ်ဘူး။ ကျွန်းမှာ ရေးလေ့ကျင့်ခန်းလုပ်ဖို့ဆိုတာလည်း နှစ်ယောက်အတူနေတာဆိုတော့ ဘာမှလုပ်လို့ မဖြစ်ဘူး။ အခန်းက ကျဉ်းကျဉ်းလေး။ အထူးသဖြင့် ကိုယ့်ထက်အသက်ကြီးတဲ့ လူကြီးတယောက်နဲ့ အတူနေရတာဆိုတဲ့အခါကျတော့ လှုပ်ရှားမှုက ပိုပြီးတော့ သတိထားရတယ်။ ဦးတင်ညွန့်ကတော့ လူငယ်လိုပါပဲ။ ကျနော်တို့ကို ဘာမှ အားနာအောင် မလုပ်ပါဘူး။ သူက အင်မတန် နားလည်ခွင့်လွှတ်နိုင်တဲ့လူ။ သဘောထား သိပ်ကြီးတယ်။

ကျနော်တို့နှစ်ယောက် လမ်းလျှောက်ကြတာပဲ။ တနေ့ကုန် လမ်းပဲလျှောက်နေတာပဲ။ ဦးတင်ညွန့်က နဂိုကတည်းက လမ်းလျှောက်တာ ဝါသနာပါတယ်။ သူ အဖမ်းမခံရခင် ရန်ကုန်မှာနေတုန်းကလည်း လမ်းလျှောက် ဝါသနာပါတယ်။ ကျွန်းပေါ်ရောက်တော့လည်း လမ်းလျှောက်နေတာပဲ။ သူက အရပ်ပုတယ်။ ဒါပေမယ့် လမ်းလျှောက်ရင် သုတ်သုတ်သုတ်သုတ်နဲ့လျှောက်တယ်။ ကျနော်တို့နှစ်ယောက် နေ့တိုင်းပဲ တိုက်ခန်းထဲ လမ်းအတူလျှောက်ရင်း စကားတွေ ပြောကြတယ်။ အများအားဖြင့်တော့ ကျနော်က နားထောင်သူ။ သူ့ဆီက သိချင်စရာတွေ အများကြီး။

ဒီလိုနဲ့ တနေ့မှာ လမ်းလျှောက်ရင်း ပါးစပ်ထဲမှာပေါ်လာတဲ့ အင်တာနေရှင်နယ်သီချင်းကို ဆိုမိတယ်။ ဘာရည်ရွယ်ချက်မှရှိလို့ မဟုတ်ဘူး။ တိုးတိုးလေး ဆိုတာတော့ မဟုတ်ဘူး။ အသံတော့ ထွက်တာပေါ့။ အသံ နည်းနည်းကျယ်တာပေါ့။ ကျနော်ဆိုတော့ ဦးတင်ညွန့်လည်း လိုက်ဆိုတယ်။ သူလည်း သီချင်းဆိုကောင်းတယ်။ ဘာမှလည်း မစဉ်း

စားမိဘဲနဲ့ လှမ်းငေးကြာက်ရင်း ဆိုနေတယ်။ အဲဒီမှာ ပြွန်းဆို ဝါဒါ ၃/၄ ယောက် ပေါက်ချလာတယ်။ ဒီကောင်တွေက ဘာမပြော ညာမပြောနဲ့ သံတံခါးဖွင့်ပြီး ကျနော့်ကို ဝိုင်းရိုက်ကြ၊ ကန်ကြတာ။ ဦးတင်ညွန့်ကိုတော့ လူကြီးမို့ထင်ပါရဲ့။ ဘာမှမလုပ်ဘူး။ ဒီအချိန်မှာ ဦးလေးဦးတင်ညွန့်က "ဟာ ... မလုပ်ကြပါနဲ့ဗျာ"ဆိုပြီးတော့ ကျနော့်ကို သူ့ကိုယ်လုံးနဲ့ ဝင်ပြီးကာပေးရှာတယ်။ ဒါလည်း ကျနော် တသက်လုံး မမေ့နိုင်တဲ့ခံစားချက်တရပ်ပဲ။ ထောင်အာဏာပိုင်တွေက ကျနော့်ကို ဝိုင်းရိုက်နေတယ်။ ကျနော် တို့ရဲ့ရဲဘော်က သူ့ကိုယ်လုံးလေးနဲ့ ဝင်ပြီးကာပေးတယ်။ ဘယ်တော့မှ မမေ့နိုင်တဲ့ကိစ္စပဲ။

တကယ်တော့ ကျနော့်ကိုဖမ်းပြီးထောင်ထဲက ထုတ်စစ်တဲ့အခါမှာ(ဖမ်းကာစကပေါ့လေ) ကျနော့်ကို ကျူးအနောက်ဖက်က MI ရုံးမှာ တညလုံး ရိုက်တယ်။ ဒါကို ရှေ့မှာ ကျနော်မပြောခဲ့ဘူး။ ကိုယ့်အကြောင်းကိုယ်မို့လို့ သိပ်မပြောချင်တာ။ ခုမှ ကျနော် ပြောတဲ့အကြောင်းက ကျနော့်အတွေးအခေါ်ကို ပုံသွန်းလောင်းပေးသလိုဖြစ်တဲ့ ဒီကိစ္စတွေကို တဆက်တည်းသိစေချင်လို့ပဲ။ လူတယောက်အနေနဲ့ တော်လှန်ရေးသမားတယောက် ဖြစ်လာတယ်ဆိုတာဟာ သာမန်စာအုပ်ဖတ်ပြီး ဖြစ်လာတာတင်မကဘူး။ နာစရာကျည်းစရာတွေ အများကြီးဖြစ်လာတဲ့အခါမှာ ပိုပြီးတော့ စွဲမြဲတယ်ဆိုတာ ကျနော်ပြောပြချင်လို့ပါ။

အဲဒီလိုနဲ့ တနေ့လည်းကျတော့ ထောင်အာဏာပိုင်တွေက ဦးတင်ညွန့်ကို လာခေါ်သွားတယ်။ စောင်အုပ်ပြီး ခေါ်သွားတာ။ ဘာမှလည်း မပြောဘူး။ သူ့ပစ္စည်းတွေ ဘာတွေလည်း ယူမသွားဘူး။ ကျနော်တယောက်တည်းပဲ ကျန်နေခဲ့တာ။ သူ့ကို လွှတ်လိုက်တာလား။ အခန်းပြောင်းလိုက်တာလား။ ဘာလုပ်တာလဲ စဉ်းစားနေတယ်။ ပစ္စည်းတွေဘာတွေလည်း မယူခိုင်းတော့ လွှတ်တာတို့၊ အခန်းပြောင်းတာတို့ ဟုတ်ချင်မှဟုတ်မယ်လို့လည်း စဉ်းစားနေတယ်။ ဒါပေမယ့် အဲဒီအချိန်မှာ လူတချို့ကို လွှတ်နေပြီ။ လွှတ်တဲ့အထဲမှာ ကျွန်းပြန်တွေလည်း ပါနေတယ်။

ကျနော်တို့နေတဲ့တိုက်ရဲ့ နောက်ကျောမှာ 'ရင်ကွဲတိုက်'လို့ခေါ်တဲ့ ၆ တိုက်ရှိတယ်။ အဲဒီမှာက သာမန်အကျဉ်းသမားတွေကို ထားတာ။ (အဲဒီအချိန်တုန်းကပေါ့လေ။) ညဘက်ဆိုလို့ရှိရင် အဲဒီဘက်က သတင်းစာဖတ်သံတွေကို ကြားရတယ်။ တခါတလေပေါ့လေ။ ကြားရတဲ့အချိန်မှာ သတင်းစာထဲမှာပါတဲ့ ထောင်ကလွှတ်တဲ့သတင်းတွေကို အကျယ်ကြီးအော်ဖတ်ပြတာ ကြားရတယ်။ ဒါ တမင် ကျနော်တို့ကြားအောင် လုပ်နေတယ်လို့ ထင်တယ်။ ကျနော်တို့ကို စိတ် ဓါတ်စစ်ဆင်ရေး လုပ်နေတာပဲ။ 'ဘယ်သူတွေတော့ လွှတ်ပြီ၊ ဘယ်သူတွေတော့ လွှတ်ပြီ'ဆိုတာကို တမင်ဖတ်ပြနေတာ။

အဲဒီလိုနဲ့ ကျနော် ဦးတင်ညွန့်ရဲ့ ကံကြမ္မာကို တွေးနေတုန်း ၂ နာရီ လောက်ကြာတဲ့အခါကျတော့ သူ့ကို ပြန်ခေါ်လာတယ်။ စောင်အုပ်ပြီး ပြန်ခေါ်လာတာ။ အခန်းထဲသွင်းပြီး စောင်အုပ်ကို ဖယ်၊ တံခါးကို ဂျိန်းကနဲ ပိတ်၊ ဝါဒါတွေ ပြန်သွားတော့ သူက

တံခါးတွေကို ဖြိုချပြီး"အမယ်လေး... ကိုဖိုးသံရေ"လို့ စပြောတယ်။ ဟာ... သူတော့ ဘာပြောမလို့လဲ၊ ကျနော်က သူ့မျက်နှာကို ကြည့်ရင်း မှန်းကြည့်နေတယ်။ သူက အင်မတန်ကို ထူးဆန်းတာတခုကို တွေ့ခဲ့တဲ့ပုံပဲ။ "ဟာ... ဘယ်လိုမှကို မထင်တဲ့ကိစ္စမျိုးဗျို့" လို့ပြောတာပဲ။ ဖြစ်ပုံကဒီလို... သူ့ကို ပဲခူးရိုးမက လက်နက်ချလာတဲ့၊ ထောက်လှမ်းရေးနဲ့ အတူတွဲလုပ်နေတဲ့ ဦးမြ၊ ရဲဘော်တင်ရှိန်၊ ရဲဘော်ဘခက်ဆိုတဲ့ လူတွေနဲ့ ထောက်လှမ်းရေးက တွေ့ပေးတာ။ ထောက်လှမ်းရေးက ဗိုလ်မှူးတယောက်ဆိုတာလည်း ပါတယ်။ သူတို့ သိဖူးတဲ့သူတွေအချင်းချင်းမို့လို့ နားချတဲ့သဘောပေါ့လေ။ ဗကပ အကြောင်း၊ သူ့တို့ ကိုယ်တွေ့ဆိုတဲ့အကြောင်း မကောင်းတာတွေ လျှောက်ပြောတာပဲ။

ပြီးတော့မှ ဦးတင်ညွှန့်ရဲ့တုန့်ပြန်မှုကို အဲဒီထောက်လှမ်းရေး ဗိုလ်မှူးက စောင့်ကြည့်အကဲခတ်၊ သူတို့ချင်း ပြန်ညှိကြတဲ့ပုံစံပဲ။ ဦးတင်ညွှန့်အပြောအရဆိုရင် တခြားသူတွေကို ခေါ်တွေ့ဦးမယ့်သဘောရှိတယ်။ တချို့ကိုလည်း ခေါ်တွေ့ပြီးပြီ။ ထပ်လည်း တွေ့ဦးမယ်။ နောက်ပြီး ကျနော့်ကိုလည်း ခေါ်တွေ့မယ်ထင်တယ်လို့ သူက ကျနော့်ကို ပြောတယ်။

ဦးတင်ညွှန့်ကို သူတို့ခေါ်တွေ့ပြီးတဲ့နောက်တနေ့ နေ့လယ်မှာပဲ ကျနော့်ကိုလည်း ခေါ်တွေ့တယ်။ ထောင်ထဲကလို့ပဲ ထင်ရတဲ့ ရုံးခန်းတခန်းဆီကို စောင်အုပ်ပြီး ခေါ်သွားတာပေါ့။ အခန်းလေးက တခန်းတည်းပါ။ တထပ်အဆောက်အဦလေးထဲက အခန်းလေးတခန်းလို့ ကျနော်ထင်တယ်။ အထဲရောက်တော့ အတွင်းဘက်ရှိတဲ့ အခန်းတခန်းထဲကို တွန်းပို့လိုက်တယ်။ အဲဒီမှာ စားပွဲတလုံး ချထားတယ်။ စားပွဲက လေးထောင့်ရှည်ရှည်။ စားပွဲထိပ်မှာက ထောက်လှမ်းရေးက ဗိုလ်မှူးတယောက် ထိုင်နေတယ်။ (သူ့နာမည်က ဗိုလ်မှူးစိုးမြင့်လို့ နောက်မှ သူ့ကိုယ်သူ ပြောပြလို့သိရတယ်။)

တံခါးပေါက်နဲ့မျက်နှာချင်းဆိုင် အတွင်းဘက်မှာက "သခင်သန်းထွန်း နောက်ဆုံးနေ့များ"စတဲ့ ထောက်လှမ်းရေးရဲ့ ဝါဒဖြန့်စာအုပ်တွေကို နာမည်ခံ ရေးထုတ်နေတဲ့ မြရာပင်စာပေဆိုတာက(သူတို့ခေါ်တဲ့)ရဲဘော်မြ၊ ရဲဘော်ဘခက်၊ ရဲဘော်တင်ရှိန်ဆိုတဲ့ လူ ၃ ယောက် ထိုင်နေကြတယ်။ ကျန်းကတည်းက ကျနော်တို့ အင်မတန်မုန်းတဲ့သူတွေပေါ့။ သူတို့နဲ့မျက်နှာချင်းဆိုင်မှာ ကျနော်တယောက်တည်း ကုလားထိုင်တလုံးမှာ ထိုင်ရတယ်။

ထောက်လှမ်းရေးဗိုလ်မှူးက သူ့ကိုယ်သူ ဘယ်သူဆိုတာ ပြောပြတယ်။ ပြီးတော့ မျက်နှာချင်းဆိုင်က ရှိတဲ့သူတွေနဲ့ မိတ်ဆက်ပေးတယ်။ သူတို့ ကျနော့်ကို စီးကရက်တည်တယ်။ ကျနော်က(နဂိုကတည်းက ဆေးလိပ်မသောက်တဲ့သူဆိုတော့) ငြင်းလိုက်တယ်။ အဲတော့ သူက အင်မတန်အေးဆေးတဲ့လေသံနဲ့ "ခင်ဗျားတို့က ထောင်ထဲမှာ နေတာ ကြာသွားတော့ကာ အပြင်မှာကိစ္စတွေ ဘာမှမသိဘူး။ အထူးသဖြင့် ဗကပ ဗဟိုမှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားက မသိဘူး။ ဟောဒီ ခင်ဗျားရှေ့က

ထိုင်နေတဲ့ လူ ၃ ယောက်ကတော့ အဲဒီကလာတဲ့ လူတွေပဲ။ သူတို့က အသိဆုံးပဲ။ သူတို့ထက် ပိုသိတဲ့သူ မရှိဘူး။ အဲတော့ သူတို့ပြောပြတဲ့ဟာတွေကို ခင်ဗျား နား ထောင်ကြည့်စမ်းပါဗျာ။ ခင်ဗျားရေးထားတဲ့ဟာတွေကိုလည်း ကျနော်တို့ ဖတ်ရပါ တယ်။ အဲတော့ ထင်ထားတဲ့ဟာတွေနဲ့ တူလားမတူလားဆိုတာ သူတို့ပြောတာကို ခင်ဗျား နားထောင်ကြည့်စမ်းပါ။" အဲဒီလိုပြောတယ်။ (သူညွှန်းတာ ကျနော်တို့ကို စာ မေးပွဲစစ်တုန်းက ကျနော်ရေးခဲ့တဲ့ဟာတွေကို ညွှန်းတာ။) သူက အဲလိုပြောလိုက်တော့ ကျနော်က "ဗိုလ်မှူးနဲ့ကတော့ ထောင်အာဏာပိုင်ဆိုတော့ ကျနော်က ပြောစရာရှိတာ ပြောရမှာပေါ့။ ဒါပေမယ့် ဒီလူ ၃ ယောက်ကတော့ သစ္စာဖောက်တွေပဲ။ လက်နက် ချတွေပဲ။ ကျနော့်မှာ သူတို့နဲ့ပြောစရာ ဘာစကားမှမရှိဘူး"လို့ ကျနော် ပြောလိုက် တယ်။ ဒါဟာ ဦးတင်ညွန့် ပြောပြတာကို ကျနော်ကြားပြီးကတည်းက စဉ်းစားထားတဲ့ စကားတွေ။

အိုး... အဲဒီအချိန်မှာ ဗိုလ်မှူးစိုးမြင့်ဆိုတဲ့သူက အကြီးအကျယ်ဒေါပွသွားတယ် ဗျို့။ မျက်နှာ အကြီးအကျယ် ပျက်သွားတယ်။ ဣန္ဒြေကို မဆည်နိုင်ဘူး။ စကားပြောတော့ လည်း အစကတော့ 'ခင်ဗျားနဲ့ကျနော်'ကနေ ချက်ချင်း'မင်းနဲ့ ငါ' ဖြစ်သွားတယ်။ ဟို ၃ ယောက်ကတော့ မှင်သိပ်မပျက်ဘူး။ သူတို့ ၃ ယောက်က ဒီလိုဘက်မှာ ဗိုလ်မှူးစိုးမြင့် ထက်ပိုပြီး ဝါရင့်တာ သေချာတယ်။

ဒါပေမယ့် ဘယ်လိုပဲပြောပြော သူတို့နဂိုက စဉ်းစားထားတဲ့ ကျနော့်ကို ကျနော့်အစ်ကိုကိစ္စပြောပြပြီးတော့ မိချောင်းမျက်ရည်ကျပြမယ်ဆိုတဲ့ အစီအစဉ် ပျက် သွားတယ်။ နောက်ဆုံး သူတို့အချင်းချင်းပဲ စကားပြောကြတယ်။ တိုးတိုး တိုးတိုးနဲ့ "အင်း... ရုပ်ကတော့ သူ့အစ်ကိုနဲ့ ဆင်သားပဲ။" ဒီလောက်ပဲပြောတယ်။ အခြားတော့ သူတို့ ဘာမှမပြောကြတော့ဘူး။ တခါတည်း နှုတ်ပိတ်သွားတယ်။ ကျနော် ထိပ်ကနေ ပိတ်ပြောလိုက်လို့။

ဗိုလ်မှူးစိုးမြင့်ဆိုတဲ့လူကတော့ ပြောရင်းပြောရင်း ဒေါသထွက်ထွက်လာတယ်။ ထိန်းလို့မရဘူး။ သူကပြောလည်း ကျနော်ကတော့ ဘာမှမပြောပါဘူး။ နားထောင်နေ တာပဲ။ ပြောရင်းပြောရင်းနဲ့ နောက်ကျတော့ စိန်ခေါ်တဲ့သဘောတွေ၊ ဖြိုင်တဲ့သဘောတွေ ပါလာတယ်။ တခါကျတော့ သူက "မင်းက ဘာမှမသိဘဲ ပြောနေတာ။ မင်းတို့ ဗဟိုရှိတဲ့ ရိုးမကိုသွားရင် မင်းလည်းသေမှာ။ မင်း သွားရဲသလား။ သွားမယ်ဆို ငါ အခုထုတ်သွားပြီး မင်းကို ငါတို့ကိုယ်တိုင် လိုက်ပို့ပေးမယ်"လို့ ပြောတယ်။ ဟာ... ဒီအထိပြောလာတာတော့ လွန်လာပြီလို့ ကျနော်စဉ်းစားမိတယ်။ (ဒါပေမယ့် သူတို့ ပြောတဲ့အတိုင်း လိုက်သွားရင်လည်း လမ်းမှာ သတ်ပစ်လိုက်မှာ သေချာတယ်။) အဲတော့ ကျနော်က ခပ်အေးအေးပဲ "ဒါဖြင့်လည်း ခင်ဗျားတို့ လွှတ်ကြည့်ပါလား။ လိုက်ပို့ဖို့ မလိုပါဘူး"လို့ တခွန်းပဲ ပြန်ပြောလိုက်တယ်။

အဲတော့ သူ ဘာမှဆက်မပြောတော့ဘူး။ နှုတ်ပိတ်သွားတယ်။ အဲလို လွှတ်ပေးမယ်လို့လည်း သူ အာမခံလို့မရဘူးလေ။ ဒါပေမယ့် အကြီးအကျယ်ကို မျက်နှာပျက်သွားတယ်။ နောက်ဆုံးကျတော့ ပြောစရာကို မရှိလောက်အောင် နှစ်ဖက် ဖြစ်သွားကြတယ်။ နောင်.... ကျနော် ထောင်က လွှတ်လာတဲ့အခါကျတော့ ထောက်လှမ်းရေးကရော၊ ခုနက မြရာပင်အဖွဲ့က လူတွေကပါ ကျနော့်ဆွေမျိုးတွေ၊ ကျနော်တို့နဲ့ သိတဲ့သူတွေကို ကြုံတိုင်းကြုံတိုင်း ကျနော်က 'သိပ်ခေါင်းမာတာပဲ'လို့ လျှောက်လျှောက်ပြောကြတယ်။ အမိပွါယ်က မလွှတ်တာလည်း မဆန်းဘူးလို့ ဆိုချင်သလား မသိပါဘူး။

ဒီလိုနဲ့ပဲ ကျနော်တို့စကားဝိုင်းက အရည်ရရ အဖတ်ရရ ဘာမှမရှိဘဲနဲ့ ကျနော့်ကို တိုက်ခန်းထဲပြန်ပို့လိုက်တယ်။ တိုက်ခန်းထဲပြန်ရောက်တော့ အင်မတန် စိုးရိမ်တကြီးနဲ့ စောင့်နေတဲ့ ဦးတင်ညွန့်ကို တွေ့ရတယ်။ တပ်ထားတဲ့ မျက်မှန်ကြားထဲက မျက်လုံးလေးတွေ ဝိုင်းလို့ ကျနော့်ကိုမျှော်နေတာ။ ပြီးတော့ ကျနော်တို့နှစ်ယောက်သား အဲဒီအကြောင်းတွေ ပြန်ပြီးပြောကြ၊ စားမြုံ့ပြန်ကြတာပေါ့။

နောက် ဘာမှ မကြာဘူး၊ ရက်ပိုင်းအတွင်းပဲဖြစ်မယ်။ ကျနော်တို့ နှစ်ယောက်ကို အင်းစိန်တွဲဖက်ထောင်ကို ပို့လိုက်တယ်။ တွဲဖက်ထောင် အဆောင် ၁ မှာ ကျနော်တို့ နေရတယ်။ (ကျနော်တို့ ကျွန်းမသွားခင်တုန်းကတော့ အဆောင် ၂ မှာ) အဲဒီတုန်းက အင်းစိန် တွဲဖက်ထောင်ကြီးတခုလုံးမှာ လူက နည်းနည်းလေးပဲရှိတယ်။ လွှတ်ကုန်ပြီကိုး။ အခုက လက်ကျန်လေးပဲ ကျန်တော့တာ။ အဲတော့ ထောင်ကြီးတခုလုံး ထားတဲ့သူတွေက ချောင်နေတယ်။ အဆောင်အားလုံးပေါင်း ၆ ခုလား၊ ၇ ခုလားရှိတာ။ အဲ... လူက ၁၀ ယောက်လောက်ပဲ ရှိတယ်ထင်တယ်။ နောက် အားလုံးကလည်း ကျွန်းက ပြန်လာကြတဲ့ သူတွေချည်းပဲ။ ကျနော် မှတ်မိသလောက် ကျနော်နဲ့အတူနေရတာက ခုနက ဦးတင်ညွန့်၊ လူထုကိုစိန်ဝင်း၊ (မြန်မာနိုင်ငံ အလုပ်သမားညီညွတ်ရေးပါတီ ဖြစ်လာတဲ့) ပြည်သူ့ရဲဘော်က ခေါင်းဆောင် ဗိုလ်မျိုးထွင်၊ နောက်ပြီးကတော့ ဗိုလ်ဟိန်းကြ၊ ဗမာပြည်ကွန်မြူနစ်ပါတီကို အကူအညီပေးလို့ အဖမ်းခံရတဲ့ ဦးချစ်ဆွေ။ အဲဒီလူတွေလောက်ပဲ ရှိတယ်။ ဒါ ကျနော်နဲ့ အတူနေရတဲ့အဆောင်။

ကျနော်တို့ ခြေရင်းအဆောင်မှာက ကျွန်းပြန် ဗကသ က ရဲဘော်တွေ။ တယောက်က မင်းလှက ကိုထွန်းကြည်၊ ပဲခူးဘုရားကြီးဘက်က ကိုလှရွှေ။ သူတို့ အဆောင်နဲ့ ကျနော့်အဆောင်နဲ့ဆိုလို့ရှိရင် မီတာ ၅၀ လောက်ပဲ ဝေးမယ်ထင်တယ်။ ဟိုဘက် ခပ်လှမ်းလှမ်းမှာဆိုရင် မီတာ ၇၀/၈၀ လောက်မှာက နီအောင်မေသု၊ သူက တယောက်တည်း။ သူနဲ့တော့ တယောက်နဲ့တယောက် လက်ပြနှုတ်ဆက်လို့ရတယ်။ ကျနော်တို့ မမြင်ရတဲ့အဆောင်မှာ ကိုဉာဏ်ဝင်းနဲ့ ကိုတင်မောင်ဝင်း ရှိသလိုလို ကြားတယ်။ သေတော့ မသေချာဘူး။ အဲဒါပဲ။ အဲဒီထောင်ကြီးတခုလုံးမှာ။ အရင်တုန်းကတော့ အဲဒီထောင်ထဲမှာ သူတို့ အာဏာသိမ်းခါစက လူမျိုးစုခေါင်းဆောင်တွေ အများကြီးထားတာပေါ့။ စစ်ရှေ့သိုက်တို့ ဘယ်သူတို့ ထားတာ အဲဒီမှာပဲ။

အဲဒီ တွဲဖက်ထောင်မှာ ထောင်သက်တမ်းအရင့်ဆုံးက လူထုကိုစိန်ဝင်းလို့ ပြောရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူက သူ့ကျွန်းမာရေးဆိုးတာနဲ့ကိုကိုးကျွန်းက နေ အစောကြီးပြန်ပို့လိုက်ရတာ။ ပြန်ပို့လိုက်ကတည်းက တလျှောက်လုံး သူက အဲဒီတွဲ ဖက်ထောင်မှာပဲနေတာ။ အဲဒီမှာ အားလုံး အကြောင်းသိတွေ၊ ကိုယ့်အချင်းချင်းတွေ ဆိုတော့ နေရထိုင်ရတာ စိတ်ချမ်းသာတယ်။ **သူတို့ကလည်း** လွတ်ရတော့မှာဆိုတော့ ကျနော်တို့အပေါ် သိပ်ပြီးတင်းတင်းကျပ်ကျပ် မကိုင်တော့ဘူး။ လူကလည်း နည်းတော့ လွတ်ထားလိုက်တာပဲ။ အဆောင်ဝင်းကြီးထဲမှာ လွတ်လွတ်လပ်လပ် နေရတယ်။

ကျနော်တို့နေတဲ့ အဆောင်ပတ်ဝန်းကျင်မှာ လွတ်လွတ်လပ်လပ်ပဲ နေရတယ်။ သရက်ပင်တွေ ရှိတယ်။ သူတို့က ထမင်းကျွေးတဲ့အခါ၊ **တံခါးပိတ်တဲ့အခါကျမှ** ရောက်လာ တာပဲ။ နို့မို့လို့ရှိရင် လာလည်းမလာဘူး။ ဘာမှမပြောဘူး။ ကျနော်တို့ ကျန်းမာရေးလေ့ ကျင့်ခန်းလုပ်၊ ကျားထိုး။ ဒါပဲ။ ဖတ်စရာ စာအုပ်ကတော့ များများစားစား ဘာမှမရှိဘူး။ အဲ့ဒီမှာ ကျနော် ၄/၅ လလောက် နေရတယ်။ နေရပြီးတဲ့နောက် တနေ့မှာ...

...တနေ့ဆိုတာက ၁၉၇၂ ခုနှစ်၊ မေလ(၄)ရက်ထင်တယ်။ မနက် ၁၀ နာရီမှာ ကျနော့်ကို လာခေါ်တယ်။ လာခေါ်ကတည်းက လွတ်မယ်ဆိုတာ ပြောင်ပြောခေါ်တာပဲ။ အဲတော့ ကျန်တဲ့သူတွေကို နှုတ်ဆက်ရတာပေါ့။ သူတို့လည်း မှာစရာရှိတာ မှာကြပေါ့။ ခေါင်းပေါ်စောင်အုပ်တာတော့ မရှိတော့ဘူး။ ကျနော်လည်း ကျနော့်ရှိသမျှပစ္စည်းလေး ထုပ်ပိုးပြီး လိုက်သွားတယ်။ ကျွန်းက ပြန်ပါလာတဲ့ စာအုပ်တွေဘာတွေလည်း မရှိတော့ ဘူး။ ထောင်အဝင်ကတည်းက သိမ်းထားတာ၊ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ နည်းတဲ့စာအုပ်တွေ မဟုတ်ဘူး။ စာအုပ်ကောင်းတွေ။

ကျနော့်ကို ခေါ်သွားတော့ ထောင်ဗူးဝက ရုံးခန်းထဲမှာ ခေါ်သွားတယ်။ အဲဒီမှာ ကျနော့်ကိုလာကြိုတဲ့ ကျနော့်အဖေရယ်၊ ကျနော့်အမေရယ်၊ ကျနော့်အမေရဲ့မောင် (ကျ နော့် ဦးလေး) ဒေါက်တာခင်မောင်အေး၊ ရန်ကုန်မှာ အဖေတို့အမေတို့ တည်းတဲ့(ကျနော် တို့နဲ့ ဆွေရင်းမျိုးရင်းလိုဖြစ်နေတဲ့) ဦးထွန်းမြတ်လမ်းက ဦးလေးဦးအေးကြည်၊ သူတို့ စောင့်နေတာ တွေ့ရတယ်။ ကျနော့်ကိုမြင်တော့ အမေနဲ့ ဦးအေးကြည်က မျက်ရည်ကျ တယ်။ အဖေက ဣန္ဒြေရရပဲ။ ပြုံးနေတယ်။ ကျနော့်ဦးလေး ဒေါက်တာခင်မောင်အေးက လည်း ပြုံးနေတယ်။ ဒါပေမယ့် ဦးလေးမျက်လုံးထဲမှာ မျက်ရည်စတွေ မြင်နေရတယ်။

ထောင်အပြင်ရောက်တယ်ဆိုတာနဲ့ပဲ ကျနော်တို့ကားကိုမောင်းလာတဲ့ ကျနော့် ဦးလေးက "ဖိုးသံရေ ... မင်းဘာစားချင်လဲ"လို့ ကြင်ကြင်နာနာနဲ့ မေးတယ်။ သူလည်း ထောင်နှစ်ခါ ကျဖူးတာဆိုတော့ သိပ်ကိုယ်ချင်းစာတာပေါ့။ ဒါပေမယ့် ကျနော့်ခေါင်းထဲမှာ စားချင်တာလည်း မရှိဘူး။ ရှုပ်ထွေးနေတယ်။ အပြင်မှာက အရောင်အသွေးတွေက သိပ် တောက်ပနေတယ်။ အဲဒီခေတ်က ဖော့ခရစ်ခေတ်ကိုး။ ကျနော်တို့ တလျှောက်လုံး မြင် ခဲ့ရတာက အရောင်အသွေး မွဲခြောက်နေတဲ့အဝတ်အစားတွေနဲ့လူတွေ၊ မဲမဲခြောက်

ခြောက်၊ ဆံပင်ရှည်ရှည်၊ ညှင်းသိုးသိုး လူတွေချည်း မြင်တွေ့ခဲ့ရတာ။ ခုတော့ အကုန်လုံး တောက်ပြောင်နေပြီးတော့ နေရောင်ကလည်း လွှန်လွန်ကျူးကျူးကို လင်းနေသလား အောက်မေ့ရတယ်။ နောက် အင်းစိန်ဈေးကလည်း လူတွေများလွန်းတယ်လို့ ထင်နေမိတယ်။

အဲဒီညကျတော့ ကျနော်အိပ်တဲ့ အိပ်ယာဘေးမှာ ကျနော့်အမေက လာပြီး စကားပြောတာနဲ့ ကျနော် တညလုံးနီးပါး ကျွန်းကအကြောင်းတွေ အမေ့ကို ပြောပြနေမိတယ်။ ကိုစွမ်းရည်ရဲ့ 'အမေ့ခေါ်သံ' ကဗျာထဲကလိုပဲ ထင်တယ်။

တကယ်က ကျနော် ထောင်ထဲကို ရောက်သွားတုန်းက ကျောင်းသားအသိ၊ ကျောင်းသားအသွင်နဲ့ ဝင်သွားတဲ့ ကျောင်းသားတယောက်ပဲ။ ဒါပေမယ့် ထောင်က ထွက်လာတဲ့အခါကျတော့ ကိုယ့်ကိုယ်ကို ကွန်မြူနစ်တယောက်၊ တော်လှန်ရေးသမား တယောက်လို့ သတ်မှတ်ထားလိုက်ပြီ။

ကျနော့်ခေါင်းပေါ်မှာ တာဝန်တွေအများကြီး ပါလာတယ်လို့ ခံစားမိတယ်။

☆

## နိုင်ငံတကာသီချင်း (THE INTERNATIONALE)

ထလော့... အငတ်ဘေး ကျရောက်သူတို့တတွေ
ထလော့... ကမ္ဘာ့တဝှမ်းက ကျေးကျွန်တွေ
တော်လှန်ကာ ထစ်ချုန်းမြည် ကြွေးကြော်လို့နေ
နောက်ဆုံးပိတ်တိုက်ပွဲ နွှဲဆင်မလေ...။
ရှေးရိုးအစဉ်အလာ အယူအဆစွဲတွေ စွန့်လေ
ကျေးကျွန်တွေ... ထလေ ထကြလေ...
အခြေအနေတွေ ဒို့တော်လှန်ကာသာ ပြောင်းမလေ
အောင်မြင်ဖို့ရာ ရှင်းပစ်စို့လေ...။

*(သံပြိုင်)။* ။ ရဲဘော်တို့လာ စုရုံး နေ
အဆုံးစစ်ပွဲ နွှဲဆင်မလေ
အင်တာနေရှင်နယ် ကမ္ဘာမှာ အကုန်ညီစေ...။
ရဲဘော်တို့လာ၊ စုရုံးနေ
အဆုံးစစ်ပွဲနွှဲမယ်လေ
အင်တာနေရှင်နယ် စည်းရုံးစုစည်းကာနေ...။

ကယ်တင်ရှင်၊ ဘယ်သောခါကမှ မရှိပေ
နတ်သိကြား မင်းဘုရားကို ဒို့မယုံပေ
နှောင်ကြိုးကို ဒို့လက်ရုံးဖြင့် ချိုးဖျက်မလေ
သောက ဗျာပါဒ လောဘကင်းစင်စေ...။
လူယက်ခြင်းမှ မှန်မလွဲပင် ကင်းမလေ
များပြည်သူ တူညီပျော်မြူးကြစေ
အားလုံးက တာဝန်ကိုယ်စီထမ်းမလေ
သံပူမိုက်ဝယ် အားစိုက်ထုနက်ပေ...။

*(သံပြိုင်)*

လယ်သမား၊ လုပ်အားစိုက်ထုတ်သူ အပေါင်းတွေ
ပစ္စည်းမဲ့များနဲ့ ပေါင်းစည်းပေ...
ညီရင်းအစ်ကိုပမာ၊ သစ္စာအဓိဋ္ဌာန်ပြုဖို့ပေ
သွေးစုပ်ကောင်တွေ မောင်းထုတ်ပေ...။
ဒို့ရဲ့သွေးသား၊ သူတို့ဝါးမြိုစားသလေ
နှစ်ကာလ ရှည်ကြာခံခဲ့ရပေ...။
ကြောက်လန့်စိတ်တွေ အကုန်အစင်စွန့်လေ
အရုဏ်ကျင်းကာ အလင်းသို့ရောက်ပြီပေ...။

*(သံပြိုင်)*

## ဆရာမြသန်းတင့်

### ကွယ်လွန်ခြင်း ၆ နှစ်ပြည့်

ဦးမြသန်းတင့်ကို ကျနော်က 'ဦးလေး ဦးမြသန်း'လို့ အမြဲတမ်းခေါ်တယ်။ အဲတော့ ကျနော် အခုပြောရင်လည်း အဲဒီနာမည်နဲ့ပဲ ပြောတော့မယ်။ ကျနော်ပြောတဲ့အခါမှာ သူနဲ့ကျနော်နဲ့ ကိုကိုးကျွန်းမှာ ဖြတ်သန်းခဲ့တာတင်မကပဲနဲ့ သူနဲ့ပတ်သက်ပြီး တခြားပုဂ္ဂိုလ်တွေဆီက ကြားဖူးတာ၊ ကျနော့်မိဘများဆီက ကြားဖူးတာ၊ အဲဒါတွေပါ ဒီမှာထည့်ပြီးပြောပြချင်တယ်။ ဒီလို...။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးခါနီးတော့ ဂျပန်တော်လှန်ရေးဟာ အထက် ဗမာပြည်ဘက် မှာ စပြီးတော့ အောင်ပွဲတွေရတယ်ဗျ။ အဲတော့ အထက်ဗမာပြည်ဟာ အောက်ဗမာပြည်ထက် အရင်လွတ်မြောက်တယ်လို့ ပြောလို့ရတယ်။ ဗမာပြည်မှာ မြောင်နိုင်ငံရေးလှုပ်ရှားမှုတွေဟာ အဲဒီအချိန်က အဓိကအားဖြင့် အထက်ဗမာပြည် မန္တလေးကို ဗဟိုပြုပြီး ပေါ်ပေါက်လာတယ်။ ဒါကြောင့်မို့ မန္တလေးမှာ အထက်ဗမာပြည်က နိုင်ငံရေးသမားပေါင်းစုံ (အထူးသဖြင့်တော့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေပေါ့)အကုန် မန္တလေးမှာ လာပြီးစုကြတယ်။ မန္တလေးပတ်ဝန်းကျင်က စစ်ကိုင်းတို့ဘာတို့က လာတာ ရှိသလို၊ ပခုက္ကူ-ရေစကြိုဘက်ကလူတွေလည်း အများကြီးပါလာတယ်။ ဥပမာဆိုလို့ရှိရင် နောင်မှာ အလံနီဖြစ်သွားတဲ့ ကိုကျော်သန်း၊ စာရေးဆရာဖြစ်လာတဲ့ ဦးမြသန်းတို့၊ ဦးကျော်အောင်တို့၊ နောက်ပြီး မနှစ်ကမှ ကွယ်လွန်သွားတဲ့ ရေစကြို ဦးညွန့်

အောင်၊ အဲဒီ လူတွေ ရောက်လာကြတယ်။ ဦးမြသန်းတင့်လည်း အဲဒီမှာ တခါတည်း ပါလာတာပဲ။

အဲဒါအပြင် မန္တလေးမှာ ဘယ်သူတွေ လာရသေးလဲဆိုတော့ ကျနော်တို့ ကွန်မြူနစ်ပါတီရဲ့ ဒုတိယကွန်ကရက်မှာ ဗဟိုကော်မတီဖြစ်လာတဲ့ ပါမောက္ခ ဦးကျော်ရင်တို့လို လူတွေလည်း အထက်ဗမာပြည်မှာ ရှိနေကြတယ်။ ကျနော်ကလည်း အဲဒီအချိန်ကျမှ မွေးတာ။ ကျနော့်ကို မွေးတုန်းက ဦးကျော်ရင်က ကျနော့်အဖေနဲ့အတူ ကျနော့်အမေကို ဆေးရုံလိုက်ပို့ရတာ။ ညကြီးမှာ။ အဲဒါကြောင့်မို့လို့ ကျနော်က ဦးကျော်ရင်ကို မှတ်မှတ်ရရဖြစ်နေတာ။

အဲတော့ ဦးမြသန်းဟာလည်း အဲဒီလိုနဲ့ မန္တလေးရောက်လာတော့ အဲဒီတုန်းက ကွန်မြူနစ်ပါတီက ရဲဘော်တွေအားလုံးဟာ မန္တလေး ပိုက်ကျိုးရပ်မှာရှိတဲ့ 'ပါတီဘုံရိပ်သာ'မှာ စုပြီးနေကြတယ်။ ဦးမြသန်းက အဲတုန်းက ဆယ်ကျော်သက် အရွယ်ပဲ။ အသက် ၂၀ မပြည့်သေးဘူး။ အဲဒီအချိန်တုန်းက အထက်ဗမာနိုင်ငံမှာ 'ဖဆပလ၊ ဖဆပလ'ဆိုပြီး လှုပ်ရှားတဲ့အခါမှာ အဓိကလှုပ်ရှားနေတာက ကွန်မြူနစ်တွေပဲ။ အပေါ်မှာကတော့ မန္တလေးမြို့မိမြို့ဖတွေဖြစ်တဲ့ ဆရာကြီးဦးရာဇတ်တို့ ဘယ်သူတို့လို ပုဂ္ဂိုလ်တွေလည်း ပါတာပေ့ါ။ ကျနော့်အဖေက အဲဒီတုန်းက အထက်ဗမာပြည် ဖဆပလမှာ အတွင်းရေးမှူး။ ဦးမြသန်းတို့၊ ဦးညွန့်အောင်တို့၊ ကိုကျော်သန်းတို့နဲ့ သူတို့နဲ့က အဲဒီအချိန်မှာ ရင်းနှီးတာ။ စာပေဝါသနာချင်းကလည်း တူကြတာကိုး။ ဦးကျော်ရင်နဲ့ကတော့ အရမ်းကို ရင်းတာ၊ ပြောစရာမလိုဘူး။

အဲဒီကာလဟာ ဒုတိယ ကမ္ဘာစစ်ကြီးကလည်း ပြီးခါနီးပြီ။ ကမ္ဘာ့အရပ်ရပ်မှာ မဟာမိတ်တွေ၊ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုတွေက အောင်ပွဲတွေ ပြန်ရနေတဲ့အချိန်၊ ထိုးစစ်တွေ ပြန်စနေတဲ့အချိန်။ ကျနော်တို့ဗမာပြည်မှာဆိုလို့ရှိရင်လည်း ဂျပန်ဖက်ဆစ်တွေ ဆုတ်နေရတဲ့အချိန်။ အောင်ပွဲရဲ့အလားအလာတွေ မြင်နေရတဲ့အချိန်။ တနိုင်ငံလုံး ပြည်သူတွေ၊ ရဟန်းရှင်လူတွေ အားလုံး အားတက်နေကြတဲ့ အချိန်။

အဲလိုအချိန်မျိုးမှာ မှန်ကန်တဲ့ ဦးဆောင်မှုလည်းရှိတယ်။ အောင်ပွဲခံစိတ်ဓါတ်တွေလည်း ရှိနေတဲ့အခါကျတော့ လူတိုင်းဟာ တက်ကြွနေကြတယ်။ ကျနော်တို့ ကွန်မြူနစ်ပါတီရဲ့ ဘုံရိပ်သာဆိုလို့ရှိရင် အင်မတန်စည်ကားတာ။ အဲဒီတုန်းက အင်္ဂလိပ်တပ်တွေထဲမှာပါတဲ့ ကွန်မြူနစ်ပါတီဝင်တွေ (အဲဒီတုန်းက ကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့ ညွှန်ကြားချက်ကလည်း ရှိနေတော့) သူတို့က ဘုံအဖွဲ့ကို လာကြတယ်။ ကျနော်တို့ ပါတီက ရဲဘော်တွေ ဆင်းဆင်းရဲရဲစားနေရတာကြည့်ပြီးတော့ သူတို့က သူတို့ရာရှင်ရတဲ့ စားစရာ သောက်စရာတွေ၊ စီးကရက်တွေ လာလာပြီးပေးတယ်။ နောက်ပြီးကျတော့ သူတို့ရဲ့ ပါတီဝင်ကြေးကိုလည်း ဗမာပြည်က ကွန်မြူနစ်ပါတီမှာ လာပြီးပေးသွင်းတယ်။ ဒီက ကာလပ်စည်းတွေထဲမှာ ကာလပ်စည်းဖြတ်သန်းမှု လုပ်တယ်။

အဲလိုအခြေအနေတွေနဲ့ဆိုတော့ အားလုံးက တက်ကြွနေတဲ့အခါမှာ အထက်ဗမာပြည်က ကွန်မြူနစ်တွေကို ဦးကျော်ရင်က သီချင်းတွေ သင်ပေးတယ်။ အင်တာနေရှင်နယ် သီချင်းကို ဦးကျော်ရင်က ပထမဆုံး သင်ပေးတာပဲ။ တခါ ဦးကျော်ရင်က ယူဂိုဆလပ်စစ်ချီသီချင်း၊ ပြင်သစ်စစ်ချီသီချင်း စတာတွေလည်း သင်ပေးတယ်။ အဲဒါအပြင် ရခိုင်သီချင်းတွေလည်း သူကသင်ပေးတယ်။ အဲဒါကြောင့်မို့လို့ အထက်ဗမာပြည်က ကွန်မြူနစ်ပါတီဝင် အတော်များများဟာ ရခိုင်သီချင်းတွေကို ဆိုတတ်နေကြတယ်။

အဲဒီတုန်းက ပါတီဝင်တွေကို (ဘုံရိပ်သာမှာနေတဲ့သူတွေကို) တောင်းဆိုတာ ရှိတယ်။ ဒါ မန္တလေးက ဘုံရိပ်သာတင်မကဘူး။ အိန္ဒိယရောက်သွားတဲ့ လူတွေရဲ့ ဘုံရိပ်သာမှာလည်း ဒီအတိုင်းပဲလို့ သိရတယ်။ အဲဒီမှာ တောင်းဆိုတာက အချက် ၃ ချက်။ ရဲဘော်တိုင်း... ၁။ အလှူခံရင် လိုက်ပါရတယ်။ အလှူခံတယ်ဆိုတာ မြို့ထဲမှာဖြစ်မယ်။ ဈေးထဲမှာဖြစ်မယ်၊ ဘယ်ကိုပဲသွားသွား၊ အလှူခံတဲ့နေရာမှာ လိုက်ရတယ်။ ၂။ တရားဟောရတယ်။ လူထုကို တရားဟောရတယ်။ အဲလို တရားဟောတာ လေ့ကျင့်ဖို့အတွက် ဘုံရိပ်သာတွေမှာ စကားရည်လုပွဲတွေ လုပ်ပေးတယ်။ မကြာမကြာ ကျင်းပပေးတယ်။ အကြောင်းအရာတော့ ပြောင်းပြောင်းပေးတာပေါ့။ နောက် တတိယအချက်က နံရံကပ်စာစောင်မှာ ဝင်ရေးရတာ။ မရေးတတ်လို့ရှိရင် သူများက သင်ပေးတယ်။ ဦးကျော်ရင်လို ပုဂ္ဂိုလ်တွေက ပြင်ပေး၊ သင်ပေးတဲ့သူတွေပေါ့။ အဲတော့ ဆယ်ကျော်သက်အရွယ် ဦးမြသန်းဟာ အဲဒီလို နံရံကပ်စာစောင်မှာ ကလောင်သွေးခွင့်ရတာပဲ။ ကလောင်သွေးခွင့်၊ လက်သွေးခွင့်ရတယ်။ ကျန်တဲ့ရဲဘော်တွေက ဝိုင်းဖတ်ပြီးတော့ အကူအညီပေးကြ၊ ထောက်ပြကြ၊ ဝေဖန်ကြ အဲဒီလိုနဲ့ တိုးတက်လာတာပဲ။ ဒါကြောင့်မို့လို့ ဦးမြသန်းရဲ့ စာပေ ရေခံမြေခံဟာ ပြင်းထန်လှတဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး လှိုင်းလုံးကြီးတွေထဲမှာ အစပြုတယ်လို့ပြောရင် ရမယ်လို့ထင်တယ်။

ခုနက အထက်မှာပြောခဲ့တဲ့ တရားဟောတာနဲ့ပတ်သက်လို့ ဦးမြသန်း ပြောပြခဲ့ဖူးတာတခု။ အဲဒါက ကျွန်းပေါ်မှာတုန်းက ကျနော့်ကို သူပြောပြတာ။ အဲဒီခေတ်တုန်းက သူတို့ ရေစကြိုဘက်မှာ အင်မတန်နာမည်ကြီးတဲ့ ရှင်မတောင် ဓားပြဂိုဏ်းဆိုတာ ရှိတယ်။ ဓားပြဂိုဏ်းခေါင်းဆောင်က ရှင်မတောင် ခင်မောင်။ ဓားပြဂိုဏ်းဆိုလို့ နယ်နယ်ရရ မထင်နဲ့။ အင်အားက တထောင်လောက် ရှိတယ်။ သူတို့က ရွာလုံးကျွတ်၊ ရွာအလိုက် ပါကြတာ။ တိုက်စရာရှိရင်လည်း ရွာလုံးကျွတ် ထွက်တိုက်တာ။ အဲဒီလို ဓားပြဂိုဏ်းကြီးကို သွားပြီးတော့ ပါတီက ဆွေးနွေးခိုင်းတယ်။ သူတို့ ပခုက္ကူ၊ ရေစကြိုက လူတွေကို လွှတ်တာပေါ့။ အဲဒီတုန်းက ဦးမြသန်းလည်း ပါသွားတယ်။ သွားပြောရတာက... ခင်ဗျားတို့ ဓားပြတိုက်စားတယ်ဆိုတာက စနစ်ကြောင့်ဖြစ်ပါတယ်၊ ကျနော်တို့ နားလည်နိုင်ပါတယ် ဘာညာပေါ့။ အဓိကကတော့ နားချတာတမျိုးပါပဲ။ အဲတော့ ဟိုက ကောင်းကောင်းမွန်မွန် လက်ခံနားထောင်တယ်။ သူတို့ကို ကောင်းကောင်းမွန်မွန် ပြန်ခွင့်ပြုတယ်။ သူတို့ တရားပွဲက အောင်မြင်တယ်လို့ ပြောနိုင်တယ်။

ဆိုလိုတာက ဦးမြသန်းဟာ သူ့စာပေဘဝ စတင်ကတည်းက အဲဒီလို လူထုနဲ့ နီးနီးကပ်ကပ် လူထုလှုပ်ရှားမှုတွေထဲမှာ ကိုယ်ရောစိတ်ပါ ပါဝင်ပြီး လုပ်ရင်းကိုင်ရင်းက နေပြီးတော့ ကလောင်တဖက်၊ အော်လံတဖက်ဆိုတာမျိုး လုပ်ခဲ့ရတာ။ လွတ်လပ်ရေးရပြီးတယ်ဆိုတော့လည်း သူဟာ ဗမာပြည် ပြည်သူတွေရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုထဲမှာ ထက်ထက်သန်သန် ပါဝင်ခဲ့တာ။ အဲဒီလှုပ်ရှားမှုတွေနဲ့ သူ နိုင်ငံခြားသွားရတာ ရှိတယ်။ ကိုကိုးကျွန်းကို ၂ ခါရောက်ရတာလည်းရှိတယ်။ သူ့ဘဝ တလျှောက်လုံးမှာ အုပ်စိုးသူတွေရဲ့ အငြိုငြင်ခံရတဲ့ စာပေသမားတယောက်အဖြစ်နဲ့ ရပ်ခဲ့ရတယ်။ သူ့ရဲ့ စာပေထွန်းပြောင်ခဲ့တာဟာ အဲဒီလို ရေခံမြေခံ၊ အဲဒီလို ဖြတ်သန်းမှုတွေနဲ့ တိုက်ရိုက်ဆက်စပ်နေတယ်။ ခွဲမရဘူးလို့ ကျနော်ထင်တယ်။ ကျနော်တို့ဗမာပြည်ရဲ့ စာပေသမိုင်းမှာ စာပေလောကမှာ နာမည်ကြီးတဲ့ လူချစ်လူခင်များတဲ့၊ သိက္ခာရှိတဲ့လူတွေ မနည်းပါဘူး။ ဒါပေမယ့် အဲဒီအထဲမှာ အစိုးရအငြိုငြင်ခံပြီးတော့ စာပေလောကမှာ အကျိုးပြုခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ အခုထက်ထိ ပြည်သူလူထုက သူရဲကောင်းလို့ ထင်မှတ်နေကြတာပါပဲ။

ပြီးတော့ ဦးမြသန်းနဲ့ ကျနော်နဲ့ ပထမဆုံး စတွေ့ဖူးတာက ကိုကိုးကျွန်းမှာ တွေ့ဖူးတာပါ။ သူ့နာမည်သိနေတာ၊ သူ့စာတွေ ဖတ်ဖူးနေတာတော့ ဒိမတိုင်ခင် အစောကြီး ကတည်းကပေါ့။ ဒါပေမယ့် တကယ့်တကယ် တွေ့ဖူးတာက ကျနော်တို့ကို ကိုးကိုးကျွန်းပို့တဲ့ည၊ 'ပြည်တော်ညွန့်'သင်္ဘောပေါ်မှာ သင်္ဘောရဲ့ရှေ့က ဝမ်းခန်းထဲမှာ စပြီးတွေ့တာ။ သူရယ်၊ ဦးလေး ဗန်းမော်တင်အောင်ရယ်က သင်္ဘောနံရံကိုမှီပြီး ဖင်ချထိုင်နေကြတယ်။ အဲ... ကျနော်က ဦးတင်အောင်ကိုတော့ မြင်တာနဲ့ မှတ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးတင်အောင်က ကျနော်တို့အိမ်ကို မကြာခဏရောက်နေလို့၊ ဒါပေမယ့် ဦးလေးဦးမြသန်းကိုတော့ ကျနော်က သိပ်မမှတ်မိဘူး။ သူ့ကို သူများပြောပြမှ 'သြော်...အဲဒါ ဦးမြသန်း'လို့ သိရတယ်။ နောက်ပြီး သူက မျက်မှန်ထူထူကြီးနဲ့ ထိုင်နေတာ။ အဲဒါနဲ့ပဲ ကျနော်က သူတို့ကို ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပြီး စသိတာ။

အဲဒီနောက် ကျနော်တို့ ကျွန်းပေါ်ရောက်တဲ့အခါကျတော့ ဦးမြသန်းနဲ့ကျနော်နဲ့ အဆောင်တဆောင်တည်းနေရတယ်။ ခုနက သင်္ဘောပေါ်မှာတော့ စကားများများ မပြောခဲ့ရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးက ရှေ့ရေးကိုပဲစဉ်းစားနေကြတဲ့အခါကတော့ စကားများများ ပြောချင်စိတ်လည်း မရှိကြဘူး။ အဲ... ကျွန်းပေါ်ရောက်တဲ့အခါကျတော့ တဆောင်တည်းလည်းဖြစ်တယ်။ ကွပ်ပျစ်အရှည်ကြီးပေါ်မှာ ကျနော်တို့ ၅ ယောက် အိပ်ကျတာ။ သူနဲ့ ကျနော်နဲ့ကြားမှာ ပျဉ်းမနားက ကိုခင်မောင်ဇော် (ဇော်ဝင်းကို၊ ပျဉ်းမနား) သူတယောက်ပဲ ရှိတယ်။ အဲဒီလို ဆက်ပြီး အိပ်ကြတယ်။ အဲဒီတော့ စကားတွေလည်း အများကြီးပြောဖြစ်ကြတာပေါ့။ အဲဒီလို ကိုကိုးကျွန်းကို ဦးမြသန်းတို့၊ ဦးတင်အောင်တို့ ပါလာတာဟာ ကျနော်တို့အတွက်တော့ အဘိဓါန်ကြီးတွေ ပါလာသလိုပဲ။ အင်္ဂလိပ်စာ အဘိဓါန်၊ နိုင်ငံရေးအဘိဓါန်၊ အတွေ့အကြုံဆည်းပူးဖို့ မေးစရာ၊ ဆည်းပူးစရာတွေက

နိုက်လို့မကုန်နိုင်ဘူး။ အဲ... သူတို့အနားမှာ အမြဲတမ်းလူရှိတယ်။ သူတို့နဲ့ စကားပြောချင်ကြတယ်။ သူတို့ကို မေးချင်မြန်းချင်ကြတယ်။ ဦးမြသန်းဟာ ကိုကိုးကျွန်းပေါ်မှာ အင်္ဂလိပ်စာ မဖတ်နိုင်တဲ့ရဲဘော်တွေအတွက် စာအုပ်တွေ ဘာသာပြန်ပေးတာတွေရှိတယ်။ ဟို... ကျမ်းကြီး ကျမ်းခိုင်တွေကို ဘာသာပြန် ပေးတာလည်းရှိတယ်။ သူက ဖတ်ပြီး တောက်လျှောက် ပြောချသွားတာ။ အဲဒါကို ဘေးက တယောက်က လိုက်ပြီး ရေးရတယ်။ အရမ်းမြန်တယ်။ သူ့မျက်စိက အင်မတန်မှုန်တဲ့အခါကျတော့ စာအုပ်နဲ့မျက်စိနဲ့က တမိုက်လောက်တောင် မကွာဘူးထင်တယ်။ ကပ်ကြည့်ရတာ။

အဲဒီလို ဦးမြသန်းက လူတိုင်းနဲ့ ခင်ခင်မင်မင်ရင်းရင်းနှီးနှီး လက်ပွန်းတတီး နေတတ်တယ်။ သူ့ကိုယ်သူ အလုပ်ကြမ်းတွေထဲမှာ လေ့ကျင့်တယ်။ သူများတွေ လုပ်တာကို သူလည်း လုပ်နိုင်ရမယ်ဆိုပြီးလုပ်တယ်။ ထင်းလုပ်တဲ့အဆိုင်းတွေမှာလည်း ပါတယ်။ တောင်ယာလုပ်တဲ့ အဆိုင်းတွေမှာလည်း ပါတယ်။ ဟိုဟာသယ်၊ ဒီဟာသယ် ဆိုလည်း သူကလိုက်တယ်။ ကိုယ့်ကိုယ်ကို တောင်းဆိုတဲ့နေရာမှာ အင်မတန် တင်းတင်းကြပ်ကြပ် တောင်းဆိုတယ်။ ရေကူးလေ့ကျင့်တယ်။ သူ တနေ့တနေ့ကို မီတာရာပေါင်းများစွာ ရေကူးတာ။ လူကတော့ မျက်စိက မှုန်လိုက်တာ မပြောနဲ့။ သူ့မျက်မှန်က ဟို... ဘီလပ်ရည်ပုလင်းဖင်မှန်ကို တပ်ထားသလိုပဲ။ သူနဲ့ကျနော်နဲ့တခါ ထမင်းစားရုံကနေ ထမင်းစား ပြန်လာကြတဲ့အခါကျတော့ ရဲနီတွေရဲ့အဆောင်ရှေ့က ဖြတ်လာတယ်။ အဲဒီအခါကျတော့ ရဲနီတွေကနေပြီး "ဦးမြသန်း ထမင်းစားခဲ့ပြီလား"လို့ လှမ်းပြီးနှုတ်ဆက်တယ်။ သူက "ဟုတ်ကဲ့၊ စားခဲ့ပြီဗျာ"လို့ ပြောတယ်။ ပြီးတော့ နည်းနည်းလွန်တော့မှ "ကိုဖိုးသံ... ခုနကကျနော့်ကို နှုတ်ဆက်တာ ဘယ်သူလဲဗျ"လို့ မေးတယ်။ သူ့ခမျာ မြင်တာမဟုတ်ဘူး။ ရမ်းဖြေလိုက်ရတာ။ မျက်စိက အဲဒီလောက်ကို မွဲတာ။

ဒါပေမယ့် သူက အဲဒီလို မျက်စိသာ မွဲတာ၊ ကျန်တဲ့ရဲဘော်တွေ တောတိုးကြပြီဆိုတဲ့အခါ သူလည်း တောတိုးမယ်ဆိုပြီး လိုက်တာပဲ။ ဓားရှည်ကြီး တလက်နဲ့။ ကျနော်တို့ ကိုယ့်ဟာကိုယ်လုပ်ကြတဲ့ လက်နက်ကိရိယာတွေထဲမှာ ဓားတွေအများဆုံးပဲလို့ထင်တယ်။ လူတိုင်းလိုလို ဓားရှိတယ်။ ဦးမြသန်းရဲ့ ဓားကတော့ တံတောင့်ထွာလောက်ရှိမယ်၊ ဓားရှည်။ သူက အဲဒါနဲ့ တောတိုးတာ။ အာဏာပိုင်တွေက 'မသွားရ'လို့ ပိတ်ပင်ထားတဲ့နေရာတွေကို တခြားရဲဘော်တွေက နိုးသွားတယ်။ သူလည်း လိုက်တယ်။ အဲဒီကနေ အုန်းသီးထမ်းတယ်။ ဟင်းရှာတာ လုပ်တယ်။ တမင်တကာ ကျနော်တို့ အစုံ့တိုက်ပြီးတော့ အဲဒီဒေသကို စည်းကမ်းချိုးဖောက်ပြီးတော့ သွားနေကြတာ။ အဲဒီအထဲမှာ ဦးမြသန်းလည်း ပါတာပဲ။ အဲလိုအခါမျိုးမှာ သူဟာ မျက်မှန်သာ တပ်မထားရင် သူ့ရုပ်က အညာက လယ်သမားရုပ်ပဲ။ ချွေးတလုံးလုံးနဲ့၊ ဝတ်ထားတာကလည်း ထောင်ကပေးတဲ့ပုံစံအဝတ်အစား။ အဲဒါကို အုန်းခွံရောင်တွေ ဆိုးထားတာ။ သူ့ကို မြစ်ဝကျွန်းပေါ်မှာ ကျသွားတဲ့ ရဲဘော်အောင်နိုင်က ဦးထုပ်လေးတလုံး ချုပ်ပေးထားတယ်။ အဲဒီဦးထုပ်ကလည်း ခုနက အုန်းခွံရောင်ဆိုးထားတာ။ သူက အဲဒီဦးထုပ်လေးနဲ့ သူ့ကိုယ်သူ ယပ်ခပ်နေ

တာ။ မောရှာလို့။ ပူကလည်း ပူကိုးဗျ။ ဦးမြသန်းက ရဲဘော်တွေနဲ့လည်း အဲဒီလို တသား တည်း နေတာ။ နောက် ထင်းလုပ်ရင်လည်း အဲဒီလို ချွေးတလုံးလုံးနဲ့ ထင်းခွဲတာပဲ။ လွှ ဆွဲတာပဲ။

ကိုကိုးကျွန်းရဲ့ ရက် ၄၀ တိုက်ပွဲမှာ သူရယ်၊ ဦးလေး ဦးတင်အောင်ရယ် သူတို့ နှစ်ယောက် ပထမအသုတ်က ပါခဲ့တာ။ အဲဒီတိုက်ပွဲကို အလေးထားတဲ့အနေနဲ့ အဲဒီတိုက်ပွဲက ရဲနီတယောက် ကျဆုံးသွားတာကနေပြီးတော့ ကျနော်တို့ တိုက်ပွဲ စတိုက်ကြတာ။ ဒီတိုက်ပွဲကို ကျနော်တို့ ပေါ့ပေါ့တန်တန်မလုပ်ဘူး။ အလေးထားတယ်ဆိုတာကို ဖော်ပြချင်တဲ့အတွက် ဦးမြသန်းရော၊ ဦးတင်အောင်ရော ပထမအသုတ်ကနေ ပါဝင်တာ။ အဲဒီတိုက်ပွဲမှာ သူတို့နှစ်ယောက်စလုံးက အင်မတန် တည်တည်ငြိမ်ငြိမ်နဲ့ ဣန္ဒြေရရနဲ့ ရဲရဲရင့်ရင့်နဲ့ တိုက်ပွဲဝင်ခဲ့တာ။ အဲဒါဟာ ကျနော်တို့ ကျန်တဲ့ရဲဘော်တွေအားလုံးကို အားရ၊ အားတက် စေတယ်။ တပါတည်းမှာပဲ ကျနော်တို့ရဲဘော်တွေဟာ သူတို့နှစ်ယောက်ရဲ့ ကျန်းမာရေး အတွက်လည်း အများကြီးစိုးရိမ်ပူပန်မိကြတယ်။ စိတ်လည်း မကောင်းကြပါဘူး။ အထူး သဖြင့် ဦးလေးဦးတင်အောင်။ ဦးလေးဦးတင်အောင်ဟာ နဂိုကတည်းက အစာအိမ် ကောင်းတာမဟုတ်ဘူး။ ဦးလေးဦးတင်အောင်ဟာ အဲဒီတိုက်ပွဲဒဏ်တွေ၊ သူ့ရဲ့ အင်မတန် ရှည်ကြာလှတဲ့ ထောင်ဒဏ်တွေ၊ အဲဒီဒဏ်တွေနဲ့ အစာအိမ်ကင်ဆာဖြစ်ပြီး အစောကြီး ကွယ်လွန်သွားတာဖြစ်တယ်။

အဲတော့ ကိုကိုးကျွန်းတလျှောက်လုံးမှာ ဦးမြသန်းနဲ့ပတ်သက်ပြီးတော့ ကျနော်တို့အားလုံး စွဲလန်းနေတာတခုက ဦးမြသန်းက အခက်အခဲမကြောက်ဘူး။ ကျနော်တို့နဲ့ အတူတူ ဒိုးတူဘောင်ဖက် လုပ်နိုင်ကိုင်နိုင်တယ်။ မာနမရှိဘူး။ ရဲဘော် ကြီးသည်၊ ငယ် သည်ဖြစ်စေ သူက ရိုရိုကျိုးကျိုးဆက်ဆံတယ်။ စာတွေ အများကြီးဖတ်ပြီးတော့ ကျနော်တို့ရဲဘော်တွေကို အသိဉာဏ်တွေကို ခွဲဝေပေးနိုင်တယ်ပေါ့ဗျာ။ ကျနော်တို့လိုအပ်တဲ့ အကူအညီအများကြီး၊ အထူးသဖြင့် ဉာဏပိုင်းနဲ့ပတ်သက်တဲ့ အကူအညီတွေ အများကြီး သူ့ဆီက ရခဲ့တယ်။

ကိုကိုးကျွန်းက ပြန်လာတဲ့အခါကျတော့ သူနဲ့ကျနော်နဲ့က အင်း စိန်ထောင် ၄ တိုက်မှာ အခန်းချင်း ကပ်လျက်နေရတယ်။ အခန်းချင်းကပ်နေတယ်ဆိုတော့ ကျနော်တို့ စကားပြောချင်တယ်။ ညမှာပဲ အများဆုံးပြောရတယ်။ ထောင်အစောင့်တွေ အလစ်မှာ ပေါ့။ စာဖတ်စရာ မရှိဘူး။ အဲဒီမှာက အဲ... စာဖတ်စရာမရှိတဲ့အခါကျတော့ သူနဲ့ စကား ပြောရတာဟာ၊ သူ့ဆီကနေပြီး ကျနော်တို့ သိချင်တာတွေ မေးရတာဟာဆိုလို့ရှိရင် ကိုယ်ဖတ်ချင်တဲ့စာအုပ်တွေကို ဖတ်နေရသလိုပဲ။ ဒါကြောင့်မို့ ကျနော် ညရောက်ပါစေ လို့ပဲ မျှော်လင့်တယ်။ အဲ... သူကလည်း ပြောတယ်။ ပြောတယ်ဆိုတာက ကိုကိုးကျွန်း မှာနေတုန်းက သူ့အနေနဲ့ စာရေးဖို့သားဖို့ သိပ်မစဉ်းစားနိုင်ဘူး။ အချိန်က မရှိဘူး။ ကျွန်း ကိစ္စတွေနဲ့ ခေါင်းထဲမှာ အကုန်လုံး အဲဒါတွေနဲ့ပဲ လွှမ်းမိုးနေတယ်။ အခုအခါကျတော့ ထောင်ထဲမှာ ရောက်လာတဲ့အခါ အချိန်ရတဲ့အခါကျတော့ သူစာရေးဖို့သားဖို့တွေ စဉ်း

စားတယ်။ သူက အဲဒီဟာတွေအကုန်လုံး ကျနော့်ကိုပြောပြတယ်။ အဲဒီတော့ သူ့ဆီက ကျနော် ကြားနေရတာတွေဟာ စာအုပ်တွေဖတ်နေရသလိုပဲ။ တက္ကသိုလ်မှာ သင်တန်းတွေ တက်နေရသလိုပဲ။ အဲ... ကျနော်နဲ့အတူနေသူတွေ၊ သူနဲ့အတူနေသူတွေ၊ အခန်းနီးနားချင်းတွေကပါ နားထောင်ပြီးတော့ အကျိုးရှိသွားတာပဲ။

ပြန်ပြီးချုပ်လိုက်မယ်ဆိုလို့ရှိရင်ပေါ့ဗျာ။ ဦးမြသန်းတင့်ဟာ ငယ်ငယ်လေးကတည်းက လူထုတိုက်ပွဲတွေထဲမှာ ဖြတ်သန်းလာရတာ။ နောက်ပြီး ကွန်မြူနစ်ပါတီနဲ့ နီးနီးကပ်ကပ်နေခဲ့ရပြီးတော့ လေ့ကျင့်ပေးတာလည်း အရယူခဲ့တယ်။ လွတ်လပ်ရေးရပြီးတော့လည်း ပြည်သူလူထုဘက်မှာ တလျှောက်လုံး ရပ်တည်ခဲ့တယ်။ စာပေဖွဲ့လုံ့လ သိပ်ကြီးမားတယ်။ အင်မတန် စိတ်ဓါတ်အရ၊ သဘောထားအရ သိပ်ပြည့်ဝတဲ့သူတယောက် ဖြစ်တယ်။ အဲဒီလို ပြီးပြည့်စုံတဲ့လူတယောက်ဖြစ်အောင် စာတွေ ဘယ်လောက်ဖတ်ရတယ်၊ ဘယ်လောက်ကြိုးစားရတယ်၊ ဘယ်လောက်လုံးပမ်းရတယ်ဆိုတာ ဦးမြသန်းဟာ ကျနော်တို့ အားလုံးအတွက် လေးစားစရာ၊ အတုယူစရာ ပုဂ္ဂိုလ်တယောက်ပဲလို့ ကျနော်တော့ တသက်လုံး မှတ်ယူနေမှာ။ ။

၊ ဂျဲဘော်ဖိုးသံချောင်း ၊
(ဒီမိုကရက်တစ်မြန်မာ့အသံ၌ အသံလွှင့်ချက်။ ၁၈၊ ၂။ ၂၀၀၄)

# ဆရာကြီးသခင်ကိုယ်တော်မှိုင်း

## ဂါရဝပြုခြင်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ကျနော်တို့ ဗမာနိုင်ငံမှာ တခေတ်ထွန်း တယောက်သော ပုဂ္ဂိုလ်မျိုးဖြစ်ပါတယ်။ သူ့ကို ဗမာပြည်နိုင်ငံရေး လိုအပ်ချက်က ပြဌာန်းဖော်ထုတ်လိုက်တာဖြစ်ပါတယ်။ သူ့လိုလူ နောက်ထပ် မပေါ်နိုင်တော့ပါဘူး။ ဆရာကြီးရဲ့ ဂုဏ်ပုဒ်တွေကို ပြောမယ်ဆိုလို့ရှိရင် အများကြီးပါ။ စာပေပညာရှင်ကြီးအနေနဲ့ပြောမလား၊ လွတ်လပ်ရေး တိုက်ပွဲဝင် ပုဂ္ဂိုလ်ကြီးတယောက်အနေနဲ့ ပြောမလား၊ ငြိမ်းချမ်းရေး ဗိသုကာကြီးအနေနဲ့ ပြောမလား ပြောစရာတွေ အများကြီးပါ။ သူဟာ စာပေလောကမှာ၊ သတင်းစာလောကမှာ မီးရှူးတဆောင် သူတဦးဖြစ်ခဲ့တာလည်းအမှန်ပါပဲ။ ဒါပေမယ့် ကျနော့် ရှုထောင့်က ပြောရရင်တော့ ဆရာကြီးရဲ့ဂုဏ်သရေဟာ သူ့ရဲ့နိုင်ငံရေးလုပ်ရပ်တွေကြောင့် ပိုမိုထွန်းတောက်လာရတယ်လို့ ပြောချင်ပါတယ်။

အင်္ဂလိပ်အစိုးရက ရန်သူတော် နံပါတ်တစ်လို့ သတ်မှတ်ခံရတဲ့ ဆရာကြီးဟာ ဂျပန်ခေတ်ရောက်တော့လည်း တောပြေးပြီး ပုန်းရတယ်။ ဖဆပလ လက်ထက်ကျတော့လည်း ဆိုရှယ်လစ်တွေနဲ့ သူတို့ရဲ့စစ်ဗိုလ်တွေက တောထဲကလူတွေရဲ့ ကိုယ်စားလှယ်လို့ အမနာပ ပြောပြီး သူ့တရားပွဲတွေကို ပြူစောထီးတွေ လွှတ်ပြီး ခြိမ်းခြောက်တာ ခံရပါတယ်။ အဲဒီလို ခေတ်အဆက်ဆက်မှာ အာဏာရအသိုင်းအဝိုင်း၊ အာဏာရလူတန်းစားနဲ့ ထိပ်တိုက်တွေ့ အပြိုင်အဖြိုင်ခံပြီးတော့ ခေါင်းမာမာတိုက်ပွဲဝင်ခဲ့လို့ ဆရာကြီးရဲ့ဂုဏ်သိက္ခာဟာ ထွန်းပြောင်တာ၊ တပြည်လုံးက လေးစားရတာဖြစ်ပါတယ်။

ဆရာကြီးရဲ့ထူးခြားချက်တခုက သူဟာ ပြည်သူလူထုနဲ့အမြဲ တသားတည်းရှိတာပါ။ သူဟာ ပြည်သူလူထုတိုက်ပွဲနဲ့ အမြဲဆက်နေပါတယ်။ အမြဲတမ်း သူပါပါတယ်။ သူ့ခေတ်မှာ သူမပါလိုက်တဲ့ ပြည်သူလူထုရဲ့တိုက်ပွဲရယ်လို့ မရှိပါဘူး။ 'ငါ့ဘဝမှာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေပါစေ' ဆိုတဲ့ မာ့က်စ်ရဲ့ ငယ်စဉ်ကကြွေးကြော်သံလိုပဲ ဆရာကြီးရဲ့ဘဝတခုလုံးဟာ တိုက်ပွဲတွေချည်းပါပဲ။ သူဟာ ပြည်သူလူထုဆိုတဲ့အထဲမှာ အထူးသဖြင့် အဖိနှိပ်ခံ ဆင်းရဲသူ ဆင်းရဲသားတွေနဲ့ တသားတည်းကျတာဟာ အင်မတန် ထူးခြားပါတယ်။ သူဟာ ဗမာပြည်ရဲ့ ဆင်းရဲသူ ဆင်းရဲသားတွေရဲ့ဘဝကို နားလည်တယ်၊ စာနာတယ်၊ အဲဒီလူတွေအတွက် တိုက်ပွဲဝင်တယ်။ သူရေးတဲ့စာတွေထဲမှာ 'အညာ မင်္ဂလာဆောင်' လိုဟာမျိုးကအစ စံဖဲကိစ္စအဆုံး သေချာကြည့်လိုက်လို့ရှိရင် ဆရာကြီးရဲ့ ရပ်တည်ချက်ဟာ ဘယ်တော့မှ ပြည်သူလူထုကို သစ္စာမဖောက်ခဲ့ဘူး။ ဆင်းရဲတဲ့သူတွေနဲ့၊ အောက်တန်းအကျဆုံးလူတွေနဲ့ သူဟာ အမြဲတမ်း တသားတည်းရှိခဲ့တယ်ဆိုတာ တွေ့ရပါမယ်။ သူ့ကို ငွေကြေးတွေ၊ ရာထူးတွေနဲ့ဆွယ်တာတွေ သူ့ဘဝမှာခဏခဏ ကြုံခဲ့ရတယ်။ အဲဒါတွေ အားလုံးကို သူက ပြတ်ပြတ်ငြင်းပယ်နိုင်ခဲ့တယ်။ သူဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး အရေးတော်ပုံတွေအားလုံးမှာ အရှေ့ဆုံးကပါခဲ့တာ အမှန်ပါပဲ။

ဒါကြောင့်မို့လည်း ၄၈ ခုနှစ် ဒီဘက်ပိုင်းမှာ လူငယ်တွေဟာ ဖဆပလ အစိုးရနဲ့ ကြားဖြတ်စစ်အစိုးရတို့ရဲ့ ခြိမ်းခြောက်မှုတို့ကို ဆရာကြီးအရှိန်အဝါနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ရတာတွေ အများကြီးရှိခဲ့ပါတယ်။ သူ့ကို ရှေ့ဆုံးက တင့်ကားကြီးလိုထားပြီး နောက်က ချီတက်ခဲ့ရတာပါ။ ကျနော်တို့နိုင်ငံက ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုကြီးမှာ ဆရာကြီးရဲ့အရှိန်အဝါမရှိရင် ဘယ်လိုဖြစ်မယ်ဆိုတာ အတော်စဉ်းစားရပါလိမ့်မယ်။

ဆရာကြီးဟာ အင်္ဂလိပ်စာ မတတ်ပါဘူး။ ဒါပေမယ့် သူဟာ အသစ်ကို၊ တိုးတက်တာကို လက်ခံနိုင်စွမ်းရှိတာမှာ အံ့ဩစရာအလွန်ကောင်းပါတယ်။ သူ့အတွေးအခေါ်က သာမန်ပဒေသရာဇ်ဆန်ဆန် နယ်ချဲ့မုန်းတီးမှုကနေပြီးတော့ ဝံသာနုစိတ်၊ တို့ဗမာအစည်းအရုံးစိတ်ဓါတ်၊ နောက်ဆုံး ဆိုရှယ်လစ်ဝါဒအထိ ပြောင်းလဲလာပါတယ်။ ဒါကို သမိုင်းပါမောက္ခ ဆရာကြီးဦးသန်းထွန်းက... 'တိုတိုပြောရရင် ပထမ အင်္ဂလိပ်အင်ပါယာထဲမှာပဲ ဒိုမီနီယံ (Dominion Status)ရရင် တော်ပြီလို့မှန်းတယ်။ နောက်တော့ လုံးဝလွတ်လပ်ရေးက တပြားမှမလျှော့ဘူးဖြစ်လာတယ်။ လွတ်လပ်ရေးရပြီးရင် ဘယ်လိုနိုင်ငံ တည်ဆောက်မလဲဆိုတာ ချက်ချင်းမစဉ်းစားနိုင်သေးဘူးပေါ့။ ပဒေသရာဇ်နိုင်ငံ ပြန်ဖြစ်ရင်လည်း ဖြစ်နိုင်တယ်ဆိုတဲ့သဘောက ရှိနေသေးတယ်။ နောက်တော့ ဆိုရှယ်လစ်နိုင်ငံပဲကြိုက်တယ်လို့ ပီပီသသဖြစ်လာပါတယ်' လို့ သူ့စာတမ်းတစောင်မှာ ရေးထားပါတယ်။ အဲဒီစာတမ်းရဲ့ နောက်တနေရာမှာတော့ ဆရာဦးသန်းထွန်းက 'ဒါပေမယ့် ဒုတိယကမ္ဘာစစ်ကြီး နောက်ဆုံးကာလ ၁၉၄၄ ခုနှစ်က ဆရာကြီး ကွယ်လွန်တဲ့

**၁၉၆၄ ခုနှစ် အထိ အနှစ် ၂၀ အတွင်းမှာ ဆရာကြီးရဲ့ဘဝက ဆိုရှယ်လစ်နိုင်ငံ ထူထောင်ရေးနဲ့ ငြိမ်းချမ်းရေးက** ပန်းတိုင်လို့ ပြသွားပါတယ်'လို့ ရေးထားပါတယ်။

ဆရာကြီးရဲ့ရှာပနကာလမှာ ဆရာကြီးရဲ့အကြောင်း စာတမ်းတွေ ဖတ်ကြ**တော့ ကျနော့်အဖေရေးတဲ့စာတမ်းထဲမှာ 'ဆရာကြီးသခင်ကိုယ်တော်မှိုင်း (သို့မဟုတ်) မြန်မာနိုင်ငံသမိုင်း**'လို့ ပြောသွားပါတယ်။ ဒါဟာ သိပ်ကို မှန်ပါတယ်။ ဗမာပြည်ရဲ့သမိုင်း၊ **ဆို**လိုတာ ဒီဘက်ခေတ်သမိုင်းအကွေ့တိုင်းမှာ ဆရာကြီးက ရှေ့ဆုံးက ပါသူပါ။ အဲဒီတုန်းက သမိုင်းအဖြစ်အပျက်တွေကို ပြောရင် ဆရာကြီးအကြောင်း မပါလို့ကတော့ တကယ်ကို မပြည့်စုံပါဘူး။ ဆရာဗန်းမော်တင်အောင်ပြောတဲ့စံနဲ့ ပြောရလို့ရှိရင် 'သူဟာ သူ့ခေတ်ကပေးတဲ့ တာဝန်ကို အကျေပွန်ဆုံးထမ်းဆောင်ပြသွားတဲ့ လူထုသူရဲကောင်းကြီးတယောက်'ဖြစ်ပါတယ်။

ဆရာကြီးရဲ့ ထူးထူးခြားခြား မှတ်သား လောက်တဲ့ အရည်အချင်းတခုကတော့ သမိုင်း အကွေ့အပြောင်းတွေမှာ နိုင်ငံရေးအရှုပ်အထွေးတွေ ဘယ်လိုပဲရှိရှိ မျက်စေ့မလည်တာပါပဲ။ သူ ဒီလို မျက်စေ့မလည်တာရဲ့ အဓိကအကြောင်းအရင်းကတော့ သူဟာ ပြည်သူလူထုအပေါ်မှာ သစ္စာရှိလို့ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ပဲ တသားတည်းရပ်လို့ ဖြစ်ပါတယ်။

သူရဲ့ သက်တမ်းနဲ့အမျှ ရှည်လျားလှတဲ့ ခရီးကြမ်းကြီးတလျှောက်မှာ သူနဲ့ **လုပ်ဖော်ကိုင်ဖက်** အမြောက်အများမှာ သူလို အတွေးအခေါ် မပြောင်းလဲနိုင်တဲ့အတွက် **ပြုတ်ကျန်ခဲ့တာတွေ**၊ ခွဲထွက်သွားတာတွေ၊ အများကြီးကြုံခဲ့ရပါတယ်။ ဒါပေမယ့် ဆရာ**ကြီးကတော့ သမိုင်းက ပြဋ္ဌာန်းလာတဲ့ အရေးတော်ပုံသစ်တွေ**၊ တိုက်ပွဲသစ်တွေ အတွက် **အယူအဆသစ်တွေကိုလက်ခံပြီး လူငယ်တွေ၊ အင်အားအသစ်တွေနဲ့** လက်တွဲ ပါတယ်။ ဆရာကြီးက အသစ်ကို ဘယ်လောက်အထိ လက်ခံနိုင်စွမ်းရှိသလဲဆိုလို့ရှိရင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ သူ အရင်တုန်းက တွဲခဲ့တဲ့ (ဒိုင်အာခီခေတ်က တွဲခဲ့တဲ့) လူကြီးတွေနဲ့ ခွဲပြီးတော့ အမျိုးသားကျောင်း ထောင်ခဲ့တာ၊ အမျိုးသားကျောင်းမှာ ဝင်ပြီးလုပ်ခဲ့တာ၊ လူငယ်တွေနဲ့ တွဲခဲ့တာ၊ တို့ဗမာအစည်းအရုံးမှာလည်း ဗိုလ်ချုပ်အောင်ဆန်းတို့လို ပုဂ္ဂိုလ်တွေနဲ့ တွဲခဲ့တာ၊ နောက်ဆုံး လွတ်လပ်ရေးဒီဘက်ခေတ်မှာကိုပဲ အဲဒီခေတ်က တိုးတက်တဲ့ လူငယ်တွေဖြစ်တဲ့ ဗန်းမော်တင်အောင်တို့၊ ဒဂုန်တာရာတို့လို လူငယ်တွေနဲ့ တွဲတာ၊ နောက်ပြီး ဗိုလ်မှူးချုပ်ကျော်ဇောတို့၊ ဝတ်လုံဦးထွန်းတင်တို့လို ပုဂ္ဂိုလ်တွေနဲ့ တွဲတာ ဒါ ဆရာကြီးရဲ့အသစ်အင်အားစုကို လက်ခံနိုင်စွမ်းရှိမှု၊ အမှားအမှန် ခွဲနိုင်စွမ်းရှိမှုကို ပြသတဲ့သာဓကတွေ ဖြစ်ပါတယ်။

ဆရာကြီး တသက်လုံးလက်တွဲသွားတဲ့အင်အားစုတွေအကြောင်းပြောရင် ချန်**ထားလို့မဖြစ်တဲ့** အင်အားစုတခု ရှိပါတယ်။ အဲဒါကတော့ ကျောင်းသားတွေပါ။ ဗမာ**ပြည်မှာ ကျောင်းသားတွေရဲ့** ပထမဆုံး နိုင်ငံရေးလှုပ်ရှားမှုလို့ဆိုရမယ့် ၁၉၂၀ ခုနှစ်က **ယူနီဗာစီတီသပိတ်ကြီး**ကစလို့ နောက်ဆုံးအချိန်အထိ ဖဆပလ အစိုးရ လက်ထက်၊

ကြားဖြတ်စစ်အစိုးရလက်ထက်အထိ သူဟာ ကျောင်းသားတွေနဲ့ လက်မြဲမြဲတွဲခဲ့ပါတယ်။ သူဟာ ဦးဘဖေတို့လို ဒိုင်ယာခီသမားတွေနဲ့ လက်တွဲဖြုတ်ပြီး ကျောင်းသားတွေဘက်က ပြတ်ပြတ်ရပ်၊ ကလောင်ထမ်းပြီး တိုက်ပွဲဝင်ခဲ့တယ်။ မျောက်ငိုကာ၊ ဘိုင်းကောက်ငိုကာတို့ ဟာ အဲဒီတုန်းက ဆရာကြီးရဲ့ရပ်တည်ချက်ကို ထင်ဟပ်နေပါတယ်။ ကျောင်းသားတွေ ကိုလည်း...

**ထိမထင် ကျောင်းတော်သားတွေရဲ့**
**အမည်အစဉ် ခေါင်းပေါ်ဖျားမှာလ**
**မင်းရို့ဆရာကို**
**စာရင်းတို့ကာသာ ထားလိုက်ပေတော့...**

ဆိုပြီး ကတိပြုထားတဲ့ ဆရာကြီးကို သူတို့ရဲ့ဦးထိပ်မှာအမြဲထားပြီး ဆိုးတိုင်ပင် ကောင်း တိုင်ပင် တိုင်ပင်ခဲ့ကြပါတယ်။ ရန်ကုန်တက္ကသိုလ်သမဂ္ဂအဆောက်အဦမှာ အခါအားလျော် စွာပဲ ဆရာကြီးကိုဖိတ်ပြီး တရားနာကြတယ်။ အရေးကြီးတဲ့အခမ်းအနားတွေမှာ ဆရာ ကြီးကို ဖိတ်ကြားခဲ့တယ်။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ဆရာကြီး ကွယ်လွန်တဲ့ အချိန်မှာကျတော့ အဲဒီ သူ့တပည့်အရင်းတွေ ဂါဝရလာမပြုနိုင်ကြတော့ ပါဘူး။ စစ်အစိုးရ က လိုက်ဖမ်းလို့ ပုန်းသူပုန်း၊ တောခိုသူခို ဖြစ်ကုန်ကြပါပြီ။

ဆရာကြီးရဲ့ရျာပနကို ကြီးကြီးကျယ်ကျယ်ကျင်းပတာ အမှန်ပါပဲ။ တို့ဗမာ အစည်းအရုံးအပါအဝင် လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးတွေ၊ စာပေလောက က လူတွေ အမြောက်အများလည်း တက်ရောက်ကြပါတယ်။ ဒါပေမယ့်အဲ့ဒီအချိန်မှာ ကျောင်းသား သမဂ္ဂတွေ တက်လို့မရတော့ဘူး။ ဆရာကြီးရဲ့ရျာပနမှာ ပေးပို့လာတဲ့ ပန်းခွေတွေဟာ ရာဂဏန်းလောက်ရှိပါလိမ့်မယ်။ ဒါပေမယ့် အဲဒီအထဲမှာ ကျောင်းသားသမဂ္ဂတွေရဲ့ ပန်း ခွေတွေ မတွေ့ရတော့ပါဘူး။ ဆရာကြီးရဲ့ ရျာပနကျင်းပတဲ့မဏ္ဍပ်ကြီးမှာ ပန်းခွေတွေ၊ အလံတွေရှိပေမယ့် အဲဒီပန်းခွေတွေ၊ အလံတွေ အရေအတွက်ထက် ထောက်လှမ်းရေး အရေအတွက်က ပိုများနေတယ်လို့ ထင်ရပါတယ်။

အဲဒီအချိန်မှာ ဗိုလ်နေဝင်းဟာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးတယ်ဆို တဲ့ မျက်လှည့်ပွဲကို တန်သင့်ပြီလို့ဆုံးဖြတ်ပြီး ဖျက်သိမ်းလိုက်ပါပြီ။ ဖျက်သိမ်းပြီးတာနဲ့ တပြိုင်နက် တောထဲကလူတွေကို ပြန်ခိုင်း၊ နောက်ကနေ ထိုးစစ်တွေ လိုက်ဆင်၊ မြို့ပေါ်မှာ ကျတော့ အကုန်လုံးလိုက်ဖမ်း၊ တောထဲကို မောင်းပို့၊ အဲဒီလိုနဲ့ ကျောင်းသားခေါင်း ဆောင်တွေလည်း အဖမ်းခံသူခံရ၊ ပြေးသူပြေးရ ဖြစ်ကုန်ပါတယ်။ ဦးနုတို့တတွေကလည်း ထောင်ထဲမှာပါ။ အဲဒီလို ဗမာပြည်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေပျက်တာနဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကွယ်လွန်တာဟာ ဘာမှမကွာဘူး။ ဒီဖြစ်ရပ်နှစ်ခု တိုက်တိုက် ဆိုင်ဆိုင် လာပြီးဆုံနေတာ အင်မတန်မှ အံ့ဩစရာကောင်းပါတယ်။ “ဆရာမသေခင် ငြိမ်းချမ်းရေးရတာ မြင်သွားချင်တယ်”ဆိုတာ ဆရာကြီးပါးစပ်က တဖွဖွပြောတဲ့ စကား

ပါ။ ဒါပေမယ့် သူမကွယ်လွန်မီ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်လိုက်နိုင်တာဟာ ကျနော်တို့နိုင်ငံအတွက် ကြမ္မာငင်တာဖြစ်ပါတယ်။

တကယ်တော့ ဆရာကြီးကို ကွန်မြူနစ်များကလည်းကြည်ညို၊ ဖဆပလ ကလည်း လေးစား။ ဒါကြောင့် သူဟာ နှစ်ဖက်အကြားမှာ တကယ်ဝင်နိုင်သူ ဖြစ်ပါတယ်။ အာဏာရနေတဲ့ အစိုးရထဲမှာရော၊ တောထဲက လူတွေထဲမှာရော အားလုံးက သူ့တပည့်တွေ၊ သူ့တိုက်ဖော်တိုက်ဖက်တွေ ဖြစ်နေတယ်။ သူပြောရင် မငြင်းဝံ့တဲ့သူတွေဖြစ်ပါတယ်။ အဲဒီတုန်းက အခြေအနေနဲ့ အခုအခြေအနေက အများကြီးကွာပါတယ်။ အခု ကာလက အဲဒီလိုမဟုတ်ဘူး၊ ကြားဝင်နိုင်တဲ့ ဆရာကြီးလို ဩဇာရှိတဲ့ပုဂ္ဂိုလ် မရှိဘူး။ အခု ကြားဝင်တယ်ဆိုတာက ရာဇာလီလို ပုဂ္ဂိုလ်ဖြစ်နေတယ်။ သူက နိုင်ငံခြားသား၊ နောက် သူ့ကိုယ်ကျိုးကလည်း တလှေကြီး ရှိတယ်။ သူ့ကို ဘယ်ဘက်ကမှ တကယ်ယုံကြည်တာ မဟုတ်ဘူး။ သူဟာ ဒီနေ့ပဋိပက္ခရဲ့ ဆန့်ကျင်ဖက်မှာရှိနေသူတွေ ဘယ်သူကမှ သူနဲ့ တိုက်ဖော်တိုက်ဖက် မဟုတ်ဘူး။ ဆရာကြီးဟာ တောထဲကလူတွေနဲ့ရော ဦးနုတို့နဲ့ရော တိုက်ဖော်တိုက်ဖက် လုပ်ဖော်ကိုင်ဖက်။ ရာဇာလီဟာ ဘယ်သူနဲ့မှ သံယောဇဉ်မရှိဘူး။ သူ့ကိုယ်သူကလွဲပြီး ဘာသံယောဇဉ်မှမရှိတဲ့သူ ဖြစ်တယ်။ တကယ်လို့သာ ဆရာကြီးရှိတုန်းမှာ ငြိမ်းချမ်းရေးကိစ္စကို ဖိဖိစီးစီး စိုက်လိုက်မတ်တပ် လုပ်မယ်ဆိုလို့ရှိရင် ကျနော်ထင်တယ် ဗမာပြည်ရဲ့သမိုင်းဟာပြောင်းလဲသွားနိုင်ပါတယ်။

၁၉၆၃ ခု ငြိမ်းချမ်းရေးဆွေးနွေးပွဲဟာ ဦးနုလက်ထက်မှာသာဆိုရင် အောင်မြင်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲတုန်းက ပဋိပက္ခဖြစ်နေတဲ့သူတွေ (အထူးသဖြင့် ခေါင်းဆောင်တွေပေါ့လေ)ကို ပြန်ကြည့်ပါ။ ဦးနုဆိုတာက သူ့ကို ဆရာကြီးက "ခွေးမသား"လို့ မခေါ်တာကိုပဲ "ဟာ... ဆရာကြီးက ငါ့အပေါ် စိတ်ဆိုးနေသလား"လို့ စဉ်းစားခဲ့သူမျိုးပါ။ နောက်ပြီး ဆရာကြီးက...'ထမ်းပိုးတည့်တည့် ထမ်းခဲ့ကြတဲ့ စိုးနဲ့သန်း' ဆိုတဲ့အထဲက သခင်သန်းထွန်းဆိုတာကတော့ ပြောစရာတောင် မလိုပါဘူး။ ၁၉၆၃ ခုနှစ် ကွန်မြူနစ်ပါတီရဲ့ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့က ဆရာကြီးအတွက် 'ခေါင်း'နဲ့ 'ပျားရည်' ယူလာတဲ့ နိမိတ်ပုံကိုပဲကြည့်ပါ။ ခေါင်းဆိုတာက ဗမာနိုင်ငံသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးလက္ခဏာပါ။ ဒါ အထူးရှင်းပြနေစရာ မလိုပါဘူး။ ပျား ရည်ကရော... ပျားရည်ဆိုတာက ဆရာမှိုင်းမငြိမ်းရဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးသီချင်းထဲက 'ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့အစဉ်၊ တမာပင် သရက်ပင် ဘာပင်ပဲစွဲစွဲ ချိုမြဲအရသာ မစွန့်သည်သာပင်"ဆိုတဲ့ အဓိပ္ပါယ်ကိုဆောင်ပါတယ်။ ငြိမ်းချမ်းရေးဟာ အမြဲတမ်းချိုမြနေတယ် ဆိုတဲ့လက္ခဏာပါ။ အဲဒီလက္ခဏာနဲ့ သခင်သန်းထွန်းက ဆရာကြီးဆီကို လက်ဆောင် ပို့လိုက်တာပါ။

အဲလိုလူ နှစ်ဦးနှစ်ဖက်ကြားမှာ ဆရာကြီးဝင်ရင် အခြေအနေတွေဟာ ပြောလို့ဆိုလို့ ရနိုင်တဲ့ဟာပါ။ ဒါပေမယ့်ဖြစ်ချင်တော့ ၁၉၆၃ ခုနှစ် အဲဒီအချိန်မှာ အာဏာရနေတာက ဆရာကြီးကို အာခံထွက်ထားတဲ့ 'ဗိုလ်ကလိန် ဗစိန်'တို့ရဲ့ နောက်လိုက် ဗိုလ် နေ

ဝင်း ဖြစ်နေပါတယ်။ ဒီနေ့အခါမှာ 'ငြိမ်း'အဖွဲ့တွေ ရထားတဲ့ ငြိမ်းချမ်းရေးဟာ ဆရာကြီး သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့၊ မျှော်မှန်းခဲ့တဲ့ ငြိမ်းချမ်းရေးမျိုး မဟုတ်သေးကြောင်း ကျနော်တော့ ပြောချင်ပါတယ်။ ကျနော်တို့ ဆရာကြီးရဲ့ မပြီးသေးတဲ့လုပ်ငန်းစဉ်၊ ဆရာကြီးရဲ့မျှော်မှန်းချက်တွေအတွက် ဆက်ပြီး အများကြီးလုပ်ရဦးမှာရှိပါသေးတယ်။

အဲဒီ ၆၄ ခုနှစ်တုန်းက ဆရာကြီးရဲ့ ဈာပနကို ကျနော်တက်ခဲ့ပါတယ်။ ကျနော့်အနေနဲ့ ဆရာကြီးကို အသက်ရှည်လျက်ရော၊ အသက်မဲ့ခန္ဓာကိုယ်အဖြစ်နဲ့ရော အကြိမ်ကြိမ် ကန်တော့ဖူးပါတယ်။ အခု သူ့မွေးနေ့မှာ ကျနော်အရှလို ဂါဝရပြုရတာကို အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ကြည်နူးမိပါတယ်။ တချိန်တည်းမှာ ကျနော်လို့ပဲ ဆရာကြီးရဲ့ ကျေးဇူးကိုသိ၊ ဆရာကြီးကို ကြည်ညိုလေးစားသူတွေကို အထူးသတိရမိပါတယ်။ ဒီနေ့အခါမှာ ကျနော်တို့နိုင်ငံမှာက ဆရာကြီးကို ကြည်ညိုလေးစားကြောင်း ဖော်ပြရတာကိုပဲ မင်းပြစ်မင်းဒဏ်သင့်တော့မလိုလိုဖြစ်နေတာ ကျနော်တို့အားလုံး သိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာကြီးရဲ့မွေးနေ့ ဒါမှမဟုတ် ဆရာကြီးကွယ်လွန်တဲ့နေ့တွေမှာ ဆရာကြီးကို ကျနော်တို့ ဂုဏ်ပြုကြရင်း တချိန်တည်းမှာ ဆရာကြီးမျှော်မှန်းတဲ့ ငြိမ်းချမ်းတဲ့နိုင်ငံကြီး တည်ဆောက်နိုင်ရေးအတွက် ကျနော်တို့ ဆက်လက်ပြီးတော့ ရုန်းကန်ကြရမယ်လို့ ထင်ပါတယ်။

နောက်ဆုံးအနေနဲ့ ကျနော်ပြောချင်တာက ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တုန်းက 'ကဗျာဆရာအသင်းချုပ်'ရဲ့ သင်းလုံးကျွတ်အစည်းအဝေးကြီးမှာ ဆရာကြီးပြောခဲ့တဲ့ စကားတွေကိုပဲ ကိုးကားပြခဲ့ပါတော့မယ်...

"တို့ဗမာပြည်ဟာ အမှန်အားဖြင့် မကောင်းတဲ့ခေတ်ပဲ။ တို့တတွေ ကမ္ဘာပျက်ခါနီးမှာ လူလာဖြစ်ရသလိုပဲ။"

၊ ရဲဆောင်ဖိုးထံချောင်း၊

(ဒီမိုကရက်တစ်မြန်မာ့အသံ၌ အသံလွှင့်ချက်။ ၂၃၊ ၃၊ ၂၀၀၄)

# သခင်ဇင်၊ သခင်ချစ်

## ၂၇ နှစ်မြောက်

သခင်ဇင်နဲ့ သခင်ချစ်ဟာ ကျနော်တို့ဗမာပြည်ရဲ့ ဒီဘက်ခေတ်သမိုင်းမှာ တိုင်းပြည်အကျိုး၊ အမျိုးသားအကျိုးကို ထူးထူးခြားခြား အကျိုးပြုသွားတဲ့ ပုဂ္ဂိုလ်ကြီး ၂ ဦး ဖြစ်ပါတယ်။ ကိုလိုနီဆန့်ကျင်ရေး၊ ဂျပန်ဖက်ဆစ်ဆန့်ကျင်ရေးကနေ အခုနောက်ဆုံး စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအထိ အသက်ထက်ဆုံး စွမ်းစွမ်းတမံ လုပ်ဆောင်သွားသူတွေ ဖြစ်ပါတယ်။

သခင်ဇင်ဟာ ညောင်လေးပင်–ဒိုက်ဦးသား၊ ၁၉၁၂ ခုနှစ်ဖွား ဖြစ်ပါတယ်။ ကျနော့်အဖေနဲ့ တနယ်တည်းသားဖြစ်ပြီး လူချင်းလည်း အင်မတန်ရင်းပါတယ်။ ကျနော့်အဖေက ရန်ကုန်မှာ ကျောင်းတက်၊ အလုပ်လုပ်၊ ကြီးပွားရေးမဂ္ဂဇင်း ထုတ်နေတဲ့အချိန်မှာ သခင်ဇင်က နိုင်ငံရေးနယ်ပယ်ထဲကို သခင်ပေါက်စ အနေနဲ့ ဝင်နေပြီဖြစ်တဲ့အလျောက် သူက အဖေ့ဆီကို မပြတ်လာလည်တတ်တယ်လို့ အဖေက ကျနော့်ကို ပြောပြတာရှိပါတယ်။

ဂျပန်တော်လှန်ရေး မစခင် ဖြစ်ပေါ်ခါနီးကာလမှာ ဒေါက်တာဘမော်နဲ့ သခင်တွေ ပူးပေါင်းပြီးတော့ 'တို့ဗမာဆင်းရဲသားအစည်းအရုံး'ဆိုတာကို ထူထောင်ခဲ့ကြတယ်။ အဲဒီအစည်းအရုံးမှာ သခင်ဇင်ဟာ အစည်းရုံးဝင်ဖြစ်ပြီး သူဟာ အဲဒီအစည်းအရုံးရဲ့လုပ်ငန်းတွေကို အပေါ်ယံဖန်းပြအဖြစ်လုပ်ပြီး လက်တွေ့မှာ ဂျပန်တော်လှန်ရေးအတွက် နယ်တွေဆင်းပြီး ပြင်ဆင်နေပါတယ်။ သူ့ရဲ့ တကယ့်တာဝန်က အဲဒီအချိန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ညောင်လေးပင်မြို့နယ် အတွင်းရေးမှူး ဖြစ်ပါတယ်။ သူ အဲဒီလို လုပ်ကိုင်နေတာကို အဲဒီတုန်းက သူနဲ့အတူတူ တို့ဗမာဆင်းရဲသားအစည်းအရုံးထဲမှာ လုပ်နေတဲ့သူတွေ ဘယ်သူမှ မရိပ်မိကြပါဘူး။ နောက်ဆုံး ဂျပန်တော်လှန်ရေးပြီးတယ်ဆိုတော့မှ 'ဩော်... သခင်ဇင်ကလည်း သခင်ဗဟိန်း၊ သခင်သန်းဖေတို့နဲ့ တန်းတူ ဒီဒေသမှာ ဂျပန်တော်လှန်ရေးကို ခေါင်းဆောင်ခဲ့တဲ့သူတယောက်ပါလား'လို့သူတို့ သိကြတာပါ။

သခင်ချစ်ကတော့ ပဲခူး၊ သနပ်ပင်သားပါ။ ၁၉၁၀ ခုနှစ်ဖွားပါ။ ရန်ကုန်မှာ သူက ကျောင်းဆရာလုပ်တယ်။ ဂျပန်တော်လှန်ရေးမှာ သူက တိုင်း ၄ ရဲ့ နိုင်ငံရေးမှူး၊ ဗိုလ်မှူးချုပ်ကျော်ဇောက တိုင်းမှူး။ အတူတူအလုပ်လုပ်ခဲ့ကြတယ်ဆိုတာတော့ အားလုံးသိပြီး

သွားပါ။ သခင်ချစ်က မူလက 'ပြည်သူ့အရေးတော်ပုံပါတီ'(ဆိုရှယ်လစ်ပါတီပေါ့)၊ အဲဒီပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တဦးပါ။ နောက်မှာကျတော့ သူ့အနေနဲ့ ဒီပါတီဟာ အမျိုးသားလွတ်မြောက်ရေးနဲ့ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကို ခေါင်းဆောင်နိုင်မှာမဟုတ်ဘူး ဆိုတာကို သဘောပေါက်လာပြီး ကွန်မြူနစ်ပါတီထဲကို ကူးလာတာဖြစ်ပါတယ်။

သူဟာ ကွန်မြူနစ်ပါတီထဲကို ဘဝပြောင်း ဝင်လာသူဖြစ်ပေမယ့် သူရဲ့ နှိမ့်နှိမ့်ချချအလုပ်လုပ်ကိုင်မှု၊ သူ့ရဲ့အရည်အချင်းရှိမှုကြောင့် သူက မကြာခင်ပဲ ကွန်မြူနစ်ပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တဦး ဖြစ်လာခဲ့ပါတယ်။ သခင်ချစ်နဲ့အတူ ဂျပန်တော်လှန်ရေးမှာ တိုင်း ၄ ကို ခေါင်းဆောင်ခဲ့တဲ့ ဗိုလ်ချုပ်ကျော်ဇောကတော့ သခင်ချစ်နဲ့ပတ်သက်ပြီး အရည်အချင်းတွေကို ပြောပြရာမှာ သူက အချက် ၃ ချက်ပဲ ထောက်ပြပါတယ်။ အဲဒါတွေက...

(၁) သခင်ချစ်ဟာ လူထုလုပ်ငန်းမှာအင်မတန် စိတ်ရှည်လက်ရှည် လုပ်နိုင်တယ်၊ လူထုနဲ့ အင်မတန်ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနေနိုင်တယ်။ ဒါကြောင့်မို့ လူထုထောက်ခံမှု အင်မတန်ရတယ်။

(၂) သူဟာ သူ့အောက်က ကေဒါတွေ၊ ရဲဘော်တွေနဲ့ ဆက်ဆံရေး အင်မတန်ကောင်းတယ်။ အောက်ခြေရဲ့ ယုံကြည်လေးစားမှုခံရတယ်။

(၃) လုပ်ငန်းစိတ်ရှည်မှု၊ သူ့ကိုပေးထားတဲ့တာဝန်၊ သူလုပ်ရမယ့် အလုပ်တွေကို အင်မတန် စိတ်ရှည်လက်ရှည်နဲ့ အသေးစိတ်လုပ်နိုင်တဲ့သူတယောက်ဖြစ်တယ်လို့ ပြောပါတယ်။

သခင်ဇင်နဲ့ သခင်ချစ်တို့ဟာ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်နဲ့ စစ်အစိုးရတို့ကို ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ပွဲဝင်ရင်း တော်လှန်တဲ့သူရဲကောင်းဝါဒအလံကို မြင့်မြင့်မားမား လွှင့်ထူသွားသူတွေ ဖြစ်ပါတယ်။ အသက်ရှင်နေတုန်းမှာလည်း ဝုဏ်ပြောင်၊ ကျဆုံးသွားတော့လည်း ကြီးမြတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးတွေပါ။ တော်လှန်ရေးလုပ်သူတိုင်း အတုယူရမယ့် စိတ်ဓာတ်ဖြစ်ပါတယ်။

အခုနောက်ပိုင်း ကျနော်တို့ ပြန်သုံးသပ်စဉ်းစားကြည့်တဲ့အခါကျတော့ ပြည်သူလူထုကို စည်းရုံးနိုင်ဖို့က အင်မတန်အရေးကြီးတယ်ဆိုတာ ပိုပိုသဘောပေါက်လာပါတယ်။ ပြည်သူလူထုကို မစည်းရုံးနိုင်ရင်၊ ကိုယ့်ပြည်သူလူထုကို အခြေမခံနိုင်ရင် အဲဒီလို အခြေမခံနိုင်လို့၊ ကိုယ့်ခြေထောက်ပေါ်ကိုယ် မရပ်တည်နိုင်ဘူးဆိုရင် ၁၉၈၉ ခုနှစ်တုန်းက ကျနော်တို့ပါတီကြုံခဲ့တဲ့ 'အရေးနိမ့်မှုကြီး'မျိုးကို ကြုံရတတ်ပါတယ်။ ဒါ ကျနော်တို့ တဦးတည်းမဟုတ်ပါဘူး။ အားလုံး ယူသင့်ထိုက်တဲ့ သင်ခန်းစာပါပဲ။ သခင်ဇင်၊ သခင်ချစ်တို့ဟာ ဗမာပြည်တွင်းမှာပဲ ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်ပြီး လက်နက်ကိုင်တော်လှန်ရေးကို ရဲရဲတောက် တိုက်ပွဲဝင်ခဲ့တာ အမှန်ပါပဲ။ သူတို့ရဲ့ သူရဲကောင်းဝါဒ၊ သူတို့ရဲ့ သူရဲကောင်းစိတ်ဓာတ်ကို ဘယ်သူမှ အသိအမှတ်မပြုဘဲ မနေနိုင်ပါဘူး။ တော်လှန်တဲ့ပါတီတရပ်မှာ

အဲဒီလို သူ့ရဲ့ကောင်းဝါဒ၊ အဲဒီလို သူ့ရဲ့ကောင်းစိတ်ဓာတ်တွေ ရှိဖို့လိုသလို နိုင်ငံရေးလမ်းစဉ်အရလည်း မှန်ဖို့လိုပါတယ်။

ကျနော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ ထိပ်တန်းခေါင်းဆောင်တွေထဲမှာ နံပါတ်တစ်တာဝန် ထမ်းဆောင်ခဲ့တဲ့ ခေါင်းဆောင်တွေရဲ့ သမိုင်းကို ပြန်ကြည့်လိုက်ရင် သခင်စိုးနဲ့ သခင်သိန်းဖေကလွဲရင် ကျန်ခေါင်းဆောင်အားလုံးဟာ ရန်သူကို ရင်ဆိုင်ရင်း ကျဆုံးသွားသူတွေဖြစ်ပါတယ်။ သခင်အောင်ဆန်းကိုပဲ ပြောမလား၊ သခင်သန်းထွန်း၊ သခင်ဇင် နောက်ဆုံး သခင်ဗသိန်းတင်အထိပေါ့ဗျာ။ ခေါင်းဆောင်တွေအားလုံးဟာ အလံမလှဲဘဲ ရန်သူကိုရင်ဆိုင်ရင်း ကျဆုံးသူတွေ ဖြစ်ပါတယ်။ အင်မတန်ဂုဏ်ပြောင်တဲ့သူတွေ ဖြစ်ပါတယ်။

သခင်ဇင်နဲ့ သခင်ချစ်တို့ကျဆုံးတဲ့နေ့ကို ကျနော်မှတ်မှတ်ရရ ခေါင်းထဲမှာ စွဲနေတဲ့ကိစ္စတခုရှိပါတယ်။ အဲဒါဘာလဲဆိုတော့ သူတို့ကိုသတ်လိုက်တာ၊ သတ်နိုင်လိုက်တာ သေချာပြီဆိုတာနဲ့တပြိုင်နက်တည်း မန္တလေး၊ နန်းတွင်းက နမခ က ကျနော့်မိဘများဆီကို တယ်လီဖုန်းဆက်ပြီး ဒီသတင်း အကြောင်းကြားပါတယ်။ ကျနော်အဖေက သခင်ဇင်နဲ့ ရင်းနှီးတဲ့သူမို့လို့ လူလူချင်း မိတ်ဆွေချင်း စာနာတဲ့အနေနဲ့ပြောတာတော့ ဟုတ်မယ် မထင်ပါဘူး။ သူတို့ကိုသူတို့ ကြွားတာ၊ ကျန်တဲ့သူတွေကို ခြိမ်းခြောက်တာဖြစ်ဖို့ ပိုများပါတယ်။ နောက်ပြီး ဒီကိစ္စဟာ ကျနော် မှန်းကြည့်သလောက်ဆိုလို့ရှိရင် နမခ က ဆုံးဖြတ်ပြီးတော့ လုပ်လိုက်တဲ့ကိစ္စ မဖြစ်နိုင်ပါဘူး။ နမခ အနေနဲ့ ဒါမျိုးကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြီး လုပ်မယ့်သဘောမရှိပါဘူး။ သူတို့အထက်က ခိုင်းလို့ သူတို့ပြောတာဖြစ်မှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီသတင်းကြားပြီးတော့ ကျနော့်အဖေက ကျနော့်ကို ခေါ်ပြီးတော့ ပြောပါတယ်။ သူထိုင်နေတဲ့စားပွဲမှာ၊ သူ့စားပွဲမှာ ကျနော့်အမေလည်း ရှိပါတယ်။ ကျနော့်ကို ပြောပြတဲ့အခါကျတော့ သူတို့နှစ်ယောက်စလုံး မျက်ရည်တွေ ဝိုင်းလို့ပါ။

"ငါ့သား ... သခင်ဇင်ရော၊ သခင်ချစ်ရော ကျသွားပြီ ..."တဲ့ ။

। ဝဲဆော်ဖိုးသံချောင်း।

(ဒီမိုကရက်တစ်မြန်မာ့အသံ၌ အသံလွှင့်ချက်။ ၁၅၊ ၃၊ ၂၀၀၄)

## ကိုကိုးကျွန်းမှာ
## ကျဆုံးသူ၊ ထွက်ပြေးလွတ်မြောက်သူများစာရင်း

☆ ရဲနီတင်ငြိမ်း
အသားဝါရောဂါဖြင့် ကွယ်လွန်။
သူသေဆုံးမှုကို အကြောင်းပြုပြီး ရက် ၄၀ တိုက်ပွဲပေါ်ရ။

☆ ဦးထွန်းရှိန် (မန္တလေး၊ ကျောင်းဆရာ)
ပင်လယ်ကမ်းစပ်မှာ ခရု၊ ငါး ဟင်းစားရှာရင်း မုန်တိုင်းမိ၊
လှိုင်းထဲနစ်မြုပ်သေဆုံး။

☆ ရဲနီမြင့်သိန်း
အုန်းပင်ပေါ်မှ လိမ့်ကျသေဆုံး။

☆ မန်းအောင်ကြည် (ABKO)
လှေနဲ့ထွက်ပြေးလွတ်မြောက်။ KNU ရောက်ပြီး ရောဂါနဲ့သေဆုံး။

☆ မန်းငြိမ်းမောင်
ဇလှေနဲ့ထွက်ပြေးလွတ်မြောက်။ ယခု KNU ဗဟိုကော်မတီဝင်။

☆ ရဲဘော်အောင်ဝေ (ဗမာပြည်ကွန်မြူနစ်ပါတီ)
လှေနဲ့ထွက်ပြေးလွတ်မြောက်။ ပဲခူးရိုးမမှာ ကျဆုံး။

☆ ရဲနီဗိုလ်ကြူ (မန္တလေးတက္ကသိုလ်၊ ပခုက္ကူ)
အလံနီတွေရဲ့တိုက်ပွဲ ၄၆ ရက်မြောက်မှာ ကျဆုံး။

☆ ရဲနီနေလင်း (တောင်တွင်းကြီး)
အလံနီတွေရဲ့ ၄၆ ရက်တိုက်ပွဲအပြီး ကျန်းမာရေးဆိုးရွားလို့ ပြည်မပြန်အပို့
သင်္ဘောပေါ်မှာ ဆုံးသွား။

★ **ရဲဘော်သိန်းကြည်**
၅၃ ရက်တိုက်ပွဲ၊ ၃၆ ရက်မြောက်မှာ ကျဆုံး။

★ **ရဲဘော်အုန်းမော်**
၅၃ ရက်တိုက်ပွဲ၊ ၄၆ ရက်မြောက်မှာ ကျဆုံး။

☆ ရဲဘော်ချစ်ဆွေ (ပြည်ခရိုင်က ဗကသ)
၅၃ ရက်တိုက်ပွဲ၊ ၄၈ ရက်မြောက်မှာ ကျဆုံး။

☆ ရဲဘော်ထွန်းမြင့် (အစိုးရဝန်ထမ်း၊ ရန်ကုန်)
၅၃ ရက်တိုက်ပွဲ၊ ၄၃ ရက်မြောက်မှာ ကျဆုံး။


☆ ရဲဘော်စိန်ချင်း (ပခုက္ကူ)
၅၃ ရက်တိုက်ပွဲ၊ ၄၃ ရက်မြောက်မှာ ကျဆုံး။

☆ **ရဲဘော်မောင်မောင်စိုး (ခ) ကိုလတ် (ကျောက်ဆည်သား၊ မန္တလေးတက္ကသိုလ်)**
**၅၃ ရက်တိုက်ပွဲ၊ ၅၃ ရက်မြောက်မှာ ကျဆုံး။**

★ **ကိုလေးမောင် (ကဗျာဆရာ)**
**၅၃ ရက်တိုက်ပွဲ၊ ၅၃ ရက်မြောက်မှာ ကျဆုံး။**

☆ ရဲဘော်ထွန်းဝင်း (မြစ်ဝကျွန်းပေါ်သား။ အစိုးရ လေတပ်က၊ ပဲခူးရိုးမ UG)
၅၃ ရက်တိုက်ပွဲ၊ ၅၃ ရက်မြောက်မှာ အငြှမြောက်၊ နောက်ဆုံးကျဆုံး။

❑



# ကျောင်းသား ထောင် တော်လှန်ရေးသမား

ရဲဘော် ဖိုးသံချောင်း